www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

HORROR

# THOE SAUNG



BURMESE CLASSIC .com

## NEW RAINBOW

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြေခံစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ် တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၂၃၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၄၄၀၁၁၁

ထုတ်ဝေသူ
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ(မြ-၀၉၁၀)
အမှတ်၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားရန်ကုန်။

ပုံနှိပ်သူ
ဦးထင်အောင်ကျော်၊ (၀၉၉၅၈)
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၈၀၀ ကျပ်

[illegible] သိုးဆောင်း [illegible]
(သက်တံသစ်) / သိုးဆောင်း။ ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀
၂၇၀ - စာ၊ ၁၂၅၊ ၁၉.၅ စင်တီ။
(၁) သက်တံသစ်


www.burmeseclassic.com

www.burmeseclassic.com

## (စာရေးသူ၏အမှာစာ)

ကျွန်တော့်စာအုပ်ရဲ့ရှေ့ဆုံးစာမျက်နှာတွေမှာ 'အမှာစာ'ဆိုသော ခေါင်းစဉ်နဲ့ တခြားတစ်ယောက်ဝင်ရောက်ရေးသားပေးသော စာကြောင်းရေ နည်းနည်းသော်လည်းကောင်း ၊များများသော်လည်းကောင်းပါလေ့ပါထ မရှိဖူးပါဘူး၊ဒါဟာလည်း ကျွန်တော့်စာအုပ်မှာ 'သိုးဆောင်း'ဆိုတဲ့ နာမည်ကလွဲပြီး တခြားတစ်စုံတစ်ယောက်ရဲ့နာမည်ကိုဦးဦးဖျားဖျား ဖော်ပြခွင့်မပေးတဲ့ကျွန်တော့်အတ္တကြောင့်ပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဒီစာအုပ်မှာတော့ ကျွန်တော်ကိုယ်တိုင်အမှာစာရေးဖို့လိုလာပါပြီ၊ ဒီစာအုပ်လေးဖြစ်လာဖို့ ကျွန်တော်အများကြီးအားထုတ် ကြိုးပမ်းခဲ့ရတယ်၊လေ့လာမှုတွေ ၊အနုပညာဗိညာဉ်ပူကစ်မှုတွေ ၊အအိပ်အစားပျက်မှုတွေ၊ထိုစိတ်တွေနဲ့ကျွမ်းမာရေးညှိဖျင်းမှုတွေအများကြီးပါပဲ အမှန်တိုင်းပြောရရင် ဒီစာအုပ်ကရှေ့ကထွက်ပြီးသားစာအုပ်တွေထက် ပိုပင်ပန်းခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်ကိုကျွန်တော် အသစ်တစ်ခုပေးချင်လို့ပါပဲ၊အနုပညာရပ်တွင် သရုပ်ဖော်ရာ၌ ရသပြောက်ဖို့သာလျှင်အဓိကကျတယ်လို့ ကျွန်တော်ခံယူပါတယ်၊ ထွက်ပြီးသားစာအုပ်တွေနဲ့မတူတဲ့ရသမျိုးပေါ့၊ ကျွန်တော်လိုင်းခွဲရေးတာမဟုတ်ပါဘူး၊ပေးချင်တဲ့အနုပညာကို တခြားပုံစံတစ်မျိုးနဲ့ပရိသတ်ထဲထည့်ပေးတာပါ။

ဒီစာအုပ်ဖတ်ပြီးသွားလို့ ပရိသတ်တွေရဲ့ရင်ထဲမှာမတူညီတဲ့ ရသတစ်မျိုးခံစားရမယ်ဆိုရင်၊ ဒီစာအုပ်နဲ့ပတ်သက်ပြီး ဗဟုသုတတစ်စုံတစ်ရာရရှိခဲ့မယ်ဆိုရင် ကျွန်တော်အပင်ပန်းခံရကျိုးနပ်ပါပြီ။

ဒါဟာ 'သက်တံသစ်'ဆိုသော စာအုပ်နဲ့ပတ်သက်တဲ့ကျွန်တော်ရင်တွင်းစကားလေးပါပဲ။

သိုးဆောင်း

# I

ဂျပန်ခေတ်လက်ရာ အဆောက်အဦကြီးတစ်ခု။

ရှင်းအောင်ပြောရလျှင်တော့ ဂျပန်တွေကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်ခဲ့သော တက္ကသိုလ်ကျောင်းကြီးတစ်ခုပါ။

တစ်ခေတ်တစ်ခါတုန်းကတော့ ဤကျောင်းကြီးတွင် ပြည်တွင်းပြည်ပ ပညာဆည်းပူးသူတွေနှင့် စည်ကားနေခဲ့သည်။ ယခုအခါမှာတော့ သတ္တရာဇ်တို့ တိုက်စားလဲပြိုမှုကြောင့် ကျောင်းကြီးမှာ အိုမင်းရင့်ရော်နေပါပြီ။ ဒါပေမဲ့ အသက်ရှိနေသေး၏။

အဘယ်သို့နည်း။

ကျောင်းကြီးမှာ ယခုအချိန်အထိ သူ၏သားငယ် သမီးတွေးများကို ရင်ဝယ်ပိုက်ထားဆဲ။ ဂျပန်တို့လက်ရာ ထိုကျောင်းဝန်းကြီးက ယနေ့တိုင်အောင် ကျောင်းသား၊ ကျောင်းသူတွေနှင့် သူ၏ တက္ကသိုလ်ဂုဏ်သိက္ခာကို ထိန်းသိမ်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုမှသည်မှ အမိုးချွန်အဆောက်အဦများ အုတ်နီတို့ဖြင့် ကာယူ
ဘည်ဆောက်ထားသည့် စာသင်ဆောင်များ၊ နားနေဆောင်များမှာ အုတ်
ချပ်တို့ ကွာကျပျက်စီး၍ ဟောင်းနွမ်းလွန်းလှပြီဖြစ်သော်လည်း အသုံး
ပြု၍ရနေသေး၏။ ယခုလက်ရှိလည်း အသုံးပြုနေဆဲဖြစ်သည်။

ရေညှိတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းနေသည့် အချို့
အဆောင်တွေကိုတော့ သော့ပိတ်ထားသည်။

ဘာပဲပြောပြောပါ။

တက္ကသိုလ်ဆိုသည်ကတော့ မည်မျှပင် နှစ်တွေကြာသွားပါစေ။
ဘယ်လောက်ပဲ အိုမင်းဟောင်းနွမ်းသွားပါစေ။

တက္ကသိုလ်ကတော့ . . .

တက္ကသိုလ်ပါပဲ။



BURMESE CLASSIC .com

# II

ညနေနေဝင်ရီတရောအချိန် ကျော်လွန်သွားသလို ညီအစ်ကို
မသိတသိအချိန်လည်းမကတော့။

ကျောင်းဝန်းကြီးက လျှပ်စစ်မီးပြတ်တောက်မှုကြောင့် တိတိ
ကျကျ အမှောင်ကျနေသည်။ ဒါပေမဲ့ မိုးကုပ်စက်ဝိုင်းအစွန်းဆီမှ နီကျင်
ကျင်လရောင်ကတော့ အဝါရောင်သန်းဖို့ အားပြုနေပါပြီ။

ပုစဉ်းရင်ကွဲသံ၊ သစ်ရွက်လေတိုးသံတို့မှအပ တခြားအသံများ
ကိုမကြားရ။ အဘယ်ကြောင့် ကျောင်းကြီးက ဤမျှလောက် တိတ်ဆိတ်
နေရပါသနည်း။ စဉ်းစားစရာတော့ ကောင်းနေပါသည်။

အရင်အချိန်တွေကဆိုလျှင် ဒီလိုညမျိုး၌ မိန်းကလေးဆောင်
များဆီမှ စာကျက်သံနှင့် ယောကျ်ားလေးဆောင်များဆီမှ ဂီတာသံကို
ကြားရသော်လည်း ယခုအတောအတွင်းမှာမူ ပြန်းစားကြီး တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

သွားကြခြင်းဖြစ်သည်။ တိတ်ဆိတ်သွားပုံကလည်း ကြောက်မက်ဖွယ် မကောင်းဆိုးဝါးတွေ၏ ခြောက်လှန့်မှုကို ခံစားရသလို၊ အချိန်ကိုက် ရောက်လာမည့် ကြီးမားသော ခြောက်လှန့်မှုတစ်ခုအတွက် အားလုံး စိုးရွံ့ တုန်လှုပ်နေကြသလို . . .

လိပ်ပြာလန့်သည့် တိတ်ဆိတ်မှုမျိုး။

မှုန်ဝါးဝါးအလင်းရောင်အောက်မှ ကျောင်းအိုအဆောင်ဆောင် ကတော့ ထိုမကောင်းဆိုးဝါးတို့၏ ဂီတသံအား ငံ့လင့်နေကြသလိုပင် ရှိနေတော့၏။ အဖော်မပါ တစ်ဦးတည်းသာရှိနေပါက သွေးပျက်သွား စေနိုင်သော အရိပ်အငွေ့တို့ ထိုကျောင်းဝန်းအတွင်းရှိနေကြောင်း ရိပ်ပါ စားမိပါသည်။

မီးပျက်နေသော်လည်း အချို့အဆောင်တွေဆီမှ ဖယောင်းတိုင် မီးရောင်အချို့ကို လှမ်းတွေ့နေရသည်။ ဒါပေမဲ့ လှုပ်ရှားမှုမတွေ့။ အရာ အားလုံးက အသက်မဲ့နေသယောင် အေးစက်စက်ဖြစ်နေသည်။

လူငယ်ကျောင်းသား၊ ကျောင်းသူတွေပင်ရှိသော ကျောင်းကြီး က ဘာအတွက်ကြောင့် ဤမျှလောက် တိတ်ဆိတ်နေရပါသနည်း။ ယခု ကဲ့သို့ တိတ်ဆိတ်နေမှုမျိုးကတော့ သေချာပါသည်။ သူတို့အားလုံး တစ်စုံ တစ်ရာကို ကြီးကြီးမားမား ထိတ်လန့်တုန်လှုပ်နေကြတာပါ။ ဘာလဲ . .

မကြာမီက တစ်စုံတစ်ယောက်များ ကျောင်းဝန်းထဲမှာ သေဆုံး သွားခဲ့လို့လား၊ သေချာမပြောနိုင်ပေမဲ့ ပုံသဏ္ဌာန်နှင့် အငွေ့အသက်ကဲ တော့ ထိုသဘောမျိုးပါ။

ထိုစဉ်မှာပင် ကွန်ကရစ်လမ်းပေါ် ဖြတ်နင်းလျှောက်လာသော ခြေသံတစ်ခုကို စတင်ကြားလိုက်ရသည်။

"ရှပ် . . . ရှပ် . . ."

ဖိနပ်ရှပ်တိုက်လျှောက်သံဖြစ်သော်လည်း လျှောက်လာသူကို မမြင်ရ။ ဒါပေမဲ့ ဖိနပ်သံကိုတော့ ထပ်ကြားရသည်။

"ရှပ် . . . ရှပ် . . ."



ဘာဖြစ်လေသည်မသိပါ၊ အနီးအနားမှခွေးတစ်ကောင်က ရူးရူး ဝါးဝါးတိုးဟောင်တော့သည်။ တိုးဟောင်သံ မရှေးမနှောင်းမှာတော့ နောက် ထပ်ခွေးတစ်ကောင်၏ ကျယ်လောင်သော အူသံတစ်ခုမှအစပြုကာ . .

"ဝူး . . . "

ဘယ်ကမှန်းမသိသော ခွေးအူသံတွေမှာ ကျောင်းဝန်းကြီး အတွင်း ဆက်တိုက်ဆိုသလို ပေါ်လာပါတော့၏။ ကျောင်းဝန်းထဲမှာ ခွေးအူသံတွေ ဖုံးလွှမ်းသွားသည်။ ထိုခွေးအူသံတွေကြားလိုက်ရချိန်မှာ ပဲ ယခင်တိတ်ဆိတ်နေသော ပတ်ဝန်းကျင်က ပိုမိုတိတ်ဆိတ်အေးစက် သယောင်ရှိသွားကာ . . .

"ဟယ် . . . ခွေးတွေ စအူလာပြီ"

မိန်းကလေးဆောင်၏ အခန်းတစ်ခုအတွင်းမှ ထွက်လာသော ထိတ်လန့်ချောက်ချားသံတစ်ခု။ ကိုယ့်အိပ်ရာကိုယ်ဝင်နေကြသော်လည်း မည်သူမျှ အိပ်မပျော်ကြသေးပါ။ ထိုခွေးအူသံထွက်ပေါ်လာမည်ကို သူတို့ စိုးရွံ့ရွံ့ဖြင့် စောင့်စားနေကြရခြင်းဖြစ်သည်။ ယခုတော့ ကျောင်းဝန်းထဲ တွင် ခွေးတွေစအူလာပါပြီ။

"ဒါ . . . ဒါဆို ဟိုသီချင်းသံကိုလည်း ကြားရတော့မှာပေါ့"

ခုနမိန်းကလေးနှင့် ကပ်လျက်ခုတင်မှ စိုးရွံ့မောဟိုက်နေသော ကျောင်းသူတစ်ယောက်၏အသံတစ်ခု။ ထိုစကားသံနောက်မှာတော့ တစ် ဆောင်လုံးက အာစေးငွေ့မိသွားသလို တိတ်ဆိတ်ဆွံ့အသွားတော့သည်။

ပြီးတော့ အေးစက်စက်အခိုးအငွေ့များက ကျောင်းဝန်းကြီးတစ် ခုလုံးအား ဖုံးလွှမ်းသိုင်းခြုံလာသလို ခံစားလိုက်ရ၏။ သိပ်မကြာလိုက်။ ထွန်းထားသောဖယောင်းတိုင်မီးမှာ မည်သူ့လက်ချက်မှန်းမသိဘဲ ရိပ်ခနဲ ငြိမ်းသွားလေသည်။

ယခုတော့ အရာအားလုံးက သက်မဲ့ရုပ်ဝန်းတစ်ခုလို မှောင်မည်း တိတ်ဆိတ်သွားပါပြီ။

• • •



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . ဘယ်လိုလုပ်မလဲ။ ဟိုအဆောင်တစ်ဝိုက်မှာ ခွေးအူသံတွေတော့ ဆူဆူညံနေပြီ"

"အေး . . . ခွေးတွေက အဲဒီအဆောင်နားမှာကို သည်းကြီးမည်းကြီး ဝိုင်းအူနေကြသလိုပဲ နော်"

"ဟုတ်တယ် . . . ငါကတော့ မကြာခင် သီချင်းသံကြားရလိမ့်မယ်ထင်တာပဲ။ အရင်ညတွေကလည်း အခုလို ခွေးဟောင်သံတွေကြားပြီးရင် သိပ်မကြာဘူး သီချင်းသံထွက်လာတာ"

ယောကျ်ားလေးဆောင်တစ်ဆောင်၏ အဝင်ဝအမှောင်ထဲတွင် ကျောင်းသားသုံးယောက်ထိုင်ကာ ယခုကြားနေရသော ခွေးအူသံနှင့်ပတ်သက်၍ ပြောဆိုနေကြခြင်းဖြစ်သည်။ ယောကျ်ားလေးတွေမို့ ဣန္ဒြေဆည်ကာ ခပ်တည်တည်လုပ်နေရသော်လည်း ကျောချမ်းနေကြောင်း ရိပ်မိသည်။ အကြောင်းကား . . .

ဟိုကြည့်၊ ဒီကြည့်နှင့် လှုပ်လှုပ်ရွရွဖြစ်နေသော ခန္ဓာကိုယ်တွေက သက်သေခံနေ၏။

ထိုစဉ်မှာပင် တဒုန်းဒုန်းနှင့် အပေါ်ထပ်မှလူတစ်ယောက် ပြေးဆင်းလာသည်။ မည်သူနည်းဟူ၍ သူတို့ ကြည့်မိလိုက်ကြတော့ . . .

မှောင်မည်းမည်း ပတ်ဝန်းကျင်မှာပင် ကျင့်သားရနေသော မျက်လုံးအကြည့်တို့က မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားပြီးသည့်နောက်တွင် . . .

ပြေးဆင်းလာသူထံမှ ဓာတ်မီးရောင်တစ်ချက် ဖွေးခနဲလက်သွား၏။ ပြီးတော့ . . .

"ငါ . . . ဟိုကောင့်ကို စိတ်မချတော့ဘူး။ သူ့နောက်လိုက်သွားရအောင်။ ငါနဲ့ ဘယ်သူလိုက်မလဲ"

ထိုင်နေသောသုံးယောက်မှာ ကြောင်သွားသည်။ ဒါပေမဲ့ ခဏချင်းပင် . . .

"ဘယ်သူ့ကို စိတ်မချလို့ မင်းက ဘယ်သူ့နောက်လိုက်သွားမှာလဲ"

"အောင်ရဲထွန်း နောက် . . . "

" . . . . . "

"အောင်ရဲထွန်း"

ထိုင်နေသူတစ်ဦးဆီမှ သံယောင်လိုက်စကားသံ ထွက်ပေါ်လာသည်။ ပြီးတော့ . . .

"အောင်ရဲထွန်းက ဘယ်သွားလို့လဲ"

"C - 2 အဆောင်ကို"

"ဟင် . . . "

"ဘာ . . . "

အကုန်လုံး အာမေဋိတ်သံတွေ ထွက်သွားသည်။ မှောင်ထဲမှာပင် ထိတ်လန့်စိုးရွံ့ဟန်တွေပေါ်သွားကာ တစ်ယောက်က . . .

"C . . . C - 2 ဆောင်ဆိုရင် အခုခွေးတွေ ဝိုင်းအူနေကြတဲ့ အဆောင်ပေါ့"

"အေး . . . "

"ဟာ . . . "

မေးသူမှာ လွန်စွာထိတ်လန့်သွားကြောင်း သူ၏ပုံပန်းနှင့် စကားသံက သက်သေခံသွားသည်။

"အောင်ရဲထွန်းက အဲဒီအဆောင်ကို ဘာသွားလုပ်တာလဲ"

"ငါတို့တစ်ကျောင်းလုံး မတင်မကျဖြစ်နေတဲ့ကိစ္စတစ်ခုကို သွားစုံစမ်းတာ"

"ဘယ်လို . . ."

အနည်းငယ်ကျယ်သွားသော စကားသံ၏နောက်မှာ . . .

"ဟုတ်တယ် . . . သီချင်းသံ ဘယ်အခန်းကပေါ်လာတာလဲ သွားစုံစမ်းတာ"

"ဟေ . . . "



www.burmeseclassic.com

www.burmeseclassic.com

ပြီးသွားပေပြီ။ ထိုင်နေသူသုံးယောက်လုံးမှာ ကြက်သေသေသွား၏။ ကြက်သီးတွေပင် ထသွားကြလားမသိ။

"တစ် . . . တစ်ယောက်တည်း သွားတာလား"

"ဟုတ်တယ်"

ပတ်ဝန်းကျင်က ခုနထက် အေးစက်လာသယောင်ရှိသည်။

"ကဲ . . . အခု မင်းတို့သုံးယောက်ထဲက ငါနဲ့ ဘယ်သူလိုက်မလဲ။ အပေါ်ကလူတွေတော့ ငါခေါ်ကြည့်ပြီးသွားပြီ။ တစ်ယောက်မှ မလှုပ်ကြဘူး"

စကားသံဆုံး သွားသည့်နောက်မှာ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ အားလုံးကတော့ သူငယ်ချင်းတွေပင်။ အောင်ရဲထွန်းအတွက်လည်း စိုးရိမ်မိကြသလို သီချင်းသံ၏ မူလပထမဖြစ်တည်ရာကိုလည်း သူတို့သိချင်မိကြသည်။ ဒါပေမဲ့ ..

ခွေးတွေက ဆက်လက်အူနေကြဆဲ။ လေတစ်ချက်ခပ်ပြင်းပြင်း တိုက်လိုက်မှုကြောင့် သူတို့ရှေ့မှသစ်ပင်က ရှဲခနဲအော်မြည်ကာ ယိမ်းသွားသည်။ အလိုလို ကျောချမ်းမိသွားကြ၏။ ထိုစဉ် တစ်ယောက်က..

"အမှန်အတိုင်းပြောရရင်တော့ ငါမလိုက်ရဲဘူး"

"ငါလည်း အတူတူပဲ"

ရှေ့ဆင့်နောက်ဆင့် ထွက်လာသည့်စကားတို့ကြောင့် သွားရန်ခေါ်ငင်သူမှာ အနည်းငယ် တွေဝေတုံ့ဆိုင်းသွားသည်။ ရှင်းရှင်းပြောရလျှင် သူလည်း သွေးရှိလွန်း၍တော့မဟုတ်။ သဘောတူလိုတူပြား အဖော်ညှိကြည့်ခြင်းဖြစ်သည်။

တစ်ကျောင်းလုံးက သူမတူအောင် ချောက်ချားနေကြသည် မဟုတ်ပါလား။ ထိုစဉ်မှာပင် သူတို့အဆောင်ရှေ့တည့်တည့်မှ ခွေးတစ်ကောင်က စူးစူးဝါးဝါး အူလိုက်လေသည်။

"ဝူး . . . "



# III

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အပေါ်သွားဖြင့် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ ခွေးအူသံတွေက သူ၏ဦးတည်ရာအဆောင်တစ်ဝိုက်မှာ ဆူဆူညံနေသည်။

ဘယ်လိုလဲ . . . သူဆက်သွားမှာလား။

မေးကြည့်ဖို့မလိုပေမယ့် အနည်းငယ် တုံ့ဆိုင်းသွားတာတော့ အမှန်ပါ။ တကယ်တမ်း စဉ်းစားလိုက်ပြန်တော့လည်း မနက်နှင့်ညက ဘာမျှမကွာပါ။ မနက်မှာလျှောက်သောလမ်းက ညမှာလျှောက်ရင်လည်း ဒီလမ်းပါပဲ။ ပတ်ဝန်းကျင်လင်းတာနှင့် မှောင်တာသာ ကွာသည်။

ခွေးဆိုတာကရော မနက်ပိုင်းမှာ မဟောင်ဘူးလော။

ဟောင်တာပါပဲ။ ဒါဆို ဘာသွေးပျက်စရာရှိမည်နည်း။ သူအခု သွားနေတာက မနက်တိုင်းသွားနေကျ လမ်းပေါ်မှာသွားနေခြင်း။ ဒီတော့ ပတ်ဝန်းကျင်လင်းတာနဲ့ မှောင်တာကိုဖယ်လိုက်လျှင် အရာအားလုံးက ရှင်းရှင်းလေးပါ"

နေ့ဘက်အိပ်လျှင်လည်း အိပ်မက်မက်တာပါပဲလေ။ ဒီတော့..

"ရှပ် . . . ရှပ် . . . "

မှောင်ရိပ်ထဲမှ တစ်လုမ်းချင်း ထိုးထွက်လိုက်သည်။ မှောင်ရိပ်မှလွန်သည်နှင့် ကျောတည့်တည့်မှတိုးလိုက်သည့် လရောင်က ကိုယ့်အရိပ်ကို မျက်စိရှေ့ရောက်သွားစေသည်။ ကိုယ့်အရိပ်ကိုယ်နင်းလျှောက်ခြင်းကပင် တစ်မျိုးတစ်ဘာသာ ခြောက်လှန့်နေသလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com

မှိုင်းပြပြလရောင်အောက်မှ အမိုးချွန်အဆောက်အဦတစ်ခုကတော့ သူ့ကို လက်ယပ်ခေါ်နေပါပြီ။ လေက ပြင်းရှရှလေးတိုက်နေသည့်ကြောင့် နံဘေးရှိ သစ်ပင်တို့မှာ သစ်ရွက်ခြောက်သံတွေ ညံနေသည်။ ပုစဉ်းရင်ကွဲတို့၏ တီးမှုတ်ရာ ဂီတတို့မှာလည်း မကြာခင်ကျရောက်လာမည့် အန္တရာယ်တစ်စုံတစ်ရာကို ကြိုတင်နိမိတ်ဖတ်နေသလိုမျိုး။

"ရှပ် . . . ရှပ် . . . ရှပ်"

သူကတော့ ဆက်လက်လျှောက်လှမ်းနေဆဲ။ ရှေ့တွင် လမ်းထောင့်ချိုးကွေ့တစ်ခုရှိသည်။ ထိုကွေ့ကိုလွန်လျှင်တော့ ပဟောဋ္ဌိရောင်လက်သောအဆောင်နှင့် သူ ပက်ပင်းတိုးတော့မည်။

ထိုစဉ်မှာပင် နံဘေးနားမှ ခွေးတစ်ကောင်က သူ့ကိုမြင်တော့ မဆီမဆိုင် ထဟောင်၏။ သတိမထားမိသည်မို့ ဖြုန်းခနဲ လန့်သွားသည်။

"ဝုတ် ဝုတ် . . . ဝုတ် ဝုတ်"

သတိနှင့် အနည်းငယ်လွတ်သွားနေကာ . . .

"ဟာ . . . ဒီသောက်ခွေးစုတ်က တစ်မျောင့်"

ခပ်ကျယ်ကျယ်အော်ရင်း နီးစပ်ရာခဲတစ်လုံးဖြင့် ပစ်ပေါက်လိုက်တော့မှ ပြေးထွက်သွားသည်။ ဒါပေမဲ့ စိတ်ကူးထဲမှာတော့ နှင့်ခနဲဖြစ်သွားပါသည်။ ဘာကြောင့်မှန်းတော့မသိ။ ကြက်သီးတွေပင် သီးသွားရကာ အရှေ့စူးစူးဆီမှ အဆောင်ကို လှမ်းကြည့်လိုက်မိတော့ . . .

လရိပ်ထိုးနေသောအဆောင်က တစ်ဝက်တစ်ပြက် ရုပ်လုံးပေါ်နေသည့်ကတော့ ချွန်သဏ္ဍာန်ခေါင်မိုးနှင့် အောက်ဖက်ရှိ အုပ်ကြွပ်သားတွေက ဟောင်းနွမ်းလွန်းလှပြီဖြစ်ရာ ကျောင်းအိုကြီးတစ်ခုဖြစ်ကြောင်း ရှင်းပြရန်မလို။ ဒါပေမဲ့ ထိုဝန်းကျင်အိုကြီးက လောလောဆယ်မှာ တစ်ကျောင်းလုံး၏အာရုံကို ဖမ်းစားထားသည်။

ဆက်လျှောက်သွားလိုက်ပါ။ သည်တစ်ခါတော့ တမင်ပင် ဖော့လျှောက်လို့လား၊ ပစ်မှတ်နားနီးသော မုဆိုးတစ်ယောက်လို ခြေသံလုံစေချင်လို့လားတော့မသိ။ ဖိနပ်သံ ထွက်မလာတော့။



ကျောင်းနောက်ဖက်ဆီမှ တိုးတိုးဟောင်နေကြသော ခွေးသံတွေနှင့် ကျောင်းရှေ့တည့်တည့်မှ ခွေးအူသံတစ်ခုမှာ သူ့အနီးနားရောက်လာသည်ကို မသိလင့်ကစား ပုံစံမပျက်ရှိနေသည်။

ခြေလှမ်းတို့ ရပ်တန့်သွားသည်။ ကျောင်းအိုကြီးနှင့် သူရှိရာနေရာက သိပ်မကွာတော့ပါ။ ခြေလှမ်းနှစ်ဆယ်သာသာ ရှိတော့သည်။ စိတ်ကိုငြိမ်အောင်ထိန်း၍ ကျောင်းကြီးအား မမှိတ်မသုန် စိုက်ကြည့်ဖြစ်သည်။ ယခုအချိန်ထိတော့ ခွေးအူသံတွေမှတစ်ပါး ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်မလာသေးပါ။

ဒါပေမဲ့ မကြာတော့ဘူးဆိုတာကတော့ စိတ်က အလိုလိုသိနေသည်။ သူရပ်ကြည့်နေစဉ်မှာပင် ခွေးဟောင်သံတွေက တဖြည်းဖြည်း အားလျော့လာကြောင်း သတိထားမိသည်။ ပြီးတော့ မထင်ရလောက်အောင် တိတ်ဆိတ်သွားလေတော့သည်။ ရုတ်ခြည်းငြိမ်သက်သွားသော ကာလတစ်ခုမှာက . . .သူ့ရင်ခုန်သံတွေ မြန်လာနေပါပြီ။ သိရတော့မည်။ မကြာခင်မှာ ဘာဆိုတာ အဖြူအမည်း သဲကွဲတော့မည်။ ခုနရှိနေသောကြောက်စိတ်တွေပင် ဘာကြောင့်မှန်းမသိ အဆောင်ရှေ့ရောက်မှ အနည်းငယ် ပျောက်သွားသလိုရှိကာ . . .

စိတ်နှင့်ကိုယ်မှာလည်း ပြန်တွဲမိလာသည်။ ဘာတွေထူးခြားမှာလဲ၊ ဘယ်ကထူးခြားလာမှာလဲ။

ခွေးအူသံတွေ တိတ်သွားသည်နှင့် ကျောင်းဝန်းတစ်ခုလုံးက မထင်ရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပါပြီ။ ကျောင်းဝန်းထဲရှိ လူသားအားလုံးသည်လည်း အသံတစ်သံကို နားစွင့်နေကြမှာပါ။ ဘာသံလဲ။

ခွေးအူသံတော့ မဟုတ်နိုင်ပေ။

ဒါဆို . . .

ကြားလိုက်ရပါပြီ။ မပီဝိုးတဝါး အသံလေးတစ်သံက လေဟာနယ်ကိုဖြတ်၍ နားအတွင်းဝင်ရောက်လာသည်။ ပထမ လေတိုးသံတွေ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ရောကာ ပါးပါးလျလျလေး။ ဒါပေမဲ့ တဖြည်းဖြည်း ကြည်လင်လာသည်။ ပြီးတော့ ပြည့်စုံလာသည်။ နောက် . . .

အောင်ရဲထွန်းရင်အစုံက မြင့်မောက်သွားခဲ့ပါပြီ။ နှလုံးခုန်သံတွေပင် ရပ်သွားလားမသိ။ အသက်ရှူသံတွေ နှေးကွေးသွားတာတော့ သေချာသည်။ ပြီးတော့ ရုတ်ခြည်း ခန္ဓာကိုယ်ကြွက်သားတို့ တင်းသွားသည်။

ဟုတ်ပါသည်။ သူနားနှင့် ဆတ်ဆတ်ကို ကြားလိုက်ရပါပြီ။ ကျောင်းဝန်းတစ်ခုလုံးအား ထိတ်လန့်ချောက်ချားမှုတွေပေးနေတာ ဒီအသံပါ။ သူတို့ကျောင်းတွင် ကလေးမရှိ။ ရှိလျှင်တောင် ဒီလိုအသံမျိုး ထွက်မလာနိုင်ပေ။

ယခုကြားနေရသော အသံချိုချိုကြည်ကြည်လေးသည်က ကလေးတစ်ယောက်၏ နာကျင်ခံစားမှုကို ဖွင့်ပြသော အင်္ဂလိပ်သီချင်းတစ်ပုဒ်ပါ။ ဆိုနေသော လုံးဝမှားစရာမရှိသည့် ကလေးတစ်ယောက်အသံ။ ယောကျ်ားလေး။

လေယူလေသိမ်း၊ အရိုက်အငင် အရမ်းကောင်းသည်။ ပို၍သေချာသည်က ဤသီချင်းသံသည် မြန်မာကလေးတစ်ယောက်ဆိုနေသော သီချင်းသံမဟုတ်။ စန္ဒယားတီး၍ဆိုနေသလိုမျိုး ဖြစ်သည့်အပြင် သီချင်းကခေတ်ဟောင်းဘက်ကျသော သီချင်းမျိုး။

စန္ဒယားသံကိုတော့ မကြားရ။ ဒါပေမဲ့ သီချင်းသံကတော့ ကလေးတစ်ယောက်နှင့်မဆိုင်စွာ ကြည်လင်ပြတ်သားနေသည်။

ဆိုနေတာက ဘယ်သူလဲ၊ ဘာကြောင့် ဆိုနေတာလဲ။

လောလောဆယ် အရေးမကြီး။ အရေးကြီးသည်က ထိုသီချင်းသံ ဘယ်အခန်းက ထွက်လာတာလဲ။ အဲဒါ အရမ်းအရေးကြီးနေပါသည်။ ထို့ကြောင့် ချက်ချင်းပင် ခြေလှမ်းတို့ကို စတင်လိုက်သည်။ ပထမဖြည်းဖြည်း၊ နောက် သွက်သွက်။ ပြီးတော့ အပြေး။ အဆောင်တံခါးဝရောက်တော့ ခြေလှမ်းတို့ကို ရပ်တန့်လိုက်ပါသည်။ သီချင်းသံက ရပ်မသွားပါ။



ဆက်လက်ကြားနေရမြဲ။

အောင်ရဲထွန်း အဆင်သင့်ပါလာသော ဓာတ်မီးကိုထုတ်ကာ တံခါး ဆွဲဖွင့်လိုက်သည်။ ညနေကတည်းက စိစဉ်ထားသည်မို့ တံခါးမှာ အလွယ်တကူပွင့်သွား၏။

အဆောင်အောက်ထပ်မှ ထွက်လာခြင်းမဟုတ်ကြောင်း၊ အကြားအာရုံအရ သတိထားမိသည်။ ထို့ကြောင့် မီးရောင်ကို အပေါ်တက်သောလှေကားဆီသို့ ဦးတည်လိုက်ပါသည်။

စိတ်တို့မြန်နေသည်။ မြန်နေသောစိတ်တို့နှင့်အတူ ခြေလှမ်းတွေမှာလည်း ခပ်သွက်သွက်။

သီချင်းသံ ဘယ်အခန်းကထွက်လာတာလဲ။

ဒီအချိန်ကြီး သီချင်းဆိုနေတာ ဘယ်သူလဲ။

လူလား . . .

ဒါမှမဟုတ် . . .

သီချင်စိတ်တွေဖြင့် အောင်ရဲထွန်း လှေကားထစ်တွေကို ကမန်းကတန်း တက်လိုက်သည်။ မှောင်မည်းတိတ်ဆိတ်နေသည်မို့ လှေကားပေါ်တက်သော သူ့ခြေသံတဒုန်းဒုန်းက မထင်ရလောက်အောင် ကျယ်လောင်သွားလေသည်။

ဒါပေမဲ့ မကြားလိုက်ပါချေ။ ထိုခြေသံတွေမှာ တိခနဲရပ်သွားတော့၏။ ပြီးတော့ အသံတစ်ခုကိုပါ နောက်ဆက်တွဲအဖြစ် ကြားလိုက်ရသည်။

“ဝုန်း . . .”

ကလေးငယ်တစ်ယောက် ဆိုညည်းသော အနောက်တိုင်းသီချင်းသံကတော့ ဆက်လက်ပျံ့လွင့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

# IV

တစ်မိုးသောက်ပြီဟု ပြော၍ရပေပြီ။ ညတစ်ညက ပါးလျ ချောက်ချားစွာနဲ့ ကုန်ဆုံးသွားခဲ့သည်။ တက္ကသိုလ်ကျောင်းဝင်းကြီး ကလည်း ယခုမှာတော့ မျက်နှာသုတ်ပဝါကို ဆုပ်ကိုင်ပွတ်တိုက်ရင်း ကိုယ်လက်သန့်စင်ပြီးသွားခဲ့ပြီ။

နေရောင်ခြည်၏ လက်ဖြာသော ရွှေအဆင်းအောက်မှာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်က သူမတူအောင် စည်ကားနေသည်။ အဆောင်နေ ကျောင်းသား၊ ကျောင်းသူများကို အဓိကအားထား၍ ရောင်းချခြင်းဖြစ်သည့်အတွက် ထိုလက်ဖက်ရည်ဆိုင်လေးတွင် အခုလို မနက်ခင်းအချိန်၌ စည်ကားနေသည်မှာ ထုံးစံ။ ဒါပေမဲ့ အခုအတော အတွင်းမှာ ထိုလက်ဖက်ရည်ဆိုင်လေးက ယခင်ထက် လူပိုစည်နေ၏။

အဘယ်ကြောင့်နည်း။

"ညက ဟိုသီချင်းဆိုသံ ဘယ်အချိန်မှာ ရပ်သွားသလဲ"

ကျောင်းသားတစ်ဦးက ဘေးမှာရှိနေသော အဖော်ဖြစ်သူကို မေးလိုက်သည်။



"သိပ်မကြာပါဘူး။ ဆယ့်ငါးမိနစ်လောက်ပဲကြာပြီး ပျောက်သွားတာပဲ"

"မင်း မှတ်မထားဘူးလား"

"ဟင့်အင်း . . . ငါညက အစောကြီး အိပ်ပျော်သွားတာ"

အခြားဝိုင်းမှ ကျောင်းသားတစ်ဦးက သူတို့ဆက်ပြောမည့် စကားကို နားစွင့်နေသည်။ သူလည်း ဝင်ပြောချင်နေပုံရ၏။

"ငါတို့ကျောင်းကြီးလည်း အခုမှ ဘာနိမိတ်ဆိုးတွေ ရောက်လာတာလဲမသိဘူး"

"မကောင်းဆိုးဝါးတွေ နေရာပြောင်းလာကြတာနဲ့ တူပါတယ်ကွာ"

ကျောင်းသားတစ်ယောက်က ခပ်နောက်နောက်ပင် ပြောသည်။

"ဆရာတွေပြောတာတော့ လွန်ခဲ့တဲ့ အတိတ်ကဖြစ်ရပ်တွေနဲ့ ပတ်သက်နေတယ် ပြောတာပဲ"

ထိုစဉ်မှာပင် နောက်ထပ်ကျောင်းသားတစ်ယောက်က ဝိုင်းထဲ ဝင်လာကာ . . .

"ဟုတ်မှာကွ။ သီချင်းသံကို နားထောင်ကြည့်ပါလား ခေတ်ဟောင်းသီချင်းသံကြီး"

အကုန်လုံး ခေါင်းညိတ်ကြသည်။ မရှေးမနှောင်းဝင် ပထမဆုံး စမေးသည့်တစ်ယောက်က . . .

"မင်းတို့ သတိထားမိလား။ ကျောင်းစောင့်အဘိုးကြီးလည်း ဒီအတောအတွင်းမှာ တော်တော်ထူးခြားနေတယ်"

"ဟုတ်တယ် . . . ။ အဆောင်နောက်ကနွယ်ပင်တွေကို တစ်ယောက်တည်း သဲကြီးမဲကြီးရှင်းနေတာ ကြည့်ပါလား။ လုံးဝ မူမမှန်ဘူး"

စကားဝိုင်းက အနည်းငယ် ငြိမ်သွားပြန်၏။

"အစ်ကိုတို့ . . . အစ်ကိုတို့ကို ကျွန်တော် တစ်ခုလောက်မေး



www.burmeseclassic.com

www.burmeseclassic.com

ချင်လို့"

ဘေးဝိုင်းမှ သူတို့စကားကို စူးစမ်းနားထောင်နေဟန်ရှိသော ကျောင်းသားလေးဖြစ်သည်။ အကုန်လုံးက ဘာမျှမတုံ့ပြန်ဘဲ ငြိမ်နေလိုက်ကြတော့ . . .

"ညကအစ်ကိုတို့အဆောင်မှာ သီချင်းသံက တစ်ခါပဲကြားရတာလား"

"ဟုတ်တယ်လေ"

သွက်သွက်လက်လက်ဖြေလိုက်သော အဖြေတစ်ခု၏အဆုံးမှာတော့ မေးသူကောင်လေးမှာ မျက်နှာပျက်သွားတော့သည်။ ထို့ကြောင့်...

"ဘာဖြစ်လို့လဲ။ မင်းတို့ဘက်မှာ သီချင်းသံကို ဘယ်နှစ်ခါကြားရလို့လဲ"

"နှစ်ခါ"

"ဟေ . . ."

"ဟုတ်တယ်။ ညဦးပိုင်းက တစ်ခါ၊ သန်းခေါင်ကျော်လောက်က တစ်ခါရယ်။ နှစ်ခါကြားရတယ်"

တိတ်သွားလေပြီ။ စကားသံပင် ထပ်ထွက်မလာတော့။ တစ်ခုခုလွဲနေတာတော့ သေချာပြီ။

ထိုစဉ်မှာပင် ကျောင်းသားတစ်ယောက်က ဆိုင်တွင်းသို့ ကမူးရှူးထိုး ပြေးဝင်လာ၏။ ပုံစံမှာ လုံးဝတုန်လှုပ်ထိတ်ပျာနေရကာ မောဟိုက်နေပုံမှာလည်း ခက်ခက်ခဲခဲရှိလှသည်။

"ရှုပ်ကုန်ပြီ . . . ။ အားလုံးရှုပ်ကုန်ပြီ"

ထိုကျောင်းသား၏ အမောတကောအသံကြီးကြောင့် တစ်ဆိုင်လုံးမှအာရုံတွေ သူ့ဆီရောက်သွားကြသည်။

ထိုစဉ်မှာပဲ နောက်ဆက်တွဲအဖြစ် . . .

"ညက အောင်ရဲထွန်း ဆောင်ကို ပြန်ရောက်မလာဘူး"

• • •



လက်ဖက်ရည်ဆိုင်ထဲမှ ကျောင်းသားတစ်အုပ် ပြေးထွက်သွားသည်။ သူတို့အားလုံး၏ပုံစံက အလျှင်စလို ထိတ်ပျာမှုတွေဖြင့် . . .

ဦးတည်ရာနေရာကိုတော့ မေးဖို့လိုမည်မထင်ပါ။ တစ်ကျောင်းလုံး စိတ်ဝင်တစားရှိနေကြသော ဘာမှန်းမသိသည့် ညှို့ငင်မှုတွေဖြင့် ထိတ်လန့်ဝေသီနေသော အဆောင်တစ်ဆောင်သို့ . . .

အဆောင်ရှေ့ရောက်တော့ အဝင်ဝတံခါးက စောစောစီးစီး ပွင့်ဟနေသည်။ ဒီအချိန် ဘယ်ကျောင်းသားမျှ ရောက်မလာသေး။ သူတို့အဆောင်နေသူတွေအတွက်တောင် ယခုမှ မနက်လင်းစပဲရှိသေးသည်။ ပွင့်ဟနေသောတံခါးကိုကြည့်၍ အနည်းငယ်တော့ စနိုးစနောင့်ဖြစ်သွားကြသည်။ ဒါပေမဲ့ ကိစ္စတော့မရှိပါ။ မနက်လင်းနေပါပြီ။

ထို့ကြောင့် အုပ်စုလိုက်ကြီး အဆောင်ထဲသို့ဝင်ကာ လူခွဲရှာလိုက်ပါ၏။ အပေါ်ထပ်အဆောင်တွေဆီတစ်ဝက် တက်သွားပြီး၊ အောက်ထပ်တွင် တစ်ဝက်ကျန်ခဲ့သည်။ ပြီးတော့ တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေလိုက်ကြပြီးသည့်နောက် . . .

"ဘယ်လိုလဲ အပေါ်မှာ မတွေ့ဘူးလား"

"ဟင့်အင်း . . . မင်းတို့ရော"

လူပြန်စုံလျှင်စုံချင်း ပြောကြသည့်စကားတွေက လှပမှုသိပ်မရှိတော့ပါ။ အဖြေဆီမရောက်သေးပေမဲ့ မျက်နှာပုံပန်းတွေကို ကြည့်ရုံနှင့် သဘောပေါက်လိုက်ပြီ။ အောင်ရဲထွန်းတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီကော။

ထိုစဉ် . . .

"အစ်ကိုတို့ . . . အစ်ကိုတို့ . . . အောင်ရဲထွန်းကို E-1 အဆောင်ဘေးက လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်းထိုင်နေတာ ကျွန်တော်တွေ့ခဲ့တယ်"

သူတို့အဖြစ်ကို သိသူတစ်ယောက်က နောက်မှလိုက်လာကာ ပြောခြင်းဖြစ်နိုင်သည်။ သို့သော်လည်း သူတို့အားလုံး ကျေးဇူးတင်စကား



www.burmeseclassic.com

www.burmeseclassic.com

မဆိုမိ။ အလုပ်သင့်ဆုံးအရာတစ်ခုကိုသာ ချက်ချင်း ကောက်လုပ်လိုက်သည်။ အဲဒါက E-1 အဆောင်ဆီသို့။

တွေ့လိုက်ပါပြီ။ ခင်းကျင်းပြီးကာစပဲ ရှိသေးသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ ထောင့်ကျကျစားပွဲတွင် လူတစ်ယောက် ငူငူကြီး ထိုင်နေသည်။

"အောင်ရဲထွန်း"

အနီးနားရောက်၍ ခေါ်လိုက်သည်ကိုပင် မကြား။ ခံစားချက်မဲ့သော မျက်နှာဖြင့် အပြင်ကိုငေးနေသည်။ အလျှင်စလိုဝင်လာကြသော သူတို့အားလုံးကိုလည်း ရိပ်မိဟန်မတူ။

"ဟေ့ကောင် . . . အောင်ရဲထွန်း"

လက်ကိုလှုပ်ခါကာ အနီးကပ်ခေါ်လိုက်တော့မှ ဘာမှန်းမသိသော အသံတစ်သံပြုရင်း ကြောင်တောင်တောင် လှည့်ကြည့်သည်။ ဟုတ်၏။ အောင်ရဲထွန်းမျက်လုံးတွေက ကြောင်နေသည်။ ပြီးတော့ မျက်နှာက သွေးဆုပ်ဖြူလျော်ကာ ခံစားချက်မဲ့နေသည်။ နှလုံးခုန်နေသော်လည်း အသက်မဲ့သလို အဆင်းအင်္ဂါတွေဖြင့် အေးစက်နေ၏။

"မင်း ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲ"

အိပ်မက်မှ လှုပ်အနှိုးခံလိုက်ရသလို ခန္ဓာကိုယ် တစ်ချက်တုန်သွားပြီး သူတို့ကို မော့ကြည့်သည်။ နံဘေးနားရောက်နေသော သူတို့ကိုပင် ယခုမှ သတိထားမိလိုက်သလို ခန္ဓာထဲမှထွက်သွားသော အသိစိတ်က ယခုမှ ကိုယ်တွင်းပြန်ရောက်လာသလို လျှပ်တစ်ပြက် ကြောင်အမ်းသွားရာက . . .

"ဟင် . . . ဘာ . . . ဘာဖြစ်လို့လဲ"

စကားတွေက အစီစဉ်မကျစွာ ထွက်လာသည်။

"မင်းကို မေးနေတာ။ ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲလို့"

ချက်ချင်းမဖြေပါ။ ဘေးပတ်ပတ်လည်တွင် ဝိုင်းနေကြသော



လူတွေအား တစ်ယောက်ချင်း လိုက်ကြည့်သည်။ ပြီးတော့မှ . . .

"ဘာမှမဖြစ်ပါဘူး။ ငါတစ်ယောက်တည်း ထိုင်နေချင်လို့"

ထွက်လာသောစကားတို့က အေးစက်စက်။ ပြောသလိုပင် သူ့ပုံစံက တစ်ယောက်တည်းရှိနေချင်ကြောင်း သိသာသည်။ သို့သော် . .

"မင်းညက C-2 အဆောင်ကို တစ်ယောက်တည်းသွားတယ်ဆိုဟုတ်လား"

ဘာမှန်းမသိသောအရိပ်ငွေ့တစ်ခုဖြင့် အောင်ရဲထွန်း မော့ကြည့်သည်။ သူ့ပုံစံက ထိုကိစ္စနဲ့ပတ်သက်၍ ဘာခံစားချက်မှ ရှိမနေတော့သလို။ အတန်ကြာ စိုက်ကြည့်နေမိပြီးကာမှ ခပ်လေးလေး ခေါင်းညိတ်သည်။ နှုတ်မှလည်း . . .

"ဟုတ်တယ်"

တုံးတိအေးစက်စွာ ကြားလိုက်ရသော ဖြေဆိုသံမရှေးမနှောင်းမှာပင် . . .

"ဒါ . . . ဒါဆို သီချင်းသံကို မင်းကြားလိုက်ရတယ်ပေါ့ဟုတ်လား။ ဘယ်သူဆိုနေတာလဲ၊ ဘယ်အခန်းက ထွက်လာတာလဲ"

မေးခွန်းတို့က အလျှင်လိုစွာ ထွက်လာသော်လည်း အဖြေမရှိပါ။ အောင်ရဲထွန်းက မဖြေ၍မဟုတ်၊ ဖြေသော်လည်း အဖြေကိုမရခြင်း။

"ငါ အဲဒါတွေကို ဘာတစ်ခုမှမသိခဲ့ဘူး"

"ဟင် . . . "

မေးသူအားလုံးမှာ အံ့အားသင့်သွားကြသည်။ ဒါပေမဲ့ . . .

"သေချာတာ တစ်ခုတော့ရှိတယ်။ အဲဒါက C-2 ဆောင်ကပဲ သီချင်းသံထွက်လာတာ။ ကျန်တာတွေကိုတော့ ငါ စုံစမ်းခွင့်မရခဲ့ဘူး"

အောင်ရဲထွန်း၏စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားကြသည်။ နားမလည်မှုအား ကြာကြာဖုံးဖိမထားနိုင်သူတစ်ယောက်ကတော့ . . .

"မင်းက ဘာကြောင့် စုံစမ်းခွင့် မရခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

အောင်ရဲထွန်း၏အကြည့်တို့ တစ်နေရာကို ငေးသွားပါ၏။ နောက် လေးလေးပင်ပင်ဖြင့် ထောင်ထားသောအကျီကော်လံကို အောက်သို့ဆွဲချပြကာ . . .

"ဒီမှာကြည့် . . . "

အားလုံး၏အကြည့်တို့က ပြဆိုရာနေရာသို့အရောက် . . .

"ဟင် . . . "

"ဟာ . . . "

"ဘာရာကြီးလဲ"

တအံ့တသြစကားသံတို့ တစ်ယောက်တစ်ပေါက် အော်မြည်သွားသည့်နောက်မှာတော့ တိကျသောအဖြေတစ်ခုက ခပ်ကျယ်ကျယ်ပေါ်လာသည်။

"လက်ငါးချောင်းရာကြီးပဲ"

ခေါင်းညိတ်ရင်း အကျီကော်လံကို မူလအတိုင်း ပြန်ထောင်ထားလိုက်ကာ . . .

"ဟုတ်တယ် . . .။ ငါညက သီချင်းသံကြားကြားချင် အပေါ်ထပ်ကို ပြေးတက်သွားတော့ လှေကားထောင့်ချိုးအကွေ့မှာ ငါ့ကို တစ်ယောက်ယောက်က ရိုက်လိုက်တာပဲ"

"ဟာ . . . "

"ဘယ်သူလဲ . . . မင်းသိခဲ့လား"

ခေါင်းယမ်း၏။

"မသိခဲ့ဘူး။ မသိတဲ့အပြင် ငါ သတိပါလစ်သွားခဲ့တာ"

"ဟင် . . . ဒါဆို . . . "

စကားသံက ဆက်ထွက်မလာဘဲ ရပ်သွားသည်။ အကုန်လုံး ထိတ်လန့်တုန်လှုပ်သွားခဲ့ပါပြီ။

"မနက်ဝေလီဝေလင်းအချိန်ရောက်မှ ငါ့ကို လက်တစ်ဖက်က လှုပ်နှိုးလို့ သတိရခဲ့တာပဲ"



"လက်တစ်ဖက် . . . "

ပြူးကျယ်သွားသောမျက်လုံးနှင့် အမေးစကားတို့ကြောင့် . . .

"သက်ရှိလက်တစ်ဖက်ပါ"

"ဘယ်သူ့လက်လဲ"

"ကျောင်းစောင့်အဘိုးကြီးလက်"

"ဟင် . . . ဟိုဂျပန်အဘိုးကြီးကို ပြောတာလား"

"ဟုတ်တယ် . . . ဝမ် . . . "

အကုန်လုံး မှင်သက်မိသွားကြသည်။

"သူတစ်ယောက်တည်းလား"

"မဟုတ်ဘူး . . . နောက်တစ်ယောက်ပါသေးတယ်"

"ဘယ်သူလဲ . . . "

လေတစ်ချက်ဝှေ့တိုက်လိုက်သလို ရပ်နေသူတွေအားလုံး အေးစက်စက် ဖြစ်သွားကြ၏။ အောင်ရဲထွန်းက လုံးခြေထားသော လက်ထဲမှ တစ်ရှူးစအား ခပ်ဝေးဝေးသို့ပစ်လွှတ်ကာ . . .

"သက်တဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သော ဇာတ်လမ်းတွေ၏ ဦးတည်ရာ
ပထမ အခ

(သို့)

ကျောင်းဖွင့်စရက်လေးတစ်ရက်မှာပေါ့ . . .



## V

မိုးမှုန်တို့က ခပ်ဖွဲဖွဲပညာပြနေသည်ကြောင့် အဆောင်မှထွက်ထွက်ချင်းပင် ကျွန်တော် ထီးဖွင့်ဆောင်းလိုက်ရသည်။ အဆောင်နှင့်ကျောင်းက အနည်းငယ်လှမ်းသေးသည့်အတွက် မိုးမစိုရန် လွယ်အိတ်ကို နေရာပြောင်းလွယ်လိုက်သည်။

ဒီနေ့သည် ကျောင်းဖွင့်စ ပထမရက်တော့မဟုတ်။ ဒါပေမဲ့ ကျောင်းဖွင့်စနေ့ရက်များထဲတွင်တော့ တစ်ရက်အပါအဝင်ဖြစ်၏။ ဟုတ်ပါသည်။ ဒီနေ့သည် ကျောင်းဖွင့်ပြီး၍ သုံးရက်ကျော် လေးရက်မြောက်သောနေ့ပါ။ ကျွန်တော့်လို နှစ်ကြီးသမားတစ်ယောက်အတွက်ကတော့ ပုံမှန်ကျောင်းစတက်ရက်ဖြစ်သည်။

နှစ်ကြီးသမားဆိုလို့ အတန်းကျကျောင်းသားဟု မထင်လိုက်ပါနှင့်။ ကျွန်တော်တို့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်သည် လေးနှစ်တက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဖြစ်သည်။ ကျွန်တော်က ယခုတတိယနှစ်။ ဒီတော့ ကျောင်းမှာ နှစ်ကြီးသမားစာရင်းဝင်သွားပေပြီ။ ဒါပေမဲ့ တတိယနှစ်ချင်းအတူတူ နှစ်ကြီးသမားစာရင်းမဝင်သူများလည်း ရှိသည်။ အဲဒါက Diploma ကောလိပ်မှ ပြောင်းလာကြသူများ။

ကျွန်တော်တို့ကျောင်းက လေးနှစ်စလုံး အစမှအဆုံးတိုင်တက်လို့ရသလို၊ တစ်ဝက်တစ်ပျက်လည်း ဖြတ်တက်လို့ရသည်။ အခြားကောလိပ်တစ်ခုခုမှ ပထမနှစ်၊ ဒုတိယနှစ် အောင်မြင်ကြောင်း Diploma နှင့် ကျွန်တော်တို့ကျောင်းတွင် တတိယနှစ်နှင့် စတုတ္ထနှစ်ကို ဆက်တက်နိုင်သည်။ ထိုသူများကတော့ တတိယနှစ်ပင်ဖြစ်သော်လည်း နှစ်ကြီးစာရင်းမဝင်။ ကျောင်းသားသစ်များသာဖြစ်သည်။ ယခုလည်း ကျောင်းဖွင့်စရက်ပေမို့ ကျောင်းသား၊ ကျောင်းသူအသစ်များဖြင့် တက္ကသိုလ်က နုသစ်နေပေဦးမည်။

အတွေးဖြင့် လျှောက်လာစဉ်မှာပဲ နံဘေးသို့ ကားတစ်စီး ထိုးဆိုက်လာသည်။ အနည်းငယ်ဆန်းသွားသည်မို့ ကျွန်တော် လှည့်ကြည့်လိုက်မိတော့ လျှောဆင်းသွားသော မှန်တံခါးနောက်မှ ကံ့ကော်တစ်ပွင့်ကို တွေ့လိုက်ရ၏။

"ဟေ့ . . . you တစ်ယောက်တည်းပါလား။ ကားပေါ်တက်လေ။ အေမီ လိုက်ပို့ပေးမယ်"

ပလတ်စတစ်ပန်း၏အလှမျိုးဖြင့် မချောစကားကြောင့် ကျွန်တော် အနည်းငယ်တော့ အံ့အားသင့်သွားရသည်။ မြင်ဖူးသလိုလိုရှိသည့်ကြောင့် မျက်မှောင်ကြုတ်လိုက်မိစဉ်မှာပဲ . . .

"ဘာလဲ . . . you က ကားစုတ်ကြီးဆိုပြီး မစီးချင်လို့လား။ ကောင်းနေပါပြီကွ။ ဒက်ဒီ ပြင်ပေးပြီးသွားပြီ။ လာ . . . "

ထိုစကားကြားတော့မှ ကျွန်တော် သတိတစ်ချက်ရလိုက်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိရင်း အားနာပြုံးတစ်ချက်ပြုံးကာ . . .



"ကျေးဇူးအများကြီး တင်ပါတယ်ဗျာ။ ကျွန်တော် လိုက်မစီးတော့ပါဘူး။ ဒီအတိုင်းပဲ လမ်းလျှောက်ပြီး သွားလိုက်ပါ့မယ်"

ခပ်ဆန်းဆန်းတုံ့ပြန်သော အကြည့်တစ်ချက်ကို တွေ့ရ၏။ ထိုအကြည့်မှာ နားမလည်မှုနှင့် စူးစမ်းမှုတို့ အချိုးတူ ရောနှောနေသည်။ ဤကျောင်းမှာက အေမီသည် 'ဘာဆိုလားပဲ' ဆိုသည့် အမျိုးအစားထဲမှာပါဝင်သည်။ ယောကျ်ားအများစုအတွက်ကတော့ အေမီသည် ဧဒင်မြို့ရဲ့ သမီးပျိုတစ်ယောက်။

ဒါပေမဲ့ ကျွန်တော်တည်သောမြို့မှာတော့ သူမသည် ရနံ့ပြင်းသော ပန်းလှလှတစ်ပွင့်ထက် ပိုမည်မဟုတ်ပါ။ သူမနှင့် ကားတစ်စီးတည်း စီးရမည့်အရေးအတွက် ကျွန်တော် ဂုဏ်မယူမိသလို၊ မိုးဖွဲဖွဲအောက်မှာလျှောက်မည့် ကျွန်တော့်ခြေလှမ်းတွေကိုလည်း အားနာမိသည်။

"You က . . . အေမီနဲ့အတူတူ မစီးချင်လို့လား"

"ဟာ . . . မဟုတ်ပါဘူးဗျာ။ ကျွန်တော် လမ်းလျှောက်ပြီးပဲ သွားချင်လို့ပါ။ ကျောင်းလည်းရောက်တော့မှာပဲ။ အခုလိုခေါ်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အေမီ့ဘာသာပဲ သွားလိုက်တော့နော်"

စကားဆုံးတော့ ကျွန်တော့်ကို မျက်ဝန်းကြည်လက်လက်ဖြင့် တစ်ချက်စိုက်ကြည့်သည်။ ရင်ထဲမှာ ပူရှိန်းရှိန်းအရသာတချို့ကို ခံစားလိုက်ရ၏။

"You က တစ်မျိုးပဲနော်"

ကျွန်တော် စကားပြန်မဆိုမိပါ။ ဒါပေမဲ့ အပြုံးတစ်ခုကိုတော့ ဖြူဖြူစင်စင် ပြုံးပြလိုက်သည်။ သူမဆီမှလည်း အပြုံးတစ်ခုကိုရလိုက်၏။ ထိုအပြုံးကိုတော့ ကျွန်တော် အဓိပ္ပာယ်မဖွင့်တတ်။ ပြီးတော့ ကားမှန်တံခါး အပေါ်ပြန်တက်သွားပြီး မောင်းထွက်သွားသည်။ မနှေးမမြန်မောင်းသွားသော ကားနောက်မှီးအားကြည့်ရင်း ကျွန်တော် ခပ်တိုးတိုး ရေရွတ်ဖြစ်ပါသည်။

"အမှည့်လွန်သွားတဲ့ သစ်သီးလိုပဲပေါ့ကွာ။ အလှလွန်သွားရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း စံမမှီတော့ဘူး”

မိုးက အနည်းငယ် သည်းလာသယောင်ရှိသည်မို့ ကျွန်တော် သွက်သွက်လေး ဆက်လှမ်းဖြစ်ပါသည်။ ပြီးတော့ အေမီနဲ့ဆုံခဲ့သည့် ညနေတစ်ခုကို သတိရမိသည်။

ပြီးခဲ့သည့် နှစ်ကုန်ခါနီးလောက်က ညနေတစ်ခုမှာပေါ့။ အဲဒီ တုန်းက ကျွန်တော် စာကြည့်တိုက်ထဲတွင် တစ်နေကုန်ခဲ့ပြီး၍ ပြန်ထွက် လာသောအချိန်။

ကျောင်းဝင်းထဲ၌ လူပင်တော်တော်ရှင်းနေပါပြီ။ ကျောင်းဆင်း ချိန်လွန်သွားပြီမို့ အကဲပိုနေကြသည့် သမီးရည်းစားသုံးလေးတွဲသာ တွေ့ တော့သည်။ ဒါပေမဲ့ မလှမ်းမကမ်းမှာတော့ အနည်းငယ်ထူးခြားသည့် မြင်ကွင်းတစ်ခုကို မြင်ရ၏။

အဲဒါက ကားတစ်စီးနှင့် မိန်းကလေးတစ်ယောက်။

သာမန်အခြေအနေမှာတော့ ထူးခြားလောက်သည့် ကိစ္စတစ်ခု မဟုတ်။ ဒါပေမဲ့ ဒီလိုအချိန်မှာတော့ ထူးခြားပါသည်။ ကားပျက်နေခြင်း ဖြစ်ရပေမည်။ ထို့ကြောင့် ခပ်သွက်သွက်လှမ်းသွားလိုက်ကာ . . .

“မိန်းကလေး . . . ကျွန်တော် ဘာအကူအညီပေးရမလဲ”

အနီးကပ်ကြားလိုက်ရသော စကားကြောင့် မိန်းကလေးက ဆတ် ခနဲလှည့်ကြည့်သည်။ ဝဲခနဲလွင့်ဖျာသွားသော ဆံပင်နှင့် 45° လှည့်လာ သော မျက်နှာတို့က စိတ်မထိန်းနိုင်လျှင် ချက်ချင်း ရူးသွားလောက်သည်။ သို့သော် စိတ်ပျက်သလို ခေါင်းကိုယမ်းကာ ခပ်တိုးတိုး ရေရွတ်သံတစ်ခု ကို မိန်းကလေးဆီမှ ကြားလိုက်ရ၏။

“လာပြန်ပြီ နောက်တစ်ယောက်”

“ဗျာ . . .”

နားမလည်သည်မို့ ကျွန်တော် ‘ဗျာ’ မိသွားတော့ . . .

“ဒီမှာ . . . ရှင်တို့ယောကျ်ားလေးတွေက မိန်းကလေးမြင်တာ နဲ့ အရမ်းကာရော ကူညီချင်ကြတာပဲ”



မာနနှင့်ရောကာ နှလုံးတစ်ချက် ဝုန်းခနဲ ဆောင့်ခုန်သွားသည်။ ထိုစဉ်မှာပဲ . . .

“ရှင့်လိုပဲ ကျွန်တော်တို့ ဘာအကူအညီပေးရမလဲဆိုတဲ့စကား ပြောပြီး ခုနနှစ်ယောက် လာသွားတယ်။ ကျွန်မ ဘယ်သူဆိုတာသိလို့ ရည်ရွယ်ချက်ကြီးတစ်ပွေ့တစ်ပိုက်နဲ့ ရောက်လာတာဆိုရင်တော့ တစ်ခါ တည်းပြောလိုက်မယ် ကိုယ့်လမ်းကိုယ်ဆက်သွားပါ။ ဒီမှာ ကားစက်နှိုး မရလို့ ကျွန်မစိတ်ရှုပ်နေတယ်။ ရှင်တို့ရဲ့ မိန်းကလေးချောချောလှလှ မြင်တိုင်း စိတ်ဝင်စားတတ်တဲ့အကျင့်နဲ့ အရည်မရအဖတ်မရစကားတွေ ကို ဒီအချိန်မှာ ကျွန်မ နားမထောင်နိုင်ဘူး”

လုံးဝကို အလွတ်ကြီး ငြိလိုက်ခြင်းဖြစ်သည်။ ကျွန်တော် အဖြူ ထည်သက်သက်ဖြင့် ရောက်လာကြောင်း ကိုယ့်ကိုယ်ကိုယ်သိသည်။ ဒါ ကို . . .

‘ဟက်’ ခနဲရယ်လိုက်တော့ ကြောင်တောင်တောင်ဖြင့် ကျွန်တော့် ကို မော့ကြည့်သည်။

“အဟင်း . . . မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်တဲ့ မျိုးရိုးက ပေါက်ဖွားလာတာနဲ့တူပါတယ်။ ဒီလိုပဲကွ ကိုယ့်အလှကိုယ် မယုံတဲ့မိန်းကလေးတိုင်းဟာ စကားထဲမှာ ခဏခဏ ကိုယ့်ကိုယ်ကိုယ် လှတယ်လို့ ထည့်ပြောတတ်တယ်”

“ဘာရှင့် . . .”

ကျွန်တော် လက်ပြတားလိုက်ရင်း . . .

“ခဏလေး . . . မင်း ဘယ်သူလဲ ငါမသိဘူး၊ စိတ်လည်း မဝင်စားဘူး။ မိန်းကလေးတစ်ယောက် ကားပျက်နေတာတွေ့လို့ အကူ အညီပေးရအောင် ရောက်လာရုံသက်သက်ပဲ။ ငါ့စိတ်မှာ အစွန်းအထင်း ကင်းတယ်”

လွှတ်ပေးလိုက်လျှင် စကားတို့က တာဝေးပစ်ဒုံးကျည်တစ်စင်း လို တဝီဝီပျံသန်းသွားနိုင်သည်။ အမှန်အတိုင်းပြောရလျှင် မဖျစ်ညှစ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com

အလှကလေးဖြင့် မာန်တက်ပြနေသော မိန်းကလေးများကို ချေပဖို့ ကျွန်တော့်မှာ စကားလုံးတွေ လေယာဉ်တင်သင်္ဘောဆယ်စီးစာလောက်ရှိသည်။ သို့သော် ကျွန်တော် တည်ငြိမ်လိုက်နိုင်ပါသည်။

ဘယ်သူ့မှ အပြစ်တင်စရာမလိုပါ။ ကျွန်တော်စမိထားတာပဲ။ ဒါတောင် စိတ်ထိန်းနေသည့်ကြားမှ စကားတချို့က ထွက်သွားသေးသည်။

"အကူအညီပေးတတ်သူတွေကို တုံ့ပြန်ဖြေဆိုဖို့ မင်းအမေက ဒီလိုစကားမျိုးပဲ သင်ပေးထားတာကတော့ ငါဝမ်းနည်းမိတာ အမှန်ပဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အဆင်မပြေတော့လည်း မကူညီရုံပေါ့"

ပြောပြီး ကျွန်တော် လှည့်ထွက်ခဲ့လိုက်သည်။ ဒါပေမဲ့ ခြေသုံးလှမ်းပင်မပြည့်လိုက် . . .

"ခဏနေဦး"

တင်းမာမှုအရှိန်လျော့လျော့ပြေနေသော အသံလေးက နောက်မှပေါ်လာ၏။ တိခနဲ မရပ်သွားမိသော်လည်း အနည်းငယ်တုံ့ဆိုင်းသွားတာကတော့ အမှန်ပါ။

"ယောကျ်ားလေးတော်တော်များများရဲ့စကားကို ကျွန်မ အယုံအကြည်မရှိခဲ့ဖူးပါဘူး။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး အခု ရှင်ပြောတဲ့စကားကို ကျွန်မ ယုံမိသွားသလိုပဲ"

ကျွန်တော် ပခုံးတစ်ချက်တွန့်လိုက်မိသည်။ သူမမျက်နှာက ခုန ထက် ဖြူစင်လာသလိုရှိ၏။ ထိုစဉ်မှာပဲ သူမဘက်မှ အလံဖြူတစ်ချက် လွှင့်သွားသည်။

"ပြီးရော့လေ . . . ကျွန်မ တောင်းပန်ပါတယ်။ ဒါဆို . . ."

တစ်ချိန်က အတိတ်အပိုင်းအစတချို့ကို ကျွန်တော် ပြုံးဖြစ်သည်။ အဲဒီနောက်တော့ သူမနာမည် အေမီဖြစ်ကြောင်းနှင့် ကျောင်းတွင် သူမရဲ့သတင်းကြီးမှုတွေကိုပါ သိလိုက်ရသည်။ ကိုယ်နှင့်သိပ်မဆိုင်သည်မို့ မဆိုင်သလိုပဲ နေဖြစ်ပါသည်။



နောက်နေ့တွေမှာတော့ ပုံမှန်လည်ပတ်ပုံအတိုင်းသာ ကျောင်းတွင်းမှာ ကျွန်တော် လည်ပတ်ခဲ့သည်။ ဒါပေမဲ့ သတင်းတစ်ခုကိုတော့ သိုးသိုးသဲ့သဲ့ကြားရ၏။ ကျွန်တော့်ကို ကျောင်းသူတစ်ယောက် အသည်းအသန် လိုက်ရှာနေသည်တဲ့။

ဘာအကြောင်းကိစ္စမှန်းမသိပေမဲ့ ကျွန်တော် အေးဆေးစွာပဲ နေဖြစ်ခဲ့ပါသည်။ သူမနှင့်တွေ့အောင်လည်း မကြိုးစားသလို၊ သူမ အလွယ်တကူရှာလို့ရရန်လည်း မနေဖြစ်ခဲ့ပါ။ အရာရာသည် ပုံမှန်အတိုင်းပါပဲ။

အခုလည်း ပုံမှန်အတိုင်းပဲပေါ့။

ထို့အတွက် ကျွန်တော် ပုံမှန်ခြေလှမ်းတွေနဲ့ပဲ ဆက်လျှောက်ခဲ့ပါသည်။ မိုးကလည်း ပုံမှန်အတိုင်း ခပ်ဖွဲဖွဲရွာသွန်းနေသည်။ မိုးရွာနေသော်လည်း ကျောင်းလမ်းမကြီးက စည်ကားမှုမဲ့မသွားခဲ့။

"သက်တံ့ . . . လက်ဖက်ရည် သောက်သွားဦးလေ"

လက်ဖက်ရည်ဆိုင်တစ်ခုအတွင်းမှ လှမ်းခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ . . .

"ဩော် . . ."

နှုတ်မှ မတိုးမကျယ် ထွက်သွားပြီး . . .

"ငါသောက်လာခဲ့ပြီးသွားပြီကွ။ နောက်နေ့မှပဲ သောက်တော့မယ်။ ကျေးဇူးပဲ"

တစ်ဖက်မှ ခေါင်းညိတ်ပြီး လက်ကာပြသည်။ ကျွန်တော် အားနာပြုံးတစ်ခုကိုပြုံးရင်း ဆက်လျှောက်လာခဲ့လိုက်ပါ၏။ စိတ်ထဲမှာတော့ ညည့်ဝတ်ပြုသူနှင့်ပတ်သက်၍ စကားတစ်ခုကို ပြောဖြစ်သည်။

"နောက်များမှပဲ တို့တွေ လက်ဖက်ရည်အတူသောက်ကြတာပေါ့ ကျော်စိုးရာ။ ဒီနှစ်တော့ မင်းနဲ့ငါတွဲကစားရဖို့ မျှော်လင့်ပါတယ်"

'ကျော်စိုး' ဆိုသူမှာ ပေါ့သေးသေးမဟုတ်။ ကျွန်တော်တို့ကျောင်း၏ ဘတ်စကက်ဘော လက်ရွေးစင်ဖြစ်သည်။ တော်သည်။ ဒါပေမဲ့ ...

ကျွန်တော်လျှောက်နေရင်းနဲ့ ကန်တင်းတွေဆီ လိုက်ကြည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဧသူနှင့် နေလင်းကို ရှာရဦးမည်။ ဒါပေမဲ့ မိုးရွာထဲမှာ ထီးဆောင်းရှာရသည်မို့ သိပ်အဆင်မပြေချင်။

ထိုစဉ်မှာပဲ အလုံပိတ်အခန်းအတွင်း နှင်းဆီပွင့်တစ်ပွင့် ပွင့်လိုက်သလို ပတ်ဝန်းကျင်က နှင်းဆီရနံ့တို့သင်းသွားသည်။ ကျွန်တော့်ရင်ခွင်ဘယ်ဘက်တစ်နေရာက ခုန်သည်ဆိုတာထက် ပျပျလေး နွေးသွားတာပါ။

အမိုးအကာမပါသည့် နှင်းဆီလေးတစ်ပွင့် ကျွန်တော့်ရှေ့ခပ်လှမ်းလှမ်းမှာ လမ်းလျှောက်လို့နေသည်။ အနီရောင်ကို ပျောင်းပျောင်းနွဲ့နွဲ့ ဆင်မြန်းထားသည့် မိန်းကလေးတစ်ယောက်။ ထက်အောက်အနီဖြင့် တင့်တယ်နေသည့်အပြင် စီးလာသောဖိနပ်က အနီနှင့်အဖြူကို လေးထောင့်ကျကျ အကွက်လေးများဖော်ထား၏။ ပြီးတော့ ဆံပင်ကိုမဟော်ဂနီရောင်ရင့်ရင့် ဆိုးထားသေးသည်။

ကျွန်တော် အသက်ရှူဖို့မေ့လျော့ကာ ငေးသွား၏။ အမိုးအကာမပါပဲ မိုးဖွဲဖွဲအောက် လမ်းလျှောက်နေပုံက နှင်းဆီတစ်ပွင့်ကို ရေစွတ်ထားသလိုမျိုး။

အနောက်တိုင်း အယူအဆအားဖြင့် အနီရောင်ကို ဆန္ဒ၊ ရမ္မက်ပြင်းပြစေသောအရောင်ဟု သတ်မှတ်ထားကြသော်လည်း သူမဆင်မြန်းထားပုံက နှင်းဆီတစ်ပွင့် မွေးဖွားလာသလိုပါပဲ။ ဖြူဝင်းမွတ်ဝါသော အသားအရေက အသက်ရှူများလောက်အောင် လင်းလက်လွန်းလှသည်။

ကျွန်တော်မြင်တွေ့နေရသည်က ထီးဟန်နန်းဟန်ကျကျ လျှောက်လှမ်းနေသော သူမရဲ့နောက်ပိုင်းအလှ။ အပြင်အဆင်အားဖြင့် ခေတ်ဆန်သော်လည်း ကျွန်တော်တွေ့မြင်သမျှအရာရာက စံအိမ်တော်ခြေလှမ်းဖြင့် တင့်တယ်နေသည်။ ပြီးတော့ အလှအပအစိတ်အပိုင်းအားလုံးက မဟာသွေးရောနေသလို။

ကျွန်တော် အလျင်အမြန်ပင် သူမနှင့်ကပ်လျက်နေရာကို ပြေးသွားလိုက်ကာ . . .



ရော့ . . .

ကျွန်တော့်အသံနှင့် ထိုးပေးလိုက်သောထီးကိုကြည့်ရင်း သူမတစ်ခဏလေး အံ့သြသွားသည်။ ခဏလေးမှ တကယ့်ခဏလေးပါ။ ပြီးတော့ ကျွန်တော့်အား မျက်လုံးစူးစူးဖြင့် တစ်ချက်ကြည့်သည်။ ဆံပင်တို့က ပါးနှစ်ဖက်ပေါ် အုပ်ကာထားသည်မို့ မျက်နှာကို အပြည့်မမြင်ရ။ ဒါပေမဲ့ ကျွန်တော့်ရင်တစ်ခုလုံး လှိုက်ခနဲ နွေးသွားခဲ့ချေပြီ။

သနပ်ခါးလိမ်းသည့် ပန်းပွင့်လေးပါလား။

နှာတံချွန်ချွန်လေးနှင့်တွဲလျက် နှုတ်ခမ်းစိုရဲရဲလေးနှစ်ခု။ ပြီးတော့ စူးတောက်တောက်မျက်လုံးလေး။ အထူးခြားဆုံးနှင့် အလှပဆုံးကတော့ သူမရဲ့မျက်လုံးတွေပါပဲ။ စနစ်တကျစိုက်ပျိုးထားသော ပန်းခင်းတစ်ခုလို သူမမျက်ခုံးတွေက နှင်းဆီနက်တွေပွင့်နေသည်။ ပြီးတော့ ပါးနှစ်ဖက်ဆီမှ သနပ်ခါးပါးကွက်လေး တစ်ဝက်တစ်ပျက်ကို မြင်ရ၏။ ဒါသည် ပါးနှစ်ဖက်ပေါ်သို့ ဖုံးအုပ်နေသော ဆံနွယ်နှစ်ခုကြားမှမြင်ရသည့် အလှတစ်ကွက်ပါ။

ကျွန်တော် ဝန်ခံပါသည်။ ဤမျှနှင့်ပဲ ကျွန်တော် သူမကို ချစ်သွားခဲ့တာပါ။

"ရပါတယ်"

နောင်တစ်ချိန်မှာ 'နှင်းဆီလေး၏လေချွန်သံ' ဟု ကျွန်တော်တင်စားမိခဲ့သည့် အသံလေးက တိုးလျလျလေးထွက်လာသည်။ ထိုအသံလေး၏ အုပ်မိုးသွားမှုကြောင့် ကျွန်တော့်တစ်ကိုယ်လုံးပင် နွေးပျပျလေးဖြစ်သွား၏။ မပီမသအပြုံးတစ်ခုနှင့် ကျွန်တော် ထပ်မံတိုက်တွန်းဖြစ်သည်။

"ယူသွားပါ။ မိန်းကလေးတစ်ယောက်အတွက် ရေစိုအဝတ်တွေက မသင့်တော်ဘူး"

သူမကိုယ်သူမ ငုံ့ကြည့်သည်။ အမှန်တော့ သူမအဝတ်အစားတွေပေါ်မှာ ရေစက်ရေမှုန်တွေက နေရာသိပ်မယူရသေး။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကိုထီးပေးရင် [illegible]သွားမှာလဲ"

"ရပါတယ်။ ကိုယ်က ယောကျ်ားလေးပဲ ကိစ္စမရှိပါဘူး"

အစိပ္ပာယ်ဖော်ရန်ခက်သော အပြုံးတစ်ခုကို သူမပြုံးလိုက်၏။ ပြီးတော့ ကျွန်တော့်အား ခပ်တည်တည်ကြည့်ရင်း . . .

"သမိုင်းတွေထဲမှာတော့ သူတစ်ပါးကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံသူတွေကို အတိုင်းအဆမရှိ ကြီးကျယ်သူတွေအဖြစ် တခမ်းတနား သတ်မှတ်ကြတယ်။ ရှင်ကရော သမိုင်းဝင်အောင် ကြိုးစားနေသူတစ်ယောက်ပဲလား"

ကျွန်တော် နှုတ်ခမ်းထောင့်စွန်းအား ရယ်ရွှန်းရိပ်ဖြင့် တွန့်ကွေးလိုက်ရင်း . . .

"ထီးမဆောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ကူညီပေးရုံလောက်နဲ့တော့ သမိုင်းမဝင်လောက်ပါဘူး။ ဒါပေမဲ့ ကိုယ်တစ်ခုဝန်ခံပါတယ်။ မင်းကို အခုကူညီတာ စေတနာသန့်သန့်နဲ့မဟုတ်ဘူး"

"ဘာဖြစ်တယ်"

စကားနဲ့အတူ ဆတ်ခနဲ ခေါင်းကိုအမော့ . . .

လေတစ်ချက် ဝဲခနဲ ပင့်အတိုက် . . .

ပါးပြင်ပေါ်သို့ ဖုံးအုပ်ထားသော ဆံနွယ်လေးနှစ်ဖက်က လှစ်ခနဲ ပင့်မြောက်သွားစဉ် . . .

"ဟာ . . ."

ခန္ဓာကိုယ်တစ်ခုလုံး စကြဝဠာအပြင်ဘက်သို့ ကျသွားသလို ရင်တွင်းမှာ တလှပ်လှပ်အေးသွား၏။

"သူမ . . . သူမရဲ့ပါးလေးနှစ်ဖက်မှာက . . ."

စိတ်ထဲမှ တုန်တုန်ရီရီရေရွတ်ရင်း ကျွန်တော်ခွန်အားတို့ မောလျသွားသည်။ ကြယ်စင်ပျိုလေးတစ်စင်း၏ ပါးနှစ်ဖက်ကို ကျွန်တော် အမှတ်မထင်မြင်တွေ့လိုက်ရပေပြီ။ ဘာကြောင့်မှန်းမသိ။ ကိုယ့်ကိုယ်ကိုယ် ခမ်းနားသွားသလိုလို။



www.burmeseclassic.com

ပါးပြင်လေးနှစ်ဖက်က သူမတူအောင် ထူးထူးခြားခြား ကြည်စိမ်းနေသည်။ ပြီးတော့ လေက အရှုံးဘုံမြှောက်ပေးသလို နောက်တစ်ချက် ထပ်တိုက်သည့်အခါမှာ ကျွန်တော့်သွေးလည်ပတ်မှုတို့ ခဏတာ တုံ့ဆိုင်းသွားသည်ထင်၏။ လက်ထဲမှာကိုင်ထားသော ထီးက လေစီးနဲ့ မျောပါသွားကာ ကိုယ်ပေါ်သို့ မိုးစက်အချို့ကျလာသည်။

ကျွန်တော် သက်မဲ့ကျောက်ရုပ်အဖြစ် ပါးပြင်လေးအား ငေးကြည့်နေဆဲ။ လက်ထဲမှ ထီးမရှိတော့သည်ကိုပင် ကျွန်တော် သတိမထားမိပါ။ အာရုတိုက်၏ အခမ်းနားဆုံးအရောင်အသွေးတစ်ခုကို သူမပါးပြင်ဆီမှ အမှတ်မထင် မြင်ခွင့်ရလိုက်လေပြီ။ ကြည့်နေရင်းနဲ့ ရင်ထဲမှာ နာမည်မဖော်နိုင်သော ခံစားမှုတွေ ထကြွတုန်ရီလာကာ . . .

တတိယမြောက် လေတစ်ချက်၏ ပင့်တိုက်ပေးမှုအဆုံးမှာတော့ ဘာနဲ့မှုတိုင်းတာမရသော ခံစားမှုတစ်ခုက ကျွန်တော့်အသိတွေအားလုံးကို အုပ်စိုးသွားချေပြီ။

သိလိုက်ပါတယ်။

ကျွန်တော် သူမကို နက်နက်ရှိုင်းရှိုင်း ချစ်မိသွားတာပါ။

ထိုစဉ်မှာပင် လုံးဝထင်မှတ်မထားသော အရာတစ်ခုကို မျက်လုံးအိမ်က ပြုလုပ်လိုက်၏။

ပါးပြင်ပေါ်သို့ နွေးနွေးငွေ့စီးကြောင်းတစ်ခု ဖြတ်စီးသွားသည်။

'ဟာ' ခနဲနေအောင်ပင် ထိတ်လန့်အံ့ဩမှုနဲ့အတူ ကျွန်တော့် တစ်ဖက်သို့ ဆတ်ခနဲလှည့်လိုက်တော့ . . .

မျက်ရည်တစ်စက်က မိုးဖွဲဖွဲနဲ့ ရောသွား၏။

ကျွန်တော် သူမကို အဲဒီလောက်ထိချစ်မိသွားခဲ့တာပါ။ အလျင်မြန်ဆုံး တစ်ဖက်လှည့်လိုက်သည့်အတွက် သူမ မြင်သွားမှာတော့ မဟုတ်။ ဒါပေမဲ့ . . .

"သက်တံ့ . . ."

တအံ့တဩမျက်နှာနှင့် ကျွန်တော့်အားကြည့်နေသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူက ကျွန်တော့်ကိုကျော်ကာ နောက်ကိုလှမ်းကြည့်သည်။ မင်းရိပ်မိလိုက်မှာပါ ဖေသူ။

စက္ကန့်လေးတစ်ချက်အခုန်နဲ့တင် ငါသူမကို ရူးရူးနှမ်းနှမ်း ချစ်သွားခဲ့တာပါ။



# VI

"သဲ . . ."

နောက်ဆုံးတန်းမှာထိုင်ရင်း ရင်ထဲမှ အကြိမ်ကြိမ်ခေါ်နေမိသည်။ သူမကတော့ ဒုတိယတန်းမှာ ပွပွယောင်းယောင်းဆံပင်လေးကို အုံ့အုံ့ဖျန့်ချရင်း ထိုင်နေသည်။ ကျွန်တော့်ခေါ်သံကို ကြားမည်မဟုတ်ဘူးဆိုတာ သေချာသည်။ သို့သော် ရင်ထဲမှာတော့ 'သဲ' ဆိုသည့်တစ်လုံးတည်းသောစကားက ပဲ့တင်ကာ အော်မြည်နေ၏။

တစ်ခန်းလုံး တိတ်ဆိတ်ကာ ရှေ့တွင်ရှိနေသော ဆရာမပြောမည့်စကားကို ကိုင်းကိုင်းညွတ်ညွတ် နားစွင့်နေကြသည်။ ဆရာမက အတန်းရှေ့တွင်ထိုင်ရင်း စာရွက်တစ်ထပ်ကို လှန်နေသည်။

တစ်အောင့်ကြာသွားပြီးကာမှ စာရွက်ထပ်အားချရင်း မတ်တတ်ထရပ်တော့ တစ်ခန်းလုံး၏အာရုံတွေက ဆရာမဆီမှာ . . .

"ဒီနှစ်ကတော့ ထူးခြားတဲ့နှစ်လို့ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာမ၏ ညြှရှရှအသံက တစ်ခန်းလုံးအား ဖုံးလွှမ်းသွားစဉ်–

"ပြင်ပကောလိပ်က တို့ကျောင်းကို ပြောင်းလာသူတွေထဲမှာ အမှတ်အများဆုံးနဲ့ တစ်ယောက်ပါလာတယ်။ ဘာသာရပ်တိုင်းကိုလည်း ဆရာမ အခုကြည့်ပြီးသွားပြီ။ သူ့ရဲ့ဘာသာရပ်အလိုက် ရမှတ်တွေက များတယ်ဆိုတာထက်ကို တော်တော်ပိုနေတယ်။ ယောက်ျားလေးမဟုတ်ဘူး မိန်းကလေး။ ဒီအခန်းထဲမှာရှိတယ်"

ဆရာမစကားကြောင့် တစ်ခန်းလုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားသည်။ ထိုစဉ်မှာပဲ . . .

"နာမည်က သဲဆုနွေးတဲ့။ ရှိရင် မတ်တတ်ရပ်ပြပါဦး။ ဆရာမတွေ့ဖူးထားချင်လို့"

မိန်းကလေးတစ်ယောက် မတ်တတ်ထရပ်သည်။ ကျွန်တော့်နှင်းဆီပွင့်လေးပါ။ လှသည်ထက်ပိုကာ တန်ဖိုးကြီးသွားရပါပြီ။

"သဲဆုနွေးက သမီးလား"

"ဟုတ်ကဲ့"

တိုးလွန်းသော်လည်း ကျွန်တော်ကြားလိုက်သည်။ မပြောင်းလဲပါ။ ခုန ကျွန်တော်နှင့်တွေ့စဉ်ကလိုပဲ အသံကတိုးပေမဲ့ မာန်တစ်ခုပါနေသည်။

"သမီး အရမ်းတော်တယ်။ ဆက်ကြိုးစားနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမက သူမရရှိခဲ့သော အမှတ်တို့အား တစ်ခန်းလုံးကြားအောင် ပြောပြလိုက်သည့်နောက်မှာ အာမေဍိတ်သံအတော်များများက အထင်ကြီးဂုဏ်ယူမှုတွေအဖြစ် တိုးတိုးတိတ်တိတ် ထွက်ပေါ်လာ၏။

"ဒါဆို ဆရာမ သူက Roll - 1 ပေါ့"

ဘယ်သူမေးလိုက်မှန်းမသိပေမဲ့ ဆရာမပြန်ဖြေသံကို ကြားရသည်။

"ဟုတ်တယ် . . . Roll - 1 "



"ဒါဆို Roll - 2 က ဘယ်သူလဲဆရာမ"

ဒီမေးခွန်းကိုတော့ ဆရာမက ပြန်မဖြေ။ ဒါပေမဲ့ . . .

" Roll - 2 မပြောခင် Roll - 3 ကို အရင်ပြောမယ်။ Roll - 3 ၄ အောင်ရဲထွန်း"

ကျွန်တော့်ရှေ့နှစ်ခုံကျော်မှ ဟေးခနဲထအော်လိုက်သံကို ကြားရ၏။ ဝမ်းသာသင့်ပါသည်။ No.3 ဆိုတာ လူတော်တွေကျင်လည်ရာ ရပ်ဝန်းတစ်ခုပဲလေ။ ဒါပေမဲ့ အကုန်လုံးက Roll - 2 ဘယ်သူဆိုတာ သိချင်နေကြ၏။ ဒါဆို သဘောပေါက်စွာ ဆရာမက . . .

"ဒီနှစ်က ထူးခြားတဲ့နှစ်ဆိုတာ Roll - 2 ကိုပြောတာပဲ။ တို့အခန်းထဲမှာ Roll - 2 မရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ Roll - 1 နှစ်ယောက်ဖြစ်နေလို့"

ဆရာမစကားကြောင့် သူမ ဆတ်ခနဲခါးမတ်သွားကြောင်း ကျွန်တော် တွေ့လိုက်သည်။

"သူကတော့ ယောက်ျားလေး။ သဲဆုနွေးရမှတ်စုစုပေါင်းနဲ့ ထူးထူးခြားခြား တစ်ထပ်တည်းဖြစ်နေလို့ Roll - 2 ပျောက်သွားတယ်။ သူလည်း ဒီအခန်းထဲမှာပဲ"

ကျွန်တော် ဆက်လက်နားမထောင်တော့ဘဲ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ အပေါက်ဝနားတွင် ထိုင်နေခြင်းဖြစ်သည့်အတွက် ကျွန်တော် ထွက်သွားသည်ကို မည်သူမျှ သတိထားမိလိုက်မည်မဟုတ်ပါ။ ဒါပေမဲ့ ဆရာမစကားသံက နောက်မှကပ်ပါလာသည်။

"နာမည်က သက်တံ့တဲ့။ ဆရာမကို မတ်တတ်ရပ်ပြပါဦး"

အခန်းထဲ၌ ထရပ်မည့်သူရှိတော့မည် မဟုတ်တော့။

ကျွန်တော် အပြင်ရောက်ရောက်ချင်းပင် စင်္ကြံမှာရပ်နေသူတစ်ယောက်ကို တွေ့ရသည်။

"ဧသူ မင်းအတန်းမတက်ဘူးလား"

ကျွန်တော်မေးလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင်းအင်း . . . မင်းထွက်လာမယ်ဆိုတာသိလို့ စောင့်နေတာ"

ဇေသူ့စကားကြောင့် ကျွန်တော် ခြောက်ကပ်ကပ်တစ်ချက်ရယ်လိုက်ရင်း . . .

"သေချာလုချည်လား"

ဇေသူကမဖြေ။ အခန်းရှိရာကို တစ်ချက်ဝင့်ကြည့်ကာ . . .

"တော်ပါတယ်။ မင်းနဲ့ ကွက်တိပါပဲ။ ဒါပေမဲ့ မင်းကိုတစ်ခုမေးရဦးမယ်။ အချစ်နဲ့ ရှုံးနိမ့်ခြင်းက ထပ်တူကျလား"

အတန်ငယ် စဉ်းစားမိသည်။ ပြီးတော့ . . .

"ထပ်တူမကျဘူး။ ဒါပေမဲ့ အရှုံးပေးခြင်းနဲ့ကတော့ ထပ်တူကျကောင်း ကျလိမ့်မယ်"

နားမလည်ဟန်အကြည့်တစ်ခု ရောက်လာမယ်ဆိုတာကို သိသော်လည်း ကျွန်တော် လှည့်ထွက်ခဲ့လိုက်ပါသည်။

ကျွန်တော့်နောက်ကို ဇေသူအပါအဝင် မည်သူမှ လိုက်မလာခဲ့ပါ။ ဒါပေမဲ့ ချစ်ခြင်းတစ်ခုကတော့ ကျွန်တော့်ဆီ ကပ်ငြိပါလာပါသည်။ ပြီးတော့ ကျွန်တော်စကားတစ်ခွန်းကို တိုးတိုးဆိုဖြစ်သည်။

"ကောင်မလေးရယ် . . . ကိုယ့်အတွက်နဲ့တော့ မင်းဘယ်တော့မှ နံပါတ် (၂) မဖြစ်စေရဘူး။ တရိုက်မက်မက်နဲ့ပဲ အရှုံးကို လက်ခံလိုက်မှာပါ"



# VII

ခန်းမကြီးတစ်ခုလုံးက ဘောလုံးပစ်သံ၊ ပုတ်သံ၊ ဂိုးပစ်သံ၊ အော်ဟစ်သံတွေနှင့် အသက်ဝင်နေသည်။ ကျွန်တော် ပွဲကြည့်စင်၏ မှောင်ရိပ်ကျကျထောင့်တစ်ခုမှာထိုင်ရင်း ကွင်းထဲ၌ ကစားနေကြသည်ကို ကြည့်နေမိသည်။

ဆရာဦးစိုးဝင်းကိုယ်တိုင် လေ့ကျင့်ပေးနေသည်မို့ ကစားသမားတို့မှာ ခိုလို့မရ၊ အားကျိုးမာန်တက် ဂရုစိုက်ကာ ကစားနေရသည်။ ကစားသမားထဲမှာတော့ တစ်ယောက်သောသူက ထူးထူးခြားခြား ပေါ်လွင်နေသည်။ သူက ဇော်စိုး။

အပေးအယူ၊ အလှည့်အထွက်၊ ပေးပို့မှု၊ ဖန်တီးမှု၊ ဂိုးသွင်းမှု အားလုံးက လေ့ကျင့်ရည်ပြည့်ဝနေကာ သပ်ရပ်နေ၏။ သက်လုံကောင်းမှုကလည်း ပရော်ဖက်ရှင်နယ်တန်းတစ်ခုမှာ ထဲထဲဝင်ဝင်ဖြစ်လောက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော့်ကိုတော့ မည်သူမျှ မြင်ဦးမည်မဟုတ်ပါ။ သူတို့လေ့ကျင့်ကွင်း မဆင်းမီကတည်းက ခန်းမထဲရောက်နေခြင်းဖြစ်ပါ၏။ ဒါပေမဲ့ စိတ်မပါသေး၍ ပွဲကြည့်စင်တွင်ထိုင်ကာ သူတို့ကစားပုံအား ကြည့်နေခြင်းဖြစ်သည်။

ဆရာဦးစိုးဝင်းက စနစ်ကြီးသည်။ စည်းကမ်းကောင်းသည်။ အုပ်ချုပ်မှု နိုင်နင်းသည်။ စိတ်ပညာနှင့်ပတ်သက်၍ ဒေါက်တာတစ်ယောက်ဖြစ်သော်လည်း သင်ကြားရေးပိုင်းတွင် အချိန်ပိုင်းနည်းပြတစ်ယောက်အဖြစ်သာ တာဝန်ယူထားသည်။ ဒါပေမဲ့ ယခုလို အားကစားပိုင်းတွင်တော့ ကျွန်တော်တို့တက္ကသိုလ် ဘတ်စကက်ဘောအသင်း၏ အုပ်ချုပ်သူ။

ဆရာဦးစိုးဝင်းကိုယ်တိုင်ရှိနေ၍ အဖွဲ့သားအားလုံးက လက်စွမ်းပြနေကြ၏။ ကျွန်တော်တော့ မပါဝင်သေး။ တစ်နှစ်အတွင်း မထင်ရလောက်အောင် လက်တက်လာသော ကျော်စိုး၏ကစားပုံကို ကျွန်တော်အာရုံစူးစိုက်ကာ ကြည့်နေမိသည်။ ပြီးတော့ ကျော်စိုး၏ကြိုးစားအားထုတ်မှုကိုလည်း သဘောကျမိသည်။

"အေးလေ . . . မနှစ်ကမရလိုက်တဲ့ လက်ခုပ်သံတွေ ဒီနှစ် သူပြန်ကြားအောင် အစွမ်းကုန် ကြိုးစားတော့မှာပေါ့"

ထိုသို့တွေးရင်း ကျွန်တော် ခေါင်းဆတ်မိသည်။ ထိုစဉ်မှာပဲ ဆေးပြင်းလိပ်နံ့တစ်ခုကို နီးနီးကပ်ကပ် ကျွန်တော်ရလိုက်၏။ ချက်ချင်းပင် ဘေးဘီသို့လှည့်ကြည့်တော့ . . .

"ဝမ်"

နှုတ်မှ တိုးတိုးထွက်သွားသည်။ ဟုတ်ပါသည်။ ကျောင်းစောင့်ဂျပန်အဘိုးကြီးဝမ်မှာ ကျုံ့လှီနေးကွေးစွာနဲ့ ကျွန်တော်ရှိရာဘက်ဆီလာနေသည်။ အနီးနားရောက်တော့ သူကအရင် ကျွန်တော့်အား ပြုံးရယ်ပြ၏။

ဆေးပြင်းလိပ်ကို နှစ်ပေါင်းများစွာ ရှူရှိုက်ထားသည်မို့ သွားဖုံးနှင့်သွားတွေက ညီညီစီညစ်မည်းနေသည်။ နှုတ်ခမ်းက ပြာသည်ထက်ပိုကာ ပျော့တွဲကျနေသော အသားအရေတွေနှင့် ကြည့်ရတော်တော်ဆိုးသည်။ သို့သော် နှုတ်ဆက်နေသည်မို့ ကျွန်တော် ပြန်လည်ပြုံးပြလိုက်သည်။

ဝမ်က ကျွန်တော့်နံဘေးတွင် ဝင်ထိုင်တော့ ညှဉ်းသိုးသိုးအနံ့အသက်တစ်ခုက နှာခေါင်းတွင် တိုးဝင်လာသည်။ ထိုစဉ်မှာပဲ ကစားကွင်းဆီမှ ဂိုးဟူသောအော်သံကို ကြားရသည့်အတွက် ဝမ်ရောကျွန်တော်ပါ ကစားကွင်းဆီ ကြည့်မိသွားတော့ ကျော်စိုးဂိုးသွင်းသွားခြင်းပါ။

ကျွန်တော် ကျေကျေနပ်နပ် ပြုံးဖြစ်သည်။ ဒီလက်အတိုင်းသာကျော်စိုးဆက်သွားပါက သေချာသည်။ ဒီနှစ်တက္ကသိုလ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲမှာ ကျွန်တော်တို့ မှုစရာအသင်းမရှိနိုင်တော့။

တွေးနေမိစဉ်မှာပဲ . . .

"လူလေး . . . မင်းရော ဝင်မကစားဘူးလား"

မြန်မာသံပီပီသသမဟုတ်ပေမဲ့ နားရည်ဝနေသည်မို့ ဝမ်ပြောသည့်စကားကို နားလည်သည်။ ကျွန်တော် ခေါင်းညိတ်ပြရင်း . . .

"ဟုတ်ကဲ့ . . . ဝမ်၊ ကျွန်တော်စိတ်မပါလို့ ဝင်မကစားသေးတာ"

ကျွန်တော့်စကားကြောင့် ဝမ်က ခေါင်းကိုငုံ့ကာ ခပ်တည်တည်ကြည့်သည်။ ပြောလိုက်သောစကားနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဘဝင်မကျဖြစ်သွားဟန်တူ၏။ ထင်သည့်အတိုင်းပင် . . .

"အနုပညာမှမဟုတ်တာကွာ အားကစားမှာ စိတ်ပါတယ်မပါဘူး ရှိသေးလို့လား"

ပြန်ဖြေရန်စကားတို့ ကျွန်တော့်မှာ ချက်ချင်းမရှိ။ ဒါပေမဲ့ . . .

"စိတ်မပါဘူးဆိုပေမဲ့ အဲဒီစိတ်မပါတာကို ဖိလုပ်နေရင်းနဲ့မှ အလိုလို စိတ်ပါသွားတာတွေလည်းရှိတယ်။ လွယ်လွယ်ပြောရရင် ဝိညာဉ်နိုးတာပေါ့ကွာ။ တကယ်တော့ တို့တွေလူဖြစ်လာကတည်းက အလုပ်



www.burmeseclassic.com

www.burmeseclassic.com

အတော်များများကို အလိုလို တတ်မြောက်ပြီးသားကွ။ သဘောကိုမသိလို့။ ဝိညာဉ်နှိုးတယ်ဆိုတာ အမှန်တော့ တတ်မြောက်ပြီးသား ဘာသာရပ်တွေပေါ်ထွက်လာအောင် အစပျိုးပေးတာပဲ"

အဘိုးကြီးစကားထဲ၌ နာယူစရာအကြောင်း တော်တော်များများကို တွေ့လိုက်သည်။ ဟုတ်၏။ တချို့အလုပ်တွေတွင် ကိုယ်က စိတ်မပါပေမဲ့ မကောင်းတတ်၍လည်းကောင်း၊ ဘာရယ်မဟုတ် စမ်းကြည့်ချင်၍လည်းကောင်း လုပ်ကြည့်ရင်းနှင့်မှ ဝါသနာပိုးဝင်သွားပြီး အောင်မြင်သွားတာတွေရှိသည်။

ယခု အဘိုးကြီးဝမ်ပြောသွားသည့် စကားက ထိုအချက်တွေကို ကွက်ကွက်ကွင်းကွင်းမြင်အောင် ပြသွားသည့်စကားပါ။ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လုပ်ရမည့်အလုပ်ကိုတော့ လုပ်ဖြစ်အောင်လုပ်ရမည်မဟုတ်ပါလား။ ယခုလည်း စိတ်မပါပေမဲ့ ကိုယ်လုပ်ရမဲ့အလုပ်ကိုတော့ လုပ်ပေမည်။

ကစားကွင်းဆီလှမ်းကြည့်တော့ အားလုံးလိုလိုပင် တက်တက်ကြွကြွ ကစားနေကြ၏။ လေ့ကျင့်ရုံသက်သက်သာဖြစ်သော်လည်း အားလုံးက ကြိုးကြိုးစားစား၊ ကစားကွင်းဆီ အကြည့်ရောက်နေစဉ်မှာပဲ နဘေးဆီမှ ဘာတွေမှန်းမသိသည့် စကားဆန်းဆန်းတွေကို ကြားနေရသည်။ ပြောသူက ဆေးပြင်းလိပ်ကို အားရပါးရဖွာရှိုက်နေသည့် ကျောင်းစောင့် အဘိုးကြီး ဝမ်။

"သူတို့လည်း ဘတ်စကက်ဘောကစားနည်းကို တော်တော်ဝါသနာကြီးတဲ့မိသားစုပဲ။ ညနေဘက်ဆို မိသားစုကစားကြတာပေါ့။ ဒီနေရာမှာပဲ ဖြစ်ပါလိမ့်မယ်။ ကြာခဲ့ပါပြီ။ နှစ်တွေကြာခဲ့ပြီဆိုပေမယ့် လွယ်လွယ်နဲ့တော့ မေ့ရခက်သားလား"

ဘာတွေပြောနေမှန်း မသိခဲ့ပါ။ သိအောင်လည်း ကြိုးစားဖို့ စိတ်မကူးခဲ့ပါ။ ကစားပွဲအား ကြည့်နေရင်းနဲ့ပင် ကျွန်တော် မတ်တတ်ထရပ်မိသည်။ ပြီးတော့ ဘေးမှအဘိုးကြီးအား ဦးညွှတ်နှုတ်ဆက်ရင်း ကျွန်တော်



ကွင်းထဲသို့ ဆင်းသွားခဲ့၏။

ကွင်းထဲရောက်လာသော ကျွန်တော့်ကို ဆရာဦးစိုးဝင်းက တစ်ချက်လှမ်းကြည့်သည်။ ဘာမျှတော့မပြော။ ကစားဖော်အချို့ကလည်း ကြို ဆိုသောမျက်နှာထားတွေဖြင့် ပြုံးရယ်နှုတ်ဆက်ကြသည်။

ကျွန်တော် ပြန်လည်ပြုံးရယ်ရင်း ကျောပိုးအိတ်ကိုပြင်လွယ်ကာ အဝတ်လဲခန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့၏။

ကျွန်တော် ကစားဖို့ စိတ်ပါလာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# VIII

ညမှောင်မှောင်က ပုရစ်သံ၊ ပုစဉ်းရင်ကွဲသံ၊ ချီးချီးချွတ်ချွတ် သစ်ရွက်ခတ်သံတွေဖြင့် ညဂီတကို အသက်သွင်းနေသည်။ ကျောင်းဝင်းကြီးကတော့ အိပ်မောကျချိန်ကို မရောက်သေး။ ဟိုအဆောင်၊ ဒီအဆောင်တို့ဆီမှ မီးရောင် တစ်ပြ၊ နှစ်ပြကို မြင်နေရသေးသည်။

ဥရောပဆန်ဆန် ဆောက်လုပ်ထားသော အိမ်တစ်ဆောင်၏ အခန်းတစ်ခုအတွင်းမှာက လင်းပြပြမီးရောင်ဖြင့် လူကြီးတစ်ယောက် စာထိုင်ဖတ်နေသည်။ သူ၏ပတ်ပတ်လည်မှာက ကြီးမားလှသော စာအုပ်စင်ကြီးတွေဖြင့်။ ထိုစာအုပ်စင်အပေါ်မှာက တန်းစီချိတ်ဆွဲထားသော ဓာတ်ပုံကြီး ဆယ့်သုံးပုံရှိနေသည်။

ထိုဓာတ်ပုံတို့၏ရှေ့တွင်လည်း လည်သာအဖုံးထူထူနှင့် ချုပ်လုပ်ထားသော စာအုပ်ထူထူကြီး တစ်အုပ်စီကို ထောင်ထားသည်။ ချိတ်



ဆွဲထားသော ဓာတ်ပုံကြီးများက ဤကျောင်းကြီး စတင်တည်ထောင်ချိန်မှစ၍ တာဝန်ယူအုပ်ချုပ်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီးများ၏ ဓာတ်ပုံတွေပါ။ သူတို့ရှေ့မှ စာအုပ်ထူတစ်အုပ်စီက သူတို့ စတင်ကိုင်တွယ်အုပ်ချုပ်သည့် နေ့မှစ၍ ပြီးဆုံးပြောင်းရွှေ့ကြသည့် အချိန်အထိ မပျက်မကွက် ရေးထိုးမှတ်တမ်းတင်ခဲ့ကြသော ဤကျောင်းကြီးအတွက် သူတို့၏မှတ်တမ်း။

ဒါပေမဲ့ ဓာတ်ပုံကသာ ဆယ့်သုံးပုံရှိသော်လည်း မှတ်တမ်းစာအုပ်ကတော့ ဆယ့်တစ်အုပ်သာရှိသည်။ အဘယ်ကြောင့်နည်း။

ခြောက်ယောက်မြောက်ကျောင်းအုပ်ကြီး၏ ရှေ့မှာနှင့် ဆယ့်သုံးယောက်မြောက် ယခုလက်ရှိအုပ်ချုပ်နေသော ကျောင်းအုပ်ကြီးတို့၏ ရှေ့မှာက စာအုပ်နေရာလွတ်လပ်နေသည်။

ယခုလက်ရှိ ဤကျောင်းတွင်အုပ်ချုပ်နေသော ကျောင်းအုပ်ကြီးနာမည်က ဒေါက်တာဦးထွန်းလွင်။ ဦးထွန်းလွင်၏ရှေ့မှာကတော့ မှတ်တမ်းစာအုပ်ရှိမနေသေး။ ရေးနေဆဲပဲရှိလိမ့်ဦးမည်။ ခြောက်ယောက်မြောက်ကျောင်းအုပ်ကြီး၏ မှတ်တမ်းကတော့ ယခု ဦးထွန်းလွင်ဖတ်နေ၍ လွတ်လပ်နေခြင်းပါ။ ဤကျောင်းကြီး၌ အုပ်ချုပ်ခဲ့သော ကျောင်းအုပ်များမှာ မြန်မာနိုင်ငံသားများလည်းရှိခဲ့သလို၊ ပြည်ပနိုင်ငံကျောင်းအုပ်များလည်း ရှိခဲ့ဖူး၏။

ယခု ဦးထွန်းလွင်ဖတ်နေသော ခြောက်ယောက်မြောက်ကျောင်းအုပ်ကြီးမှာတော့ မြန်မာနိုင်ငံသားပင်ဖြစ်သည်။ နာမည်က ဦးသန်းစိန်။ မှတ်တမ်းထူကြီးအား ဖတ်နေရာမှ မျက်လုံးတို့ညောင်းလာသည့်အတွက် ဦးထွန်းလွင် မျက်လုံးကို ခဏမှိတ်ထားလိုက်သည်။ သိပ်မကျန်တော့။ မနက်ဖြန်ဆို ဤမှတ်တမ်းကြီး ပြီးပေပြီ။

သူရှေ့မှ ကျောင်းပြောင်းသွားသူ ဆယ့်နှစ်ယောက်မြောက်ကျောင်းအုပ်၏မှတ်တမ်းမှ စဖတ်ခဲ့ခြင်းဖြစ်ရာ မနက်ဖြန်ဆိုလျှင်တော့ မှတ်တမ်းခြောက်အုပ် ပြီးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းလွင် မျက်လုံးကိုပြန်ဖွင့်ရင်း မျက်မှန်ကိုချွတ်ကာ စားပွဲပေါ်တင်လိုက်သည်။ အနည်းငယ်အေးလာသည်မို့ ညဝတ်အင်္ကျီရှည်၏ ရင်ဘတ်ကို ဆွဲစေ့လိုက်သည်။ ပြီးတော့ မီးရောင်ဖြင့်လင်းနေသော စာဖတ်ခန်းအား ဘာရယ်မဟုတ် တောင်တောင်အီအီ လျှောက်ကြည့်နေမိသည်။

မျက်လုံးရောက်သွားသည်ကတော့ စာအုပ်စင်တို့အပေါ်ဆီမှ ဓာတ်ပုံတွေပါပဲ။ အစီအစဉ်မရှိပါပဲနှင့် ဦးထွန်းလွင် တစ်ယောက်ချင်း လျှောက်ကြည့်နေမိပါသည်။ ရှေ့မှ အရင်အုပ်ချုပ်သွားသူတွေကတော့ ဆိုင်ရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားခဲ့ပြီးပါပြီ။ ယခုအကြိမ်သည်ကတော့ သူ့အလှည့်။

တစ်အောင့်ကြာတော့ မှတ်တမ်းစာအုပ်ကြီးအားပိတ်ကာ မူလနေရာသို့ သွားပြန်ထားလိုက်သည်။ ကျက်သရေခေါင်းပေါင်းအောက်မှ ဆရာကြီး၏ ခန့်ထည်ဝင့်ကြွားသောအပြုံးတွေက အတုယူချင်စရာ။ အလိုလိုပင် ဦးညွှတ်အရိုသေပေးမိသွားပါ၏။ မြန်မာနိုင်ငံသားဖြစ်သည့်အတွက် မြန်မာလို ဝတ်စားမှုတွေကလည်း အနောက်တိုင်းဝတ်စုံများကြားတွင် ထူးခြားပေါ်လွင်နေသည်။

ဆရာကြီး ဦးသန်းစိန်ပြီးတော့ နံဘေးမှကပ်လျက် ငါးယောက်မြောက်ကျောင်းအုပ်ကြီးဆီသို့လည်း အကြည့်ရောက်မိသည်။ သူကတော့ ဂျပန်နိုင်ငံသား 'ဒေါက်တာ မူဟိုင်း'။

အနည်းငယ်တော့ ထူးခြားနေ၏။ ဒေါက်တာမူဟိုင်း၏ဓာတ်ပုံထဲမှပုံစံမှာ အခြားကျောင်းအုပ်များနှင့်မတူပဲ အနည်းငယ် ထူးခြားနေသည်။ ပင်ကိုပုံစံလေး အကြောင်းတစ်ခုကြောင့်လားမသိ ဓာတ်ပုံထဲတွင် နှမ်းလျှအားငယ်ဟန်တို့ ပေါ်နေသည်။ ပြီးတော့ သူ၏ရှေ့မှ မှတ်တမ်းစာအုပ်။

အစဉ်အဆက် ဆရာကြီးများ၏ စာအုပ်မျက်နှာဖုံးက လည်း သာရောင်ဖြင့်သာ ချုပ်လုပ်ပုံနှိပ်ထားသော်လည်း ဒေါက်တာမူဟိုင်းရှေ့မှ စာအုပ်ကြီးမှာတော့ အနီရောင်တောက်တောက်ကြီးဖြစ်နေသည်။



စာအုပ်အနီကြီး။

ထို့ကြောင့် ထိုမှတ်တမ်းကြီးမှာ အားလုံးထဲတွင် ပေါ်လွင်နေသည်။ စိတ်ဝင်စားနေသည်မို့ ယူငင်လှန်လှောကြည့်လိုက်တော့ ပထမစာအုပ်တွေအတိုင်းပင် အစမှအဆုံးတိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ တချို့စာမျက်နှာများတွင်လည်း မှတ်တမ်းတင်ဓာတ်ပုံများကို တွေ့ရ၏။

မျက်နှာဖုံးအရောင်ချင်း ကွဲလွဲသည်မှမှလွဲ၍ ကွာခြားမှုတော့ သိပ်တွေ့ရပါ။ ဒါပေမဲ့ ထိုမှတ်တမ်းအား ကိုင်မိချိန်တွင် ထူးထူးခြားခြား ဖတ်ချင်စိတ် ပေါ်လာမိသည်။ သို့သော်လည်း မသိလိုက်မသိဘာသာနေမိရင်း စာအုပ်အား မူလနေရာသို့ ပြန်တင်ထားလိုက်မိသည်။ အချိန်မရှိတော့။

ဒါပေမဲ့ နောက်တစ်ရက် နှစ်ရက်အတွင်းမှာတော့ သေသေချာချာ ဖတ်မိပေလိမ့်မည်။ ထို့နောက်တော့ ဦးထွန်းလွင် စာကြည့်စားပွဲအား ဖြတ်ကျော်ရင်း ပြတင်းပေါက်ဆီသွားလိုက်သည်။ ဖွင့်လိုက်တော့ ပြင်ပလေတစ်သုတ်က ဖြိုးဖြိုးဖျန်းဖျန်း ဝင်လာ၏။ ထိုလေနှင့်အတူ ခပ်ဝေးဝေး ကျောင်းသားဆောင်တို့ဆီမှ ဂီတာသံသဲ့သဲ့ကိုပါ ကြားလိုက်ရ၏။

ညဉ့်နက်လှပြီဖြစ်သော်လည်း ကျောင်းသားဘဝကို တီတီပပခံယူကာ ပျော်ရွှင်နေကြဆဲ။

တစ်အောင့်ကြာအောင် ဦးထွန်းလွင်တစ်ယောက် အဓိပ္ပာယ်မဲ့ ပြတင်းမှာ ရပ်နေလိုက်သည်။ ထိုစဉ်မှာပဲ အသံတစ်ခုက တစ်မူထူးကာ နားတွင်းဝင်ရောက်လာသည်။

"ဟင် . . ."

ညင်းပျောင်းသွဲ့ဖွဲ့သော လက်သံတစ်ခု။

ထူးထူးခြားခြား ပျံ့လွင်ကာလာသည်။

ဘယ်အရပ်၊ ဘယ်ဆီက ပျံ့လွင့်လာမှန်းမသိပေမဲ့ လက်သံက



www.burmeseclassic.com

www.burmeseclassic.com

လွမ်းလွမ်းဆွေးဆွေးနိုင်လှသည်။ ပြီးတော့ ဝမ်းနည်းမှုနှင့် သတိရမှုတွေ ဆွတ်ရည်နေသည်။

ဤလိုညမျိုးမှာ ကြားရသည့်အတွက် . . .

တိုးတိတ်ညင်သာစွာ

ပျောင်းအိစိုက်ငြိစွာ . . .

သာသာလေး

**'တယောသံ'**



# IX

"၁၀၀၀ မီတာ / စက္ကန့် အရှိန်နဲ့ ပြောင်းဝကပစ်လွှတ်လိုက်တဲ့ ကျည်တစ်စင်းလို လက်နဲ့ဖမ်းယူမယ်ဆိုရင် ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘူး"

တစ်ခန်းလုံးက ဆရာ၏အမေးကို အုံးအုံးကျွက်ကျွက်ထအော်ကြသည်။ အခန်းထဲတွင် စာသင်နေတာပါ။ ကျွန်တော်ကတော့ ထုံးစံအတိုင်း နောက်ဆုံးမှာပါပဲ။ 'သဲ' ကတော့ သူမထိုင်နေကျရှေ့ပိုင်းမှ နေရာတစ်ခုမှာပဲ ထိုင်နေသည်။

စာသင်နေသူက ဆရာဦးစိုးဝင်း။ ကျွန်တော့်ဘေးတွင် ဇေသူနှင့် နေလင်းတို့နှစ်ယောက်ရှိနေသည်။ စာသင်ချိန်မရောက်ခင်ကတည်းက ကျွန်တော်တို့ ဘတ်စကက်ဘောသမားများ ထရိန်နင်ဆင်းထားသည့်ကို ဆရာဦးစိုးဝင်းက သူ့အချိန်မှာ လွတ်လပ်ခွင့်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကျွန်တော်တို့အားလုံးမှာ မပျက်မကွက် ဆရာ့အချိန်ကို တက်ကြပါသည်။ အားလုံးဆိုသော်လည်း ကျွန်တော့်တို့သုံးယောက်မှာ ကျွန်တော်တစ်ယောက်တည်းပါ။ ဇေသူနှင့်နေလင်းက ဘတ်စကက်ဘောအသင်းတွင်မပါ။ အခြားပါဝင်သူတွေတော့ အခန်းထဲမှာရှိနေသည်။

အမှန်က ဆရာဦးစိုးဝင်းသင်သော ဘာသာရပ်သည် အတန်းတက်ရေး မတက်ရေးနှင့်မဆိုင်ပါ။ ဆိုလိုသည်က စာမေးပွဲနှင့်မဆိုင်။ စာမေးပွဲဖြေရမည့် ဘာသာရပ်တို့တွင် ဆရာဦးစိုးဝင်း ခွဲဝေယူမထား။ အဓိကအကြောင်းအရာနှင့် မသက်ဆိုင်သော်လည်း ဆရာ့အချိန်ဆို လူပြည့်သည်။ တက်တက်ကြွကြွ ဝင်ရောက်သင်ယူကြသည်။ ကြိုးစားကြသည်။ ဘာကြောင့်လဲ။

အကြောင်းတစ်ခုတော့ ရှိပါသည်။ ဆရာ ဦးစိုးဝင်းက ပြန်ဖြေသောစကားကြောင့် မဲ့မဲ့ပြုံးရင်း ခေါင်းကို တဆတ်ဆတ်ညိတ်ကာ . . .

"အခြေနေတစ်ခုခုမှာ ဆိုရင်ရောကွ"

"မဖြစ်နိုင်ပါဘူး"

ဒီတစ်ခါလည်း ကျယ်ကျယ်လောင်လောင်အော်သံတို့ ကျွက်ကျွက်ညံသွားသည်။ သို့သော် တချို့တစ်ဝက်သာအော်၍ တချို့က ငြိမ်သွားကြသည်။

"ဟုတ်ပါ့မလားကွ။ မင်းတို့ကို အနီးစပ်ဆုံး ဥပမာတစ်ခုပေးမယ်။ မီတာ ၂၀၀၀ အမြင့်မှာ ပျံသန်းနေတဲ့ ကောင်းကင်က လေယာဉ်တစ်စီးထဲမှာ မင်းတို့ရှိနေကြတယ်ဆိုပါစို့။ ငါက ဒီကနေပြီးတော့ မင်းတို့လေယာဉ်ဆီကို ၁၀၀၀ မီတာ / စက္ကန့် ကျည်ထွက်အားရှိတဲ့ သေနတ်နဲ့ ကျည်ဆန်တစ်တောင့် ပစ်တင်လိုက်မယ်ဆိုရင် မင်းတို့ အဲဒီကျည်ဆန်ကို ဖမ်းလို့ရနိုင်မလား"

ဒီတစ်ခါတော့ ချက်ချင်းမဖြေကြတော့။ ခဏတာတိတ်ဆိတ်သွားသည်။ သို့သော်လည်း . . .



"ဖမ်းလို့မရနိုင်ဘူး"

ရှေ့ဘက်ပိုင်းမှ ကျောင်းသားတစ်ယောက်က ထပြောသည်။ အားလုံး၏အာရုံက ထိုကျောင်းသားပေါ် ရောက်သွားကြ၏။ ဆရာဦးစိုးဝင်းက ရဲတင်းပွင့်လင်းသော ထိုကျောင်းသားပုံစံကိုကြည့်၍ နှစ်နှစ်ခြိုက်ခြိုက် ခေါင်းညိတ်ကာ . . .

"ဟုတ်ပြီ . . . ဘာလို့ ဖမ်းမရနိုင်တာလဲဆိုတာ ပြောပြပါဦး"

"ကျွန်တော်တို့က အထက်လမ်း၊ အောက်လမ်း ပညာရှင်တွေ မဟုတ်ဘူး။ အင်းအိုင် လက်ဖွဲ့တွေလည်း မဆောင်ထားဘူး။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးဆေးတွေလည်း မထိုးထားဘူး။ အဲတော့ ၁၀၀၀ မီတာ / စက္ကန့်အရှိန်နဲ့ ထိုးတက်လာတဲ ကျည်ဆန်ကို လက်နဲ့သာဆီးဖမ်းရင် လက်ဝါးပေါက်ထွက်သွားဖို့ပဲ ရှိပါတယ်။ ကျည်ဆန်ကိုတော့ ဖမ်းလို့မိနိုင်မယ် မထင်ပါဘူး"

နောက်တန်းမှ ကျောင်းသားအချို့ ပြုံးစိစိတွေဖြစ်ကုန်သည်။ ဇေသူနှင့် နေလင်းလည်း ထိုကျောင်းသားအဖြေကြောင့် ရယ်ကျဲကျဲလုပ်ကြသည်။ ထိုစဉ်မှာပင် . . .

"ဟုတ်ပါတယ်။ သေနတ်ကျည်ဆန်ကို လက်နဲ့ဖမ်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

နောက်ထပ်ကျောင်းသားတစ်ယောက်က တိတိကျကျ ထပြောသည်။ ဆရာဦးစိုးဝင်း နောက်တစ်ကြိမ်ထပ်ပြုံးသွားသည်။

"ကဲ . . . ပြောကြည့်စမ်းပါဦး"

လမ်းကြောင်းဖွင့်ပေးလိုက်တော့ . . .

"သေနတ်ဆိုတာ လူသတ်လက်နက်ပါ။ လူကို သေစေနိုင်ပါတယ်။ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပြောပြော အဓိက လူသတ်ဖို့ တီထွင်ထားတာပါ။ အဲလို လူသတ်ဖို့တီထွင်ထားတဲ့ သေနတ်ကထွက်လာတဲ့ ကျည်ဆန်ကို လက်နဲ့သာ ဖမ်းလို့ရမယ်ဆိုရင် အဲဒီသေနတ်က လက်နက်မဟုတ်တော့ဘဲ ကလေးကစားစရာ ဖြစ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့"

'ဝါး' ခနဲရယ်သံတွေ အခန်းတွင်းမှာ ဆူညံသွားသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ လက်နဲ့သာဖမ်းလို့ရပါက ကလေးကစားစရာဖြစ်သွားမှာပေါ့။ ထိုစကားကြောင့် ဆရာကိုယ်တိုင်လည်း ပြုံးသွားသလို ကျွန်တော်လည်း လိုက်ပြုံးမိသည်။

ဖေသူနှင့်နေလင်းကတော့ အများနည်းတူ လိုက်ရယ်ကြသည်။ ရယ်သံတွေဆုံးသွားသည့်တိုင် ဆရာက တစ်စုံတစ်ရာမပြောသေး။ မိမိအတွေးကို ဝင်ရောက်တင်ပြမည့် နောက်တစ်ဦးကို ငံ့လင့်နေသည်။ ထင်သည့်အတိုင်းပင် ရယ်သံတွေနှင့် အတန်ငယ်ဝေးသွားချိန်မှာ မိန်းကလေးတစ်ယောက် မတ်တတ်ထရပ်၏။

"ကဲ . . . ဟုတ်ပြီ။ မိန်းကလေးတွေဘက်ကတော့ တစ်ယောက်ချေးဦးပေါက်သွားပြီ။ ပြောပါဦး သမီးကရော ဖမ်းနိုင်မယ်ထင်လား"

ခေါင်းယမ်းလိုက်သည်ကို မြင်ရ၏။ အခန်း၏ ဟိုနေရာ ဒီနေရာတို့ဆီမှ ခိုးခိုးခစ်ခစ်ရယ်သံအချို့ ထွက်လာသည်။ ထိုခဏမှာပဲ ထရပ်သူမိန်းကလေးက သူ၏အမြင်ကို ဖွင့်ပြသည်။

"သာမန်လက်နဲ့ပဲ ဖမ်းရမှာဖြစ်တဲ့အတွက် ဖမ်းလို့မရနိုင်တာပါ"

"နင့်ကြီးတော်ကြီး လက်နဲ့ဖမ်းရမှာပါဆိုမှ သာမန်လက်နဲ့မဖမ်းဘဲ နင်က ဘာနဲ့ဖမ်းချင်လို့တုံး"

ကျွန်တော်စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ပြောဖြစ်သည်။ 'ဝါး' ခနဲထမရယ်ကြသော်လည်း သူ့ဟာနဲ့သူ ရယ်သံတွေ တော်တော်စီသွား၏။

"ဒီလိုပါ။ ၁၀၀၀မီတာ / စက္ကန့်အရှိန်နဲ့ တက်လာတဲ့ကျည်ဆန်ကို ခနတစ်ယောက်ပြောသွားသလို လက်နဲ့ဆီးမဖမ်းဘဲ ဆုပ်ကိုင်ဖမ်းယူမယ်ဆိုရင်တောင်မှ ဖမ်းမိဖို့ မဖြစ်နိုင်ပါဘူး။ ကျည်ဆန်ရဲ့ပွတ်မှုအားကြောင့် အုပ်ကိုင်ဖမ်းမိတဲ့ ကျွန်မတို့လက်တွေ စုတ်ပြတ်သွားနိုင်ပါတယ်။ အဲဒါကြောင့် သာမန်ရိုးရိုးလက်နဲ့ကတော့ ကျည်ဆန်ကို ဖမ်းဖို့မဖြစ်နိုင်



ဘူးလို့ ပြောချင်တာပါ"

အဖြေဆုံးတော့ မရယ်ကြတော့ပါ။ သူ့ဟာနဲ့သူ ဟုတ်သယောင်ရှိနေသည်ကိုး။

ဒါပေမဲ့ ဆရာလိုချင်သည့်အဖြေတစ်ခု မဟုတ်မှန်းတော့ တွေးမိကြသည်။ သို့သော်လည်း နောက်ထပ်တင်ပြဆွေးနွေးမည့်သူတွေ မတွေ့ရတော့။ မည်သူမျှ မတ်တတ်ထမရပ်ကြတော့ပါ။

"ဘယ်လိုလဲကွ။ ဆွေးနွေးမဲ့သူ ကုန်သွားပြီလား"

ပြန်ဖြေသံမကြား။ ဆရာဦးစိုးဝင်းက တစ်ခန်းလုံးအား ဝေ့ကြည့်ရင်း . . .

"ဒီလောက်လေးပဲလားကွ။ လူအများကြီးထဲမှာမှ ကိုယ့်အမြင်ကို ရဲရဲဝံ့ဝံ့ထုတ်ဖော်ရဲတာ ခုနသုံးယောက်ပဲရှိတာလား"

ပြောပြီး ဆရာ့အကြည့်က ကျွန်တော့်ဆီရောက်လာသည်။ ကျွန်တော် သဘောပေါက်ပါသည်။ သို့သော်လည်း တစ်ယောက်ယောက်ကို ကျွန်တော် ဦးစားပေးချင်မိသည်။ ရှေ့ကိုလှမ်းကြည့်တော့ သူမက ခပ်တည်ငြိမ်နေ၏။

"Roll - 1 to 5 ရထားတဲ့သူတွေ ဘယ်ရောက်ကုန်ပြီလဲ။ မရှိကြတော့ဘူးလား"

ခနွာကိုယ်ပင် ရှိန်းခနဲ ဖြစ်သွားရ၏။ ကျွန်တော့်လိုပင် Roll - 1 to 5 တွေအားလုံးလည်း ဖြစ်သွားကြမှာ သေချာသည်။ တစ်ခုံကျော်မှ Roll - 3 အောင်ရဲထွန်းက မသိမသာလှည့်ကြည့်သည်။ ဂရုမစိုက်မိပါ။ အာရုံအားလုံးက သူမထံပါးမှာရောက်နေသည်။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ကာထိုင်နေ၏။ ထိုအခြေအနေမျိုးမှာပင် ကျွန်တော် တမ်းတမ်းတတ ရင်ခုန်ဖြစ်လိုက်ပါသေးသည်။ ဆရာ၏အကြည့်က ကျွန်တော့်ထံ ဒုတိယအကြိမ် ရောက်လာသည့်အခိုက်မှာတော့ မဖြစ်တော့ပါ။

မဟော်ဂနီရောင်ဆံနွယ်တို့ ကျဲချထားသော နောက်ကျောပြင်



www.burmeseclassic.com

www.burmeseclassic.com

လေးအား နင့်နင့်နဲနဲကြည့်မိရင်း . . .

"မင်းမထလို့ပါ သဲ"

ကျွန်တော် မတ်တတ်ထပ်ရပ်လိုက်တော့ သက်ပြင်းချသံတိုးတိုးကို ကြားရသည်။ ရှေ့တစ်ခုံကျော်မှ အောင်ရဲထွန်းပါ။ ဆရာကတော့ ယခုမှ ဘဝင်ကျသွားသလို မျက်နှာကို ပြုံးယောင်ပြုရင်း . . .

"ကဲ . . . သက်တံ့၊ မင်းဆိုရင်ရော ဖမ်းနိုင်ပါ့မလား"

"ဖမ်းနိုင်ပါတယ်"

တစ်ခန်းလုံး၏ တအံ့တသြအကြည့်များ ကျွန်တော့်ထံရောက်လာသည်။ ဆရာက ကျွန်တော့်အား ခပ်တည်တည်ကြည့်ကာ ခေါင်းညိတ်သည်။ နောက် . . .

"ဆက်ပြော . . . "

"ဆရာပစ်လွှတ်လိုက်တဲ့ ကျည်ဆန်ကို ကျွန်တော် အချိန်တစ်ခုမှာ ဖမ်းနိုင်ပါလိမ့်မယ်"

"ဘယ်အချိန်မှာလဲ"

တစ်ခန်းလုံးကြားလောက်သော လေသံဖြင့် ဆရာကမေးလိုက်တော့ . . .

"လေယာဉ်နဲ့ကျည်ဆန် အလျင်ချင်း၊ လားရာချင်း တူသွားတဲ့အချိန်"

ဆရာ ပြုံးသွားပေပြီ။ ကျေနပ်ပြုံးတစ်ခုဖြင့် ခေါင်းကိုညိတ်ကာ . . .

"ဟုတ်ပြီ။ ဘာကြောင့် ဖမ်းနိုင်ရသလဲဆိုတာ ဆက်ရှင်းပြလိုက်တော့"

"အမြင့် ၂၀၀၀ မီတာမှာပျံသန်းနေတဲ့ လေယာဉ်ပေါ်က ကျွန်တော်တို့ဟာ ဆရာပစ်လွှတ်လိုက်တဲ့ ကျည်ဆန်နဲ့ အလျင်ချင်းလားရာချင်းတူသွားတဲ့အချိန်မှာ အလွယ်တကူ ဖမ်းလို့ရနိုင်ပါတယ်။ ဒီလိုပါ။ ရူပဗေဒသီအိုရီတစ်ခုရှိပါတယ်။ အရာဝတ္ထုတစ်ခုကို ပင့်မြှောက်လိုက်ရင်



အဲဒီအရာဝတ္ထုဟာ သူနဲ့သက်ဆိုင်တဲ့အရှိန်နဲ့ အမြင့်ကိုတက်သွားပြီး အမြင့်တစ်နေရာအရောက်မှာ အဲဒီဝတ္ထုက အလျင်ကုန်ပြီး ရပ်သွားပါတယ်။ ပြီးတော့ အောက်ကိုပြန်ကျလာတယ်။

အဲဒီအတိုင်းပါပဲ။ အောက်က ဆရာပစ်လွှတ်လိုက်တဲ့ ကျည်ဆန်က ထွက်ထွက်ချင်း ၁၀၀၀ မီတာ / စက္ကန့်ဆိုပေမယ့် လမ်းတစ်လျှောက်ဖြတ်သန်းလာရတဲ့ လေထုရဲ့ထုထည် ကာဆီးမှု၊ ကမ္ဘာမြေရဲ့ဆွဲအားတို့ကြောင့် ကျွန်တော်တို့လေယာဉ်နားရောက်တဲ့အချိန်မှာ အလျင်လျော့သွားပါပြီ။

ကျည်ဆန်တစ်တောင့်ရဲ့ အောက်ကိုပြန်ကျခါနီးအလျင်က (၄၀ မီတာ / စက္ကန့်) လောက်ပဲရှိပါတော့တယ်။ အဲဒီအလျင်မျိုးကို သာမန်လေယာဉ်တွေလည်း သွားနိုင်ပါတယ်။ ဒီတော့ လေယာဉ်နဲ့ကျည်ဆန် အလျင်ချင်း လားရာချင်း တူညီနီးကပ်သွားရင် ကျည်ဆန်ကို အလွယ်တကူ လှမ်းဖမ်းလို့ရလောက်ပြီပေါ့"

စကားဆုံးတော့ တစ်ခန်းလုံး ငြိမ်ကျသွားပါသည်။ ကျွန်တော်၏ယူဆချက် မှန်မမှန်ကိုလည်း သိချင်သွားကြသည်ထင်၏။ ဆရာဆီမှ ကြားရမည့်အဖြေကို နားစွင့်သွားကြသည်။ ဒါပေမဲ့ ဆရာက . . .

"သက်တံ့ရဲ့ယူဆချက် မှန်မမှန်ဆိုတာ ဆရာဆုံးဖြတ်မပေးတော့ဘူး။ ခုနလိုပဲ သက်တံ့အယူအဆကို ဘယ်သူထောက်ခံပြီး ဘယ်သူငြင်းမလဲ ထပ်ပြီးဆွေးနွေးကြ"

စကားဆုံးသွားချင်းပင် မိန်းကလေးတစ်ယောက် ထရပ်၏။ မှတ်မိပါသည်။ ခုနဝင်ရောက်ဆွေးနွေးသွားခဲ့သော သုံးယောက်ထဲမှ မိန်းကလေးပါ။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်မဆွေးနွေးသွားတုန်းကလိုပဲ အရှိန်နဲ့သွားနေတဲ့ ကျည်ဆန်ကို လက်နဲ့ဆုပ်ကိုင်မယ်ဆိုရင်တော့ ကျွန်မတို့လက်တွေ ဘာဖြစ်သွားနိုင်မလဲ"

"အင်း . . . ကျွန်တော့်အထင် လက်ပူရုံလောက်လွဲပြီး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားမယ်မထင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျည်ဆန်က ပြောင်းဝကထွက်လာကတည်းက ကမ္ဘာ့လေထုရဲ့ ပွတ်တိုက်မှုကို ခံရပြီလေ။ ပြီးတော့ လက်နဲ့ဖမ်းမိတဲ့အချိန်မှာ မီတာ ၂၀၀၀ အမြင့်ကို ရောက်နေပြီ။ ကျည်ဆန်ရဲ့အလျင်ကလည်း 'ဝ'မှတ်ကို တဖြည်းဖြည်းနီးလာနေပြီဆိုတော့ လက်နဲ့လှမ်းဖမ်းလိုက်ရင်တောင် ထိခိုက်မှုကြီးကြီးမားမား မဖြစ်နိုင်တော့ပါဘူး။ ခုနပြောခဲ့သလိုပဲ အများဆုံး လက်ပူရုံပေါ့"

ထိုစဉ်မှာပင် မျက်ဝန်းထောင့်စွန်းဆီမှ အရိပ်တစ်ခုကို ဆတ်ခနဲ တွေ့လိုက်ရသည်။ ထင်မှတ်မထားပါ။ သို့သော် သူမက မတ်တတ်ရပ်ပြီးသွားခဲ့ပါပြီ။

"သဲ . . ."

နှုတ်မှ တိုးတိုးခေါ်မိတော့ ဖေသူက မော့ကြည့်သည်။ ပြီး မျက်ဝန်းထောင့်စွန်းလေးကို သေချာကြည့်၏။ ကျွန်တော် ပြုံးမိသွားပါသေးသည်။ မျက်ရည်ကျမိမည်မဟုတ်ပါ။

သူမပါးပြင်မှ ကျွန်တော်အရမ်းမြတ်နိုးသော ယဉ်ကျေးမှုလေးကို ဆံနွယ်ဖြင့် ဖုံးအုပ်ထားသည်ပဲ။

"သမီးကရော သက်တံ့ရဲ့ယူဆချက်နဲ့ပတ်သက်ပြီး ဘာပြောချင်လဲ"

"ယူဆချက်နဲ့ပတ်သက်လို့တော့ မပြောချင်ပါဘူး။ ဒါပေမဲ့ သူပြောသွားတဲ့ထဲမှာ အလျင်ချင်း လားရာချင်းတူနေချိန်မှာ ကျည်ဆန်ကို အလွယ်တကူဖမ်းလို့ရနိုင်တယ်လို့ ပြောသွားပါတယ်။ သမီးမရှင်းတာက အလျင်တစ်ခုနဲ့သွားနေတဲ့ လေယာဉ်ပေါ်ကနေ အလျင်တူသွားနေတဲ့ ကျည်ဆန်ကို သွားနေကြရင်နဲ့ အလွယ်တကူ ဖမ်းလို့ရနိုင်တယ်ဆိုတဲ့ အချက်ပဲ။ အဲဒီအချက်နဲ့ပတ်သက်ပြီး ဒီထက် ရှင်းရှင်းလင်းလင်း ထပ်သိချင်ပါတယ်"

ဆရာက ကျွန်တော့်ကို ဒိုင်းခနဲကြည့်သည်။ တစ်ခန်းလုံးဆီမှ အကြည့်တွေကလည်း ကျွန်တော့်ထံပါးကို အလုံးအရင်းနှင့် ဝင်ရောက်



လာ၏။

"ဖြစ်ပါတယ်။ အလွယ်ကူဆုံး ဥပမာတစ်ခုကို ကျွန်တော်ပေးပါ့မယ်။ အလျင်ချင်း၊ လားရာချင်းတူညီတဲ့ အရာဝတ္ထုနှစ်ခုအနက် တစ်ခုက အခြားတစ်ခုအတွက် ရပ်တန့်နေတယ်၊ ဒါမှမဟုတ် အနည်းငယ်လောက်ပဲ လှုပ်ရှားနေတယ်လို့ ကျွန်တော်တို့ကြုံဖူးကောင်း ကြုံဖူးကြပါလိမ့်မယ်။

မီးရထားနှစ်စင်း အပြိုင်ခုတ်မောင်းနေကြတယ်ဆိုပါစို့။ မီးရထားစီးဖူးရင် သိမှာပါ။ မီးရထားနှစ်စင်းက ပြိုင်လျက်အနေအထားနဲ့ နှုန်းတူခုတ်မောင်းနေကြတယ်ဆိုရင် ကျွန်တော်တို့စီးနေတဲ့ အတွဲကနေ အခြားအတွဲကိုကြည့်လိုက်ပါ။ တခြားအတွဲက ရပ်နေတယ်။

ဒါမှမဟုတ် အနည်းငယ်လောက်ပဲ လှုပ်ရှားနေတယ်လို့ မြင်ကြရမှာပါ။ တကယ်လို့ တစ်ဖက်အတွဲမှာ သူငယ်ချင်းတစ်ယောက်ပါလာပြီး ကျွန်တော့်ဆီက စာအုပ်ငှားရင် အလွယ်တကူပဲပေးလို့ ရနိုင်ပါလိမ့်မယ်။ လေယာဉ်နဲ့ ကျည်ဆန်မှာလည်း ဒီအတိုင်းပဲပေါ့"

ကျွန်တော့်အဖြေစကား ပြီးဆုံးသွားသည့်နောက်မှာ သက်ပြင်းချသံတွေ၊ ကျေနပ်သွားကြသံတွေ အထင်တကြီးအကြည့်တွေ ကျွန်တော့်ထံ ရောက်လာ၏။ နဂိုကတည်းက သာယာနေကျမဟုတ်တော့ အေးဆေးမှာပဲ ကျွန်တော်ပြန်ထိုင်ချလိုက်ပါသည်။ နောက်ထပ်ဝင်ရောက်ဆွေးနွေးမည့်သူလည်း ပေါ်မလာတော့ပါ။

ထိုအခါမှ ဆရာက အတန်းရှေ့ပြန်ရပ်ရင်း ယခုပုစ္ဆာ၏အဖြေကို ထုတ်ပြသည်။

"မောင်သက်တံ့ပြောသွားသလိုပါပဲ။ အလျင်ချင်း လားရာချင်းတူနေချိန်မှာ ၁၀၀၀ မီတာ / စက္ကန့်အလျင်နဲ့ ပစ်လွှတ်လိုက်တဲ့ ကျည်ဆန်ကို မီတာ ၂၀၀၀ အမြင့်မှာ ပျံသန်းနေတဲ့ လေယာဉ်ပေါ်ကနေ ဖမ်းလို့ရနိုင်ပါတယ်။ တကယ်လည်း အဲလိုဖြစ်ရပ်မျိုး ဖြစ်ခဲ့ဖူးတယ်"

ထိုစကားကြားရတော့ အားလုံး နားရွက်ကိုယ်စီထောင်ကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထင်မှတ်မထားသော ရှားရှားပါးပါး ဖြစ်ရပ်တစ်ခုပင် မဟုတ်ပါလား။ တပည့်တွေ စိတ်ဝင်စားနေသည်ကို သဘောပေါက်စွာ ဆရာက ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြသည်။

"ပထမကမ္ဘာစစ်အတွင်းကပေါ့။ ပြင်သစ်လေယာဉ်မှူးတစ်ဦး ဒီလိုဖြစ်ရပ်မျိုးကို ကြုံဖူးတယ်။ လေယာဉ်မှူးနာမည်တော့ ဖော်မပြထားဘူး။ အဲဒီတုန်းက သူ့လေယာဉ်က ၂၀၀၀ မီတာအမြင့်မှာ ပျံသန်းနေတယ်။ အဲဒီအခိုက်အတန့်မှာ သူ့ဘေးဘက် လေဟာနယ်ထဲမှာ အရုပ်လေးတစ်ရုပ် ပျံသန်းနေသလိုလို တွေ့ရတယ်။

ပထမတော့ ပိုးကောင်လေးတစ်ကောင်ပဲလို့ ထင်လိုက်တာပေါ့။ ဒါပေမဲ့ မသင်္ကာတာနဲ့ ဖမ်းယူကြည့်လိုက်တော့မှ သူဖမ်းမိတဲ့အရာက ပိုးကောင်မဟုတ်ဘူး။ ဂျာမနီဘက်ကပစ်တင်လိုက်တဲ့ ကျည်ဆန်တစ်တောင့်ဖြစ်နေတယ်"

"အမယ်လေး . . . "

"ဘုရား . . . ဘုရား . . . "

"တော်သေးတာပေါ့။ ဘေးနားရောက်မလာဘဲ လေယာဉ်တည့်တည့်ထိသွားရင် ဒုက္ခ"

မိန်းကလေးများဘက်မှ ထိုသို့သော စိုးရိမ်တကြီးအသံတွေ ထွက်လာကြသော်လည်း ယောကျ်ားလေးများကတော့ . . .

"ဒီလူတော့ တော်တော်နာမည်ကြီးသွားမှာပဲ။ ကျည်ဆန်ကို လက်နဲ့ဖမ်းနိုင်တယ်ဆိုပြီးတော့"

"အဲဒါ ဂင်းနစ်စံချိန်ကွက်ကွ"

"ဂျာမနီတော့ တော်တော်ရင်နာသွားမှာပဲနော်"

စသော တစ်ယောက်တစ်ပေါက်အသံတို့ ထွက်လာသည်ကြောင့် ဆရာက လက်ကာပြသည်။ တစ်ခဏချင်းမှာပင် အခန်းက လုံးဝ ဆိတ်ငြိမ်သွား၏။ ဒီတော့မှ . . .

"ဆရာလိုချင်တာကတော့ အလျင်လားရာတို့နဲ့ ပတ်သက်တဲ့



Eassy တစ်ပုဒ်ပဲ။ လိုချင်တဲ့အချက်အလက်က တို့တွေ နေမိသားစု အစုအဝေးကြီးထဲမှာ ဂြိုဟ်တွေအားလုံးက ကိုယ့်ဝင်ရိုးပေါ်ကိုယ်ရပ်တည်ပြီး အပြန်အလှန်ဆွဲအားတွေနဲ့ နေကို လှည့်ပတ်နေကြတယ်။ ဂြိုဟ်တွေအားလုံး နေကို လှည့်ပတ်တဲ့နေရာမှာ လားရာတူတယ်။ ဒါပေမဲ့ အလျင်ချင်းမတူဘူး။

နည်းနည်းထပ်တွေးကြည့်ရအောင်။ နေနဲ့အနီးဆုံး မာကျူရီဂြိုဟ်ကနေ အဝေးဆုံး ပလူတိုဂြိုဟ်အထိ ဂြိုဟ်အားလုံးရဲ့အလျင်ဟာ တစ်ပြေးတည်းဖြစ်ပြီး နာရီလက်တံလို အတန်းလိုက်တစ်ချိန်တည်းမှာ နေကို ပြိုင်တူလှည့်ပတ်ကြတယ်ဆိုရင် ဘာတွေဖြစ်လာမလဲ။

ဆွဲအားတွေ ပြောင်းပြန်ဖြစ်ပြီး နေမိသားစု အစုအဝေးကြီး ပျက်စီးသွားမလား၊ ဂြိုဟ်တွေတစ်ခုနဲ့တစ်ခု တိုက်ပြီး ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေ အများကြီး ထပ်ဖြစ်လာနိုင်လား။ ဒီလိုဆိုရင် တို့ကမ္ဘာကြီးကရော ဘာဖြစ်သွားနိုင်မလဲ။ ပေါက်ကွဲသွားမလား၊ ပျက်စီးသွားမလား၊ ဒါမှမဟုတ် ပျောက်ကွယ်သွားမလား။ အဲဒါတွေနဲ့ပတ်သက်ပြီး ကိုယ်ပိုင်လွတ်လပ်တွေးခေါ်မှုတွေနဲ့ ရေးဖွဲ့ထားတဲ့ Eassy တစ်ပုဒ်စီလိုချင်တယ်"

ဆရာ့စကားသံမှလွဲ၍ အရာအားလုံးက တိတ်ဆိတ်မှုတို့ ကြီးစိုးနေသည်။ အကုန်လုံးက ဆရာဦးစိုးဝင်းစကားအား မျက်တောင်မခတ်နားထောင်နေကြသည်။

"အိမ်ကရေးလာစရာမလိုဘူး။ အခန်းထဲမှာပဲ Roll No. အလိုက်တန်းစီပြီး ရေးရမယ်။ အကောင်းဆုံး Essay ကတော့ ထုံးစံအတိုင်း နှစ်ပတ်လည်မဂ္ဂဇင်းမှာ ဂုဏ်ပြုခံရမှာပေါ့"

ဆရာဦးစိုးဝင်းစကားဆုံးတော့ တစ်ခန်းလုံးက ဝမ်းသာအားရ 'ဟေး' ဟု ထအော်ကြသည်။ ဤကျောင်းမှာတော့ နှစ်ပတ်လည်မဂ္ဂဇင်းမှာ ပါခွင့်ရရေးသည် ကျောင်းသားတိုင်းမက်ချင်ကြသော အိပ်မက်တစ်ခုပင် မဟုတ်ပါလား။

"ဒီအခန်းထဲမှာ မဟုတ်ဘူးနော်။ C-2 ဆောင်က အခန်း No.



www.burmeseclassic.com

www.burmeseclassic.com

207 မှာ။ ဒီနှစ် ကျောင်းပြောင်းလာသူတွေကတော့ C-2 ဆောင်ကို ရောက်ဖူးမှာ မဟုတ်သေးဘူး"

C-2 ဆောင်မှာ အဆောင်ကြီးသလောက် စာသင်ခန်း အနည်း ငယ်သာထားသော အဆောင်တစ်ခုပါ။ ကျန်သည့်အခန်းတွေကိုတော့ ခုံနံပါတ်တပ်၍ အလွယ်ထားသည်။ ယခုကဲ့သို့မျိုး (သို့) စာမေးပွဲဖြေရန် အခါမျိုးအတွက် အဆင်သင့်လုပ်ထားခြင်းဖြစ်သည်။

"ဒီတော့ နောက်တစ်ချိန်မှာ C-2 ဆောင်ကိုပဲ လာခဲ့ကြ။ ကဲ .. အားလုံးပဲ မင်္ဂလာပါ"



**ထိုစဉ်ကတော့ ဘာရယ်မဟုတ် C-2 ဆောင်မှာပဲ**
**Essay ရေးဖို့ ဆုံးဖြတ်ခဲ့ခြင်းပါ။**
**ဒါပေမဲ့ . . .**
**တစ်ကျောင်းလုံးမှာ**
**မကြာခင်ကျရောက်လာတော့မည့်**
**တုန်လှုပ်ချောက်ချားသွေးပျက်မှုကြီးသည်**
**ထိုနေ့၊ ထိုအချိန်၊ ထိုအခန်းထဲမှာပင်**
**စတင်ခဲ့ခြင်းဖြစ်ကြောင်း**
**ကြိုတင်သိခွင့်ရခဲ့ပါလျှင် . . .**



www.burmeseclassic.com

www.burmeseclassic.com

# X

ဒီနေ့တော့ အလုပ်အားလုံးကို စောစောအပြီးသတ်ကာ ဦးထွန်းလွင် စာကြည့်ခန်းထဲသို့ ဝင်ခဲ့ပါ၏။ မှတ်တမ်းရေးစရာရှိသော်လည်း ရေးချင်စိတ်မရှိသေး။ အကြောင်းက သူ၏စိတ်ကို တစ်စုံတစ်ရာက စိုးမိုးနေသည်။

အဲဒါက ငါးယောက်မြောက်ကျောင်းအုပ်ကြီး ဒေါက်တာမှုဟိုင်း၏ဓာတ်ပုံရှေ့မှ စာအုပ်နီကြီးပါ။ မနေ့က ခြောက်ယောက်မြောက် ကျောင်းအုပ်ကြီးဦးသန်းစိန်၏မှတ်တမ်း ပြီးသွားပြီမို့ ဒီနေ့သည် ထိုစာအုပ်ကြီးအား စတင်ဖတ်ရှုရမည့်နေ့ပါပဲ။ ထို့ကြောင့်လည်း စာကြည့်ခန်းထဲသို့ စောစောဝင်ခဲ့ခြင်းဖြစ်သည်။

ရောက်ရောက်ချင်းပင် ဓာတ်ပုံဆီသို့သွား၍ စာအုပ်ကြီးကိုယူလိုက်ပါ၏။ နောက် စာကြည့်စားပွဲတွင်ထိုင်ကာ မီးကိုထွန်းလိုက်သည်။ ဖျောက်ခနဲလင်းသွားသော မီးရောင်အောက်မှ စာအုပ်ကြီးက အသွင်တစ်မျိုးဖြင့် ခန့်ညားနေသည်။ ပြီးတော့ ညို့ဓာတ်တစ်ခုက ပျံ့လွင့်နေသလို။



ထိုစဉ်မှာပင် နာရီဆီမှ (၁၁)နာရီထိုးပြီဖြစ်ကြောင်း အချက်ပေးသံကို ကြားရ၏။ ဦးထွန်းလွင် စာအုပ်နီကြီး၏မျက်နှာဖုံးကို လှန်လိုက်ပါသည်။ ပထမဆုံးပေါ်လာသည်က ဤမှတ်တမ်းအား ရေးသားပြုစုသူ ဂျပန်နိုင်ငံသား ဒေါက်တာမှုဟိုင်း၏ရုပ်ပုံ။ နောက်တစ်ရွက်လှန်လိုက်တော့ သူကိုယ်တိုင်ရေးထားသည့် ဤမှတ်တမ်းကြီးအတွက် အမှတ်တရစာ။

ထူးခြားမှုသိပ်မရှိပေမဲ့ ဆွဲဆောင်မှုတစ်မျိုးဖြင့် အချိန်အနည်းငယ်အတွင်း စာက ဆုံးသွားသည်။ ဒါပေမဲ့ နောက်စာရွက်မှာပင် ထူးခြားမှုတစ်ခုကို စတင်တွေ့လိုက်ရတော့၏။ အဲဒါက အမှာစာနှင့် ဖြည့်စွက်ချက်တစ်ခု။ ဒေါက်တာမှုဟိုင်းကိုယ်တိုင် ရေးထားခြင်းမဟုတ်ပါ။

ဒေါက်တာမှုဟိုင်း၏ အနီးကပ်တပည့်တစ်ယောက်မှ ရေးထားခြင်းဖြစ်ပါသည်။ ဖတ်ရှုခဲ့သမျှ ဘယ်မှတ်တမ်းမှာမျှ ဒီလိုအခြားတစ်ယောက် ဝင်ရေးပေးသော အမှာစာသဘောမျိုးမတွေ့ရပါ။ ဤအချက်က ထူးခြားနေပါသည်။

ဒီလိုနဲ့ အမှာစာအား စတင်ဖတ်ရှုလိုက်ရသည့်အချိန်မှာတော့ နောက်ဆက်တွဲရေးထားချက် အကြောင်းအရာတို့သည်က . . .

မိန်းမောလှုပ်ရှား မျှောပါသွားသောစိတ် . . .

ဝင်စားမှု၊ ပျော်ဝင်မှု၊ ခံစားမှု၊ အံ့ဩမှု၊ တလှပ်လှပ်လှုပ်ရှားမှုစသည့်ခံစားမှုအားလုံးသည် အမှာစာ၏ သုံးပုံတစ်ပုံအချိန်မှစလို့ပင် ရင်တွင်း၌ တစ်လှည့်စီ စီးမျောလှုပ်ခါ နေရာယူလာပါတော့သည်။

ဟုတ်ပါ၏။

ဦးထွန်းလွင် ကြက်သီးတစ်ချက် ဖြန်းဖြန်းဖျင်းဖျင်း သီးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

...အနည်းငယ်က ရင်ထဲရောက်လာသည်။ ဒီအဆောင်ကြီးကြည့်ရတာ တစ်မျိုးပင်။ အရင်တစ်ချိန်က သူမနဲ့ ရင်းရင်းနှီးနှီးကြီး ပတ်သက်ခဲ့ဖူးသလို . . .

"စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူးဟာ။ တစ်မျိုးပဲ"

"နေမကောင်းလို့လား"

"မဟုတ်ဘူး ကောင်းတယ်။ ဒီအဆောင်ကြီးကို မြင်ပြီးမှ စိတ်ထဲမှာဖြစ်သွားတာ"

သူမအဖြေကြောင့် နေခြည်နှင့် အေးမို့မှာ ကြောင်တောင်တောင်နိုင်သွားသည်။

"နှင်ထင်လို့ဖြစ်ပါလိမ့်မယ်။ အေးဆေးပါပဲ။ ငါတို့တက်လာတာ ကြာပြီ။ ဘာမှမထူးခြားဘူး။ နှင်က ကောလိပ်ကကူးလာတဲ့သူဆိုတော့ အမြင်စိမ်းနေတာဖြစ်လိမ့်မယ်"

သူမ ပြန်မပြောမိပါ။ ပြောစရာလည်း စကားမရှိပါချေ။ တစ်ခါမှ တက်ရောက်ခဲ့ဘူးခြင်းမရှိသော အဆောင်ကြီးကိုကြည့်ကာ တစ်ချိန်က ပတ်သက်ဖူးသလို စိတ်ထဲဖြစ်နေသည်က သူမရဲ့ကြောင်တောင်တောင်နိုင်မှု မဟုတ်ပါလား။

အေးမို့က နာရီကိုပင့်ကြည့်ရင်း . . .

"သွားကြရအောင်။ အတန်းချိန်ရောက်တော့မယ်"

ခပ်သွက်သွက် ပြန်လျှောက်ခဲ့ကြပါသည်။ C-2 ကို သူမတို့ Essay ဖြေရန် သွားနေခြင်းပါ။ အကောင်းဆုံး ကြိုးစားထားသည်မို့ Essay နှင့် ပတ်သက်လို့တော့ စိုးရိမ်မှုမရှိပါ။ ဒါပေမဲ့ ဘာမှန်းမသိသော တစ်ခုခုကို စိတ်က အလိုလိုစိုးရိမ်နေသည်။

အဆောင်ထဲဝင်တော့ ဒုတိယမ်ိကျောထဲတွင် စိမ့်ခနဲအေးသွား၏။ ဘာရယ်မသိ ဘေးဘီငဲ့ကြည့်မိတော့ ပုံမှန်အတိုင်း လှုပ်ရှားသွားလာသူတွေသာ တွေ့ရသည်။ အခန်းကအပေါ်ထပ်မှာမို့ သူမတို့ဆက်တက်ခဲ့ကြပါသည်။



# XI

သွက်သွက်လှမ်းနေရာမှ တစ်နေရာအရောက်တွင် သူမခြေ... တို့ အလိုလို နှေးကွေးသွား၏။ ပြီးတော့ ရှေ့တူရူဆီမှ မြင်နေရ... အဆောင်တစ်ခုအားကြည့်ရင်း ခြေလှမ်းတို့ ရပ်တန့်သွားရပါသည်။ ... ခြည်း ရပ်တန့်သွားသော သူမအားကြည့်ကာ အတူတူလျှောက်လှမ်... သော နေခြည်က . . .

"သဲဆု . . . ဘာဖြစ်လို့လဲ"

"C-2 ဆိုတာ ဟိုအဆောင်ကိုပြောတာလား"

လက်ညှိုးထိုးပြရင်း မေးလိုက်သော သူမအမေးကို နံဘေး... ရှိနေသော အေးမို့က ခေါင်းညိတ်ပြရင်း . . .

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

ရှေ့တူရူဆီမှ အဆောင်ကိုကြည့်ကာ ဘာကြောင့်မှန်းမသိ ... ကျောထဲ စိမ့်ခနဲအေးသွားသည်။ ပြီး ဘယ်ကိုမှန်းမသိသော ထိတ်...



www.burmeseclassic.com

www.burmeseclassic.com

ထင်သည့်အတိုင်း လူစုံနေပါပြီ။ Roll No. အလိုက် ထိုင်ရသည်မို့ အခန်းထဲမှာက ယောကျ်ားလေး၊ မိန်းကလေး ရောနေသည်။ အခန်းရှေ့မှာ ဆရာဦးစိုးဝင်း မတ်တတ်ရပ်၍ တစ်စုံတစ်ရာပြောရန် ပြင်နေသည်ထင်၏။

ခုံမှာ ဝင်ထိုင်ပြီးသွားချိန်၌ပင် ဆရာဦးစိုးဝင်း စကားစသည်။

"အားလုံးပဲ ခဏနားထောင်ကြ။ ညက သတင်းအစီအစဉ်ကြည့်မိသူ၊ ဒါမှမဟုတ် ဒီမနက် သတင်းဂျာနယ် ဖတ်ပြီးသွားသူတွေဆိုရင်တော့ သိကြလိမ့်မယ်။ လွန်ခဲ့တဲ့ ၃ ရက်က တရုတ်နိုင်ငံအနောက်ပိုင်းမှာ လှုပ်ခတ်သွားတဲ့ အင်အားကြီးငလျင်နဲ့ ပတ်သက်ပြီး နောက်ဆုံးသတင်းကို တရုတ်အစိုးရက ထုတ်ပြန်လိုက်ပြီ။

တစ်ခန်းလုံး ငြိမ်သွားသည်။

"လူ (၁၁၀၀) ကျော် သေဆုံးပြီး (၂၉၁) ဦး ပျောက်ဆုံးနေတယ်တဲ့။ ဒဏ်ရာရသူအရေအတွက်ကတော့ (၁၀၀၀၀) ကျော်ရှိတယ်လို့ ထုတ်ပြန်ထားတယ်"

"ဟာ . . ."

"ဟယ် . . ."

"အို . . ."

"ဘုရား . . . ဘုရား . . ."

အာမေဋိတ်သံပေါင်းစုံက နေရာအနှံ့အပြားမှ ဝမ်းနည်းဖွယ်ထွက်ပေါ်လာသည်။ အကုန်လုံး မျက်စိမျက်နှာပျက်ကာ ကိုယ်ချင်းစာနွေးထွေးစိတ်တွေဖြင့် စုတ်သပ်မိကြသည်။

လက်ဖဝါးတွင် ချွေးစေးတို့ပျံလာကာ ကျွန်တော် လက်သီးတင်းတင်းဆုပ်မိသည်။ ခြောက်ကပ်ကပ်ဖြစ်နေသော လည်ချောင်းထဲသို့ တံတွေးတစ်ခုကို ခက်ခက်ခဲခဲမျိုချရင်း မျက်လုံးစုံမှိတ်မိပါသည်။

ဝမ်းနည်းမှု၊ ကိုယ်ချင်းစာမှု။ ရက်စက်သော သဘာဝ၏ဒဏ်ခတ်မှုကို စက်ဆုပ်မှု၊ ဖေးမလက်တွဲကူလိုမှု စသော စိတ်ဓာတ်ပေါင်းစုံက



ပေါင်းစုဝင်ရောက်လာသည့်အတွက် ရင်ထဲမှာ ခံရခက်သော ဝေဒနာတစ်ခု ကြီးကြီးမားမား ဖြစ်ပေါ်လာသည်။

ထိုစဉ်မှာပဲ ဆရာ၏စကားသံက ဆက်လက်ထွက်ပေါ်လာ၏။

"လူသားအချင်းချင်းပဲကွာ။ အခုလို လူပေါင်းများစွာ ဒုက္ခပင်လယ်ဝေနေချိန်မှာ ဘယ်သူမဆို ဖေးမလက်တွဲကူလိုကြမှာပဲ။ အားပေးနှစ်သိမ့်လိုကြမှာပဲ။ မင်းတို့ရော စိတ်ရောကိုယ်ပါ မကူညီချင်ကြဘူးလား"

"ကူညီချင်ပါတယ်"

ပြန်ပြေသံက အခန်းထဲတွင် ဟိန်းထွက်သွား၏။ ဆရာက ကျေနပ်ပြုံးတစ်ခုကိုပြုရင်း . . .

"ဒါပေမဲ့ တို့တွေအနေနဲ့ ကိုယ်ထိလက်ရောက် အကူအညီပေးနိုင်တဲ့ အခြေအနေမရှိဘူး"

ဆရာက စကားကို ခဏရပ်သည်။ နားထောင်သူအားလုံး၏ ရင်ထဲမှာက ဟာတာတာ။

"အကူအညီပေးလို့ မရနိုင်ဘူးဆိုပြီး စိတ်မပျက်ကြနဲ့။ တို့တွေ အကောင်းဆုံးလုပ်ပေးနိုင်တာ တစ်ခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒုက္ခရောက်နေသူ လူသားအပေါင်းကို အကြီးမားဆုံးမေတ္တာစိတ်တွေနဲ့ ကပ်ဘေးဆိုးက အမြန်ဆုံးကင်းလွတ်အောင် စိတ်ရောကိုယ်ပါ ဆုတောင်းပေးဖို့ပဲ"

အားလုံး၏ရင်ထဲမှာ တလုပ်လုပ်အေးသွားမိကြသည်။ ဟုတ်ပါသည်။ ကျွန်တော်တို့ အကောင်းဆုံးလုပ်ပေးနိုင်တာ တစ်ခုရှိသည်။ အဲဒါက ဖြူစင်သောနှလုံးသားနှင့် လူသားအားလုံးကို မေတ္တာပို့ပေးဖို့ပါ။ ပြီးတော့ ဒုက္ခရပ်ဝန်းမှ ခံစားနေရသူတွေအတွက် မေတ္တာမှန်နှင့် ဆုတောင်းမှု။

"အဲဒီတော့ တို့တွေ အခုဆုတောင်းပွဲလေးတစ်ခု လုပ်ကြမယ်။ သဘာဝဘေးအန္တရာယ်ဆိုးကို ကြုံတွေ့ရင်ဆိုင်နေရသူ အားလုံးအတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ တစ်ခန်းလုံးအား ဝေ့ကြည့်သည်။ ကျောင်းသား/ကျောင်းသူအားလုံး၏ အကြည့်တွေကလည်း ဆရာ့ဆီမှာ။ ရင်ထဲမှာက လျှပ်စီးများလက်နေသလို တလက်လက်။

"ကဲ . . . အားလုံးပဲ"

မျက်လုံးစုံမှိတ်ကာ လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့မှာအုပ်ချီရင်း ဆရာငြိမ်သွားသည်။ သဘာဝဘေးအန္တရာယ်ကြားမှ ပြေးလွှားရှောင်တိမ်းနေရသူ ပိပြားသေဆုံးနေကြသူ၊ ငိုယိုပူဆွေးနေကြသူ၊ ကယ်ဆယ်ရှာဖွေနေကြသူ အားလုံးအားလုံးအတွက် ဆရာ ဆုတောင်းမှု စတင်လိုက်ပါပြီ။

အတန်းရှေ့တွင် မတ်တတ်ရပ်ရင်း ဆုတောင်းမှုပြုနေသော ဆရာ့နည်းတူပင် ကျွန်တော်တို့အားလုံးသည်ကား . . .

တိတ်ဆိတ်သွားသည်။ အေးချမ်းသွားသည်။ အားလုံးသော မေတ္တာတရားတွေက ပေါင်းစုကာ အခန်းထဲမှ ထွက်သွားသည်။

တရုတ်ပြည်မှ ဆိုးရွားသော ငလျင်ဒဏ်ကြောင့် သေဆုံးထွက်ခွာသွားရသူတွေအားလုံး ကောင်းရာသုဂတိလားပါစေ။

ထိခိုက်ဒဏ်ရာရသူအားလုံး အေးချမ်းကျန်းမာကြပါစေ။

ပျောက်ဆုံးနေကြသူတွေအားလုံးလည်း ကျွန်တော်တို့ တောင်းဆုပြုသော မေတ္တာဖြင့် ရှာဖွေတွေ့ရှိနိုင်ကြပါစေ။

နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့သားများ၊ ဘေးအန္တရာယ်ဆိုးကြား လူသားချင်းစာနာစွာ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်နေကြသူများအားလုံး . . .

အားလုံး . . .

အန္တရာယ်ကင်းရှင်းစွာဖြင့် ကျန်းမာစွာရပ်တည်နိုင်ကြပါစေ။

ဘုရားသခင်၏ ဆောင်မကြည့်ရှုမှုကိုလည်း အပြည့်အဝ ခံစားနိုင်ကြပါစေ။

ကျွန်တော် တောင်းဆုပြုမိသော မေတ္တာတွေပါ။ ဘေးကိုကြည့်



မိတော့ သူမသည်လည်း လက်အုပ်လေးကိုချီရင်း တည်တည်ငြိမ်ငြိမ် ဆုတောင်းနေသည်။

Roll နံပါတ်စဉ်အတိုင်း ထိုင်ရသည်မို့ ကျွန်တော့ဘေးမှာ သူမ။ ဆံပင်စလေးများကို ပါးပေါ်ဖျန့်ချထားသည်မို့ ကျွန်တော် ရဲရဲကြည့်ရဲနေပါသည်။ သူမမျက်လုံးပွင့်လာတော့ ကမန်းကတန်း ကျွန်တော် ရှေ့ပြန်လှည့်ဖြစ်သည်။ နောက်တော့ ဆရာက Essay ရေးရန် စာရွက်လွတ်များ လိုက်ဝေသည်။ မကြာပါချေ။ တစ်ခန်းလုံးမှာ ငြိမ်ကျသွားပါ၏။ အားလုံးက ကိုယ်ပိုင်အရေးအသားထဲမှာ စီးမျောပျော်ဝင်သွားတော့သည်။

ဒီလိုနှင့် . . .

စာရွက်ခေါက်သံ၊ စကားပြောသံ၊ လမ်းလျှောက်သံတို့ ခပ်များများ ထွက်ပေါ်လာခဲ့ချိန်မှာ ကျွန်တော် Essay အဆုံးသတ်သွားခဲ့သည်။ ယခုမှပင် ကျွန်တော် ဘေးဘီလှည့်ကြည့်မိတော့ . . .

မျက်မှောင်ကြုတ်သွားမိပါ၏။ အနည်းငယ် ထူးဆန်းနေသည်။

'သဲ' မတိုးမကျယ်ခေါ်မိရင်း သေချာထပ်ကြည့်မိတော့ . . .

ကျောက်ရုပ်အလား တောင့်မတ်မှုတွေဖြင့် သဲက ပုံမှန်အခြေအနေတစ်ခုမှ တော်တော်ဝေးဝေးရောက်သွားခဲ့ပါပြီ။ အခန်းတွင်းရှိသူတွေ အားလုံးထက် ထူးခြားသွားသည်က မျက်လုံး။ ပြီးတော့ ပြင်းထန်သော အသက်ရှူမှုတွေဖြင့် လက်မှရေးခြစ်နေသောစာ . . .

ကျွန်တော်အပါအဝင် အခန်းထဲမှာရှိနေကြသူအားလုံးက Eassy တစ်ပုဒ်ကို ဖြေဆိုနေကြခြင်းဖြစ်သည်။ ဒါပေမဲ့ သဲကတော့ . . .

ကျွန်တော့်မျက်လုံးတို့က တဒေါက်ဒေါက်ရေးခြစ်နေသော သူမ စာရွက်ဖြူပေါ်မှ ခွာလို့မရတော့ပါ။

သူမ . . .

သူမရေးနေသော အက္ခရာတွေသည်က . . .

ကျွန်တော်တို့နည်းတူ အင်္ဂလိပ်အက္ခရာဖြင့် Eassy တစ်ပုဒ် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေလဲ။

စာရွက်တစ်ရွက်လုံး အပြည့်မှုဖြစ်နေသည်။ ဒါပေမဲ့ လက်မှ ဘောပင်ကို မရပ်သေး။

အနီးစပ်ဆုံး တူညီနေသည်ကတော့ ဂျပန်စာ။

အံ့သြမှင်တက်မှုတွေဖြင့် ကျွန်တော်ကြည့်နေစဉ်မှာပဲ ဘယ်အချိန် ရောက်နေမှန်းမသိသည့် ဆရာဦးစိုးဝင်း၏ လှုပ်ရှားမှုကို တွေ့လိုက်ရသည်။ ရေးခြစ်နေသော လက်ထဲမှစာရွက်အား ဆတ်ခနဲ ဆွဲယူလိုက်စဉ်မှာပဲ 'ဝုန်း' ခနဲ မတ်တတ်ထပ်ရပ်သံနှင့်အတူ . . .

ဒေါသတကြီးအော်ဟစ်လိုက်သံက တစ်ခန်းလုံးကို ဟိန်းသွားသည်။ ဒါပေမဲ့ ဘယ်သူမှနားမလည်လိုက်။ အကြောင်းကား ကျွန်တော်တို့နားမလည်သော ဘာသာစကားတစ်ခု ဖြစ်နေသည်မဟုတ်ပါလား။

အခြေအနေကို သဘောပေါက်စွာ ကျွန်တော် ဝုန်းခနဲခုန်ဝင်၍ နောက်မှ သိုင်းဖက်လိုက်သည်။ ခုံချင်းကပ်လျက်မို့ အောင်ရဲထွန်းလည်း ကျွန်တော့်နည်းတူ ထိန်းချုပ်ဖို့ ကြိုးစားသည်။

"သဲဆု . . . သဲဆု . . . "

သူမသူငယ်ချင်းများ အနားရောက်လာသည်။

"သမီး . . . သမီး စိတ်ထိန်းဦးလေ"

"သဲ . . . "

"သဲဆု . . . သဲဆု . . . သူငယ်ချင်း"

"သူငယ်ချင်း"

"သမီး"

ရုန်းကန်မှု၊ မနိုင်မနင်း ထိန်းချုပ်မှုတွေကြောင့် စားပွဲပေါ်မှပစ္စည်းတွေ လွင့်စင်ကုန်သည်။ ခုံတွေလဲပြိုကုန်သည်။ ခုံလဲသံတွေ ပြေးလွှားသံတွေ၊ အော်ဟစ်သံတွေ၊ စိုးရိမ်တကြီးခေါ်ငင်သံတွေ၊ မာန်ဖီဒေါသထွက်သံတွေဖြင့် တစ်ခန်းလုံးက ကမ္ဘာပျက်သလို ဆူညံပွက်လောရိုက်သွားပြီးသည့်နောက်မှာတော့ . . .



သိုင်းဖက်ထားသော လက်ကြားမှပင် သူမခန္ဓာကိုယ်က ဆတ်ခနဲတင်းသွား၏။ ပြီးတော့ . . .

ဘာမှမသိတော့သလို အရုပ်ကြိုးပြတ် ခွေလဲသွားပါတော့သည်။ နာမည်ခေါ်သူခေါ်ကြသည်။ ယပ်ခပ်သူ ခပ်နေကြသည်။ ရေတိုက်သူ တိုက်ကြသည်။

သူမ သတိလစ်နေဆဲ။

လက်မောင်းပေါ်တွင် အသိလွတ်ကာ ခွေခွေလဲကျနေသော နွမ်းလျလျမျက်နှာလေးအား လှုပ်ခတ်ရင်း ကျွန်တော် အခါခါခေါ်မိသည်။

"သဲ . . . သဲ . . . "

ဝေဝါးသွားသောမျက်လုံးအား အံတစ်ချက်ကြိတ်ကာ ကျွန်တော် တင်းထားလိုက်၏။

နောက် အားကိုးရာရှာသလို ကျွန်တော်မော့ကြည့်လိုက်တော့ ကျွန်တော့်အားကြည့်နေသည့် ဆရာဦးစိုးဝင်းမျက်လုံးနှင့် သွားဆုံသည်။

ပြီးတော့ ကျွန်တော့်အကြည့်တို့က တစ်နေရာတွင် ဆုံးသွား၏။ အဲဒါက . . .

ဂျပန်လက်ရေးတွေဖြင့် အတိပြီးနေသော 'စာရွက်'။



www.burmeseclassic.com

www.burmeseclassic.com

# XII

ကျွန်တော် အခန်းထဲဝင်ဝင်ချင်းပင် ဆရာဦးစိုးဝင်းက ဆီးကြို မေးသည်။

“သက်တဲ့ အခြေအနေ ဘယ်လိုရှိလဲ”

“သတိပြန်ရသွားပါပြီ။ အဆောင်ကို ပြန်ပို့ပေးခဲ့ပြီးပြီ။ ဆရာဝန်လည်း ခေါ်ပေးခဲ့တယ်”

ထိုအခါမှ စိတ်ချသွားသလို ခေါင်းကိုညိတ်ရင်းက . . .

“ဘယ်သူ ကျန်နေခဲ့လဲ”

“သူ့သူငယ်ချင်းနှစ်ယောက်နဲ့ ဖေသူနဲ့နေလင်းကို ထားခဲ့တယ်”

ခေါင်းတစ်ချက်ညိတ်သည်။ ပြီးတော့ . . .

“လာ . . . ဒီမှာလာထိုင်”



သူ့နောက်ဘက်ရှိ ထောင့်ခုံတစ်ခုကို ညွှန်ပြသည်ကြောင့် ကျွန်တော် သွားထိုင်လိုက်ပါသည်။ အခန်းထဲတွင် ဆရာဦးစိုးဝင်းအပါအဝင် ရွယ်တူလူကြီးလေးယောက် ထိုင်နေသည်။ သုံးယောက်က ဆရာဦးစိုးဝင်းနည်းတူ နည်းပြဆရာများဖြစ်၍ တစ်ယောက်ကတော့ အနည်းငယ်ထူးဆန်းသည့် အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ထား၍ မျက်မှန်ထူကြီးတစ်လက်ကို တပ်ထားသည်။

သူ၏လက်ထဲမှာက စာရွက်တစ်ရွက်။

မျက်မှန်းတန်းမိပါသည်။ ကျွန်တော်တို့ကျောင်းကပင်။ တိတိကျကျ ပြောရပါက ဂျပန်စာဌာနမှ အကြီးအကဲတစ်ယောက်။ လက်ထဲမှစာရွက်ကတော့ အားလုံး အဖြေရှာမရနိုင်သည့် သဲဆုနွေးလက်မှ သဲဆုနွေးမရေးသော ဂျပန်လက်ရေးတို့ဖြင့် ပြည့်နေသည့်စာရွက်။

ကျွန်တော် ဝင်ထိုင်ပြီးချိန်မှာပင် ထိုအကြီးအကဲဆီမှ စကားသံထွက်လာသည်။

“ရေးထားတာကတော့ ဂျပန်စာပဲ။ အသုံးအနှုန်းတွေကလည်း ဂျပန်အသုံးအနှုန်းပဲ။ ဒါပေမဲ့ တချို့စာလုံးတွေကို ကျုပ် အဓိပ္ပာယ်မဖော်တတ်ဘူး”

ထိုစကားကြားရတော့ ထိုင်နေသူတွေအားလုံး အံ့သြသွားကြသည်။ ဂျပန်စာဌာနမှ ဂျပန်စာသင်နေသောပုဂ္ဂိုလ်တောင် အဓိပ္ပာယ်မဖော်တတ်သည့် ဂျပန်အသုံးအနှုန်းတွေက ဘယ်လိုအသုံးအနှုန်းတွေနည်း။

“တိတိကျကျပြောရရင်တော့ ရှေးဟောင်းဂျပန်စာလုံးနဲ့ အသုံးအနှုန်းတွေ ဒီထဲမှာ တော်တော်များများပါဝင်နေတယ်။ အဲဒီစာလုံးတွေကျတော့ ကျုပ်လည်း အဓိပ္ပာယ်မဖော်တတ်ဘူး။ တချို့စာလုံးတွေကိုတော့ ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ တိကျတဲ့အဓိပ္ပာယ်ကို ခြုံငုံမိမှာမဟုတ်ဘူး။ အဲတော့ ဒီလိုလုပ်လေ။ ဒီစာကို ကျုပ်ယူသွားမယ်။ ဌာနမှာ စာအုပ်တွေ လှန်ပြီး အဓိပ္ပာယ်ပြန်ပေးထားမယ်။ ညနေကျရင် ကျုပ်ဆီ တစ်ယောက် လွှတ်ပြီး လာယူခိုင်းလိုက်”



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တတ်နိုင်မည်နည်း။ လုပ်စရာက ဒီတစ်နည်းပဲ ရှိတာပဲလေ။ ဒီတော့ ခေါင်းပင်ညိတ်ပြလိုက်ရပါတော့၏။ တစ်အောင့်ကြာတော့ ထိုအကြီးအကဲက စာရွက်ကို လက်မှာကိုင်ရင်း ထွက်သွားသည်။

ကျန်ခဲ့သည်ကတော့ ကျွန်တော်အပါအဝင် လေးယောက်။

"ကိုစိုးဝင်း . . . ဘယ်လိုဖြစ်ကုန်တာလဲ"

ဆရာတစ်ယောက်က မေးသည်။

"ကျုပ်လည်းမသိဘူး။ အကောင်းကြီးကနေ ဖြစ်သွားတာပဲ"

အဖြေစကားဆုံးတော့ နောက်တစ်ယောက်က . . .

"ကျွန်တော်က အင်္ဂလိပ်စာယူထားတော့ ဒီအကြောင်းတွေ သိပ်မနှံ့စပ်ဘူး။ ကိုစိုးဝင်းကိုပဲ မေးရမှာပဲ။ အဲဒါကို ဘာဖြစ်တာပါလို့ ခေါင်းစဉ်တပ်လို့ရလား"

ဆရာဦးစိုးဝင်း ခဏငြိမ်သွား၏။ ဒါပေမဲ့ တစ်အောင့်ပင်။

"Possession လို့ပြောရမယ်ထင်တယ်။ မြန်မာလိုဆိုရင်တော့ အပမှီမှုပေါ့"

"အပမှီတာ"

ထိုသို့ရေရွတ်ရင်း မေးသူမှာ တိတ်သွားသည်။ အခြားတစ်ယောက်က . . .

"ကျွန်တော်တို့ တကယ်မသိလို့နော်။ အပမှီတာတို့၊ သရဲစီးတာတို့ဆိုတာ ကြားပဲကြားဖူးတာ။ အလုပ်တစ်ဖက်နဲ့ဆိုတော့ လေ့လာချင်ပေမဲ့လည်း မလေ့လာအားဘူး။ အခုတော့ ကြုံတုန်း ခင်ဗျားကိုပဲ မေးကြည့်ထားမယ်။ အဲဒီကိစ္စတွေက ဘယ်လိုလူမျိုးတွေမှာ အဖြစ်များတာလဲ"

မေးသူဆရာနှစ်ယောက်အား ကြည့်ရင်း နားလည်မိပါသည်။ ကိုယ်သင်ကြားရာ ဘာသာရပ်တို့တွင် ထိပ်ဆုံးရောက်နေပေမယ့် မသိသည့်ပညာရပ်တစ်ခုကို တပည့်ခံမေးခြင်းသည် လူတော်တွေစောင့်ထိန်းသော ကျင့်ဝတ်တစ်ခုပင် မဟုတ်ပါလား။ ပြီးတော့ ဗဟုသုတစုံသည့်



ဆရာဦးစိုးဝင်းကိုလည်း ပိုလေးစားမိသည်။

"အဖြစ်များတာတော့ မိန်းကလေးတွေနဲ့ နတ်ဝင်သည်တွေမှာ အဖြစ်များတယ်"

ပြီးတော့ ဘာကြောင့်ဖြစ်တာလဲဟူသည့် မေးခွန်းကိုပါမမေးခင် ထပ်ရှင်းသည်။

"မြန်မာလူမျိုးတွေမှာ နတ်၊ တစ္ဆေ၊ သရဲလို့ခေါ်တဲ့ တမလွန်ဘုံသားတွေက တစ်ခါတစ်ရံမှာ လူတွေနဲ့ဆက်သွယ်နိုင်တယ်လို့ အယူရှိကြတယ်လေ။ ဆက်သွယ်လို့ရတဲ့ နည်းလမ်းအမျိုးမျိုးတွေထဲကမှ လူသုံးများတဲ့နည်းကတော့ လူကိုဝင်ပူးခြင်းနည်းပဲ။

ဆက်သွယ်ပေးတဲ့လူကတော့ နတ်ဝင်သည်တွေပေါ့။ တမလွန်လောကမှာ ကျင်လည်နေတဲ့ ဝိညာဉ်တစ်ခုက နတ်ဝင်သည်ကို မှီကပ်ပြီး နတ်မေးသူသိလိုရာကို ပြောပြတာပဲ။ ပြီးတော့ နတ်မေးသူသိလိုတဲ့ သေဆုံးပြီးသွားသူ ဝိညာဉ်နဲ့လည်း ဆက်သွယ်ပေးနိုင်တယ်။ ဥပမာ သေဆုံးပြီးသွားသူ အဖေရဲ့ဝိညာဉ်တို့၊ အမေရဲ့ဝိညာဉ်တို့ပေါ့"

ဆရာဦးစိုးဝင်းစကားဆုံးတော့ ကျန်ဆရာနှစ်ယောက်မှာ ခေါင်းညိတ်သည်။ နောက် . . .

"အဲဒါတွေက တို့မြန်မာနိုင်ငံမှာပဲ အယူရှိကြတာလား"

"မဟုတ်ဘူး။ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ လူသားအားလုံးရဲ့ အစဉ်အလာယုံကြည်ချက်ပဲ။ အနောက်နိုင်ငံတွေမှာဆို ပိုဆိုးတာပေါ့။ သမိုင်းပုံပြင်ရာဇဝင်ကျမ်းတွေမှာ အဲဒီယုံကြည်ချက်ကို ထောက်ပံ့တဲ့သာဓကတွေ အများကြီးပဲ"

ကျွန်တော် ဆရာဦးစိုးဝင်းကို လေးစားမိတာ အဲဒါတွေပါပဲ။ ဘက်စုံဗဟုသုတများသလို မေးခွန်းတိုင်း အေးဆေးစွာဖြေသွားပုံကလည်း သေသပ်သည်။ ပြီးတော့ စိတ်ပညာ အဓိကယူထားသူလည်း ဖြစ်သည်။

"ဒါပေမဲ့ တစ်ခုကိုစိုးဝင်း။ နတ်ဝင်သည်တွေမှ ဓာတ်စီးတာတို့၊ အပမှီတာတို့ လုပ်လို့ရတာလား"



www.burmeseclassic.com

www.burmeseclassic.com

“မဟုတ်ဘူး”

ခဏငြိမ်သွား၏။ ပြောရမည့်စကားကို စဉ်းစားသွားသည်ထင်သည်။

“တမလွန်ဘုံသားဝိညာဉ်နဲ့ နတ်မေးသူရဲ့ကြားမှာတော့ နတ်ဝင်သည်က ကြားခံပေါ့။ နတ်မေးသူသိလိုသမျှကို နတ်ဝင်သည်က ဓာတ်စီးပြီး ဖြေပေးတာ။ အဲဒါ နတ်ဝင်သည်ကတစ်ဆင့် တမလွန်ဘုံသားဝိညာဉ်ကို ဆက်သွယ်တာ တမလွန်ဘုံသားဝိညာဉ်ကမှစပြီး ဆက်သွယ်တာတွေလည်းရှိတယ်”

သုံးယောက်သား ခေါင်းထောင်မိသွားကြ၏။ လက်ရှိဖြစ်ပျက်ရေးမှုနှင့် တိုက်ဆိုင်သွားပါပြီ။

“ဘယ်လိုအခြေအနေမျိုးမှာလဲ ဆရာ”

ကျွန်တော့်အမေးစကားသံ ဆုံးသွားတော့ . . .

“တမလွန်ဝိညာဉ်က တစ်စုံတစ်ယောက်အတွက်၊ ဒါမှမဟုတ် အများအတွက် တစ်ခုခုပြောချင်တဲ့အချိန်မှာ . . . ”

အကုန်လုံး အံ့အားသင့်မိသွားကြသည်။ မျက်လုံးတွေထဲမှာလည်း ဂျပန်လက်ရေးဖြင့် အတိပြီးသော စာရွက်ကို ပြေးမြင်သွားမိကြ၏။ ဘာကိုပြောချင်တာလဲ။

ထိုစဉ်မှာပင် ဆရာတစ်ယောက်၏ မေးခွန်းတစ်ခုကို ကြားရသည်။

“တမလွန်ဘုံသားကဆက်သွယ်လို့ အပမီတာတို့၊ ဓာတ်စီးတာတို့၊ သရဲစီးတာတို့က လူတိုင်းမှာ ဖြစ်တတ်သလား။ ဆိုလိုတာက လူတိုင်းကို ဝင်ပူးလို့ရလား”

“လူတိုင်းတော့ မဟုတ်ဘူး။ မိန်းကလေးတွေမှာ ပိုအဖြစ်များတယ်”

“ဘာဖြစ်လို့လဲ”

“မိန်းကလေးတွေက ယောကျ်ားလေးတွေနဲ့စာရင် လိပ်ပြာအိမ်



ပိုငယ်လို့”

အတန်ကြာ တိတ်ဆိတ်သွားပါ၏။ အခန်းထဲတွင် အသက်ရှူသံသာ အကျယ်လောင်ဆုံးအဖြစ် ကြားရတော့သည်။ အခန်းနံရံမှ နာရီသံတစ်ချက်ချက်ကလည်း တိတ်ဆိတ်မှုနယ်ပယ်မှာ မင်းမူနေသည်။ ဒီလိုနှင့် ခဏတာကြာသွားပြီးချိန် . . .

“နောက်ဆုံးတစ်ခုပေါ့ . . . ကိုစိုးဝင်းရာ။ မိန်းကလေးတွေက ယောကျ်ားလေးတွေနဲ့စာရင် လိပ်ပြာအိမ်ပိုငယ်ကြတယ်။ ဒါပေမဲ့ အခန်းထဲမှာ မိန်းကလေးမြောက်များစွာထဲကမှ ဘာကြောင့် သဲဆုနွေးမှာ ရွေးဖြစ်တာလဲ”

ဆရာက ကျွန်တော့်ကို လှမ်းကြည့်သည်။ သဘောပေါက်ပါသည်။ ဆရာဘာကို ဆိုလိုတယ်ဆိုတာ။

“အဲဒီမေးခွန်းကို ကျွန်တော် မဖြေတော့ဘူး။ ကျွန်တော့်တပည့်ကိုပဲ ဖြေခိုင်းတော့မယ်။ သက်တံ့ . . . ”

ဆရာ့ခေါ်သံအဆုံးမှာ ကျွန်တော် မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။ ပြီးတော့ မေးသူဆရာနှစ်ယောက်ကို ဦးညွှတ်အရိုအသေပြုကာ . . .

“ကျွန်တော့်ယူဆချက်ကတော့ သေဆုံးပြီးသွားသူ တမလွန်ဘုံသားရဲ့စိတ်ဝိညာဉ်နဲ့ သဲဆုနွေးရဲ့ လက်ရှိစိတ် တစ်နည်းနည်းနဲ့ ပတ်သက်နေမယ်ထင်တယ်”

အံ့သြသလို အကြည့်တချို့ ကျွန်တော့်ထံ ရောက်လာသည်။ စိတ်ထဲမှပဲ ပြုံးဖြစ်မိလိုက်သည်။

“အဟင်း . . . ဒီလိုပါပဲ”

ကျွန်တော်လည်း လူညံ့တစ်ယောက်မှမဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com

# XIII

အခန်းထဲမှထွက်ထွက်ချင်းပင် အရာအားလုံးက မထင်ရလောက်အောင် မီဒီယာကောင်းသွားသည်ကို သိရသည်။

"C-2 ဆောင်မှာ သရဲဝင်စီးလို့တဲ့"

"ဟင် . . . ဟုတ်လို့လား"

"ဟုတ်တယ် . . . မျက်မြင်တွေ့လိုက်ရတဲ့လူတွေ ကိုယ်တိုင်ပြောတာ"

"ဘုရား . . . ဘုရား . . . "

"ဘယ် . . . ဘယ်ကိုဝင်စီးတာတဲ့လဲ"

"ကျောင်းသူတစ်ယောက်ကို ဝင်ပူးပြီးပြတာတဲ့"

"ဟယ် . . . အဲဒါဆို ကြောက်စရာကြီးနေမှာပေါ့။ ဘယ်သူ့ကို ဝင်ပူးတာလဲ။ နာမည် ဘယ်သူလဲ"



"သဲဆုနွေးတဲ့"

အရှေ့ဆီမှ လျှောက်သွားသူမိန်းကလေးတစ်တစ်အုပ် ပြောသွားသည့်စကားတွေပါ။ ခဏချင်းပင် ပျံ့နှံ့လွယ်လွန်းသော သတင်းစကားကိုလည်း အံ့သြမိသည်။

ကျွန်တော် ခပ်မြန်မြန်ပင် ထိုအုပ်စုကို ကျော်တက်လိုက်ပါ၏။ နောက်လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်လိုက်တော့ . . .

"အဆောင်မှာနေတယ်လို့ ပြောတာပဲကွ"

"ဟုတ်လား . . . ဘယ်လိုစဖြစ်တာလဲ"

"သူတို့ပြောတာတော့ Essay ဖြေနေရင်းနဲ့ အချိန်စေ့ခါနီးမှ ထဖြစ်တာတဲ့။ ဝုန်းခနဲ မတ်တတ်ထရပ်ပြီး လူသေကောင်လို တောင့်တောင့်ကြီးနဲ့ စကားတွေထပြောတာတဲ့။ ပြောတဲ့စကားတွေကိုလည်း ဘယ်သူမှ နားမလည်ကြဘူးတဲ့။ မျက်လုံးနှစ်လုံးကလည်း ကျွတ်ထွက်မတတ်ပြူးနေတယ်ဆိုပဲ"

နားထောင်နေသူမှာ အနည်းငယ် သဲသယဝင်သွားသလို မျက်မှောင်ကျုံ့ရင်း . . .

"ဟုတ်ရော ဟုတ်လို့လားကွာ"

"ဟုတ်တယ်ကွ။ ဝိုင်းဆွဲတာ တစ်ယောက်တည်းမနိုင်လို့ ဇော်ထိုက်ပါဝင်ဆွဲရတယ် ပြောတယ်"

သူတို့ပြောနေသည့် ဇော်ထိုက်ကို ကျွန်တော်မသိပါ။ ကျွန်တော်မှတ်မိသည်တော့ သဲဆုနွေးသူငယ်ချင်းနှစ်ယောက်နှင့် Roll နံပါတ်ကပ်လျက်ဖြစ်သူ အောင်ရဲထွန်းသာပါသည်။ ထိုစဉ်မှာပင် နားထောင်နေသူက . . .

"မင်းပြောတော့ လူသေကောင်လို တောင့်တောင့်ကြီးရပ်ပြီး စကားတွေထပြောတာဆို။ တောင့်တောင့်ကြီးရပ်နေတာကို လူတွေအများကြီး ဝိုင်းဆွဲစရာလိုလို့လား"

ထိုစကားကြောင့် ပြောသူမှာ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ . . .

"ဇော်ထိုက်ပြောတာပဲကွ။ သူပါဝင်ထိန်းပေးရသေးတယ်တဲ့။ တောင့်တောင့်ကြီးရပ်နေပေမဲ့ သတိပြန်ရအောင် ဝိုင်းကူပေးကြတာ နေမှာပေါ့"

ကျွန်တော် စုတ်တစ်ချက်သပ်ရင်း ခေါင်းယမ်းမိသည်။ အဲဒါပါပဲ စကားဆိုတဲ့အတိုင်း 'စ' ကတည်းက 'ကား' ရုံတင်မဟုတ်ပါဘူး။ တစ်ခါတစ်ရံမှာ 'မစ' ခင်ကတည်းကကို 'ကား' နေတတ်ပါတယ်။

ဒါပေမဲ့ တစ်နေရာအရောက်မှာတော့ လုံးပကို ကြေကွဲစရာကောင်းသည့် အတင်းအဖျင်းစကားအချို့ကို ကြားလိုက်ရသည်။

"ကောင်မလေးက စာတော်တယ်တဲ့။ အဲဒါကို သူနဲ့ Roll နံပတ်တူတဲ့သူက Essay မဖြေနိုင်အောင် မကောင်းတဲ့ပညာနဲ့ လုပ်လိုက်တာဆိုပဲ"

"ဟာ . . . တော်တော်ယုတ်ညံ့တဲ့စိတ်ဓာတ်ပဲ"

ကျွန်တော် လုံးဝကို ကြေကွဲသွားရပါသည်။ လူဆိုသည့်သတ္တဝါတွေအကြောင်းကိုလည်း တော်တော်သိလိုက်သည်။ ဘုမသိဘမသိဖြင့် ကျွန်တော်ပင် လူယုတ်မာလုံးလုံး ဖြစ်သွားရပါ၏။ တစ်ခုခုတုံ့ပြန်ဖို့ စဉ်းစားမိသော်လည်း မလုပ်ဖြစ်လိုက်ပါ။

ဘယ်သူတွေ ဘယ်လိုထင်ထင် ကိုယ့်ဘက်က ဖြူစင်ဖို့လိုသည်ပဲလေ။ စိတ်ညစ်ညစ်နဲ့ပင် ဆက်လျှောက်လာခဲ့မိပါ၏။

"သက်တံ့ . . . ခဏ . . . ခဏ . . . "

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အမြေးတစ်ပိုင်းဖြင့်လာနေသူကျော်စိုး။ မေးစရာမလိုပါ။ ကျော်စိုးပုံစံကိုကြည့်၍ပင် ဘာအတွက်လာနေသည်ဆိုတာ သိလိုက်သည်။ ထင်သည့်အတိုင်းပင် . . .

"C-2 ဆောင်မှာ Essay ဖြေနေရင်းနဲ့ သဲဆုန္နေးကို သရဲဝင်စီးလို့ဆို။ ဟုတ်လား"

ဘယ်သူပြောလဲဟု ပြန်မေးမည်ပြင်ပြီးမှ စိတ်လျှော့လိုက်သည်။



ဘူးအပေါ်က်တစ်ရာသာ ပိတ်လို့ရမည်ပဲ။ ဒီလောက် ပျံ့နှံ့နေသည့်သတင်းကို ကျော်စိုးလည်း ဟုတ်တာရော၊ မဟုတ်တာရော ကြားပြီးရောပေါ့။ ဒါပေမဲ့ . . .

"အတိအကျတော့ ပြောလို့မရသေးပါဘူး။ ဒါပေမဲ့ အနီးစပ်ဆုံးပြောရရင်တော့ မင်းမေးတာနဲ့ တော်တော်နီးစပ်လိမ့်မယ်ထင်တာပဲ"

ပြောပြီး ကျွန်တော် လှည့်ထွက်ခဲ့ပါသည်။ ကျော်စိုးတော့ ဘယ်လိုကျန်ခဲ့မည်မသိ။ အချိန်ခဏလေးအတွင်းပင် သတင်းက တစ်ကျောင်းလုံးပျံ့နှံ့သွားသလို ကျွန်တော်လည်း အချိန်ခဏလေးအတွင်းပင် စိတ်ညစ်သွားရပါသည်။

ဒါပေမဲ့ တစ်နေရာအရောက်မှာတော့ ဂိတ်ဆုံးမှတ်တိုင်အော်သံကို ကြားလိုက်ရ၏။

"ဟေ့ကောင် . . . ငါတို့ဒီမှာ"

ဇေသူတို့နှစ်ယောက်က လက်ဖက်ရည်ဆိုင်တွင်းမှ ကျွန်တော့်ကို လက်ပြခေါ်နေသည်။ ဝမ်းသာစိတ် နည်းနည်းနဲ့ပင် ဝင်သွားလိုက်ပါသည်။ လမ်းတစ်လျှောက်မှ ထင်တိုင်းကြဲနေသည့် စကားလုံးတွေနှင့်ဝေးပေတော့မည်။ လက်ဖက်ရည်ဆိုင်အတွင်းမှာတော့ မပြောတတ်။ ဒါပေမဲ့ လူသိပ်မရှိသည်မို့ အဆင်ပြေနိုင်ပါသည်။ ရောက်လျှင်ရောက်ချင်း ဇေသူအား ကျွန်တော်သိလိုသမျှ မေးလိုက်သည်။

"ဘယ်တုန်းက ပြန်လာတာလဲ"

"ခုနလေးတင်ပဲ"

အဓိပ္ပာယ်ပါပါကြည့်မိတော့ ဇေသူက ဆက်ရှင်းသည်။

"အားလုံး အေးဆေးသွားပါပြီ။ ပုံမှန်ဖြစ်သွားပြီ။ ငါတို့မလိုအပ်တော့ဘူးထင်လို့။ ပြန်လာတာ"

"ဘာလုပ်နေလဲ"

"ငါတို့ပြန်လာခါနီးအထိတော့ တရှုပ်ရှုပ်ငိုနေတာပဲ"

စိုးရိမ်သလိုဖြစ်သွားသော ကျွန်တော့်ပုံစံအားကြည့်၍ နေပင်းက



www.burmeseclassic.com

www.burmeseclassic.com

လက်ကာပြသည်။

"မိန်းကလေးလည်း မိန်းကလေး၊ အားကိုးရမယ့်သူလည်းမရှိတော့ ဝမ်းနည်းတာနဲ့ကြောက်တာ ပေါင်းပြီး ငိုတာဖြစ်မှာပေါ့"

နေလင်းစကားက နှလုံးသားအား မြေတူးစက်ဖြင့် ထိုးကော်လိုက်သလို တဖျစ်ဖျစ် ပွန်းပဲ့ကုတ်ခြစ်ကာ ပါသွားသည်။ ဟုတ်မှာပေါ့။ သူငယ်ချင်းတွေကလွဲပြီး သူမမှာ အားကိုးစရာမရှိသည်ပဲ။

"သူ့မိဘတွေကို အကြောင်းကြားသေးလား"

"သူ့အစ်ကိုကိုတော့ အကြောင်းကြားထားတယ် ပြောတာပဲ"

ကျွန်တော် သက်ပြင်းပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

"မင်းကိုလည်း မေးနေသေးတယ်"

ပြောသူနေလင်းကို လှမ်းကြည့်လိုက်တော့ . . .

"ကျေးဇူးတင်စကား ပြောမလို့နဲ့တူတယ်"

ကျွန်တော် စကားပြန်မဆိုမိပါချေ။

ဖြေးအေးလေးတွဲ့စွာနဲ့ပင် ထရပ်လိုက်၏။ ဖေသူနှင့်နေလင်းကတော့ ကျွန်တော့်အား ကြောင်တောင်တောင် ဝိုင်းကြည့်နေမှာ သေချာသည်။ ပြီးတော့ သဲဆုနွေးဆီသို့လည်း သွားလိမ့်မည်ဟု ထင်မှာအမှန်ပင်။

ဒါပေမဲ့ ကျွန်တော် မသွားခဲ့ပါ။

အကြောင်းက . . .

မျက်ရည်မွေးသောမျက်ဝန်းတို့ကို ထိန်းချုပ်နိုင်အောင် ကြိုးစားရဦးမည်လေ။



## XIV

ဂျပန်စာဌာနကထွက်တော့ ညနေခြောက်နာရီထိုးနေပါပြီ။ ပတ်ဝန်းကျင်မှာ မည်သူမျှရှိမနေတော့။ ကျောင်းဝန်းကြီးတစ်ခုလုံးက မထင်ရလောက်အောင် တိတ်ဆိတ်နေပေပြီ။

လက်ထဲမှာ စာရွက်တစ်ရွက်ကို ကိုင်ရင်း ကျွန်တော် ခပ်သွက်သွက်လှမ်းနေမိသည်။ စာလုံးတွေက ရေးကျလွန်းသည်မို့ ဌာနအကြီးအကဲပင် တော်တော်ကြိုးစားလိုက်ရ၏။ အဓိပ္ပာယ်ဖော်ပြီးသော စာရွက်ကို ဖတ်လိုက်ရပြီးချိန်မှာတော့ . . .

ကျွန်တော်တုန်လှုပ်သွားသည်ဆိုတာထက် စိတ်ဝင်စားမှုပိုသွားတာပါ။ စာရွက်ထဲမှ စကားလုံးတွေက တစ်စုံတစ်ရာကို တိတိကျကျ ရည်ညွှန်းနေသည်။ ကျွန်တော် ခပ်သွက်သွက်ပင် ဆရာဦးစိုးဝင်းနေထိုင်ရာ အဆောင်ဆီသို့ ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားတော့ ဆရာက စကားတစ်ခုဖြင့် ဆီးကြိုသည်။

“ဘယ်လိုလဲ . . . အဆင်ပြေရဲ့လား”

ကျွန်တော် ပြန်မဖြေမိပါ။ ဒါပေမဲ့ ပျက်ယွင်းနေသော မျက်နှာနဲ့ပင် ဆရာ့လက်ထဲသို့ စာရွက်ကို ထိုးပေးလိုက်၏။ ကျွန်တော့်ပုံစံအား ကြည့်၍ ဆရာက . . .

“ကိစ္စက မသေးဘူးနဲ့တူတယ်”

ဟုဆိုကာ စာရွက်ကို ဆွဲယူကြည့်သည်။ ထိုအချိန်မှာတော့ ဆရာဦးစိုးဝင်း၏ မျက်နှာသည်က . . .

တမလွန်ဘုံသားနှင့် တိုက်ရိုက်တွေ့ထိသွားသလို . . .

ကြောက်မက်ဖွယ်တစ်စုံတစ်ရာနှင့် ပက်ပင်းတိုးသွားသလို . .

ပျက်ယွင်းနီမှောင်သွားပါတော့၏။

ခဏသာကြာပါသည်။ လက်ထဲမှစာရွက်အား ဖျတ်ခနဲခေါက်လိုက်ပြီး ဆရာက . . .

“လာ . . . သွားရအောင်”

“ဘယ်ကိုလဲဆရာ”

“ကျောင်းအုပ်ကြီး ဦးထွန်းလွင်ဆီကို”



# XV

ငါမသေသေးဘူး . . . မသေသေးဘူး။

အော်ခေါ်နေတယ်။ ငါ့အော်သံကို ဘယ်သူမှမကြားဘူး။

ကြောက်လိုက်တာ အမှောင်ထဲမှာ ငါတစ်ယောက်ထဲ။ ငါ့မျက်လုံးတွေကလည်း အမှောင်ကလွဲပြီး ဘာကိုမှမမြင်ရဘူး။

ငါ့ပတ်ပတ်လည်မှာ နံရံတွေနဲ့။ ငါ ဘယ်ကိုရောက်နေတာလဲ။ ကြမ်းပြင်ကို ထုရလွန်းလို့ ငါ့လက်တွေ နာကျင်နေပြီ။ ဒါပေမဲ့ ငါကြိုးစားပြီး ထုနေသေးတယ်။ အသံကို အပြင်ကကြားလိုကြားငြား။

ငါ အသံကုန်ဟစ်အော်လိုက်တယ်။ အသံက လည်ချောင်းဝမှာကပ်ပြီး အပြင်ကိုထွက်မလာဘူး။ လည်ချောင်းတွေကွဲပြီး စူးချွန်နဲ့အထိုးခံထားရသလို ခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုကယ်ပါ . . . ငါ့ကိုကယ်ကြပါ။

ရေတစ်ခွက်လောက် တိုက်ကြပါ။ ငါ့အာခေါင်တွေ ခြောက်ကပ်လွန်းလို့ တံတွေးတောင် မျိုချမရတော့ဘူး။

ပူနေတယ်။ ငါ့ရင်တွေ မတရားပူနေတယ်။

ဟာ . . . အသံကြီး . . . ဘာအသံကြီးလဲ။

ငါ့ကိုခေါ်နေတဲ့ အသံကြီးလား . . . မဟုတ်ပါဘူး။

နီးလာနေပြီ။ ငါ့နားကို တဖြည်းဖြည်း နီးလာနေပြီ။

မလာနဲ့ . . . မလာကြနဲ့။

သွားကြ . . . သွား။



# XVI

"ဗူး . . . "

ခွေးတစ်ကောင်က ဗူးဗူးဝါးဝါးထအူသည်။ ထိုခွေးမှစတင်ကာ နောက်ထပ်ရှိသမျှ ခွေးတွေအားလုံးက ပထမခွေးနီးတူ ကျက်သရေမဲ့စွာ လိုက်အူကြ၏။ ကျွန်တော် ကြက်သီးတစ်ချက် ဖျင်းခနဲသီးသွားပြီး ဆရာဦးစိုးဝင်းဆီကြည့်မိတော့ ကျွန်တော့်အားကြည့်နေသော အကြည့်တစ်ခုနှင့် ဆုံသည်။

ကျွန်တော်တို့ရှေ့မှာက စားပွဲတစ်လုံးနှင့် လူတစ်ယောက်။ တိတိကျကျပြောရပါက ကျောင်းအုပ်ကြီးဦးထွန်းလွင် သူ့ရှေ့စားပွဲပေါ်မှာက စာအုပ်အနီထူထူကြီးတစ်အုပ်ကို ဖြန့်ချကာ စာမျက်နှာတစ်ခုကို သဲကြီးမဲကြီး ဖတ်နေ၏။ ဘေးမှာက ကျွန်တော်တို့ယူလာသည့်စာရွက်ကို ဖြန့်ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစာအုပ်အနီကြီးကို ကျွန်တော်တို့မသိပါ။ ဒါပေမဲ့ စာအုပ်ထဲမှ စာမျက်နှာတစ်ခုနှင့် ဂျပန်ဘာသာပြန်စာရွက်အား တစ်လှည့်စီ ဖတ်နေသည်ကို ကြည့်ခြင်းအားဖြင့် ကိစ္စသည် ကျွန်တော်တို့ထင်ထားတာထက် ပိုကြီးလေးသွားပြီဖြစ်ကြောင်း မေးဖို့မလိုတော့။

ဖတ်နေစဉ် ဆရာကြီးမျက်နှာကလည်း စိတ်ဝင်စားမှုတို့ အမြင့်ဆုံးရောက်ကာ လုံးဝတည်ငြိမ်နေသည်။ သေချာပါပြီ။ စာအုပ်အနီကြီးနှင့် ထိုစာရွက်မှာ တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ ဆက်စပ်နေပေပြီ။ ကိုယ်ထင်ရာကိုယ်တွေးရင်း ဆရာကြီးကိုကြည့်လိုက်။ ရှေ့မှ စာအုပ်အနီကြီးနှင့် ဂျပန်ဘာသာပြန် စာရွက်ကိုကြည့်လိုက်။ ဘာလုပ်ရမှန်းမသိ တောင့်မတ်စွာ ထိုင်နေမိစဉ်မှာပဲ . . .

"ဟူး . . . "

ဆရာကြီးဆီမှ သက်ပြင်းချသံကို ကြားရသည်။ ပြီးတော့ မျက်မှန်ကိုချွတ်ကာ ကုလားထိုင်ကို ကျောမှီထိုင်ချလိုက်သည်ကို တွေ့ရ၏။ ကျွန်တော်တို့ကတော့ တိတ်ဆိတ်နှုတ်ပိတ်၍ နေကြဆဲ။

ခဏကြာသွားတော့ ဆရာကြီးက ကျွန်တော်တို့နှစ်ယောက်အား ကြည့်ကာ တစ်ခွန်းပြောသည်။

"ဒါဟာ . . . သာမန်ကိစ္စတစ်ရပ်မဟုတ်တော့ဘူး။ ကျောင်းသူတစ်ယောက်ကို အမှောင့်ပယောဂတစ်ခုဝင်စီးတယ်ဆိုတဲ့ ဖြစ်ရပ်ထက် အများကြီး ပိုနက်ရှိုင်းသွားပြီ"

ကျွန်တော်တို့နှစ်ယောက် ဆရာကြီးဆီ ပြိုင်တူကြည့်မိကြသည်။ ထိုစဉ်မှာပဲ ဆရာကြီးက ရှေ့မှ စာအုပ်ထူကြီးကို တစ်ချက်ကြည့်ကာ ..

"ဒီစာအုပ်က ဟောဒီကျောင်းကြီးကို အုပ်ချုပ်ခဲ့တဲ့ ကျောင်းအုပ်ကြီးတွေထဲကမှ ငါးယောက်မြောက် ကျောင်းအုပ်ကြီး ဒေါက်တာမှုဟိုင်းနဲ့ မှတ်တမ်းကြီးပဲ"

အထပ်ထပ်ကြည့်ပြီးသားဖြစ်သော်လည်း စာအုပ်ကြီးကို နောက်တစ်ကြိမ် ထပ်ကြည့်မိသည်။ ဆရာကြီး၏စကားသံက ထပ်ထွက်လာ



သည်။

"အတိအကျ ပြောလို့မရသေးပေမဲ့ မင်းတို့ယူလာတဲ့ စာရွက်ကိုဖတ်ပြီးချိန်မှာ ငါ ဆက်စပ်မှုတစ်ခုလိုလိုကို တွေ့သွားတယ်။ တပ်အပ်သေချာ ပြောလို့တော့မရဘူး။ ဒါပေမဲ့ နောက်ထပ်နည်းနည်းထပ်သိရင်တော့ ဒီထက်ပိုတိကျလိမ့်မယ်ထင်တာပဲ"

ကျွန်တော်တို့ နားမလည်ပါချေ။ ဤသည်ကိုလည်း ဆရာကြီးသဘောပေါက်ပုံရသည်။ ထို့ကြောင့် . . .

"မင်းတို့သဘောပေါက်အောင် ငါဒီစာအုပ်ကြီးထဲက ဒေါက်တာမှုဟိုင်းရေးထားတဲ့ မှတ်တမ်းတွေကို အကျဉ်းချုံ့ပြီးပြောပြမယ်"

ကျွန်တော်တို့ ခါးမတ်သွားပါသည်။ ထိုစဉ်မှာပဲ . . .

"တကယ်တော့ ဒေါက်တာမှုဟိုင်းဟာ ဒီကျောင်းကိုအုပ်ချုပ်သွားတဲ့ ကျောင်းအုပ်ကြီးတွေထဲကမှ အုပ်ချုပ်နှစ်အနည်းဆုံးနဲ့ ထူးထူးခြားခြား အဆုံးသတ်သွားရသူတစ်ယောက်ပဲ"

အုပ်ချုပ်နှစ်အနည်းဆုံးဆိုတာကို နားလည်သည်။ ဒါပေမဲ့ ထူးထူးခြားခြား အဆုံးသတ်သွားတယ်ဆိုတာ ဘာလဲ။

"ကျောင်းပြောင်းသွားတဲ့ ကျောင်းအုပ်တွေရှိသလို ဒီကျောင်းမှာပဲ ဝန်ထမ်းဘဝ ကုန်ဆုံးလိုက်ကြတဲ့သူတွေလည်း ရှိတယ်။ ဒါပေမဲ့ ဒေါက်တာမှုဟိုင်းက ကျောင်းလည်းပြောင်းမသွားဘူး၊ ဝန်ထမ်းဘဝလည်း ကုန်ဆုံးမသွားဘူး"

စကားကို ခဏနားသည်။ ပြီးတော့ . . .

"ဒီကျောင်းဝန်းထဲမှာတင် သေသွားတယ်"

"ဟင် . . . "

"ဗျာ . . . "

ကျွန်တော်နှင့် ဆရာဦးစိုးဝင်း အာမေဍိတ်သံကိုယ်စီ ထွက်သွားရသည်။ လုံးဝထင်မှတ်မထားသော စကားပါ။ ဆရာကြီးက . . .

"သူတစ်ယောက်တည်းလားဆိုတော့ မဟုတ်ဘူး။ တစ်မိသား



www.burmeseclassic.com

www.burmeseclassic.com

စုလုံး"

"ဗျာ . . . "

ကျွန်တော့်အသံတစ်ခုသာ ဟိန်းထွက်သွား၏။ ဆရာကတော့ ထိန်းချုပ်လိုက်နိုင်သည်ထင်သည်။

"ဟုတ်တယ်။ ငါလည်း တခြားမှတ်တမ်းတွေမှာ ဒီလိုထူးခြားမှုမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ဒီမှတ်တမ်းဖတ်ကြည့်တော့မှ အမှာစာနဲ့တင် စိတ်ဝင်စားသွားတာ။ ဒေါက်တာမူဟိုင်း သေသွားတဲ့အချိန်မှာ ဒီမှတ်တမ်းမပြီးသေးဘူး။ ကျန်တဲ့အပိုင်းတွေကို သူ့တပည့်တစ်ယောက်က ဆက်ရေးပေးသွားတာ။ အထဲကအကြောင်းအရာတွေ ဖတ်ကြည့်တော့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းသွားတယ်။ ယုံရခက်၊ မယုံရခက်နဲ့ ပဟေဠိလိုလို အကြောင်းအရာတွေ ပါလာတာကိုး"

ဆရာကြီး ဦးထွန်းလွင် ဆက်ပြောမည့်စကားကို ကျွန်တော်တို့ မျက်တောင်ပင်မခတ်ရဲအောင် အလေးအနက် နားစွင့်မိကြတော့၏။ ဆရာကြီးက စကားကို ခဏနားရင်း ရှေ့မှစာအုပ်ကြီးအား စားပွဲအလယ်သို့ ရောက်အောင် ရွှေ့သည်။ နောက် စာမျက်နှာတစ်ခုကို လက်ထောက်ပြရင်း . . .

"ဒါ ဒေါက်တာမူဟိုင်းရဲ့ပုံ"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူကြည့်မိကြသည်။

"ဒါ သူ့မိသားစုပုံ"

ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ကလေး ယောကျ်ားလေးတစ်ယောက်နှင့် သူ့ဇနီးတို့ တွဲရိုက်ထားသောပုံပါ။ မိသားစုသုံးယောက်။

"ဒါ သူတို့နေတဲ့အိမ်၊

ဒါက သူ့သားလေး စာဖတ်ခန်း၊

ဒါကတော့ သူတို့သားလေး စန္ဒယားတီးပြီး သီချင်းဆိုနေတဲ့ပုံ၊

ဒါက ဒေါက်တာမူဟိုင်းကိုယ်တိုင် သူ့သားလေးကို စာသင်ပေးနေတာကို ရိုက်ထားတာ"



ပုံတွေ့အားကြည့်ရင်းနှင့် မိသားစု၏ ပျော်ရွှင်ချမ်းမြေ့သောရသလိုလိုကို ခံစားရမိသည်။ တစ်ဦးတည်းသာရှိသော သားလေးအား တော်တော်ချစ်ကြသည်ထင်ပါ၏။

"သားလေးနာမည်ကို အောက်မှာ ရေးထားတယ်။ (ciko)စီကိုတဲ့"

ဘတ်စကက်ဘောကစားနေသည့် ဓာတ်ပုံအောက်မှ နာမည်တစ်ခုအား ညွှန်ပြရင်းပြောတော့ . . .

ကျွန်တော်တို့ လိုက်လံရေရွတ်မိသည်။

"စီကို . . . "

"အကြောင်းအားလုံးရဲ့ စတင်ရာကတော့ အဲဒီစီကိုဆိုတဲ့ ကလေးလေးပဲ"

ဆရာဦးထွန်းလွင်စကားက ပြောနေရင်းနဲ့ အဖျားပိုင်းတွင် အနည်းငယ်တုန်ရီသွားသယောင် ထင်ရသည်။ သံသယနှင့်ပတ်သက်မှုကို ယခုထိ ဆက်စပ်မရသေးပေမဲ့ ဒေါက်တာမူဟိုင်း၏ မိသားစုအကြောင်းကပင် စိတ်ဝင်စားဖို့ကောင်းနေသည်။ ထိုခဏ . . .

"စီကိုဆိုတဲ့ကလေးလေးက သာမန်ကလေးလေးတစ်ယောက်တော့မဟုတ်ဘူး။ ပါရမီရှင်လို့ပြောရမှာထက် စိတ်နယ်လွန် လောကပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်နိုင်တယ်လို့ ဆိုရမှာပဲ"

ကြောင်တောင်တောင်ဖြင့် မော့ကြည့်သော ကျွန်တော့်အား ဆရာကြီးက . . .

"လူတစ်ယောက်ဟာ သဘာဝဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်မယ့် ရက်၊ လ၊ နှစ် အတိအကျကို မဖြစ်ခင် ကြိုတင်ဟောကိန်းထုတ်နိုင်တယ်ဆိုရင် မင်းလက်ခံမလား"

ကျွန်တော် ချက်ချင်း ခေါင်းညိတ်လိုက်ပါ၏။

"လက်ခံပါတယ်"

"ဘယ်လိုလူမျိုးတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှေးတုန်းကတော့ ပုဏ္ဏားတွေ၊ နက္ခတ်ပညာရှင်တွေနဲ့ အကြား အမြင်ရပုဂ္ဂိုလ်တွေ။ အခုခေတ်မှာတော့ သိပ္ပံပညာရှင်တွေပေါ့"

ဦးထွန်းလွင် ခေါင်းညိတ်ပါသည်။

"ဥပမာ စီကိုဆိုတဲ့ကလေးလေးက အဲလိုကြိုတင်ဟောကိန်း ထုတ်နိုင်တယ်ဆိုပါစို့။ မင်းလက်ခံမလား"

ကျွန်တော် မျက်လုံးပြူးသွားရပါသည်။ ဆရာကြီးမေးသည်က ဘယ်လိုမှမဖြစ်နိုင်သော ကိစ္စတစ်ခုပါ။ ဒါပေမဲ့ . . .

"သာမန်ကလေးလေးတစ်ယောက် မဟုတ်ဘူးဆိုတာ အဲဒါကို ပြောတာလား"

ဆရာဦးစိုးဝင်းက မေးလိုက်တော့ . . .

"အမှန်ပဲ။ စီကိုဆိုတဲ့ကလေးက (၇)နှစ်သာသာပဲရှိသေးတယ်။ ဒါပေမဲ့ အဲဒီအသက်အရွယ်အတွင်းမှာ သဘာဝအန္တရာယ်ဆိုးသုံးခုကို ကြိုတင်ဟောကိန်းထုတ်သွားတယ်"

"ဟင် . . ."

"ဗျာ . . ."

ဆရာကြီးဦးထွန်းလွင်ကတော့ အေးဆေးပါပင်။ သူက မှတ်တမ်းဖတ်နေချိန်ကတည်းက အံ့သြပြီးသွားခဲ့သည်ကိုး။

"ဒီအရွယ်လေးနဲ့ ဟောကိန်းထုတ်နိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒါပေမဲ့ မှတ်တမ်းထဲမှာ ဒေါက်တာမှူးဟိုင်းကိုယ်တိုင် သေချာရေးထားတယ်။ ရော့ . . . မင်းတို့ဒီစာပိုဒ်ကို ဖတ်ကြည့်လိုက်"

ကျွန်တော်တို့နှစ်ဦးရှေ့သို့ စာအုပ်နီကြီးအား ထိုးပေးသည် ကြောင့် အင်္ဂလိပ်လိုရေးထားသည့် ညွှန်ပြသော စာပိုဒ်အား ဖတ်ကြည့် လိုက်သည်။

ထိုစာပိုဒ်က အောက်ပါအတိုင်းပါ။

"ကျွန်တော် အိပ်နေရင်းနဲ့ သန်းခေါင်ကျော်မှာ ကျွန်တော့်သားအခန်းထဲက စန္ဒယားတီးသံကို ကြားလိုက်ရ



တယ်။ တစ်အောင့်ကြာတော့ သီချင်းဆိုသံပါ တွဲထွက်လာ တယ်။ ကျွန်တော် မကြားဖူးပါဘူး။ သူဆိုနေတဲ့သီချင်းကို ဘာ သီချင်းမှန်း ကျွန်တော်မကြားဖူးဘူး။ တော်တော်နားထောင်လို့ ကောင်းတယ်။ သူ့အသက်အရွယ်နဲ့ ဘယ်လိုမှ မလိုက်ဖက် အောင်ပါပဲ။

နားထောင်နေရင်းနဲ့ တော်တော်ကြာတော့ စန္ဒယားသံ ပျောက်သွားတယ်။ သီချင်းဆိုသံချည်းပဲ ဆက်ကြားရတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော် စိုးရိမ်စိတ်ဝင်လာပါတယ်။ ဟုတ် တယ်လေ . . . သီချင်းဆိုနေတာ ကိုယ့်သားလို့တောင် မထင်ရဲ တော့ဘူး။ အခြားတစ်ယောက် ဝင်ဆိုပေးသလားအောက်မေ့ရ အောင် ကောင်းနေတယ်။

ဒါနဲ့ အိပ်ရာထဲကထပြီး ကျွန်တော့်သားအခန်းဆီ သွား ကြည့်လိုက်တယ်။ တံခါးပိတ်မထားပါဘူး။ ကျွန်တော် အသာ တွန်းပြီးကြည့်လိုက်တော့ . . .

ဟုတ်ပါတယ်။ ကျွန်တော့်သားမှ ကျွန်တော့်သားဆိုနေ တာပါ။ ပြီးတော့ သူ့လက်က တစ်ခုခုကိုရေးနေတယ်။ ဘာတွေ ရေးနေမှန်းတော့ မသိပါဘူး။ ပြန်မသွားဘဲ ကျွန်တော်ရပ်ကြည့် နေတုန်း ခဏပါပဲ သီချင်းဆိုသံရပ်သွားတယ်။ လက်ကရေးနေ တာကိုလည်း ရပ်လိုက်တာ တွေ့ရတယ်။

ပြီးတော့ သူ ခုတင်ပေါ်တက်ပြီး အိပ်သွားပါတယ်။ သူ အိပ်ပျော်သွားချိန်ထိ ကျွန်တော် အခန်းဝမှာ ရပ်စောင့်နေလိုက် တယ်။ မကြာပါဘူး။ ကျွန်တော် အနားသွားကြည့်လိုက်တော့ အိပ်သွားပါပြီ။

ဒီတော့မှ စန္ဒယားခုံပေါ်က ခုနရေးထားတဲ့စာရွက်ကို ယူကြည့်လိုက်တော့ သင်္ချာဂဏန်းတချို့နဲ့ နိုင်ငံတစ်နိုင်ငံ နာမည်ကို ပေါင်းရေးထားတာပါ။ နောက်ပြီး စကားလုံးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

လည်း ပါသေးတယ်။ ဘာအဓိပ္ပာယ်မှန်းမသိပါဘူး။ ဒါနဲ့ ကျွန်တော်လည်း အဲဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ပစ်ထားလိုက်ပါတယ်။

နောက်သုံးရက်ကြာမှ သိလိုက်တယ်။ ဂဇာန်းသချ်ာတွေက ခုနှစ်၊ လ၊ ရက်ဖြစ်ပြီး နိုင်ငံနာမည်နဲ့ စကားလုံးကတော့ အဲဒီနိုင်ငံမှာ ရေလွှမ်းမိုးမယ်ဆိုတဲ့ ဟောကိန်း (Flood) လို့ ရေးထားတာပါ။

အတိအကျပါပဲ။ ကျွန်တော် အဓိပ္ပာယ်ဖော်တတ်တဲ့ အချိန်မှာပဲ အဲဒီနိုင်ငံက လူပေါင်းများစွာဟာ ရေလွှမ်းမိုးမှုကြောင့် အတိဒုက္ခ ရောက်ပြီးနေပါပြီ။

ကျွန်တော့်သားကို မေးကြည့်တော့ သူ အဲဒီကိစ္စတွေ ဘာမှမသိဘူးလို့ ဆိုပါတယ်။

စာအုပ်မှ မျက်လုံးခွာလိုက်တော့ ဆရာကြီးဦးထွန်းလွင်၏ အကြည့်တစ်ခုနဲ့ ဆုံသည်။ စိတ်ဝင်စားဖွယ်ကောင်းလောက်သော အကြောင်းအရာတွေပင် မဟုတ်ပါလား။ ဆရာကြီးက . . .

"ဒေါက်တာမူဟိုင်းရဲ့ ရေးထားချက်ကို သုံးသပ်ကြည့်ရသလောက်တော့ စီကိုဆိုတဲ့ကလေးလေးက စိတ်နယ်လွန်လောကပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်နိုင်တယ်ဆိုတဲ့အချက်ကို သွားတွေ့ရတယ်။ သူ့အသက်အရွယ်နဲ့ နက္ခတ်ဗေဒပညာရပ်တွေကို လေ့လာတတ်မြောက်ပြီး အခုလို အတိအကျဟောကိန်းထုတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

နောက်ပြီးတော့ တစ်ခါတည်းမဟုတ်ဘူးနော်။ သဘာဝဘေးအန္တရာယ်ဆိုး နောက်နှစ်ခုကိုပါ ပထမအတိုင်းပဲ ဟောကိန်းထုတ်သွားခဲ့တာ။ အဲဒီထဲမှာ တို့မြန်မာနိုင်ငံမှာ ၁၉၇၅ ခုနှစ်က လှုပ်သွားတဲ့ ပုဂံငလျင်ဦးငလျင်ပါပါတယ်။ အဲဒါကတော့ သူတို့ဆုံးပြီးလို့ နှစ်တော်တော်ကြာမှ မှန်သွားခဲ့တာပေါ့"

"ဟုတ်လား . . . "



ကျွန်တော်က အံ့တသြမေးမိတော့ ဆရာကြီးက ခေါင်းညိတ်သည်။

"ဒါပေမဲ့ ညတစ်ညမှာ စီကိုဆိုတဲ့ကလေးလေးဟာ အိမ်ကပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်"

"ဟင် . . . "

"သူ့အခန်း၊ အိပ်ရာ၊ အသုံးအဆောင်အားလုံး ပုံစံမပျက်ဘဲကို လူက ဘယ်ရောက်သွားမှန်းမသိတာ။ ရှာလို့လည်း မတွေ့တော့ဘူး။ အိမ်ကထွက်သွားတယ်ထင်ပြီး နေရာအနှံ့လိုက်ရှာကြတယ်။ ဒါပေမဲ့ အချည်းနှီးပါပဲ။ သူ့အမေဆို တော်တော်စိတ်ထိခိုက်သွားတာပေါ့။ အရူးတစ်ပိုင်းကို ဖြစ်သွားတာ။ သူ့သားကလည်း ဘယ်လိုမှရှာမတွေ့တော့ဘူး။ သိပ်မကြာပါဘူး သားစိတ်နဲ့ပဲ မစားနိုင်မအိပ်နိုင်ဖြစ်ပြီး ဆုံးသွားတယ်"

"ဟာ . . . "

ကျွန်တော် ဝမ်းပမ်းတနည်း ရေရွတ်မိသည်။ စုတ်တစ်ချက်လည်း သပ်မိသွား၏။

"တစ်ယောက်တည်းကျန်ခဲ့တဲ့ ဒေါက်တာမူဟိုင်းကလည်း ဇနီးစိတ်၊ သားစိတ်နဲ့ မူမှန်မဟုတ်တော့ဘဲ ကျန်းမာရေးထိခိုက်လာတယ်။ အနီးကပ် ပြုစုစောင့်ရှောက်ပေးမယ့်သူမရှိတော့ ပိုဆိုးတာပေါ့။ တပည့်တွေရှိပေမယ့်လည်း လက်မခံဘူး။ ဒီလိုနဲ့ နောက်တစ်နှစ်ကျော်ကြာပြီးသွားချိန်မှာ ဒေါက်တာမူဟိုင်း ဆုံးသွားတယ်။ ဒါပေမဲ့ သာမန်သေဆုံးသွားပုံမျိုးနဲ့တော့မဟုတ်ဘူး။ သူတို့နေခဲ့တဲ့ အိမ်တစ်ခုလုံး မီးလောင်ပြီး မီးတွင်းထဲမှာတင် ဆုံးသွားတာ"

ကျွန်တော် ကြက်သီးတစ်ချက် နွေးခနဲဖြစ်သွားစဉ် . . .

"ဒီကျောင်းဝန်းထဲမှာပဲပေါ့"

ဆရာဦးစိုးဝင်းက သိချင်စိတ်ဖြင့်မေးသည်။

"ဟုတ်တယ် . . . ဒီကျောင်းဝန်းထဲမှာပဲ။ ဒါပေမဲ့ ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com

လဲဆိုတာတော့ ငါတို့တွေ သိမှာမဟုတ်တော့ဘူး။ နှစ်ပေါင်းငါးဆယ် ကျော်ကွာသွားပြီလေ။ အစားထိုးလာတဲ့ ကျောင်းဆောင်သစ်တွေထဲက တစ်နေရာရာတော့ ဖြစ်လိမ့်မယ်"

ကျွန်တော် စကားမပြောမိတော့ပါ။ ကျွန်တော်တို့ကျောင်းဝန်းကြီး၏ တစ်ချိန်ကဖြစ်ခဲ့သော အတိတ်ဇာတ်လမ်းထဲမှာ မျောပါသွားရသည်။ ထိုအချိန်မှာပဲ ပတ်ဝန်းကျင်တစ်ဝိုက်မှ ခွေးဟောင်သံတွေကို စူးစူးဝါးဝါး ကြားရတော့၏။ ယနေ့ညတွင် ခွေးတွေ ထူးထူးခြားခြားမူပျက်နေခြင်းဖြစ်သည်။

"မနက်ကဖြစ်သွားတဲ့ ကျောင်းသူနာမည်က ဘယ်သူ . . ."

"သဲဆုနွေး . . . "

ဆရာကြီးက ခေါင်းတစ်ချက်ညိတ်ကာ . . .

"သူရေးတဲ့စာကို မင်းတို့ ဘယ်လိုသဘောရလဲ။ ဒီမှတ်တမ်းထဲက အကြောင်းအရာတစ်ခုနဲ့ ဆက်စပ်နေတယ်လို့ မင်းတို့ထင်မိလား"

ကျွန်တော်နှင့် ဆရာဦးစိုးဝင်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်နားမလည်ပါ။ ဆရာကြီးဦးထွန်းလွင်ကပင် ဆက်၍ . . .

"သဲဆုနွေးရေးတဲ့စာထဲမှာ ဦးတည်ချက်တစ်ခုရှိတယ်။ အဲဒါကိုတော့ မင်းတို့တွေ့မှာပါ"

ဆရာဦးစိုးဝင်းငြိမ်ကာနေသည်။ ချိတ်ဆက်မှုတစ်ခုကို စဉ်းစားနေပုံရ၏။ အချိန်ခဏကြာတော့ . . .

"ဆရာကြီးဆိုလိုတာက သဲဆုနွေးရေးတဲ့စာကို စီကိုဆိုတဲ့ ကလေးလေးရဲ့ ခံစားမှုလို့ ဆိုချင်တာလား"

ဆရာကြီးက ဦးစိုးဝင်းကို သေချာကြည့်၏။ ဆိုလိုသော ရည်ရွယ်ချက်ကို ရောက်သွားသလိုမျိုး။

"အတိအကျတော့ ပြောလို့မရသေးပါဘူး။ တို့တွေ ဒီထက်နည်း



နည်းပိုသိရင်တော့ အသေအချာ ပြောနိုင်လိမ့်မယ်ထင်တာပဲ"

ထိုစကားတွေကြောင့် ကျွန်တော် စားပွဲပေါ်မှ စာရွက်ကို ယူကြည့်မိပါ၏။ ဆရာတွေ တွေးထင်သလိုပင် သဲဆုနွေးရေးတဲ့စာက ညတစ်ညတွင် ထူးထူးခြားခြား ပျောက်သွားခဲ့သော စီကိုဆိုသောကလေးလေး၏ ခံစားမှုလား၊ စာထဲမှာကတော့ လူတစ်ယောက် ဒုက္ခရောက်နေပုံ၊ ပိန်းပိတ်မှောင်နေသော အခန်းထဲမှာ ပိတ်မိနေပုံတွေကို အတိအကျ ဖော်ကျူးထားသည်။

စီကိုဆိုတဲ့ကလေးလေးက တွေးထင်မိသလိုပင် ပျောက်သွားတာမဟုတ်ဘဲ တစ်စုံတစ်ရာပယောဂကြောင့် အခန်းတစ်ခုထဲမှာ ပိတ်မိသွားတာလား။ ဒါဆို သဲဆုနွေးကိုယ်ထဲကို ခဏဝင်ရောက်လာသည့် ပုဂ္ဂိုလ်က ဘယ်သူဖြစ်မလဲ။

ကျွန်တော် အတွေးတို့ဖြင့် စီးမျောသွားစဉ်မှာပဲ . . .

"သူတို့မှာလည်း သူတွေလိုပဲကွ။ ကောင်းတဲ့ပုဂ္ဂိုလ်နဲ့ မကောင်းတဲ့ပုဂ္ဂိုလ်ဆိုပြီးတော့ ရှိလို့မိမယ်။ စီကိုဆိုတဲ့ကောင်လေးကိုပဲကြည့်။ သူရေးတဲ့စာတွေက လူသားတွေ ဘေးဒုက္ခအန္တရာယ်ကြုံရမယ့်အရေးကို ကြိုသတိပေးထားတာ။ ကြိုပြီးပြင်ဆင်လို့ရအောင်၊ ရှောင်တိမ်းလို့ရအောင် အကျိုးပြုထားတာပဲ။ အခု သဲဆုနွေးရေးတဲ့စာတွေကိုတော့ ဘာလို့ သေချာ မပြောနိုင်သေးဘူး"

ထိုစဉ်မှာပင် တစ်ချိန်လုံး ဆူဆူညံညံထိုးဟောင်နေကြသော ခွေးအော်သံတို့ အနည်းငယ် တိုးတိတ်သွားကြောင်း သတိပြုမိသည်။ လေပြင်းပြင်းတိုက်ခတ်မှုကြောင့် အပြင်မှ သစ်ရွက်လှုပ်သံတို့ကို ကြားရ၏။

"တူတော့မတူဘူးနော်။ စီကိုကျတော့ ညင်ညင်သာသာလေး။ သဲဆုနွေးက နည်းနည်းကြမ်းသလိုပဲ"

ကျွန်တော့်စကားအား ဆရာကြီးဦးထွန်းလွင်က . . .

"ဟုတ်တယ် . . . ။ အဲဒီတစ်ခုတော့ ကွဲတယ်။ စီကိုက သီချင်းလေးတစ်ပုဒ်နဲ့တင်ပြီးသွားတာ။ အဲဒီသီချင်းကိုတော့ မှတ်တမ်းမှာ ဖော်



www.burmeseclassic.com

www.burmeseclassic.com

ပြမထားဘူး"

ထိုစဉ်မှာပဲ အခန်းပြတင်းတံခါးတစ်ခုက တစ်ယောက်ယောက် တွန်းဖွင့်လိုက်သလို ဝုန်းခနဲမြည်ကာ ပွင့်သွားသည်။ သုံးယောက်သား တအံ့တဩဖြင့် ထိုပြတင်းပေါက်ဆီ ကြည့်မိလိုက်ကြတော့ . . .

"ဟင် . . . "

"သီချင်းသံ . . . "

ဝေ့ခနဲဝင်လာသော လေထုထဲမှ သီချင်းသံတစ်သံက မပီမသ ပါလာလေသည်။

"ဟုတ်တယ် . . . ကလေးလေးတစ်ယောက်ဆိုနေတဲ့ အင်္ဂလိပ် သီချင်းသံတစ်သံပဲ"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားပါ တော့သည်။ ဆတ်ကနဲပင် ထိုင်နေရာမှထကာ ကျွန်တော် ပြတင်းတံခါး ဆီ ပြေးကြည့်လိုက်တော့ . . .

ဟုတ်လေသည်။ သီချင်းသံလေးတစ်သံက ကျွန်တော်တို့ ကျောင်းဝန်းထဲမှာ ကြားသည်ဆိုရုံလောက်လေး ပျံ့လွင့်နေသည်။ ဘယ် နေရာဆီက ပျံ့လွင့်လာတာလဲ။ ကျွန်တော် အကြားအာရုံကောင်းဦးမည် ဆိုလျှင်တော့ ခွဲခြားလိုက်နိုင်မှာပါ။ ထိုသီချင်းသံ ထွက်ပေါ်လာရာနေရာ သည် C-2 ဆောင်တစ်ဝိုက်ဆီကပါပဲ။

ဆွေးဆွေးမြည့်မြည့်၊ အရမ်းနားထောင်လို့ကောင်းသည်။ ပြီး တော့ ခေါင်းထဲသို့ရောက်လာသော အတွေးတစ်ခုနဲ့အတူ ကျွန်တော့်နှလုံး ခုန်သံတို့ ဆတ်ခနဲ အေးသွားပါတော့၏။

ဘုရားရေ . . . ဒီသီချင်းသံများလား။

ကျွန်တော် နောက်လှည့်ကြည့်တော့ ဆရာနှစ်ယောက်စလုံး မတ် တတ်ထရပ်နေကြပြီ၊ စီကိုလေးဆိုသည့်သီချင်းကို နားမထောင်ဖူးပေမယ့် ဒီသီချင်းပိုင်ရှင်ကိုတော့ သူတို့ သိချင်ကြပေမည်။ ပြီးတော့ ထွက်ပေါ် လာရာနေရာ။ မှတ်တမ်းမှာတော့ သီချင်းကို နားထောင်လို့ကောင်းသည်



ဆိုသည်မှလွဲ၍ ဘာမှဆက်ရေးမထား။ ယခုတော့ သူတို့လက်တွေ့ နားထောင်ရပေပြီ။

"ဆရာကြီး သွားကြည့်ချင်လို့လား"

မျက်နှာရိပ်၊ မျက်နှာကဲကိုကြည့်ကာ ဦးစိုးဝင်းက မေးလိုက် တော့ . . .

"အေး . . . အခုပဲသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

# XVII

မီးရောင်တို့က အဆောင်လမ်းသွယ်ပေါ်တွင် လင်းချင်းနေသော်လည်း ဦးထွန်းလွင်လက်ထဲမှာ ဓာတ်မီးတစ်လက်ပါလာသည်။ ပတ်ဝန်းကျင်က ထူးထူးခြားခြား တိတ်ဆိတ်နေကာ လူသွားလူသာ မတွေ့။

ဒါပေမဲ့ လူသုံးယောက်ကတော့ သုတ်သုတ် သုတ်သုတ်နှင့် တစ်နေရာကို ဦးတည်သွားနေသည်။ သီချင်းသံလေးကတော့ တိုးသဲ့သဲ့နှင့် ပျံ့လွင့်နေဆဲပါ။ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိကြ။ ကိုယ်စီစိတ်ကူးထဲတွင်ကား မေးခွန်းတစ်ခုကို ပြိုင်တူမေးနေကြသည်။ အဲဒါက . . .

အခုကြားနေရသော သီချင်းသံသည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က ပျောက်သွားသော စီကိုဆိုနေတာလား။

အဆောင်ကို လှမ်းမြင်နေရပေပြီ။ သီချင်းသံကလည်း ထွက်ပေါ်လာနေဆဲ။



သုံးယောက်သား ခြေလှမ်းတို့ကို မြန်သည်ထက်မြန်အောင် လှမ်းမိကြသည်။ နီးလာပေပြီ။ အဆောင်နှင့်တဖြည်းဖြည်း နီးလာပေပြီ။ ရင်ခုန်သံတို့မှာ အဆမတန် မြန်ဆန်လာပါ၏။ ဒါပေမဲ့ . . .

တစ်နေရာအရောက်မှာတော့ ခြေလှမ်းတို့မှာ တုံ့ခနဲနေအောင် ရပ်တန့်သွားပါတော့သည်။ အကြောင်းကား . . .

သီချင်းသံပျောက်သွားပေပြီ။

မှိုင်းပြပြညရောင်အောက်မှာပင် နီးနီးကပ်ကပ်မြင်နေရသော အဆောင်ကြီးက သူတို့အား စိန်ခေါ်နေသလို။

ယခုတော့ C-2 အဆောင်ကြီးက သူနှင့်မဆိုင်သလိုပါပဲ။ ဒါပေမဲ့ သေချာတာတစ်ခုတော့ရှိပါသည်။ အဲဒါက သီချင်းသံသည် ဤအဆောင်ထဲမှ ထွက်ပေါ်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညမှစတင်ကာ ညစဉ်ညတိုင်းလိုလို
C-2 အဆောင်ထဲမှ သီချင်းသံကို
ကြားရတော့သည်။
ညနေ နေဝင်ရီတရောအချိန် ကျော်လွန်သွား
သည်နှင့် ခွေးတွေအူကြသည်။
ခွေးအူသံဆုံးသွားသည်နှင့် ကလေးတစ်ယောက်
ဆိုသော အင်္ဂလိပ်သီချင်းသံလေးသည်က
လေသယ်ဆောင်ရာကို မျောပါရင်း တစ်ကျောင်း
လုံးအား ချောက်ချားမှုကို ဖြစ်ပေါ်စေတော့၏။
ပထမ တစ်ည၊ နှစ်ညတွင် ကိစ္စမရှိသော်လည်း
နောက်ညများမှာတော့ . . .



# XVIII

အတန်းချိန်က နေ့လယ်မှရှိသည်မို့ ကျွန်တော်နှင့်ဖေသူ စာကြည့်တိုက်ဘက်သို့ ခြေဦးလှည့်ခဲ့သည်။ အချိန်က စောနေသေးသည် ဆိုသော်လည်း စာကြည့်တိုက်တော့ ဖွင့်လောက်ပါပြီ။

စိတ်တို့ လေးလံထိုင်းမှိုင်းနေ၏။ မနက်က သတင်းအစီအစဉ်တွင်ကြည့်ခဲ့ရသော အိုစတန်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့် ဒုက္ခရောက်ရသူ အမြောက်အများကိုတွေ့မိကာ စိတ်တို့ ရွှင်လန်းမှုမဲ့သွားရခြင်းဖြစ်၏။ လေထုအတွင်း ပေနှစ်သောင်းမှ သုံးသောင်းကြား ပျံ့နှံ့နေသော ပြာမှုန်တို့ကြောင့် ဥရောပနိုင်ငံ (၁၂) နိုင်ငံမှ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းလိုက်ရသည့်အပြင် ပတ်ဝန်းကျင်ရှိ ဒေသခံများကိုပါ နေရာရွှေ့ပြောင်းပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုးအိမ်တို့ကိုစွန့်ခွာကာ ဟစ်ခဲနက်ကျသော ပြာမှုန်များကြား နေရာရွှေ့ပြောင်းနေရသော ပြည်သူများကိုကြည့်၍ ကျွန်တော် လူသားချင်း စာနာသနားမိသည်။ ပြီးတော့ ကိုယ်ချင်းလည်း စာမိပါသည်။ တားဆီးပိတ်ပင်လို့မရသည့် သဘာဝ၏ပြစ်ဒဏ်ခတ်မှုကိုလည်း နာနာကျင်ကျင် ခံပြင်းမိ၏။

"ဘာလို့ ဒီလောက်ရက်စက်ရတာလဲ သဘာဝကြီးရယ်လို့ မေးပါလေက အဲဒါ မင်းတို့ကြောင့်ပေါ့လို့ ပြန်ဖြေမှာသေချာသည်။" သို့သော်လည်း တကယ့်တကယ်ကြုံတွေ့ရင်ဆိုင်ရတော့ နောက်ဆုံးမှာ အားလုံး ရှုံးသွားတာ ကျွန်တော်တို့တွေပါပဲ။

ကျွန်တော် 'ကျုတ်' ခနဲစုတ်သပ်ရင်း စာကြည့်တိုက်ထဲသို့ ဝင်ခဲ့မိပါ၏။ စာကြည့်တိုက်က ယခုမှဖွင့်ပြီးကာစပဲရှိသေးသည်။ ကျွန်တော် စာအချို့ကို ဖတ်ချင်နေသည်။ စိမ်းလမ်းသာယာသော၊ အတ္တကင်းသော၊ ယန္တရားမဲ့သော၊ ကိုယ်ချင်းစာ မေတ္တာတွေဖြင့် ဖြန့်ကျက်ဝေသီခဲ့သော တစ်ချိန်က ကမ္ဘာတစ်ခုကို စာထဲကပဲဖြစ်ဖြစ် ကျွန်တော် သွားချင်နေသည်။

ခေတ်လွန်ကမ္ဘာရှေ့က အေးချမ်းသော သက္ကရာဇ်ရပ်ဝန်းတစ်ခုကို ကျွန်တော် တောင့်တောင့်တတဖြစ်မိသည်။ စိမ်းလန်းသော သဘာဝ ရှင်သန်မှုများကို မက်မောမိသည်။ ကမ္ဘာကြီးအား လွှမ်းခြုံထားသည့် မေတ္တာတွေ၊ တွဲလက်တွေ၊ ကြင်နာငွေးထွေးမှုတွေအားလုံး . . .

အားလုံးက . . .

ယခုအခါမှာတော့ . . .

ရည်ရွယ်ချက်မရှိပါဘဲနှင့် ကျွန်တော် စာအုပ်တို့ကို ခပ်မြန်မြန် လှန်နေမိသည်။ တစ်အုပ်ပြီးတစ်အုပ်။ ဘာစာအုပ်ရှာမှန်းလည်း ကိုယ်ကိုတိုင်မသိသည်မို့ ခပ်မြန်မြန်ပဲ လှန်လှောဖြစ်ပါသည်။ ဧည့်သူကတော့ ထုံးစံအတိုင်း စာကြည့်တိုက်မှူးမလေးအား အီနေသည်။ ကျွန်တော် စာအုပ်စင်ဘယ်မှညာ၊ အရှေ့မှအနောက် တဒေါက်ဒေါက် စူးစမ်းနေစဉ်



မှာပဲ အသံလေးတစ်ခုကို အမှတ်မထင် ကြားလိုက်ရ၏။

"အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်မှာ အပူပိုင်းမုန်တိုင်းတိုက်လို့ လူ (၁၃၀) ကျော်သေဆုံးပြီး နေအိမ်ပေါင်း တစ်သိန်းလောက် ပျက်စီးသွားတယ်တဲ့။ စိတ်မကောင်းလိုက်တာဟယ်"

ကရုဏာသံနွေးနွေးဖြင့် ထွက်လာသော အသံလေးပါ။ ကျွန်တော် စာအုပ်ရွေးနေရာမှ လက်တို့တုန့်ဆိုင်းသွားသည်။ ကိုင်ထားသော စာအုပ်ပင် လေထဲမှာ တန်းလန်းရပ်သွား၏။ ကျွန်တော် ရင်ခုန်မြန်သွားလေပြီ။ ချက်ချင်းပင် အသံကြားရာဆီ စာအုပ်စင်ကြားထဲမှ ကြည့်လိုက်တော့ . . .

သူမ . . .။

ကျွန်တော့်ရှေ့ရှိ စာအုပ်စင်၏ဟိုဘက်မှာ သူငယ်ချင်းနှစ်ယောက်နှင့် ဂျာနယ်တစ်စောင်ကို ဖတ်နေသည်။

"အိုက်စလန်မှ (Eyjafjallajokull) အမည်ရှိမီးတောင် ဒုတိယအကြိမ် ထပ်မံပေါက်ကွဲမှုကြောင့် ဧပြီ ၁၅ နှင့် ၁၆ ရက်နေ့တို့တွင် ဥရောပနိုင်ငံ (၁၂)နိုင်ငံမှ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခြင်း၊ ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့ရသည်တဲ့။ ဘုရား . . . ဘုရား . . ။

ဧပြီလ ၁၆ ရက်နေ့တစ်နေ့တည်းကို လေကြောင်းခရီးစဉ် (၁၇၀၀၀) ထိ ဖျက်သိမ်းခဲ့ရတယ်တဲ့။ ဒီမှာကြည့်ပါဦး . . .။ ခရီးစဉ်နှောင့်နှေးလို့ လေဆိပ်မှာ စောင့်ဆိုင်နေရတဲ့လူတွေ"

ဂျာနယ်၏တစ်နေရာကို လက်ထောက်ပြပြီး ဘေးမှသူငယ်ချင်းနှစ်ယောက်ကို စိတ်မကောင်းစွာ ပြောနေသည့်သူမ။

ကျွန်တော်သိထားပြီးသည့် သတင်းဖြစ်သော်လည်း ယခုမှ တကယ်ပင် ရင်ထဲမှာ မီးတောင်ကြီးထပေါက်သလို ခံစားလိုက်ရ၏။ ချော်ရည်နှင့်တူသော သွေးပူနွေးနွေးတွေက ကိုယ်တွင်းမှာ စီးမျောသွားသည်။

မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်တို့အား နောက်သို့စုသိမ်းကာ ချည်ထားသည်မို့ သူမ၏ ပါးပြင်လေးအား မြင်နေရပါသည်။ ကြားထဲမှာလည်း စာအုပ်တစ်စင်သာ ခြားထားသည်မို့ ရှင်းရှင်းလင်းလင်း။

ပြီးတော့ . . .

စိမ်းစိမ်းယိမ်းယိမ်း။

အကြည့်တို့က သူမပါးပြင်ဆီမှ လုံးဝ ခွာမရတော့ချေ။ ပတ်ဝန်းကျင်က အလိုလို ငြိမ်ကျသွား၏။ ကျွန်တော် အရမ်းရူးသွပ်ခဲ့သော အလှတစ်ခု။ ထိုအလှကို ရှင်းရှင်းလင်းလင်းဖြင့် တွေ့ခွင့်ရလိုက်သည့် ခဏ။

ရင်တစ်ခုလုံးက ဖြိုးမောက်လာသည့် ပေါက်ကွဲလုလု မီးတောင်ကြီးလို။

"သဲ . . . ရယ်"

ရှိုက်သံနှင့်ရောကာ မျက်ရည်တစ်စက် ဆင်းသက်သွားသည်။

နှင်းဆီပွင့်သော အချစ်တွေနဲ့ ကျွန်တော် ပွင့်အာပေးလိုက်နိုင်ပါပြီ။

"သဲ . . . "

နှင့်နှင့်နဲနဲခေါ်မိသော အသံတိုးတိုးလေးပါ။

သူမကြားမှာမဟုတ်ပေမဲ့ ကျွန်တော့်အတွက်ကတော့ . . . စိုလက်သွားသော ပါးပြင်ကို လက်ဖမိုးဖြင့် ပင့်သုတ်လိုက်စဉ်မှာပဲ ပတ်ဝန်းကျင်၏ အခိုးအငွေ့တစ်ခုကို သတိပြုမိသည်။ လှည့်ကြည့်လိုက်တော့ တည့်တည့်ရပ်ရင်း ကျွန်တော့်ကို မတ်မတ်ကြည့်နေသည့် ဖေသူ။

မအံ့ဩတော့ပေမဲ့ ခေါင်းယမ်းလိုက်သည်ကိုတော့ တွေ့ရ၏။

သူ့ အစအဆုံး မြင်လိုက်ရမှာပါ။

• • •



"နေကောင်းသွားပြီလား"

ကျွန်တော့်ကိုတွေ့တော့ သူမမျက်နှာမှာ အံ့ဩမှုနှင့် အမှတ်ရမှုတို့ ရောသွားသည်။ ပြီးတော့ အသိကျွမ်းဟောင်းတစ်ယောက်လို ရင်းနှီးသောအပြုံးတစ်ခုကိုပြုရင်း . . .

"ကောင်းသွားပါပြီ . . .

ကျွန်တော် ခေါင်းညိတ်ပြုံးပြရင်း သူမနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ . . .

"ကျေးဇူးပဲနော်"

ဘာကိုဆိုလိုမှန်း သိပေမယ့် . . .

"ဘာကိုလဲ"

"ဟိုတစ်နေ့ကအတွက်လေ။ အဲဒီနေ့ကတည်းက ကျေးဇူးတင်စကားပြောမလို့ မရှိတော့လို့။ မနေ့က အခန်းထဲမှာ ရာကြည့်သေးတယ်။ အတန်းမတက်ဘူးနဲ့တူတယ်"

"တက်ပါတယ်။ ကျွန်တော် ဘတ်စကက်ဘောကွင်းဘက် ရောက်နေတာဖြစ်လိမ့်မယ်"

"သြော် . . ."

ထို 'သြော်' ဆိုသောအသံလေးက ကျွန်တော့်အကြားအာရုံကို နွေးပျပျဖြစ်သွားစေသည်။

"သက်တံ့နော်"

"ဟုတ်ပါတယ် . . . သက်တံ့ပါ"

ထိုစဉ်မှာပဲ ဘေးမှာထိုင်နေကြသော နေခြည်နှင့် အေးမို့က . .

"ငါတို့အရင်ကတည်းက မိတ်ဆက်ပေးမလို့။ နင့်ကို တော်တော်နဲ့ဖမ်းမမိတာနဲ့ . . ."

အေးမို့က ကျွန်တော့်ကိုပြောသည်။ ပထမနှစ်ကတည်းက တစ်ခန်းထဲတက်လာခဲ့သူတွေမို့ ခင်ခင်မင်မင် ရှိပါသည်။ အရမ်းကြီးတော့ မရင်းနှီး။



www.burmeseclassic.com

www.burmeseclassic.com

"ကြုံမယ့်ကြုံတော့လည်း တကယ့်နေရာမှကြုံရတယ်။ တော်သေးတာပေါ့ဟယ် အနားမှာ နင်ရှိနေလို့။ မဟုတ်ရင် မလွယ်ဘူး"

"ပြန်တွေးကြည့်ရင် ကြောက်စရာကြီးနော်"

နေခြည်နှင့်အေးမို့တို့က ဟိုတစ်နေ့ဖြစ်ရပ်ကို အားရပါးရပြောနေသလောက် သူမကတော့ တိတ်ဆိတ်နေသည်။ ပြီးတော့ မနှစ်မြို့ဟန်လည်းရှိသည်။ ကျွန်တော်ထင်သည့်အတိုင်းပါပင်။ သူမက သိသိသာသာ စကားလွှဲသွားသည်။

"သက်တံ့နဲ့ အရင်ကတည်းက သူငယ်ချင်းဖြစ်ချင်နေတာ"

ကျွန်တော်သာ မိန်းကလေးဆိုရင်တော့ ထုံးစံအတိုင်း မျက်လုံးဝိုင်းသွားမှာပါ။ ဒါပေမဲ့ ယောက်ျားလေးဖြစ်နေတော့ အံ့သြစိတ်နဲ့ ကျေနပ်မှုတို့တစ်ဝက်စီ ရောသွားသည်။

"သက်တံ့က တော်တယ်နော်"

ဆက်ပြောသော သူမစကားကြောင့် ကျွန်တော် ကြောင်အအဖြစ်သွားမိစဉ်မှာပဲ . . .

"ဟုတ်တယ် . . . ဆရာမ Roll နံပါတ်အော်တဲ့နေ့ကတည်းက သက်တံ့ဆိုတာ ဘယ်သူလဲဆိုပြီး ငါတို့ကိုမေးနေတာ။ ငါတို့ကတော့ သိတယ်မလား နင့်အကြောင်းကို အစအဆုံး ပြောပြလိုက်တယ်"

"မကောင်းတာတွေ များမယ်ထင်တယ်"

ကျွန်တော်၏ ခပ်မဲ့မဲ့အမေးကြောင့် အေးမို့က ခေါင်းကိုယမ်းကာ . . .

"အဟင်း . . . နည်းနည်းပါးပါးပါ"

ကျွန်တော် မဲ့ပြုံးပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်မိပါသည်။ ထိုစဉ်မှာပဲ သဲဆုက . . .

"အဲဒီနေ့ကဆို သဲဆုတစ်နေ့လုံးပဲ ငိုနေတာ။ ဒီလိုမျိုး တစ်ခါမှလည်း မကြုံဖူးဘူးလေ။ ပြီးတော့ လူက အလိုလိုအားငယ်ပြီး ဝမ်းနည်းလာတယ်။ ညနေဘက် အစ်ကိုရောက်လာတော့မှ နည်းနည်းစိတ်ပေါ့



သွားတော့

"အေးဟယ် . . . သဲဆုအငိုတိတ်လို့မှ မကြာသေးဘူး ညလည်းရောက်ရော ခွေးတွေဟောင်ပြီး သီချင်းသံကြားရရော။ အဲဒီညကဆို ငါတို့ တစ်ညလုံး အိပ်လို့မရဘူး။ ကြောက်လိုက်တာ"

နေခြည်က ပခုံးကိုတစ်ချက်ကျုံ့ရင်း ပြောသည်။

"နောက်ညတွေရော"

ဇေသူကဖြတ်မေးတော့ . . .

"ခွေးဟောင်သံတွေကြားပြီဆို ကြက်သီးတွေထပြီး လန့်လာကြတာပဲ။ တစ်ဆောင်လုံးလည်း အိပ်လို့မရကြတော့ဘူး။ C-2 ဆောင်က သီချင်းသံကို ကြောက်ကြောက်နဲ့ပဲ နားစွင့်ပြီး တစ်ယောက်လက်တစ်ယောက် ဆုပ်ထားကြရတာ သူဆို ပိုဆိုးတာပေါ့"

နေခြည်က သဲဆုအား လက်ညှိုးထိုးရင်းပြောတော့ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ ဟုတ်မှာပေါ့။ မဆိုင်သူတွေတောင် ဒီလောက်ကြောက်လန့်နေကြလျှင် သက်ဆိုင်သူဆို ပိုဆိုးပေတော့မည်။

ထိုစဉ်မှာပဲ အေးမို့က . . .

"အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ငါတို့မသိတာတွေ သိချင်တယ်ဟာ။ သဲဆုကတော့ မေ့ပစ်ချင်နေသူဆိုတော့ စိတ်ဝင်စားမှာမဟုတ်ဘူး။ ငါတို့ကတော့ အဲလို ထူးထူးဆန်းဆန်းဖြစ်ရပ်တွေကို စိတ်ဝင်စားတယ်။ နင်သိရင် ပြောပြပါလား"

'သဲ' မျက်နှာတစ်ချက် ပျက်သွားသည်။ သဲမျက်နှာအား စာအုပ်တစ်အုပ်ဖတ်သလို ဖတ်နေသူမို့ ဘာဆိုတာ သဘောပေါက်ပါသည်။ ထို့ကြောင့် . . .

"နောက် . . . အေးအေးဆေးဆေးရှိတဲ့ တစ်ချိန်ကျမှ ပြောပြမယ်လေ"

သဘောပေါက်လွယ်သူတွေမို့ လျောလျောလျူလျူပင် ခေါင်းညိတ်ကြသည်။ ထိုစဉ်မှာပဲ ပုပ်အက်အက်အနံ့တစ်ခုက နှာခေါင်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com

တိုးဝင်လာသည်။

သိလိုက်ပါတယ် အီးနံ့ပါ။

ဘယ်သူ့လက်ချက်လဲ ဝေခွဲမရသေး။ ဖြုန်းဆို မိန်းကလေးသုံးယောက် အလုပ်ရှုပ်သွားသည်။ နှာခေါင်းပိတ်သူပိတ်၊ လက်ဖြင့်ယပ်ခတ်သူခတ်နှင့်။

"နံလိုက်တာ ဘယ်သူလဲမသိဘူး"

"အေးဟာ . . . ဘဲဥပုပ်အီးပဲ"

'ဒိုင်း' ခနဲ တစ်ယောက်နဲ့တစ်ယောက် မသင်္ကာကြည့်တွေ ကြည့်ကုန်တော့ . . .

"ဟဲ . . . ဟဲ . . . "

ဇေသူက သွားဖြဲလေးနဲ့ ရယ်ပြသည်။ ဒီတော့မှ . . .

"ဇေသူ . . . ကောင်စုတ်၊ လူယုတ်မာ။ ဘယ်နှခုနှစ်ကတည်းက နှစ်ချို့ထားလည်း မသိဘူး"

အနီးရှိသူ အေးမို့က ဇေသူ့လက်မောင်းကို ဖြန်းခနဲလှမ်းရိုက်ရင်းဆိုသည်။ သဲဆုနှင့် နေခြည်ကတော့ မျက်နှာကိုရှုံ့မဲ့ရင်း နှာခေါင်းပိတ်ထားကြဆဲ။

"ဟ . . . ရှူဟ . . . ရှူဟ . . . မြန်မြန်ရှူ . . . တော်တော်နံတယ်"

"ဟင် . . . "

မဆလာနံ့သင်းသော ပဲကုလားဟင်းအိုးကြီး အနားရောက်လာသလို အတင်းထရှူခိုင်းသော ကျွန်တော့်စကားကြောင့် အကုန်လုံး ကြောင်ကုန်သည်။

"လုပ်ပါဟ . . . ရှူပါဟ"

ထပ်မံတိုက်တွန်းသော ကျွန်တော့်စကားနောက်မှာ နေခြည်က . . .

"သက်တံ့ . . . နင်ရူးနေလား။ ဒီလောက်နံနေတာကို ဘာ



ကြွ . . . "

"နေခြည် . . . အဲလိုတော့ မလုပ်သင့်ဘူးဟာ။ နင်လည်း ဝင်ရှူပေးသင့်တယ်"

"ဘာ . . . "

အသံကျယ်သွားသည်။ ဘေးမှ သဲဆုနွေးတို့ပါ အူကြောင်ကြောင် လှမ်းကြည့်သည်။

"နင်တို့ အဲလိုနှာခေါင်းပိတ်ထားတာထက်စာရင် အားရပါးရ ဝိုင်းရှူပေးတာမှ အားလုံးအတွက် အကျိုးရှိဦးမယ်။ အခု နင်တို့က နှာခေါင်းပိတ်ထားတော့ . . . "

"သက်တံ့ . . . "

အေးမို့က ဝင်အော်သည်။ ပြီးတော့ . . .

"သူများအီးပေါက်တာကို ငါတို့က ဘာကိစ္စ အားရပါးရ ရှူရမှာလဲ။ နင်ပဲရှူ"

ကျွန်တော် မတ်တတ်ထရပ်လိုက်တော့ ဇေသူပါ ပါလာသည်။

"အဲဒါတော့ နင်တို့ထိုက်နဲ့ နင်တို့ကံပဲ။ အားလုံးဝိုင်းရှူမှ အီးနံ့က ခဏလေးနဲ့ ပျောက်သွားမှာပေါ့။ အခု နင်တို့က နှာပေါင်းပိတ်ထားတော့ အီးပဲစားကြ"

"ဘာ . . . "

သုံးယောက် ဝိုင်းအော်သည်မို့ ကျွန်တော် တုန်ပင်တက်သွားရပါ၏။ ဒါပေမဲ့ အေးဆေးပင်။

"ဟုတ်တယ်လေ . . . နှာခေါင်းပိတ်ထားတော့ ပါးစပ်နဲ့အသက်ရှူရတယ်။ အဲဒါ အီးစားတာနဲ့ အတူတူပဲ။ ငါကတော့ မစားနိုင်ဘူး သွားတော့မယ်။ နင်တို့ပဲ ဆက်စားကြ"

ပြောပြီး ကျွန်တော် ချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်မှာ ဘယ်လိုကျန်ခဲ့သည်လည်းတော့ မသိ။

နေခြည်တို့သုံးယောက်ကတော့ သက်တံ့စကားကို တွေးတော



www.burmeseclassic.com

www.burmeseclassic.com

ရင်း ကြောင်တောင်တောင် ကျန်ခဲ့သည်။ တစ်အောင့်ကြာတော့ မအောင့်နိုင်တော့စွာ ဝါးခနဲ ရယ်မိကြ၏။

ပြီး လိမ်ကျစ်လိမ်ကျစ်ဖြင့် ပြောင်ချော်ချော် လမ်းလျှောက်ပြသွားသော သက်တံ့ကျောပြင်အား ကြည့်ရင်း . . .

"သူ့ဟာနဲ့သူတော့ တကယ့်အဟုတ်ပဲနော်"

အရယ်တစ်ဝက်နှင့်ဆိုသော သဲဆုစကားကြောင့် အေးမို့က . .

"အဲလိုပဲဟ . . . ဒီကောင်က တစ်ခါတစ်ခါ အရမ်းရယ်ရတယ်"

• • •

"ငါ အရမ်းအံ့သြတယ်ကွာ။ မင်းဘာလို့ သဲဆုနွေးအပေါ် အဲလောက်ချစ်သွားရတာလဲ"

"ငါ့ကိုယ်ငါ မေးလို့မရတဲ့မေးခွန်းထဲမှာ အဲဒီမေးခွန်းက ပထမဆုံးပဲ။ ငါဘာလို့ အခုလောက်ထိချစ်သွားမှန်း ငါလည်းမသိဘူး"

စာကြည့်တိုက်ထဲမှ ထွက်ထွက်ချင်းမှာပင် ပြောဖြစ်မိသော စကားတွေပါ။ ယခုတော့ ကျွန်တော့်ပါးမှ စီးကြောင်းတစ်ခုမှာ ခြောက်သွေ့သွားတာပင် ကြာခဲ့ပါပြီ။

"မင်းကိုငါ တကယ်လေးစားတယ် သက်တံ့။ ကောင်မလေးတစ်ယောက်ကို အကြီးကျယ်ဆုံး ချစ်ပြနိုင်တဲ့ မင်းနှလုံးသားကိုရောပဲ"

ဇေသူ့အပြောကြောင့် ကျွန်တော် မျက်လုံးလှန်ကြည့်မိရင်း . .

"ငါ တမင်တကာ အမူအရာလုပ်ပြတာ မဟုတ်ဘူးနော်"

"ငါသဘောပေါက်တယ်။ အမှန်အတိုင်းပြောရရင် ငါတို့စာကြည့်တိုက်ထဲ စဝင်စကတည်းက ငါတို့အရင် သူတို့ရောက်နေတယ်ဆိုတာ တွေ့ပြီးသား။ မင်းဘယ်လိုဖြစ်လာမလဲသိချင်လို့ မပြောဘဲထားတာ။ မင်း သဲဆုနွေးကို စတွေ့သွားတဲ့အချိန်ကစပြီး မျက်ရည်ကျသွားတဲ့အချိန်အထိ ငါအစအဆုံးကြည့်နေတာ။ မင်း အမူအရာ မလုပ်ဘူးလုပ်တယ်ဆိုတာ သဲဆုနွေးကို မြင်ပြီးတဲ့အချိန်ကစပြီး အဆင့်ဆင့်ပြောင်းလဲသွားတဲ့ မင်းပုံစံနဲ့ မျက်နှာကိုကြည့်ပြီး ငါ ခွဲခြားတတ်တယ်"



ကျွန်တော် စကားပြန်မဆိုမိပါ။ ခိုးချောင်ခိုးဝှက်ကြည့်ခွင့်ရခဲ့သော မျက်နှာလေးအား သတိပြန်ရမိရင်း ဒုတိယအကြိမ် မျက်ရည်လည်လာရသည်။

"အချစ်ရဲ့တန်ဖိုးကို တိုင်းတာလို့မရနိုင်ဘူးဆိုတဲ့ စကားတစ်ခွန်းကို ငါကြားဖူးတယ်။ မင်းရဲ့အချစ်ကရော တိုင်းတာလို့ရနိုင်လား"

ကျွန်တော် ခပ်သွက်သွက် ခေါင်းယမ်းလိုက်ရင်း . . .

"မတိုင်းရဲဘူး"

"ဘာဖြစ်လို့လဲ"

"သူ့ကို တစ်ခါတွေ့ရတိုင်း တစ်ခါမျက်ရည်ကျနေတာပဲ။ အဲလောက်ချစ်တဲ့အချစ်ကို ငါဘယ်လိုပေတံနဲ့ တိုင်းတာရမလဲ။ ဒါတောင်တွေးရရုံပဲရှိသေးတာနော်။ ဒီထက်များပိုလာခဲ့ရင်တော့ ငါရူးသွားမလားပဲ"

ပြောရင်းနဲ့မှ ရင်ထဲတွင် 'သဲ' ဟု ခပ်ကျယ်ကျယ် အော်ဖြစ်သည်။ ထူးသူမရှိပေမဲ့ သတိတစ်ချက်ရသွားသောကြောင့် ရိုးသားသော မြတ်နိုးမှုတစ်ခုက ရင်ဝစို့လာသည်။ ပြီးတော့ သဲ၏ပါးပြင်မှ ကျွန်တော်အရမ်းမြတ်နိုးသော ယဉ်ကျေးမှုလေးတစ်ခုကို စိတ်ရောက်သွားမိခိုက်..

ကျွန်တော့်ရင်ထဲတွင် နင့်သွားရပါသည်။

"သြော် . . . မင်းအကြောင်း တစ်ခါတွေးမိရုံနဲ့ တစ်ခါမျက်ရည်ကျရတော့မှာလား သဲရယ်"

ငြိမ်သွားသော ကျွန်တော့်ကို ဇေသူက ပခုံးချင်းလှမ်းတိုက်ကာ . . .

"ဟေ့ကောင် . . . ငါပြောတာ ကြားရဲ့လား။ ဘာတွေ စဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းယမ်းလိုက်ရင်း . . .

"ဒီလိုပါပဲ။ ဘာရယ်တော့ မဟုတ်ပါဘူး။ မင်း ဘာပြောလိုက်တာလဲ" -

"ငါလည်း မင်းလိုပဲ ကောင်မလေးတစ်ယောက်ယောက်ကို ချစ်ကြည့်လို့ရရင် ကောင်းမှာပဲလို့"

ကျွန်တော် ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်သည်။ ပြီးတော့ စိတ်ထဲမှ စကားတစ်ခွန်း ပြောမိသည်။

"သူငယ်ချင်းရယ် . . . ချစ်သူနွေးဖို့ မင်းကိုယ်မင်း လောင်ကျွမ်းမပစ်ရဲပါဘူး"

ᅎ ᅎ ᅎ



# XIX

"သဲဆု ခုလိုဖြစ်နေတာမျိုးကို အနောက်တိုင်း သုတေသနပညာရှင်တွေက (Automatic writing) အလိုအလျောက် စာရေးသားခြင်းလို့ သတ်မှတ်တယ်။ ဒါလည်း အပမှီမှုတွေထဲက တစ်ခုပဲ။ ဒါပေမဲ့ တစ်ခုထူးခြားတာက အလိုအလျောက် စာရေးတယ်ဆိုတာ နတ်ဝင်သည်တွေမှာပဲ အလုပ်များတာ။ သာမန်လူတွေမှာ ဖြစ်ခဲတယ်။ နတ်ဝင်သည်တွေက တစ်ခါတစ်ရံမှာ ဓာတ်စီးပုဂ္ဂိုလ် (တမလွန်ဘုံသား) ဆီက ရရှိတဲ့ အချက်အလက်တွေကို နှုတ်နဲ့မပြောပဲ စာနဲ့ရေးပြလေ့ရှိတယ်။ အဲဒါကိုမှ (Automatic writing) လို့ခေါ်ကြတာပေါ့"

"ဒါဆို သဲဆုက နတ်ဝင်သည်မဟုတ်ဘဲနဲ့ ဘာကြောင့် စာရေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

အေးမို့အမေးကြောင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ မေးသင့်သော မေးခွန်းတစ်ခုပါ။ အပမှီခြင်း၊ သရဲမိစ္ဆာဝင်စီးခြင်းနှင့် ပတ်သက်၍ သူမတို့ သိချင်သည်ဆိုသောကြောင့် ကျွန်တော် လေ့လာမိသလောက် ပြောပြနေတာပါ။ နေရာကတော့ လူရှင်းသော ကျောင်းတွင်းမှဆိုင်တစ်ဆိုင်။

ဇေသူနှင့်နေလင်းမှာလည်း ကျွန်တော့်စကားကို စိတ်ဝင်တစား နားထောင်နေသည်။

"ပြန်တွေးကြည့်လိုက်လေ။ နတ်ဝင်သည်ဆိုတာလည်း သူ့အတိုင်းနေလို့ တမလွန်ဝိညာဉ်က ဝင်ပူးတာမဟုတ်ဘူး။ နတ်မေးသူမေးမှသာ နတ်ဝင်သည်ရဲ့မနောစွမ်းရည်နဲ့ပေါင်းပြီး ဝိညာဉ်မှီးကပ်လာတာ။ ပြီးတော့မှ နတ်မေးသူမေးသမျှကို ဖြေပေးတာ။ ပြောပြတာ။ ရှင်းရှင်းပြောရရင် သူတို့က ပြောပြတဲ့သူ။ အခုငါတို့က ဘာမှမမေးဘူး။ ဒါပေမဲ့ သဲဆုကို ပရဝိညာဉ်တစ်ခုက မှီကပ်လာတယ်။ စဉ်းစားကြည့်ရင်တော့ သိပ်ခက်မယ်မထင်ပါဘူး"

အားလုံး၏အကြည့်က ကျွန်တော့်ဆီရောက်လာ၏။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် လိုက်ကြည့်ကြသည်။ အကုန်လုံးကလည်း အဖြေကို မျှော်နေကြသူမို့ အခုလို အစတစ်စထွက်သွားချိန်တွင် ကိုယ်စီ ရိပ်မိသွားကြပြီထင်သည်။

"ဒါဆို မင်းဆိုလိုတာက တစ်ခုခုပြောချင်လို့ သူ့အလိုလို မှီကပ်လာတာပေါ့"

ခေါင်းညိတ်ပြလိုက်တော့ . . .

"ဒါဆို ဘာပြောချင်တာလဲ"

အေးမို့နှင့် နေခြည်က ပြိုင်တူလို လှမ်းမေးသည်။

"အဲဒါတော့ ငါလည်းမသိဘူး"

ထိုသို့ဖြေမိသော်လည်း မျက်လုံးထဲတွင်တော့ ဂျပန်စာတွေဖြင့် အတိပြီးသော စာရွက်တစ်ရွက်။ ပြီးတော့ ဒေါက်တာမူဟိုင်း၊ နောက် ရိုးရိုးသော ကလေးလေး၏ မျက်နှာကိုပါ မြင်ယောင်မိသည်။



"ဒါဆို Automatic writing က နတ်ဝင်သည်တင်မဟုတ်ဘူး လူတိုင်းမှာ ဖြစ်နိုင်တာပေါ့"

နားထောင်ရုံမှတစ်ပါး တစ်ခွန်းမှဝင်မပြောသေးသည့် နေလင်းက ပထမဦးဆုံးအဖြစ် စကားတစ်ခွန်းထွက်လာသည်။

"ဖြစ်နိုင်တယ်။ နတ်ဝင်သည်တင်မဟုတ်ဘူး သာမန်လူတွေမှာလည်း ဖြစ်နိုင်တယ်။ စိတ်ရှည်လက်ရှည် ကြိုးစားလေ့ကျင့်ပေးရင် မည်သူမဆို ရေးနိုင်တယ်လို့ကို အခိုင်အမာပြောထားတာ"

"အဟုတ်လား"

နေခြည်က မယုံသလိုမေးတော့ . . .

"ကမ္ဘာ့အရပ်ရပ်က ဓာတ်စီးတာနဲ့ပတ်သက်ပြီး နတ်ဝင်သည်တွေကို လေ့လာသုတေသနပြုထားတဲ့ ပညာရှင်တွေကိုယ်တိုင်ကို ပြောထားတာ။ ပြုလုပ်လေ့ကျင့်မှု အသေးစိတ်ကိုလည်း ဖော်ပြထားတယ်"

"သြော် . . . "

သက်ပြင်းချသံတို့ ပွဲ့လွင့်လာသည်ကို ကြားရသည်။ အားလုံးကလည်း မကြုံဖူး၊ မကြားဖူးသော အကြောင်းအရာတွေမို့ စိတ်ဝင်စားနေကြ၏။

"ဒါတွေကတော့ စိတ်ဝိညာဉ်သုတေသနနယ်ပယ်က အကြောင်းအရာတွေပေါ့။ ဒါပေမဲ့ တချို့စိတ်ပညာရှင်တွေက Automatic writing ကို လက်မခံနိုင်ဘူး။ သူတို့က အလိုအလျောက် စာရေးတာဟာ သေသူဝိညာဉ်ရဲ့ လက်ရာမဟုတ်ဘဲ စာရေးသူရဲ့ မသိစိတ်ကထွက်လာတာလို့ ပြောကြတယ်။ ဒါပေမဲ့လည်း သူတို့လက်လျှော့ထားတဲ့ သာဓကတွေ ရှိပါတယ်"

"ပြောပါဦး"

နေလင်းက စကားမပြတ်စေလိုသော သဘောဖြင့် ထောက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"၁၉၁၃ ခုနှစ်က မစ္စစ်ကာရန်လို့ခေါ်တဲ့ အမေရိကန်အမျိုးသမီးတစ်ယောက်လည်း အခုလိုပဲ Automatic writing စာတွေရေးဖူးတယ်။ စာရေးသားသူ ဝိညာဉ်ကတော့ သူ့ကိုယ်သူ ပေးရှင့်ဝေါ့သ် (Patience worth) လို့ခေါ်တယ်ပြောတာပဲ။ မစ္စစ်ကာရန်က ဝတ္ထု၊ ကဗျာတော်တော်များများကို ရေးဖွဲ့ခဲ့ပြီး သူ့စာပေတွေကို အတန်အသင့် အဆင့်တန်းမြင့်တယ်လို့ စာပေပညာရှင်တွေက ယူဆကြတယ်။

ထူးခြားတာက မစ္စစ်ကာရန်ရဲ့ ဝတ္ထုတွေဟာ ၁၇ ရာစုခေတ်ကသုံးစွဲတဲ့ အင်္ဂလိပ်ဆက်ဆွန်စကားတွေ (၉၀) ရာခိုင်နှုန်းပါရှိပြီး အဲဒီခေတ်အချိန်က အင်္ဂလန်ပြည်ရဲ့ အခြေအနေကို တိကျမှန်ကန်စွာ ဖော်ပြထားတယ်တဲ့"

"ဟယ် . . . ဟုတ်လား။ အဲဒါဆို ဝင်စီးတဲ့ ပေးရှင့်ဝေါ့သ် (Patience worth) က (၁၇)ရာစုခေတ်ကတည်းက သေဆုံးသွားတဲ့သူပေါ့"

"အဲလိုပဲ ယူဆရတာပဲ။ ဒါပေမဲ့ တချို့သုတေသီဆရာတွေက တစ်မျိုးယူဆကြတယ်။ မစ္စစ်ကာရန်ဟာ (၁၇)ရာစုခေတ် အင်္ဂလိပ်စာပေနဲ့သမိုင်းကို တစ်ချိန်က လေ့လာမှတ်သားထားပြီး အဲလိုပြုလုပ်ခဲ့တာကို အခု သတိမရတော့ဘဲ Automatic စာပေအနေနဲ့ ထုတ်ဖော်တာလို့ဆိုကြတယ်။ ဒါပေမဲ့ သေချာတာကတော့ မစ္စစ်ကာရန်ဟာ အင်္ဂလန်ပြည်လည်း မရောက်ဖူးဘူး၊ သမိုင်းလည်း မလေ့လာခဲ့ဖူးဘူးတဲ့"

ကျွန်တော့်စကားအဆုံးမှာ နားထောင်နေသူအားလုံး မျက်လုံးအရောင်လက်သွားသည်။ သူတို့အားလုံး အရေးကြီးတစ်စုံတစ်ရာကို ဆက်စပ်မိသွားပါပြီ။

"ဒါဆို သဲဆုအခုဖြစ်နေတာနဲ့ တူတာပေါ့"

နေခြည်က ခပ်သွက်သွက် ဝင်ပြောတော့ . . .

"ဟုတ်တယ်။ သဲဆုလည်း ဂျပန်စာမတတ်ဘူး၊ နားလည်မလည်ဘူး။ ဒါပေမဲ့ ဂျပန်စာတွေရေးပြီး ဂျပန်စကားတွေပြောနေတယ်"



အ[illegible]ပါ တိတိကျကျ ဝင်ထောက်ခံ၏။ ဟုတ်လေသည်။ အရင့်အရင်ဖြစ်ပျက်သွားဖူးသော သာဓကတွေအရတော့ သဲဆုနွေးကိုလည်း ကျွန်တော်တို့မမီလိုက်သည့် နှစ်ပေါင်းတော်တော်ဝေးဝေးမှ သေဆုံးသွားသောသူတစ်ယောက်က ဝင်ရောက်မှီကပ်တာပါ။

ဘယ်သူလဲဆိုတာတော့ သေချာမပြောနိုင်သေး။ ဒါပေမဲ့ . . .

"အခု သဲဆုကိုမှီကပ်လာတဲ့ ဝိညာဉ်ကိုရော ဘယ်သူလို့ထင်လဲ"

အကဲစမ်းသလိုမေးလာသော နေခြည့်မေးခွန်းအား ကျွန်တော်အဖြစ်နိုင်ဆုံး အဖြေပေးမိပါသည်။

"အခုနေပြောဖို့ စောပါသေးတယ်။ ငါတို့ အချိန်နည်းနည်းလောက် ထပ်စောင့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

အရင်ညတွေက စိတ်ပင်ပန်းမှုတွေကို ဒီညမှာ မေ့ပျောက်အိပ်စက်လိုက်ကြသည်။ သို့သော်လည်း မည်သူမျှတော့ မသိလိုက်ပါ။ ဒီတစ်ခါ Possession မှုက မထင်ရလောက်အောင် ညင်သာ၏။ အားလုံးအိပ်စက်သွားချိန်၊ တစ်ဆောင်လုံး အမှောင်ချသွားချိန် ညသန်းခေါင်မှာ အိပ်နေရာမှ သဲဆုနွေး ဆတ်ခနဲ ထထိုင်မိသွားသည်။

ခန္ဓာကိုယ်တို့ တောင့်မတ်ကာ မျက်လုံးတွေက အေးစက်မာကျောသယောင် သေသွား၏။ သဲဆုနွေးခန္ဓာကို သဲဆုနွေးမပိုင်တော့ပါ။ ဘယ်သူမှန်းမသိသည့် တစ်စုံတစ်ယောက်က အငှားဝင်ရောက်လာသည်။

ပြီးတော့ ခုတင်ပေါ်မှဆင်းကာ အမှောင်ထဲမှာပင် စာရေးစားပွဲမှာ ဝင်ထိုင်၏။ နောက် နီးစပ်ရာ စာရွက်လွတ်တစ်ရွက်ပေါ်၌ ရေးဟောင်းအသုံးအနှုန်းတွေရောသော ဂျပန်စာတွေကို ရေးခြစ်သွားလေသည်။ အိပ်မောကျနေချန်မို့ မည်သူမျှမသိလိုက်။ သတိမထားမိလိုက်။

ယုတ်စွအဆုံး သဲဆုနွေးကိုယ်တိုင်ပင် မသိလိုက်ချေ။ ညအိပ်ရာဝင်ချိန်မှလွဲ၍ သူမ ဘာကိုမျှသတိမရခဲ့။

ဒါပေမဲ့ မနက်လင်းသွားချိန်မှာတော့ . . .



## XX

စောသေးတယ်ဆိုသော်လည်း တိတိကျကျ တွက်ကြည့်ပါက နာရီပိုင်းပင်။

ဟုတ်ပါသည်။ ထိုနေ့ညမှာပင် ဒုတိယမြောက် Possession အမှုတစ်ခုက သဲဆုနွေးနေထိုင်ရာ အမျိုးသမီးဆောင်မှာ ဖြစ်ပွားလာပါတော့သည်။

ထိုနေ့ညနေတွင် အရင်ညတွေတုန်းကလို ခွေးတွေမဟောင်။ C-2 ဆောင်မှ သီချင်းသံကိုလည်း မကြားရ။ အရာအားလုံးက အေးဆေးနေသည့်အတွက် ကျောင်းဝန်းကြီးက အေးအေးသက်သာပင် အိပ်ပျော်သွားသည်။ ကျောင်းသူ၊ ကျောင်းသားတွေအားလုံးလည်း ဒီညမှ စိုးရိမ်ထိတ်လန့်မှုတို့ အဆုံးသတ်သွားပြီအထင်နှင့် စိတ်ချလက်ချ အနားယူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXI

အခန်းထောင့်အမှောင်ထဲက အသက်ရှူသံတစ်ခုကို ကြားနေရတယ်။

"ဘယ်သူလဲ"

အော်လိုက်တော့ ပြန်ဖြေသံမကြားရဘူး။ တစ်ခန်းလုံးကိုလည်း သူ့အသက်ရှူသံက ဖုံးလွှမ်းနေတယ်။ အကျယ်ကြီးပဲ။ ငါသွားကြည့်လိုက်တော့ မြင်နေရတယ်။ မှောင်မည်းနေပေမဲ့ ငါ့မျက်လုံးထဲမှာ မြင်နေတယ်။

လူတစ်ယောက် စန့်စန့်ကြီးလဲနေတယ်။

မဟုတ်ဘူး။ ကလေးတစ်ယောက်ပါ။ ခေါင်းကိုအပေါ်မော့ပြီး ခက်ခက်ခဲခဲ အသက်ရှူနေတယ်။ ရင်ဘတ်က မို့မောက်



သွားလိုက်၊ ပြန်ကျသွားလိုက်နဲ့ လေတစ်ရှိုက်ရဖို့ တော်တော်ကြီးကို ခက်ခဲပင်ပန်းနေပုံပါပဲ။

ဘယ်သူလဲ။

ငါ့စိတ်ထဲကရေရွတ်ရင်း မျက်နှာကို သေချာကြည့်မိတော့ . .

ဘုရားရေ . . . ငါ . . . ငါပါလား။

စန့်စန့်ကြီးလဲပြီး သေကောင်ပေါင်းလဲ အသက်ရှူနေတာ ငါပါလား။

ဘုရား . . . ဘုရား . . . ။

ဒါ . . . ဒါဆို . . . ငါ . . . ငါက . . .

မေ . . . မေမေရေ . . . သားကိုကယ်ပါဦးဗျာ။ သားကြောက်တယ်။ အရမ်းကြောက်တယ်။ သားခန္ဓာကိုယ်ကြီးကို သားပြန်မြင်နေရပြီ မေမေ။ မှောင်ကြီးထဲမှာ . . . မှောင်မည်းကြီးထဲမှာ . . .

သူ . . . သူ . . .

အံကြီးကြိတ်ပြီး အသက်ရှူနေတယ်။

လည် . . . လည်ပင်းကြောကြီးတွေလည်း ထောင်နေတယ်။

ဟာ . . . လက် . . . လက်သီးဆုပ်ထဲမှာလည်း ဖုန်တွေနဲ့။

ဟာ . . .

မေမေရေ . . . သားကြောက်တယ်။

သားကို မြန်မြန်လာခေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဟင် . . . မေမေ့အသံ။

ဟုတ်တယ် . . . မေမေ့အသံ။ ငါ့နာမည်ကို ခေါ်နေတာ။

မေမေရေ . . . မေမေ . . . သားဒီမှာ . . . ဟောဒီအမှောင်ခန်းထဲမှာ . . . ဟော . . . ဟိုမှာ မေမေလာနေပြီ။ ငါ့ဆီကို လာနေပြီ။ ဟင် . . . မေ . . . မေမေက လမ်းလျှောက်လာတာ မဟုတ်ပါလား။

မေမေ အဲလိုသွားတာ တစ်ခါမှ မမြင်ဖူးဘူး။

မေမေက လေထဲမှာဝဲပျံပြီး ငါ့ဆီကိုလာနေတယ်။



# XXII

စားပွဲအလယ်တွင်တင်ထားသော စာရွက်တစ်ရွက်ကိုကြည့်၍ အားလုံး တိတ်ဆိတ်နေကြသည်။ ဖတ်ပြီးသွားကြပြီမို့ အကုန်လုံးက အသက်ရှူရန် မေ့လျော့နေကြသလို ကုလားထိုင်မှာ ကိုယ်စီထိုင်ရင်း တောင့်မတ်နေသည်။ ရှိနေကြသည်က ကျောင်းအုပ်ကြီးဦးထွန်းလွင်၊ ဆရာဦးစိုးဝင်း၊ ဂျပန်စာဌာနမှ ဘာသာပြန်ပေးထားသူ ဆရာတစ်ယောက်နှင့် ကျွန်တော်။

ပထမအတိုင်းပဲ။ ယခုစာကိုလည်း ခက်ခက်ခဲခဲ ဘာသာပြန်ထားရခြင်းဖြစ်သည်။ ဘာသာပြန်ပြီး၍ အားလုံးဖတ်ပြီးသွားချိန်မှာတော့ . . .

"ဒီလောက်ဆို လုံလောက်သွားပါပြီ။ သူဘယ်သူဆိုတာ ပြောလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအုပ်ကြီး ဦးထွန်းလွင်၏စကား။ အကုန်လုံးကလည်း ပဟေဠိတစ်ပုဒ်၏စတင်ရာကို လှမ်းမြင်မိသွားကြပါပြီ။

"စီကို လို့ပြောချင်တာပေါ့"

ဦးထွန်းလွင် ခေါင်းညိတ်၏။ ခေါင်းညိတ်ရလောက်အောင် တိကျသည့် ဆက်စပ်မှုတွေလည်း သူ့မှာရှိနေသည်။

"စာကိုဖတ်ကြည့်ရသလောက်တော့ စီကိုဆိုတဲ့ကလေးလေးက သေဆုံးကာနီး လူတွေမှာဖြစ်တတ်တဲ့အတိုင်း မိမိကိုယ်ထဲက နာမ်ခန္ဓာခွဲထွက်ပြီး ကိုယ့်ရုပ်ခန္ဓာကို ကိုယ်ပြန်မြင်ရချိန်မှာ ရေးထားတဲ့စာပဲ။ အမှောင်ခန်းထဲမှာ ရက်ပေါင်းတော်တော်ကြာပိတ်မိပြီး အစာရေစာပြတ်မယ်၊ အသက်တစ်ချက်ကိုတောင် ရှူသမျှအင်အားအကုန်သုံးပြီး အခက်ခဲဆုံး အားယူရှူသွင်းနေရချိန်မှာ သူ့အမေကိုတမ်းတပြီး ရေးထားပုံပဲ"

မည်သူမျှ ကန့်ကွက်စကား မဆိုမိပါ။ ကန့်ကွက်စကား ဆိုစရာမရှိအောင်လည်း ဆရာကြီးစကားက အဖြစ်နိုင်ဆုံးထက်ကျော်လွန်နေသည်။ ဟုတ်ပါသည်။ သာမန်လူတစ်ယောက် အတွေးအခေါ်နဲ့တောင် အခုကိစ္စက တွေးလို့ရလောက်သည်။

"စီကိုဆိုတဲ့ကလေးလေးက သေကောင်းပေါင်းလဲဖြစ်ပြီး သူ့အမေကိုတမ်းတချိန်မှာ သူ့အမေရောက်လာတယ်ဆိုတာကရော စိတ်ထင်မှုလား၊ ဒါမှမဟုတ် တယ်လီပသီ (Telepathy) လား"

ကျွန်တော့်မေးခွန်းကို ဆရာကြီးဦးထွန်းလွင် စဉ်းစားသွား၏။ ဆရာဦးစိုးဝင်းကတော့ ခေါင်းညိတ်သည်။ အဖြေကိုသိလို့ ခေါင်းညိတ်တာလား၊ ဒါမှမဟုတ် မေးခွန်းကို သဘောတူတာလားမသိ။

"တယ်လီပသီလို့ ပြောရင်တော့ ရလောက်တယ်။ သူတို့က သားအမိဆိုတော့ သာမန်လူတွေထက် အခုလို သေရေးရှင်ရေးကိစ္စတွေမှာ စိတ်ချင်းဆက်သွယ်ဖို့လွယ်ပါတယ်။ ဒါပေမဲ့ ငါကတော့ အဲလိုမထင်ဘူး။ စီကို့ဆီကို သူ့အမေ တကယ်ရောက်လာတယ်လို့ ထင်တယ်"

"ဟင် . . . "



"ဗျာ . . . "

ဆရာကြီးအဖြေကြောင့် ကျွန်တော်တို့ အံ့သြသွားမိချိန် . . .

"ဒေါက်တာမူဟိုင်းရဲ့မှတ်တမ်းမှာ စီကိုပျောက်သွားပြီး မကြာဘူး သူ့ဇနီးလည်း သားစိတ်နဲ့ သေဆုံးသွားတယ်လို့ပါတယ်။ အဲတော့ ငါဆိုလိုတာက စီကိုလေးသေခါနီးမှာ သူ့အမေလည်း စိတ်ဝိညာဉ်အဖြစ်ရောက်လာတယ်ထင်တယ်"

ဆရာကြီးစကားကြောင့် ဆရာဦးစိုးဝင်း မျက်မှောင်ကြုတ်သွားသည်ကို တွေ့လိုက်သည်။ ပြီးတော့ . . .

"ဒါဆို ဆရာကြီးဆိုလိုတာက စီကိုလေးအရင် သူ့အမေက သေသွားတာလို့ ဆိုချင်တာလား"

"အဲလိုလည်းမဟုတ်ဘူး။ အသက်မသေဘဲနဲ့လည်း စိတ်ဝိညာဉ်က ခန္ဓာကိုယ်ထဲကနေ ခွဲထွက်သွားလို့ရတယ်လေ"

"ဗျာ . . . "

ထပ်မံအံ့သြရပြန်ပါပြီ။ ကျွန်တော်ကတော့ ဆရာတွေ၏ အသိပညာအောက်မှာ အံ့သြပြီးရင်း အံ့သြနေတော့သည်။

"အသက်ရှင်နေလျက်နဲ့ စိတ်ဝိညာဉ်က ခန္ဓာထဲကခွဲထွက်ပြီး တစ်နေရာရောက်သွားဟာမျိုးကို သူတော်စင်၊ သူတော်မြတ်တွေနဲ့ စိတ်စွမ်းအားကြီးတဲ့သူတွေမှာ တွေ့ရတယ်။ အဘိညာဉ်တန်ခိုးလို့လည်း ပြောလို့ရတယ်။ သာမန်လူတွေအတွက်ကတော့ သေခါနီးအချိန်မှာ အဝေးကစ်နေရာက အသိမိတ်ဆွေတစ်ယောက်ကို ကိုယ်ထင်ပြပြီး မှာစရာရှိတာမှာခဲ့တာမျိုးပေါ့"

"သြော်"

ကြားဖူးနားဝရှိသော အကြောင်းအရာတွေဖြစ်ပေမယ့် ယခုမှ အသေအချာသိလိုက်ရခြင်းပါ။

ဆရာကြီးရုံးခန်းမှာမို့ လူအဝင်အထွက် သိပ်မရှိဘဲ တိတ်ဆိတ်နေသည်။ နေ့ခင်းနေ့လယ်မို့ ပြင်ပလေပူတချို့က အခန်းထဲသို့တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ ဝင်ရောက်တတ်သည်။

မနက်လင်းလင်းချင်းမှာပင် နေခြည်နှင့်အေးမို့က စာရွက်တစ်ရွက်ကိုင်ကာ ကျွန်တော့်ဆီရောက်လာ၏။ ထူးခြားနေသော အခြေအနေတစ်ခုနဲ့ပင် ကျွန်တော် သဘောပေါက်ခဲ့မိပါသည်။ ထင်သည့်အတိုင်းပင် လက်ထဲရောက်လာသည်က ကျွန်တော်လုံးဝနားမလည်သော ဂျပန်စာသားများ။

ချက်ချင်းပင် ဦးစိုးဝင်းဆီ ပြေးမိသည်။ နေခြည်နှင့်အေးမို့က တော့ သဲဆုကိုစိတ်မချဟုဆိုကာ အဆောင်ပြန်သွား၏။ ထို့နောက်တော့ ကျွန်တော်တို့ ဂျပန်စာဌာနသို့ ရောက်သွားခဲ့ပါသည်။ နေ့တစ်ဝက်ကြာပြီးချိန်မှာတော့ ကျွန်တော်တို့စောင့်မျှော်နေသော အဓိပ္ပာယ်အလုံးစုံသည်ကား . . .

“ကျောင်းထဲမှာတော့ ဒီသတင်းက တော်တော်ပျံ့ပြီးနေလောက်ပြီ”

ဂျပန်စာဌာန အကြီးအကဲဆိုသောစကားကို ဦးစိုးဝင်းက ခေါင်းညိတ်ထောက်ခံကာ . . .

“ကျွန်တော်တစ်ခုပဲ စိုးရိမ်တယ်။ သဲဆုနွေးဆိုတဲ့ကျောင်းသူက ဒီနှစ်မှ တို့ကျောင်းကိုရောက်လာတာဆိုပေမဲ့ ထူးချွန်တယ်။ ရည်ရွယ်ချက်ကြီးကြီးလည်း ရှိပုံရတယ်။ မထင်မှတ်ဘဲ အခုလိုအကြောင်းတွေ တိုက်ဆိုင်လာတဲ့အပေါ်မှာ သူခံနိုင်ရည်ရှိပါ့မလား”

ကျွန်တော်စိုးရိမ်နေတာလည်း အဲဒါပါပဲ။ သူမသည် နုနယ်သော မိန်းကလေးတစ်ယောက်ပင် မဟုတ်ပါလား။ ထိုစကား၏နောက်မှာ အကုန်လုံး တိတ်ဆိတ်သွားမိကြပါ၏။ နုနယ်သောမိန်းကလေးတစ်ဦးအပေါ် ကျရောက်ဖိစီးသည့်ဒုက္ခက ဝန်နှင့်အား လုံးဝမမျှအောင် ရှိနေသည်လေ။

ဒီလိုနှင့် အချိန်အတော်များများကို တိတ်ဆိတ်မှုဖြင့်သာ ကုန်ဆုံးလိုက်ကြပါ၏။ ဒါပေမဲ့ အေးစက်နေသော စကားဝိုင်းထဲသို့ အဆို



တစ်ခုကို ကျွန်တော် ထည့်သွင်းဖြစ်သည်။

“ကောင်းတာလား၊ ဆိုးတာလားတော့ မသိဘူးနော်။ ညက သီချင်းသံ မကြားဘူး”

ဟုတ်ပါသည်။ ညက သီချင်းသံထွက်ပေါ်မလာခဲ့ပါ။ ခွေးတွေလည်း အရင်ညတွေလို ဆိုးဆိုးဝါးဝါး အူသံ၊ ဟောင်သံ မကြားခဲ့။ ဒါပေမဲ့ . . .

“တယောထိုးသံလိုလိုတော့ ကြားမိသလိုပဲ”

ဂျပန်စာဌာန အကြီးအကဲ၏စကား။

“ဟုတ်တယ် . . . ညက ခွေးလည်းမဟောင်ဘူး။ C-2 ဆောင်က သီချင်းဆိုသံလည်း မကြားဘူး။ ဒါပေမဲ့ ‘ဝမ်’ တယောထိုးတယ်”

ဆရာကြီးပြောသည့် ‘ဝမ်’ ဆိုသောနာမည်က ကျွန်တော့်နှလုံးအိမ်အတွင်းသို့ တစ်လိမ့်ချင်း လှုပ်ခတ်ကာ ကျသွားသည်။

သိပါသည်။ ဆုံလည်း ဆုံဖူးပါသည်။

‘ဝမ်’ ဆိုတာ နှစ်ပေါင်းများစွာ ဒီကျောင်းမှာ တာဝန်ထမ်းဆောင်လာသော ကျောင်းစောင့်အဘိုးကြီးတစ်ယောက်ပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## XXIII

အခန်းထဲရောက်ရောက်ချင်းပင် ဇေသူနှင့် နေလင်းက ဆီးမေးသည်။

"ဟော့ကောင် . . . ဘာထူးလဲ"

ကျွန်တော် ခေါင်းယမ်းပြလိုက်တော့ . . .

"မင်းကသာမထူးတာ ဒီမှာတော့ တော်တော်ထူးနေပြီ"

ဇေသူ့စကားကို နားမလည်၍ ကြောင်တောင်တောင်ကြည့်မိတော့ ဇေသူက တစ်ခုံကျော်မှ မိန်းကလေးတစ်အုပ်ကို လက်ညှိုးထိုးပြကာ . . .

"ခဏနားထောင်"

ဟုပြောသည်။ ထို့ကြောင့် ကျွန်တော်လည်း ငြိမ်ကာ နားထောင်ကြည့်လိုက်တော့ . . .



မကြာဘဲ။

"ဟဲ့ . . . သရဲက C-2 ဆောင်မှာတင် မဟုတ်တော့ဘူးတော်။ ငါတို့အဆောင်ပါ ပါကုန်ပြီ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ညက အဆောင်မှာ ဟိုတစ်နေ့ကလိုပဲ သဲဆုနွေးကို သရဲဝင်စီးလို့"

"ဟယ် . . . တကယ်"

"ဟုတ်တယ်"

"ဒါ . . . ဒါဆို ကြောက်စရာကြီး နေမှာပေါ့။ နင်တို့ဝင်ဆွဲရသေးလား"

"ဒီတစ်ခါ ဘယ်သူမှတောင် မသိလိုက်ဘူး။ မနက်မိုးလင်းမှ သိကြတာ"

စကားသံတို့ တိုးသွား၏။ ဆက်လက်နားစွင့်ကြည့်သော်လည်း မကြားရတော့။

ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်းယမ်းလိုက်မိသည်။ လုံးဝမသက်ဆိုင်သော တွေးထင်မှုတွေနဲ့တော့ ကျောင်းထဲမှာ သတင်းက ပလူပျံနေပါပြီ။

နေလင်းက ကျွန်တော့်အားကြည့်ကာ 'ဘယ်လိုလဲ' ဟူသည့်သဘော မျက်ခုံးပင့်ပြသည်။ သက်ပြင်းကိုချရင်း . . .

"မဟုတ်ဘူး . . . လုံးဝမှားနေပြီ"

"ဘာကိုလဲ"

"သရဲက သဲဆုနေတဲ့အဆောင်ကို ရောက်လာတာမဟုတ်ဘူး။ လောလောဆယ်အခြေအနေက သဲဆုရှိရာ ဘယ်နေရာမဆို possession မှုဖြစ်နိုင်တယ်"

"ဟုတ်လား . . . ငါတော့ သဲဆုနွေးအစား စိတ်မကောင်းဖြစ်မိတယ်ကွာ။ သူ့အတန်းလာမတက်တာဘဲ ကောင်းပါတယ်။ မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com

အခုလို သတင်းစကားတွေကိုကြားပြီး စိတ်ကောင်းမှာမဟုတ်ဘူး”

နေလင်းက ထောက်ခံ၏။

“သူငယ်ချင်းရာ . . . ငါက ပိုခံစားရပါတယ်”

မှိုင်းပြုပြုပြောသော ကျွန်တော့်စကားကြောင့် နှစ်ယောက်လုံး မျက်နှာပျက်သွားကြသည်။ ပြီးတော့ နားလည်သလိုလည်း ဝိုင်းကြည့်၏။

“အဲလို မီကပ်နေတဲ့ဝိညာဉ်ကို ဖယ်ထုတ်လို့ မရနိုင်ဘူးလားကွာ”

ဇေသူက ကြိတ်မနိုင်ခဲမရ ဝင်ပြောတော့ . . .

“ရနိုင်တယ်။ ဒါပေမဲ့ မလွယ်ဘူး။ တစ်ခုပဲ။ သူပြောချင်တာပြောပြီးသွားရင်တော့ ထွက်သွားလိမ့်မယ်”

စကားဆုံးတော့ ဇေသူက အလျင်စလိုပင် . . .

“အဲလိုကြီးတော့ ဖြစ်မလားကွ။ သူပြောချင်တာတွေက အများကြီးဆိုရင် သဲဆုနွေးဆီကိုပဲ ခဏခဏရောက်လာနေမှာပေါ့၊ ဘယ်လိုလုပ်ဖြစ်မလဲ။ ငါပြောချင်တာက သူပြောစကားဆုံးအောင်မစောင့်ဘဲ နောက်တစ်နည်းနဲ့ ဖယ်ထုတ်ဖို့ . . .”

“ဟုတ်တယ် . . . ဘယ်တော့ပြီးမှာမသိဘဲနဲ့ စောင့်နေရင် ဒီထက်ပိုဆိုးလာရုံပဲရှိလိမ့်မယ်။ ပြီးတော့ သဲဆုနွေးက မိန်းကလေး။ အခုတောင် တစ်ဆောင်လုံး ချောက်ချားနေကြပြီ။ ဘေးကလူတွေတောင် ဒီလောက်ချောက်ချားနေကြရင်း ကာယကံရှင်ဆိုရင် ဘယ်လိုလုပ်မလဲ။ အဲတော့ နောက်တစ်နည်းလောက် စဉ်းစားကြည့်ရင် မကောင်းဘူးလား”

နေလင်းကပါ မခံမရပ်နိုင် ဝင်ပြောနေသည်။ သူတို့သဘောကို နားလည်ပါသည်။ ကောင်းသောရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသည်ဖြစ်စေ၊ မကောင်းသောရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသည်ဖြစ်စေ ရေရှည်ဆိုလျှင် အကုန်လုံး ရှုပ်ထွေးသွားနိုင်သည် မဟုတ်ပါလား။

အဲဒါတွေက ယခု သူတို့ပြောမှပင်မဟုတ်ပါ။ အရင်ကတည်းက ကျွန်တော် ကြိုတွေးထားပြီးသားဖြစ်သည်။ ဒါပေမဲ့ ကျွန်တော် အစတစ်ခု



လိုအပ်နေသည်။

“သိပ်တော့မလွယ်ဘူး။ သဲဆုနဲ့ စီကိုဆိုတဲ့ကလေးလေးရဲ့ ပတ်သက်မှုတစ်ခုကို ရှာရလိမ့်မယ်”

နှစ်ယောက်သား မျက်မှောက်ကြုတ်သွားကြ၏။

“ငါတို့နားမလည်ဘူး။ ရှင်းအောင်ပြော”

“လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်က သေဆုံးသွားတဲ့ ကလေးလေးတစ်ယောက်နဲ့ အဲဒီအကြောင်းကိစ္စတွေကို သိလည်းမသိ၊ ကြားလည်း မကြားဖူးတဲ့ မိန်းကလေးတစ်ယောက်က စိတ်ဝိညာဉ်ချင်း ဆက်စပ်မိဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ငါတို့မသိတဲ့ ပတ်သက်မှုတစ်ခုရှိနေလိမ့်မယ်။ ဒါမှမဟုတ် တစ်ချိန်က ရှိခဲ့လိမ့်မယ်။ အခုလောလောဆယ် ငါပြောနိုင်တာကတော့ အဲလောက်ပဲ”

တိတ်သွားကြ၏။ ဘာသံမျှမကြားရတော့ပါ။ အခန်းထဲသို့ ဆရာမလည်း ဝင်မလာခဲ့။

ဒါပေမဲ့ တိတ်ဆိတ်သွားသည်။ တစ်ခန်းလုံးလိုလိုပင် ဘာမှန်းမသိ တိုးတိတ်သွားကြသည်။ ထိုအချိန်မှာပဲ ယောကျ်ားလေးသုံးယောက်မှာ အခန်းထဲမှ ထွက်သွားကြပါ၏။

ခြေသံအချို့ . . .

သို့သော် ထိုခြေသံတို့ အခန်းပြင် ရောက်မသွားသေးခင်မှာပင် . . .

“ဒီညလည်း ဘာတွေထပ်ဖြစ်ဦးမလဲ မသိဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com

နေသည့် C-2 ဆောင်နောက်ဘက်မှာတော့ သာမန်ထက်ပိုလွန်သော ထူးခြားမှုတွေရှိနေခဲ့သည်။ အရင်ချိန်တွေကတည်းကတော့ C-2 ဆောင်နောက်ပိုင်းမှာ အသွားအလာနည်းသည့်အတွက် ချုံနွယ်ပိတ်ပေါင်းတွေရှိနေ၏။

သတိပဲမထားမိတာလား၊ ဒါမှမဟုတ် ရက်ပိုင်းအတွင်း မထင်ရလောက်အောင် သန်စွမ်းလာမှုတွေလားတော့မသိ။ C-2 ဆောင်နောက်ပိုင်းမှာ အမည်ခေါ်ရန်ခက်သည့် နွယ်ပင်တချို့ ထူးထူးခြားခြား ရှင်သန်တွယ်ကပ်နေပါသည်။

ပထမရက်မှာ မသိသာသော်လည်း နောက်ရက်တွေမှာတော့ ထိုနွယ်ပင်တွေက စိုးရိမ်ဖွယ်ကောင်းလောက်အောင် C-2 ဆောင်နောက်ပိုင်းကို ဝါးမြိုဖုံးလွှမ်းလာပါတော့သည်။

ချက်ချင်းလက်ငင်း ဖြစ်ပွားလာသော ထူးခြားမှုတွေကြောင့် တစ်ကျောင်းလုံးက ဘာလုပ်ရမှန်းမသိ အုံ့ဩကြည့်ငေးရုံမှတစ်ပါး ဘာမျှမလုပ်ဖြစ်သေးသော်လည်း တစ်စုံတစ်ယောက်သောသူကတော့ စိုးရိမ်ထိတ်လန့်မှုတွေ မထိန်းနိုင်အောင် ပေါ်လွင်နေသည်။

ပြီးတော့ များပြားလွန်းလှသော နံရံကပ်နွယ်ပင်တွေကို ဓားတစ်လက်ဖြင့် မရပ်မနား ရှင်းလင်းနေသည်။

သူ့ပုံစံက မကြာခင်ကျရောက်လာတော့မည့် အမှောင်တိုက်တစ်ခုကို ကြိုတင်မြင်မက်ထားပုံမျိုး။ တစ်ကျောင်းလုံးသိကြမည် ထင်ပါသည်။

သူကတော့ ကျောင်းစောင့်အဘိုးကြီး 'ဝမ်' ပါ။



# XXIV

အရင်ညတွေလိုပါပဲ တကယ့်တကယ်က ဘာမှဖြစ်မလာခဲ့ပါ။ ခွေးဟောင်သံ၊ ခွေးအူသံတွေ ဆက်တိုက်ကြားရပြီ။ မကြာမီမှာပင် ကြားနေကျ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ကြားရသည်။

ပြီးတော့ . . .

ပြီးသွားတာပါပဲ။ ကျောင်းထဲမှာ ဘာမျှထူးထူးခြားခြား ဖြစ်ပျက်မသွားသလို၊ သဲဆုနွေးတို့ မိန်းကလေးဆောင်မှာလည်း အေးဆေးပင်။

ဒါပေမဲ့ တစ်ခုတော့ရှိပါ၏။

အဲဒါက မနက်လင်းချိန် ကျော်လွန်သွားပြီးသည့် နာရီပိုင်းနည်းနည်းမှာပါ။

ကျောင်းကြီးက ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နေသည်။ ဒါပေမဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးကို ထိတ်လန့်မှုတွေ ပေးစွမ်း



www.burmeseclassic.com

www.burmeseclassic.com

## XXV

"သက်တံ့ . . . ပွဲနီးပြီနော်။ ဒီဘက်ကိုလည်း ဂရုစိုက်ဦး"

နည်းပြဖြစ်သူ၏စကားကို ခေါင်းညိတ်ပြရင်း ကစားကွင်းထဲမှ ထွက်ခဲ့တော့ ဘေးမှာ ကျော်စိုးပါလာသည်။ ဒီနေ့ ကျောင်းပိတ်ရက်မို့ ကျွန်တော်တို့ ထရိန်နင်အသည်းအသန် ဆင်းနေရခြင်းဖြစ်သည်။ ပွဲက သိပ်မလိုတော့။

ဒီအတောအတွင်း ကျွန်တော် အာရုံများနေတာသိ၍ နည်းပြဆရာက သတိပေးခြင်းဖြစ်နိုင်သည်။ ကစားကွင်းအပြင်ရောက်တော့ ကျော်စိုးက . . .

"သက်တံ့ . . . မင်းကတော့ တို့အသင်းမှာ မရှိမဖြစ်ပဲ။ ဂုဏ်ယူပါတယ်ကွာ။ ပြီးတော့ မင်းကိုလည်း တောင်းပန်တယ်"

ရှေ့နောက်ဝေးကွာလွန်းသော ကျော်စိုးစကားအဓိပ္ပာယ်ကြောင့် ကျွန်တော် နဝေတိမ်တောင်ဖြစ့် ကြည့်မိတော့ . . .



"မနှစ်ကဗိုလ်လုပွဲမှာ မှားခဲ့မိတဲ့ ငါ့အပြစ်ကိုပါ"

ဒီတစ်ခါတော့ ကျွန်တော် နားလည်စွာပြုံးမိသည်။ ကျွန်တော့်အပြုံးက ဘာအရောင်မှ စွန်းထင်းမနေသော အဖြူထည်အပြုံး။

"ရပါတယ်ကွာ။ ငါ့စိတ်ထဲ မထားပါဘူး။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲ။ ပွဲတစ်ခုမှာ အနိုင်ရရေးအတွက်ကတော့ ဘယ်သူမဆို နည်းလမ်းပေါင်းစုံက ကြိုးစားချင်ကြတာပဲလေ။ ဒါမျိုးက ဖြစ်တတ်ပါတယ်"

ပြောပြီး မနှစ်ကအတိတ်အချို့ကို သတိရမိသည်။ ထိုစဉ်က ကျောင်းတွင်းမေဂျာအလိုက်ပြိုင်သော ဘတ်စကက်ဘောကစားပွဲ၏ နောက်ဆုံးဗိုလ်လုပွဲမှာပါ။ ဒီပွဲတွင် အကောင်းဆုံ းလက်စွမ်းပြနိုင်သူတွေက ကျောင်းလက်ရွေးစင်အဖြစ် ပါဝင်ရမည်မို့ အားလုံးက အစွမ်းကုန်ကြိုးစားနေကြ၏။

ထိုအထဲမှာ ကျွန်တော်ပါသလို၊ ကျော်စိုးလည်းပါသည်။ ခက်တာက ကျွန်တော့်နှစ်ယောက်က တစ်မေဂျာစီပြိုင်ဘက်။ အနိုင်ရနေသည်က ကျွန်တော်တို့အသင်း။ ပုံမှန်အတိုင်းသွားလျှင်ပင် ကွင်းထဲမှာ လက်စွမ်းပြနေသော ကျွန်တော်တို့နှစ်ယောက်က လက်ရွေးစင်အဖြစ် မပါမဖြစ်ပါမှာပါ။

ဒါပေမဲ့ ပွဲပြီးခါနီးတွင် မတော်တဆလား၊ တမင်လားမသိသော ကျော်စိုး၏ လူချကစားမှုကြောင့် ကျွန်တော် ကွင်းထဲမှ ထွက်ခဲ့လိုက်ရပါသည်။ လက်ကောက်ဝတ်တွင် ဒဏ်ရာအပြင်းအထန်ရသွားသည်မို့ လက်ရွေးစင်တွင် ကျွန်တော် မပါဝင်နိုင်တော့။

ကျောင်းပေါင်းစုံပြိုင်ပွဲတစ်လျှောက်မှာ ကျွန်တော်တို့အသင်းနာမည်ရခဲ့ပါသည်။ ဗိုလ်လုပွဲထိလည်း တက်ခဲ့သည်။ ဒါပေမဲ့ ဗိုလ်လုပွဲမှာတော့ ကျွန်တော်တို့ကျောင်းမှာ အကြီးအကျယ် ရှုံးနိမ့်သွားခဲ့ရ၏။ တစ်ဖက်အသင်းက ကစားပုံအဆင့်မြင့်ကာ လူညီသည်။ အသင်းလိုက်ကစားအားကောင်းသည်။ ကျွန်တော်တို့အသင်း ကြိုးစားကစားသော်လည်း , အရှက်တကွဲ ရှုံးနိမ့်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ ကျောင်းထဲမှာ စကားသံအချို့ ထွက်လာ၏။ လက်ရွေးစင်မှာ 'သက်တံ့' ပါဝင်ခဲ့လျှင်ဟူသော . . .

ထိုအသံတွေထွက်လာချိန်မှာတော့ ကျွန်တော့်အား လူချကစားခဲ့သည့် ကျော်စိုးမှာ လက်ညှိုးထိုးစရာ ဖြစ်လာတော့သည်။ ထို့ကြောင့် အခုလိုတောင်းပန်ခြင်း ဖြစ်နိုင်ပါသည်။ ယခုတော့ အားလုံး အေးဆေးပါပဲ။ ကျွန်တော်တို့နှစ်ယောက်မှာ လက်တွဲညီနေကြပါပြီ။

လျှောက်လာနေရင်းမှပင် ကျော်စိုးက . . .

"သက်တံ့ . . . ငါတို့ပထမဆုံးပွဲက ဆေးတက္ကသိုလ်နဲ့ပဲ ပြန်တွေ့မှာနော်"

"အေးလေ . . . တို့ကျောင်းက အိမ်ရှင်ဆိုတော့ ထုံးစံအတိုင်း မနှစ်က ဗိုလ်စွဲတဲ့အသင်းနဲ့ ပထမဆုံး ကစားရမှာပေါ့။ ဘာဖြစ်လို့လဲ မင်းရင်ခုန်နေလို့လား"

ကျွန်တော့်အပြောကြောင့် ကျော်စိုးက ဟက်ခနဲရယ်၏။ ဒီလိုရယ်ပုံမျိုးကို ကျွန်တော် အရမ်းသဘောကျသည်။ ဘာနဲ့ရင်ဆိုင်တွေ့တွေ့ မှုစရာမလိုပါဘူးဟူသည့် အရယ်မျိုးပါ။

"အဝေးကြီးပါ . . . မမှုပါဘူး။ ဒါပေမဲ့ ဒီပွဲရဲ့ အနိုင်အရှုံးက ငါ့ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေလို့ သူငယ်ချင်း"

မထင်မှတ်သောစကားကြောင့် ကျွန်တော် အနည်းငယ် လေးလံသွားသည်။ ကစားပွဲတစ်ပွဲ၏ အနိုင်အရှုံးက လူတစ်ယောက်ရဲ့ဘဝနဲ့ သက်ဆိုင်နေတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ကျွန်တော်မသိ။

"ငါ သဘောမပေါက်ဘူး"

ကျွန်တော့်စကားကို ကျော်စိုးက ခေါင်းညိတ်၍သာ တုံ့ပြန်ပါသည်။ ပြီးတော့ ပြုံးယောင်ယောင်တစ်ချက်ပြုရင်း . . .

"ကစားပွဲမစခင်မှာ ငါပြောပြပါ့မယ်။ ပြီးတော့ ငါတို့ ကြိုးစားကြတာပေါ့"

နားမလည်ဘူးဆိုကာမှ ပိုလို့ပင် ဆိုးသွားသည်ထင်သည်။



ဒါပေမဲ့ နားလည်အောင်လည်း ကျွန်တော် ဆက်မမေးဖြစ်ပါ။

ဒီလိုနှင့် လျှောက်လာကြရင်း တစ်အောင့်ကြာတော့ . . .

"နောက်နေ့မှပဲ တွေ့ကြမယ်ကွာ။ ငါသွားကြိုစရာလေးတစ်ခု ရှိသေးလို့"

ကျော်စိုးဟန်ပန်ကြောင့် ကျွန်တော် ရယ်ကျဲကျဲလုပ်ကာ . . .

"ဘာလဲ . . . ကောင်မလေးကိုလား"

ကျော်စိုးက ပြုံးယောင်ယောင်ပြုရင်း . . .

"ကြိုးစားဆဲပါ"

ပြောပြီးထွက်သွားသည်။ ကျွန်တော်လည်း တစ်ယောက်တည်း ဆက်လျှောက်လာခဲ့၏။ ပိတ်ရက်မို့ ကျောင်းဝန်းကြီးက တိတ်ဆိတ်နေသည်။ သို့သော်လည်း ကန်တင်းအချို့မှာ အဆောင်နေကျောင်းသား၊ ကျောင်းသူအနည်းငယ်ကိုတော့ တွေ့ရ၏။

နေလင်းနှင့်ဇေသူကတော့ ပိတ်ရက်မို့ အဆောင်မှာအိပ်နေဆဲပဲ ရှိလိမ့်ဦးမည်။ ဒီနေ့အတွက်တော့ လုပ်စရာအလုပ် မရှိတော့ပါ။ အဆောင်ပြန် ရေမိုးချိုးဖို့ပင်။ ဒါပေမဲ့ စာကြည့်တိုက်ကိုတော့ သွားစရာရှိသေးသည်။ ဟိုတစ်နေ့သွားတုန်းက လိုချင်သည့်စာအုပ် ရမလာခဲ့။

အတွေးဖြင့် လျှောက်လာစဉ်မှာပဲ . . .

"သက်တံ့ . . . သက်တံ့ . . . "

ချဉ်စူးစူးမိန်းမသံတစ်သံကြောင့် အသံလာရာဆီ လှည့်ကြည့်မိတော့ . . .

အေးမို့နှင့်နေခြည်။

ကန်တင်းထဲမှ လက်ယပ်ခေါ်နေသည်မို့ ကျွန်တော် ဝင်သွားလိုက်သည်။

"ဘယ်ကလာတာလဲ"

အနားရောက်ရောက်ခြင်း ဆီးမေးသည်ကြောင့် . . .

"ဘယ်ကလာတာလို့ ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တုံ့ပြန်စကားကြောင့် ခန္ဓာကိုယ်ထက်အောက်ကို သေချာကြည့်သည်။ ပြီးတော့ . . .

"နောက်မှာလည်း ကျောပိုးအိတ်လွယ်ထားတယ်၊ နဖူးမှာလည်း ချွေးစို့နေတယ်၊ ခန္ဓာကိုယ်ကလည်း ပင်ပန်းပုံပေါက်နေတယ်ဆိုတော့ နင့်ထရိန်နင်ဆင်းပြီး ပြန်လာတာမဟုတ်လား"

"တော်လှချည်လား"

ခပ်မဲ့မဲ့ ကျွန်တော်ပြောမိတော့ မယ်မင်းကြီးမနှစ်ယောက်က ဆရာကြီးစတိုင် လက်မထောင်ပြသည်။

"နင်တို့ကရော ဘာထိုင်လုပ်နေတာလဲ"

သူမတို့ကလည်း မခေပါ။

"ဘာထိုင်လုပ်နေတယ်လို့ ထင်လဲ"

ကျွန်တော် စားပွဲပေါ် တစ်ချက်ဝေ့ကြည့်လိုက်သည်။ စားပွဲပေါ်မှာက စားသောက်ပြီးသား ပန်းကန်အချို့နှင့် တစ်ဝက်ကျန်နေသည့် ကော်ဖီတစ်ခွက်ရှိသည်။ ဒီလောက်နဲ့ လုံလောက်ပါသည်။

"မနက်စာ မုန့်ထွက်စားရင်းနဲ့ တစ်ယောက်ယောက်ကို စောင့်နေမှာပေါ့။ အဲဒီတစ်ယောက်လည်း ကော်ဖီတွေမှာပြီး ကုန်အောင်မသောက်ပဲ လျှောက်သွားနေတယ်ထင်တယ်"

အကြည့်နှစ်ခုက ကျွန်တော့်ထံ ဒိုင်းခနဲရောက်လာသည်။

"နင်ဘာလို့ ဒီလောက်တော်နေရတာလဲ။ စုံထောက်လုပ်စားပါလား။ ပြောသွားလိုက်တာများ ကွက်တိပဲ"

တုံ့ပြန်မပြောမိပေမဲ့ သိချင်သည်ကိုတော့ မေးလိုက်သည်။

"သဲ . . .

သဲဆု ဘယ်သွားတာလဲ"

'သဲ' ဟု တစ်လုံးတည်း ထွက်သွားပြီးကာမှ နောက်ထပ်တစ်လုံး ထပ်ဆက်ရသည့်အတွက် စကားက ထစ်သလိုဖြစ်သွားသည်။ နေခြည်နှင့် အေးမို့က ကျွန်တော့်ပုံကိုရိပ်မိကာ 'ဟီး'ခနဲ ရယ်သည်။ ပြီး



တော့မှ မျက်နှာကို ခပ်တည်တည်ပြန်လုပ်ရင်း . . .

"ငါတို့မုန့်စားနေတုန်း ဆေးကျောင်းက သူ့အစ်ကိုနဲ့ သူငယ်ချင်းတစ်ယောက်ရောက်လာလို့ ပါသွားတယ်"

တစ်ဝက်သာသာကျန်နေသေးသော ကော်ဖီပန်းကန်လေးအား လှမ်းကြည့်ရင်း . . .

"ဘယ်ကိုလဲ"

"C-2 ဆောင်ကို"

ဆတ်ခနဲပင် တအံ့တဩ မျက်လုံးလှန်ကြည့်လိုက်တော့ . . .

"သူ့အစ်ကိုမမြင်ဖူးလို့ လိုက်ပြတာပါ"

သတိထားနေသည့်ကြားမှပင် သက်ပြင်းတစ်ခု ချမိသွားပါသည်။

"မစိုးရိမ်ပါနဲ့။ နင်စိုးရိမ်ရမှာ သဲဆုမဟုတ်တော့ဘူး။ သဲဆုအပြင် နောက်တစ်ယောက်တိုးလာပြီ။ ပြိုင်ဘက်အသစ်တစ်ယောက်ပေါ့"

"ဘာဖြစ်တယ်"

ဟု နားမလည်စွာ မေးလိုက်မိစဉ်မှာပဲ . . .

"ဆေးကျောင်းကပဲ၊ သူ့အစ်ကိုသူငယ်ချင်း။ သဲဆုကို Propose လုပ်ထားတဲ့တစ်ယောက် ပါလာတယ်"

"ဘာ . . . "

စကားတစ်ခုက ခပ်ကျယ်ကျယ် လွင့်ထွက်သွားပါသည်။ မထင်မှတ်ထားသောစကားမို့ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်လိုက်။

"ငါတို့သိတာ သိပ်မကြာသေးဘူး။ သဲဆုအစ်ကိုကတော့ အဲဒီတစ်ယောက်ကို တော်တော်မျက်နှာသာပေးတယ်။ ငါတို့ကတော့ ကြည့်လို့မရဘူး"

ကြားရသောစကားတွေက ရေနွေးစီးကြောင်းတစ်ခုကို ရင်ထဲဖြတ်စီးသွားသည်။

"နင်နဲ့ဆို သဘောတူပြီးသားပါ။ ဒါပေမဲ့ မထင်မှတ်ဘဲ နောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်က နင်တို့ကြားထဲရောက်လာတယ်။ နင်တော့ ကံဆိုးတာပဲ

ကျွန်တော် ပြုံးမိပါသည်။ ကံဆိုးခြင်းဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ထွက်ပေါ်လာအောင် သင်ကြားပေးတဲ့ ကျောင်းကြီးဖြစ်မှန်း သူတို့မှ မသိတာပဲ။

ထိုစဉ်မှာပဲ ဆိုင်ထဲသို့ဝင်လာသော ခြေသံအချို့ကြောင့် မော့ကြည့်မိတော့ . . .

'သဲ . . . '

နှလုံးသားမှာ အက္ခရာတစ်ခု ထိုးထွက်လာသည်။ ရင်ထဲမှာလည်း တအုံ့နွေးနွေးဖြစ်သွား၏။ သူမကတော့ ခပ်လှမ်းလှမ်းမှပင် ပြုံးပြကာ . . .

"သက်တံ့ . . . ဘယ်တုန်းက ရောက်နေတာလဲ"

"မကြာသေးဘူး"

ကျွန်တော့်စကားဆုံးတော့ သူမတို့က စားပွဲတွင် ဝင်ထိုင်နေပါပြီ။ မသိဘဲ တတ်သည့်ပညာတွေမို့ ဘယ်သူဘယ်ဝါဆိုတာ ချက်ချင်းရိပ်မိသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည် ပီပီသသရှိသည်။ ရုပ်ရည်ကိုတော့ ယောကျ်ားချင်းမို့မပြောတတ်။ နောက်တစ်ယောက်ကတော့ သဲနှင့် ရုပ်ဆင်သည်မို့ အစ်ကိုဖြစ်ကြောင်း နားလည်သည်။ ထိုတစ်ယောက်ကလည်း မွေ့မွေ့ချင်း ခြေမြင်သည်ထင်သည်။ ကျွန်တော့်အား မသိမသာ အကဲခတ်နေ၏။

"မိတ်ဆက်ပေးရဦးမယ်။ ကိုကို . . . သက်တံ့ဆိုတာ သူလေ။ ညီမလေးကို ကူညီတာသူပေါ့"

"သြော် . . . အေးကွာ။ ကိုယ့်ညီမကို အခုလိုကူညီပေးတာ ကျေးဇူးပဲ။ အစ်ကို့နာမည် မိုးမြင့်လို့ခေါ်တယ်"

ဖော်ရွေပါသည်။ လက်တစ်ဖက်ကို ဆန့်တန်းပေးသည်ကြောင့် ကျွန်တော် မတ်တတ်ရပ်မိရင်း . . .



"ရယ်စရာအစ်ကို . . . ကျွန်တော် သက်တံ့ပါ"

မျက်နှာက ပြုံးရယ်နေသော်လည်း ထိတွေ့ရသော လက်ဖဝါးက အေးစက်စက်။ ထိုစဉ် . . .

"ဆု . . . ကော်ဖီတွေအေးနေပြီ။ နောက်တစ်ခွက် ထပ်မှာလိုက်မယ်နော်"

ဘေးမှပုဂ္ဂိုလ်က မိတ်ဆက်မှုကို မလိုချင်သည့်သဘော။ သဲဆုအား လောကွတ်လုပ်ကာ လမ်းကြောင်းပြောင်းသည်။ ထိုအခြင်းအရာကို ကြည့်၍ နေခြည်နှင့်အေးမို့က နှာခေါင်းမသိမသာရှုံ့သည်။

"ရတယ် . . . ရတယ် . . . သဲဆု မသောက်ချင်တော့ဘူး"

ဒါကိုပင် တစ်ရှူးဘူးထဲမှ အစတစ်စဆွဲကာ သေသေသပ်သပ်ခေါက်ပြီး သဲဆုရှေ့မှာ ချပေး၏။ ပြီး ပါးစပ်မှလည်း ပြောသေးသည်။

"ဆု သုတ်ဖို့"

ယောကျ်ားတစ်ယောက်အနေနဲ့ အလွန်အမြင်ကပ်ဖို့ကောင်းသော အပြုအမူပင်။ ထိုပုဂ္ဂိုလ်ကတော့ ပြောင်ပြောင်ပါပဲ။ သဲဆုကတော့ မသိဟန်ဆောင်ကာ . . .

"သက်တံ့ . . . သူ့နာမည်က စောနန္ဒာတဲ့။ ကိုကိုတို့ဆေးကျောင်းကပဲ။ ကိုကို့သူငယ်ချင်း"

"ကိုစောနန္ဒာ . . . ဒါ သက်တံ့"

ကျွန်တော် ညာဘက်လက်အား ရှေ့ဆန့်ထုတ်ရင်း . . .

"သက်တံ့လို့ခေါ်ပါတယ်"

မိတ်ဆက်ခြင်းသည် လူမှုရေးတစ်ရပ်ဟုဆိုလျှင် ကျွန်တော် လူမှုရေးနားလည်ခဲ့ပါသည်။ ဒါပေမဲ့ . . .

အကုန်လုံးက ကြောင်အအနေနှင့် စောနန္ဒာဆိုသောပုဂ္ဂိုလ်ကို ဝိုင်းကြည့်ကြသည်။ ကျွန်တော်နှင့် လက်ဆွဲနှုတ်ဆက်ရမှာကို သေမင်းနှင့်ဖက်နမ်းရမှာလို ရွံတွံ့တွံ့ပုံစံနှင့် ခပ်တည်တည်ထိုင်နေသည်။

ဖျင်းခနဲတော့ ဖြစ်သွားရသည်။ ယောကျ်ားတစ်ယောက်ပေမို့



www.burmeseclassic.com

www.burmeseclassic.com

မာနတစ်ခုက ချက်ချင်းထကြွလာ၏။ နှုတ်ခမ်းတစ်ချက်က အလိုလို တွန့်ကွေးသွားသည်။ ပြီးတော့ လက်ကိုပြန်ရုပ်ရင်း . . .

"ဆောရီးဗျာ . . . ။ ခင်ဗျားလက်နှစ်ဖက်လုံး မသန်စွမ်းတာ ကျွန်တော်မသိလိုက်ဘူး"

"ဘာဗျ . . . "

"သူတစ်ပါးအားနည်းချက်ကို တမင်ရိုက်ချိုးသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ"

"ဟော့လူ . . . ခင်ဗျား ဘာပြော . . . "

စောနန္ဒာဆိုသောပုဂ္ဂိုလ် ဘာဆက်ပြောရမှန်းမသိ။ စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ နေခြည်တို့နှစ်ယောက်က ခွီးခနဲ ထရယ်တော့ ကျွန်တော် မထိန်းနိုင်စွာ ပြုံးသွားမိစဉ် . . .

"အကောင်းကြီးဗျ . . . အကောင်းကြီး။ ဒီမှာကြည့် . . . "

ဘာမဆိုင်ညာမဆိုင် လက်ကိုမြှောက်ယမ်းပြသည်ကြောင့် ကိုးရိုးကားရားပုံစံကိုကြည့်ရင်း ကျွန်တော် ရယ်လိုက်မိပါသည်။ နောက်မှ ပြုံးမဲ့မဲ့နှင့် မျက်နှာကိုတည်ရင်း . . .

"ဟုတ်သားပဲ . . . အကောင်းကြီးပဲ။ မသိပါဘူးဗျာ ကျွန်တော်က ခင်ဗျားလက်တွေမသန်စွမ်းလို့ လက်ဆွဲမနှုတ်ဆက်တာထင်လို့"

စောနန္ဒာဆိုသူမှာ မျက်နှာကြီးရှုံ့မဲ့သွားသည်။ ထိုရှုံ့မဲ့မဲ့မျက်နှာကြီးနဲ့ပင် အားကိုးရှာသလို အစ်ကိုမိုးမြင့်အား လှမ်းကြည့်၏။ အစ်ကိုမိုးမြင့်မှာ မျက်နှာမကောင်း။

ကံကောင်းသည်ဟု ပြောရပေမည်။ ထိုသို့သော အခြေအနေမှာ ကျွန်တော့်ကို တစ်စုံတစ်ယောက်က လှမ်းခေါ်လိုက်သည်။

"သက်တံ့ . . . "

ဇေသူ့အသံပေမို့ လှည့်ကြည့်လိုက်တော့ . . .

"မင်းမှာထားတဲ့စာအုပ် ရပြီလို့ စာကြည့်တိုက်က ပြောခိုင်းလို့"

ပြောပြီး ဇေသူက လမ်းအတိုင်း ဆက်လျှောက်သွားသည်။



လက်ထဲမှာလည်း စာအုပ်နှစ်အုပ်ကိုင်သွားသည်ကို တွေ့ရပါ၏။

ချက်ချင်းပင် မတ်တတ်ထရပ်မိသွားပါသည်။ စိတ်ဝိညာဉ်နှင့် ပတ်သက်သော ဘာသာပြန်စာအုပ်တစ်အုပ်ပါ။ သဲနှင့်ပတ်သက်၍ ကျွန်တော် အကောင်းဆုံးလေ့လာချင်ပါသည်။ ထို့ကြောင့် . . .

အားလုံးအား နှုတ်ဆက်၍ပဲ ထွက်လာခဲ့သည်။

သက်တံ့ ထွက်သွားပြီးပြီးချင်းပင် ဆိုင်ထဲမှာ မကျေမချမ်း ပေါက်ကွဲသံတစ်ခုကို ကြားရသည်။

"သူက ဘယ်သူလဲ . . . ဘယ်ကလဲ"

စောနန္ဒာ၏ မာဆတ်ဆတ်အမေးကြောင့် အေးမို့က ခပ်တည်တည်ဝင်၍ . . .

"သူက သက်တံ့လေ . . . ။ ဒီကျောင်းမှာတော့ နာမည်ကြီးပဲ။ လူကြိုက်များတယ်။ စာတော်တယ်။ ဘာသာရပ်တော်တော်များများမှာ ထူးချွန်တယ်။ ပြီးတော့ ကျောင်းဘတ်စကက်ဘောအသင်းမှာလည်း မရှိမဖြစ်လက်ရွေးစင်"

နဂိုကတည်းက ကြည့်မရသည်မို့ သက်တံ့အကြောင်းကို ပိုပိုသာသာပြောကာ ကြွားပစ်လိုက်သည်။ ဒါပေမဲ့ စောနန္ဒာ မျက်မှောင်တစ်ချက်ကြုတ်သွားပါ၏။ ပြီးတော့ . . .

"သက်တံ့ . . . မကြားဖူးပါဘူး"

"အခုမှသိတာပဲ ကြားဖူးမလား"

သဲဆုနွေးက စိတ်မရှည်သလို ဝင်ပြောတော့ . . .

"မဟုတ်ဘူး . . . ။ မနှစ်က ဘတ်စကက်ဘော ဗိုလ်လုပွဲမှာ ဒီကျောင်းနဲ့ ငါတို့တွေ့တာပဲ။ အဲဒီတုန်းက သူ့ကိုမတွေ့မိသလိုပဲ"

"ဟုတ်တယ် . . . မနှစ်က လက်ကောက်ဝတ်နာနေလို့ သူမပါခဲ့ဘူး။ ဒီနှစ်တော့ သူကစားလိမ့်မယ်"

ခပ်သွက်သွက်ပြောသော နေခြည့်စကားကြောင့် ဘာကိုသဘောကျသည်မသိ စောနန္ဒာ မဲ့ပြုံးတစ်ချက်ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မနှစ်က မင်းတို့ဒီကျောင်းမှာ ကျော်စိုးဆိုတဲ့တစ်ယောက်တော့ ငါတို့အသင်းကို အကောင်းဆုံး ခံကစားနိုင်ပါတယ်။ ဒါပေမဲ့ ပွဲပြီးတော့ ငါတို့ကျောင်းက အပြတ်အသတ်နိုင်ခဲ့တယ်"

နေခြည်နှင့် အေးမို့တို့နှစ်ယောက်၏ရယ်သံကို ကြားရသည်။ သဲဆုမှာလည်း စောနန္ဒာစကားအား မခံချင်သလို ပြုံးမဲ့မဲ့ဖြစ်ကာ သွားသည်။

ဒါပေမဲ့ ချေပစကားတစ်ခွန်းကိုတော့ အေးမို့ ပြန်လည်ပြောဆိုလိုက်၏။ ထိုစကားကပဲ ချန်ပီယံဘွဲ့ကြီးကိုင်ထားသော စောနန္ဒာအား တပ်လှန့်လိုက်သလို . . .

"ဒီနှစ်ကတော့ ရှင်ကိုင်ထားတဲ့ဒိုင်းဆုကို လက်ပြောင်းပေးရတော့မှာပါ"



# XXVI

ညက သန်းခေါင်ထက် တော်တော်ကျော်လွန်သွားပါပြီ။ ညဦးပိုင်းတုန်းကတော့ ကျွန်တော်တို့အဆောင်နှင့် ကပ်လျက်အဆောင်ဆီမှ ဆူဆူညံညံအသံတွေ ကြားရသော်လည်း ယခုအချိန်မှာတော့ အရာအားလုံးက မောမောပန်းပန်း အနားယူနေပါပြီ။

ပုစဉ်းရင်ကွဲတို့၏ အော်ဟစ်သံအချို့မှလွဲ၍ ညက အေးဆေးပါပဲ။ အဆောင်၏ ဝရန်တာပေါ်၌ ကျွန်တော် မီးအိမ်တစ်လုံးဖြင့် ထိုင်နေသည်။ လက်ထဲမှာက စာအုပ်တစ်အုပ်။ ထိုစာအုပ်က ကျွန်တော့်အာရုံအားလုံးကို လုံးဝဆွဲခေါ်ထားပါ၏။ စဖတ်သည့်အချိန်မှစ၍ ယခုထိလက်ကမချနိုင်သေးပါ။

လက်ထဲမှစာအုပ် တစ်ဝက်ကျိုးသွားပြီးချိန်မှာတော့ လိုချင်သော pointကို စာမျက်နှာအချို့မှာ တွေ့လိုက်ရပါပြီ။ အသက်ရှူသံတို့မြန်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒါပေမဲ့ ဖတ်နေသည်က တကယ့်[illegible] တစ်ခုကိုပဲ သုံးကြိမ်မြောက် ဖတ်ပြီးသွားသည့်နောက်မှာတော့ စွန့်စားမှု တစ်ခုက ကျွန်တော့်အား စိန်ခေါ်နေပါတော့၏။

ချက်ချင်းပင် မတ်တတ်ထရပ်ကာ မှောင်ကြီးမည်းကြီးထဲမှာပင် အတော်ဝေးဝေးမှမြင်နေရသည့် အမိုးအချွန်အဆောက်အဦတစ်ခုကို စူး စူးစိုက်စိုက် ကြည့်မိသည်။

အဖော်ခေါ်ရန်လည်း ဆန္ဒမရှိပါ။

C-2 ဆောင်ကြီးကတော့ ကျွန်တော့်အား လက်ယပ်ခေါ်နေပါ ပြီ။

• • •

မကြာခင်အချိန်က ထိန်ထိန်သာခဲ့သော အလင်းရောင်မှာ ယခု အခါမှာတော့ အုံ့မှိုင်းမှိုင်းအလင်းတို့ကိုသာ ပေးစွမ်းနိုင်တော့သည်။ ထို အလင်းရောင်ပြပြအောက်မှာပဲ ဓာတ်မီးတစ်လက်ကိုအားကိုးရင်း ကျွန် တော် ခပ်သွက်သွက်လှမ်းနေပါ၏။

ဓာတ်မီးတစ်လက်မှလွဲ၍ ကျွန်တော့်မှာအဖော်မပါ။ ဒါလည်း ကောင်းပါသည်။ မဟုတ်လျှင် တစ်ယောက်တည်းဟူသော မသိစိတ်က ကိုယ့်ကိုယ်ကိုယ် ပြန်ချောက်နေဦးမည်။

ခင်လှမ်းလှမ်းဆီမှ မြင်နေရသော အဆောင်ကြီးအားကြည့်၍ ကြက်သီးတစ်ချက်တော့ ထသွား၏။ ဒါပေမဲ့ အေးဆေးပါပင်။ ဒီလောက် နှင့်တော့ သွေးမပျက်လောက်ပါ။ ခပ်သွက်သွက်လှမ်းနေရာမှ နီးလာပြီ မို့ ခြေလှမ်းတို့ကို လျှော့ချကာ မီးရောင်ပါပိတ်ပစ်လိုက်သည်။

ပြီးတော့ အုံ့မှိုင်းမှိုင်းလရောင်အောက်မှ အဆောင်ကြီးအား အတန်ကြာ ရပ်ကြည့်လိုက်သည်။ ထိုစဉ်မှာပဲ . . .

"ဟင် . . . "

ဆတ်ခနဲတုန်သွားသော ခန္ဓာကိုယ်က လှစ်ခနဲနေအောင်ပင် သာစ်



ပင်ကွယ်တစ်နေရာကို ပြေးကပ်ပြီးသားဖြစ်သွား၏။

လူတစ်ယောက်။

C-2 ဆောင်ကြီးအား မျက်နှာမူ၍ ကျွန်တော့်ဘက်ကို ကျောပေး ထိုင်နေသည်။ အမှောင်ဘက်သို့ အားပြုနေသော လရောင်အောက်မှာ ဆံပင်ကိုဖားလျားချ၍ ငူငူကြီးထိုင်နေပုံက . . .

တစ်ကိုယ်လုံးကလည်း မည်းမှောင်နေသည်။ မဆင်မခြင်ကြည့် မိပါက ပုံစံက သွေးပျက်လောက်စရာ။ ဒါပမဲ့ လူတစ်ယောက်ဖြစ်မှန်း တော့ ကျွန်တော် ခွဲခြားသိလိုက်သည်။ ဘယ်သူဖြစ်မလဲ။

တွေးနေဆဲမှာပင် ဝေခွဲမရသော ကျွန်တော့်စိတ်ကို တစ်စုံတစ်ရာ က အဆုံးဖြတ်ပေးသွားသည်။ အဲဒါက ထိုပုဂ္ဂိုလ်ဆီမှ ဖျောက်ခနဲတက် လာသော မီးညွှန့်တစ်ညွှန့်။

"ဟာ . . . "

ကျွန်တော် ခေါင်းနားပန်းပင် ကြီးသွားပါတော့၏။ လုံးဝထင် မှတ်မထားပါ။ ဒါပေမဲ့ သေချာပါသည်။ ညကြီးအချိန်မတော် အဆောင် ရှေ့ ငုတ်တုတ်လာထိုင်နေသူမှာ ကျောင်းစောင့်အဘိုးကြီး 'ဝမ်' ပါပဲ။

'ဝမ်' ကတော့ ကျွန်တော်ကြည့်နေသည်ကို မသိဘဲ ဆေးပေါ့ လိပ်တစ်လိပ်ကို မီးညှိရှူရှိုက်နေသည်။ ခုန ဆေးလိပ်မီးညှိစဉ် သူ့မျက်နှာ အား မြင်လိုက်မိခြင်းဖြစ်ပါ၏။

'ဝမ်' ဟု သိလိုက်ရပြီးသည့်နောက်မှာ ကျွန်တော့်အာရုံထဲ၌ တွေး စရာတွေ တစ်ပုံကြီး ဝင်ရောက်လာပါတော့သည်။

'ဝမ်' ဒီကို ဘာလာလုပ်တာလဲ။ ဒီအချိန်ကြီးမှာ C-2 ဆောင် ရှေ့ တစ်ယောက်တည်းလာထိုင်နေသည်က သာမန်ဖြစ်စဉ်တစ်ခုတော့ မဟုတ်ပါ။ အကြောင်းတစ်ခုတော့ရှိရပေမည်။ ထိုအကြောင်းကရော ဘာ တွေနှင့် ပတ်သက်နေမည်လဲ။

သဲဆုနွေးနှင့်လား၊ စီကိုဆိုသောကလေးလေးနဲ့လား၊ ဒါမှမဟုတ် C-2 ဆောင်ကြီးနောက်မှ တရိပ်ရိပ်တိုးတက်ပွားများလာသော နွယ်မြက်



www.burmeseclassic.com

www.burmeseclassic.com

ပင်တွေနဲ့လား။

တွေးနေစဉ်မှာပင် ဝမ် မတ်တတ်ထရပ်လိုက်သည်ကို တွေ့ရသည်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သစ်ပင်နှင့် ဖိကပ်ထားလိုက်၏။ ကျွန်တော်ရှိရာနေရာက မှောင်ရိပ်ကျသည့် အပြင်ဘေးပတ်လည်မှာလည်း သစ်ပင်ချုံနွယ်တွေရှိသည်မို့ ကျွန်တော့်ကိုမြင်မည်တော့ မဟုတ်ပါ။ ပြီးတော့ တစ်ကိုယ်စာလုံလောက်သော သစ်ပင်ကြီးတစ်ပင်က ရှေ့မှခံနေသည်။ မြင်မှာမဟုတ်ပေမယ့် ကျွန်တော်ကတော့ ဝမ်ကို သေချာမြင်နေရပါသည်။

ဝမ်အဆောင်ထဲသို့ ဒိုက်ဒိုက်ဒိုက်ဒိုက်ဖြင့် ဝင်သွားတာပါ။ ကျွန်တော် ဘာလုပ်ရမှာလဲ။ လှည့်ပြန်သွားရမှာလား၊ ဒါမှမဟုတ် ဒီအတိုင်းရပ်နေရမှာလား။ နာရီကြည့်မိတော့ အချိန်က တော်တော်နှောင်းနေပြီ။ နောက် နာရီပိုင်းအတွင်း ညဟူသောအရာက ပျောက်ကွယ်သွားတော့မှာပါ။

ဘာလုပ်ရမှန်းမသိ တွေဝေနေစဉ်မှာပဲ အချိန်တစ်အောင့်ကြာသွားတော့ ဝမ် ပြန်ထွက်လာသည်ကို တွေ့ရသည်။ မီးရဲနေသော ဆေးလိပ်ကြီးကို ပါးစပ်နားကိုက်ထားသည်မှအပ ဝမ့်ပုံစံက ခုနအတိုင်းပါပဲ။ ဘာမျှ မထူးခြားစွာနဲ့ပဲ ဝမ်က ခုနထိုင်သွားရာနေရာမှာ ပြန်ထိုင်သည်။ နောက် ဆေးလိပ်မီးအား ရဲနေအောင်ခဲကာ အငွေ့တွေတစ်ပြုံကြီး ပြန်ထုတ်ရင်း အားရပါးရ ဖွာရှိုက်နေသည်ကို တွေ့ရ၏။ ကျွန်တော် ကြည့်နေစဉ်မှာပဲ . . .

"ကောင်လေး . . . ထွက်ခဲ့တော့လေကွာ။ မညောင်းသေးဘူးလား"

သြရှရှထွက်လာသော ဝမ့်အသံကြီးကြောင့် ကျွန်တော် ဆတ်ခနဲ တုန်ကာသွားသည်။ ထင်မှတ်မထားသည်မို့ အသက်ရှူပင် ရပ်မတတ်ဖြစ်သွား၏။

"မှောင်ကြီးထဲမှာရပ်နေရတာ စိတ်ပျက်နေရောပေါ့။ လာ . . .



လရောင်အောက်ကို ထွက်ခဲ့ချည်"

ကြက်သီးတို့ပင် ထသွားရပါသည်။ ပတ်ဝန်းကျင်မှာလည်း ကျွန်တော်တို့နှစ်ယောက်မှလွဲ၍ မည်သူမှရှိဟန်မတူ။ ပြောနေပုံကတော့ ကျွန်တော်ရှိနေတာကို သေချာသိပြီး အေးအေးလူလူ ထွက်လာခိုင်းပုံမျိုး။

ဘာလုပ်ရမှန်းသိ ချွေးစေးတို့ ပျံလာစဉ်မှာပဲ . . .

"ထွက်ခဲ့ပါ။ ဘာမှမဖြစ်ပါဘူး"

နောက်ဆုံးတော့ သစ်ပင်အကွယ်မှ ကျွန်တော် ထွက်လာခဲ့ရပါတော့သည်။ စနိုးစနောင့်ဖြင့် ဝမ်ရှိရာဆီလျှောက်သွားလိုက်တော့ ကျွန်တော်ဘယ်သူဆိုတာကို သိရသည့်အလား ဆီးကြိုပြုံးပြသည်။

"လာ . . . ထိုင်"

ဘေးမှနေရာတစ်ခုကို ကျွန်တော့်အား ညွှန်ပြပြီးတော့ . . .

"မင်းရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့ . . . နည်းနည်းတော့ ကြာသွားပြီ"

ဝမ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"ဒါနဲ့ မင်းက အထဲကတစ်ယောက်နဲ့ တစ်ဖွဲ့တည်းလား"

"ဗျာ . . . "

ကျွန်တော် ကြောင်သွားရပါသည်။ ပြီး ကြောင်အမ်းအမ်းဖြင့် အဘိုးကြီးဝမ်အား ကြည့်လိုက်ရင်း တစ်ဆက်တည်းပင် မျက်လုံးက အဆောင်ကြီးဆီ ရောက်သွားသည်။

"အထဲမှာ တစ်ယောက်ရှိသေးတယ်လား"

တအံ့တသြအမေးကြောင့် ဝမ်က ကျွန်တော့်ကို သေသေချာချာကြည့်သည်။ အမှန်အတိုင်းပြောမှန်း ရိပ်မိသွားကာမှ . . .

"ဒါဆို အထဲကတစ်ယောက်က မင်းနဲ့ တစ်ဖွဲ့တည်းမဟုတ်ဘူးပေါ့"

"ဟင့်အင်း . . . မဟုတ်ဘူး"

လက်ထဲမှ ဆေးလိပ်ကို နှုတ်ခမ်းနားတေ့ရင်း ဖွာရှိုက်ပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကို စဉ်းစားနေခြင်းဖြစ်နိုင်သည်။ နောက် မီးခိုးငွေ့တို့အား နှုတ်ခမ်းမှ တစ်လွှင့်ချင်းပြန်ထုတ်ကာ . . .

"အထဲမှာ မင်းအရင်တစ်ယောက် ရောက်နေတယ်ကွ။ ညဦးကတည်းက ရောက်နေတာ။ အခုဆို တော်တော်ကြာသွားပြီ"

ကျွန်တော် မျက်လုံးပြူးသွားရပါသည်။ ညဦးကတည်းက ရောက်နေတာဆိုတော့ အချိန်မနည်းကြာနေပါပြီ။ ဒီလောက်အကြာကြီး အထဲမှာ ဘာလုပ်နေတာနည်း။ ပြီးတော့ ထိုသူက ဘယ်သူနည်း။ တွေးသွားမိစဉ်မှာပဲ . . .

"မင်းကရော ဘာလာလုပ်တာလဲ"

"ခင်ဗျားကရော . . . "

ကျွန်တော်၏ တန်ပြန်အမေးကြောင့် ဝမ်က ရယ်သည်။ ပြီးတော့ ရှေ့မှအဆောင်ကြီးကို တစ်ချက်ကြည့်ကာ . . .

"ငါကတော့ ဘာရယ်မဟုတ်ပါဘူး။ ဒီအဆောင်မှာ ထူးထူးဆန်းဆန်းတွေဖြစ်နေလို့ ဘာတွေဘယ်လိုဖြစ်ကြတာလဲ သေချာသိရအောင် လာလေ့လာတာ"

"ကျွန်တော်လည်း အဲဒီအတိုင်းပဲ"

ဝမ် ခေါင်းညိတ်လိုက်သည်ကို တွေ့ရသည်။ ကျွန်တော်ကတော့ သိချင်မှုတစ်ခုကို အလျင်စလိုမအောင့်ဘဲ မေးလိုက်၏။

"အထဲကတစ်ယောက်က ဘယ်သူလဲ"

"မသိဘူး။ ဒါပေမဲ့ သူလည်း ငါတို့လိုပဲနဲ့တူပါတယ်"

ထိုစကားကြောင့် ကျွန်တော် စဉ်းစားမိသွားကာ ကွဲလွဲမှုတစ်ခုကို ချက်ချင်း သတိပြုမိသွားသည်။

"အဲလောက်ကြာပါ့မလား"

ဝမ်၏ ပြန်ဖြေသံကို မကြားရပါ။ အေးအေးလူလူပင် ဆေးလိပ်ကို ထပ်ကာထပ်ကာ ဖွာရှိုက်နေသည်။ ကြယ်ရောင်မလင်းတလင်းနှင့် ကောင်းကင်ကိုလည်း ခဏခဏမော့ကြည့်နေကြောင်း တွေ့ရသည်။



"ငါလည်း သူ့ကိုပဲ စောင့်နေတာ။ မဟုတ်ရင် ပြန်တာကြာပြီ"

နားမလည်ဖြစ်သွားသည်မို့ . . .

"ဘာဖြစ်လို့ စောင့်နေတာလဲ"

ဒီတစ်ခါလည်း အဖြေမရှိ။ တစ်ယောက်တည်းသာမေး၍ တစ်ယောက်တည်းသာ ငြိမ်နေရသည်မို့ ကျွန်တော် မရိုးမရွဖြစ်နေမိသည်။ ဝမ်ကတော့ တိတ်ဆိတ်လျက်။ ထို့ကြောင့် ကျွန်တော်လည်း ငြိမ်ကာပင် ထိုင်နေမိလိုက်ပါ၏။ ဘာမျှလည်း ဆက်မေးမနေတော့။ ထိုအခါမှပင် ဝမ်က ကျွန်တော့်မေးခွန်းတွေနှင့် မဆိုင်သောစကားကိုပြောသည်။

"ငါရောက်နေတာ ကြာပြီကွ။ နေဝင်ချိန် လွန်သွားပြီးကတည်းကပဲ။ ငါရောက်ပြီးမှ အထဲကတစ်ယောက်ရောက်လာတာ"

ကျွန်တော့်ခါးတို့ ဆတ်ခနဲမတ်သွားမိသည်။ ချက်ချင်းပင် အလျင်စလို ဖြစ်သွားကာ . . .

"ဒါ . . . ဒါဆို သီချင်းဆိုသံကို ခင်ဗျားကြားရမှာပေါ့"

နှုတ်မှမပြောပေမဲ့ ခေါင်းညိတ်ပါသည်။

"ဘယ် . . . ဘယ်အခန်းက သီချင်းသံကြားရတာလဲ၊ ဆိုနေတာကရော ဘယ်သူလဲ"

"မသိဘူး"

"ဗျာ . . . "

တုံးတိလွန်းသော အဖြေစကားကြောင့် လက်မခံနိုင်မှုနှင့် ကျွန်တော် အသံထွက်သွားသည်။

"သီချင်းသံထွက်လာတဲ့ အခန်းကိုတော့သိခဲ့တယ်။ ဘယ်သူဆိုနေတယ်ဆိုတာတော့ မသိခဲ့ဘူး"

"ဘာဖြစ်လို့လဲ"

"အခန်းတံခါးပိတ်ထားတယ်လေ။ ငါဝင်လို့မရဘူး"

ပြီးတော့ ကျွန်တော့်အား အခန်းတည်နေရာကို ပြောပြသည်။ ထူးစရာမရှိပါ။ ကျွန်တော်ဦးတည်လာခဲ့ရာ အခန်းပါပဲ။ ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com

possession မှ စတင်ဖြစ်ပွားခဲ့ရာအခန်း။ ဝမ်က ကောင်းကင်ကို တစ်ချက် မော့ကြည့်ပြန်ပါ၏။ ပြီးတော့ . . .

"မိုးတောင်လင်းတော့မယ်။ ညတစ်ညတော့ ကုန်ဆုံးသွားပြန်ပြီ။ မနက်ဖြန်ညမှပဲ ဝင်ဖို့ ကြိုးစားကြတာပေါ့။ မင်းလည်း အဲဒီအခန်းထဲဝင်ဖို့ ရောက်လာတာမဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"ညကျရင်တော့ စောစောလာခဲ့ပေါ့"

"ဒီကိုလား . . . "

"မဟုတ်ဘူး။ ငါနေတဲ့နေရာကို"

ကျွန်တော် နားမလည်သလို လှမ်းကြည့်လိုက်တော့ . . .

"မင်းဒီကိုရောက်လာတာ သီချင်းဆိုတဲ့သူ ဘယ်သူဖြစ်မလဲဆိုတာ သိချင်တာထက် နောက်တစ်ခုရှိနေသေးတယ်လို့ ငါထင်တယ်"

"ဘာဖြစ်လို့လဲ"

"မင်းရောက်လာတဲ့အချိန်ကို ကြည့်လေ။ သီချင်းဆိုတဲ့လူကို သိချင်ရင် အဆောင်ကို စောစောရောက်လာမှာပေါ့။ မဟုတ်ဘူးလား။ အဲဒီအကြောင်းကို မနက်ဖြန်မှ ပြောပြမယ်။ အခုတော့ အထဲကတစ်ယောက်ကို သွားခေါ်ရအောင်"

အနည်းငယ်တော့ ကျွတ်သွားရပါသည်။ ဒီအဘိုးကြီးက ကျွန်တော်ထင်တာထက်ပင် အတွေးအခေါ် စေ့စပ်နေပါ၏။ ဝမ်က ကုန်နေပြီဖြစ်သော ဆေးလိပ်တိုကို အောက်သို့ပစ်ချကာ ထရပ်သည်ကြောင့် ကျွန်တော်လည်း လိုက်ရပ်ပါသည်။

ထို့နောက်တော့ အဘိုးကြီးဝမ် ဦးဆောင်သောနောက်သို့သာ ကျွန်တော် လိုက်သွားရတော့သည်။ ပြင်ပကောင်းကင်က မည်းမည်းမှောင်နေရာမှ ဖြူဖျော့ဖျော့အရောင်သို့ ပြောင်းနေပြီဖြစ်သော်လည်း အတွင်းမှာတော့ မှောင်ဆဲပဲရှိသေးသည်။ ကိစ္စတော့မရှိပါ။ ကျွန်တော့်လက်တွင်း၌ ဓာတ်မီးတစ်လက်ရှိနေပါသည်။



အောက်ထပ်ကိုဖြတ်၍ လှေကားအတိုင်း တက်လာခဲ့သည်။ အထဲကတစ်ယောက်က ဘယ်သူဖြစ်မလဲ။ အဘိုးကြီးဝမ်သွားနေသည်ကတော့ ထိုတစ်ယောက်ရှိရာနေရာကို သေချာသိနေသည့်အလား။

ဒါပေမဲ့ ကျွန်တော်တို့ လှေကားဆုံးထိသွားရန် မဖြစ်ခဲ့ပါ။ အကြောင်းကား . . .

"ဟင် . . . "

လှေကားတစ်ဆစ်ချိုးအကွေ့၌ လူတစ်ယောက် ခွေကာလဲနေသည်။

ဝမ်ကိုလှမ်းကြည့်လိုက်တော့ 'သွားလိုက်' ဟူသည့်သဘော မေးဆတ်ပြ၏။ တွေဝေစရာမရှိတော့။

ဝုန်းခနဲပင် ပြေးထွက်၍ ပွေ့ယူထွေးပိုက်လိုက်သည့် အခိုက်မှာတော့ . . .

မှတ်ဉာဏ်ကောင်းဦးမည်ဆိုပါက မှတ်မိသင့်ပါသည်။ ထိုသူက ကျွန်တော်နှင့် Roll နံပါတ်စဉ်ကျော်။

ကျွန်တော်တို့အဆောင်နှင့် ကပ်လျက်အဆောင်မှ . . .

**"အောင်ရဲထွန်း"**



www.burmeseclassic.com

www.burmeseclassic.com

# XXVII

မနက်မိုးလင်းသည်နှင့် အောင်ရဲထွန်းသတင်းမှာ ကျောင်းအတွင်း၌ တစ်မဟုတ်ချင်း ပျံ့နှံ့သွားပါတော့သည်။ C-2 အဆောင်ကို တစ်ယောက်တည်း အောင်ရဲထွန်းသွားသည်အပါအဝင် ဘယ်သူမှန်းမသိသောရိုက်ချက်ကြောင်း ဖက်ပိုးတွင် လက်ဝါးရာထင်ခဲ့သည်မှစလို့ ကျောင်းတွင်း၌ အရှိန်အဝါတစ်ခုဖြင့် သတင်းများကြီးသွားသည်။

ကျောင်းသူ၊ ကျောင်းသားအားလုံးလည်း ချောက်ချားမှုတွေ၊ စိုးထိတ်မှုတွေ ပိုသည်ထက်ပိုလာကာ ညပင်မဟုတ်၊ နေ့ဘက်တွေမှာပါ အလိုလို ချောက်ချားလာကြသည်။

အမှန်က မဟုတ်ပါဘူး။ အောင်ရဲထွန်းဖက်ပိုးမှ လက်ငါးချောင်းရာသည် ကျောင်းစောင့်အဘိုးကြီးဝမ်၏ လက်ချက်ပါ။ သီချင်း



သံထွက်ပေါ်ရာဦးတည်ချက်ကို စုံစမ်းနေစဉ် တဒုန်းဒုန်းဖြင့် လှေကားကို ပြေးတက်လာသည့်အတွက် သီချင်းသံပျောက်သွားမည်စိုးသဖြင့် ခပ်ဆတ်ဆတ် ရိုက်ခဲ့ခြင်းဖြစ်သည်။ ဒါပေမဲ့ မထင်မှတ်ဘဲ အောင်ရဲထွန်းမှာ အကြောက်လွန်ကာ သတိလစ်သွား၏။

သတင်းထွက်သွားသည်ကတော့ သရဲရိုက်လိုက်သည့် လက်ဝါးရာဟူ၍။ အဖြစ်မှန်ကိုသိပေမဲ့ ကျွန်တော်နှင့် ဝမ် နှစ်ယောက်စလုံး မဖြေရှင်းခဲ့ပါဘူး။ ဖြေရှင်းချင်စိတ်လည်း မရှိခဲ့။

ထိုသို့မဖြေရှင်းခဲ့သည်ကပင် အမှားတစ်ခုဖြစ်သွားခဲ့သည်လား မသိခဲ့ပါ။ ယခင်ကထက် ပိုမိုဆိုးဝါးထိတ်လန့်ကြောက်ရွံ့လာကြသော အဖြစ်အပျက်တွေအပေါ် တချို့က သဘောထားတင်းကြသော်လည်း၊ တချို့ကတော့ တစ်စုံတစ်ယောက်အပေါ် အပြစ်ပုံချချင်ကြသည်။ လက်ညှိုးထိုးချင်ကြသည်။

ထိုတစ်ယောက်ကတော့ သွေးသားနုနယ်သော၊ ယောကျ်ားလေးများထက် အစစအရာရာအားနွဲ့ပျော့ပျောင်းသော မိန်းမသားတစ်ယောက်ပါပဲ။

'သဲဆုနွေး'

ကျွန်တော်အရမ်းချစ်ရပါသော 'သဲ'။

အနည်းငယ်သော ခံနိုင်ရည်စွမ်းအားတွေအပေါ်ကို မညှာမတာ ဝိုင်းထိုးကြသော လက်ညှိုးများ၊ အရောမဝင်မှုများ၊ ရှောင်ကြဉ်မှုများ၊ မသတီစရာလူတစ်ယောက်လို မှတ်ယူကြသော သဘောထားတို့အပေါ် ကျွန်တော် ပြင်းပြင်းထန်ထန် နာကြည်းမိသည်။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း အကြီးမားဆုံး ရွံရှာမိသည်။

"ငါက ဘာလဲ"

ကိုယ့်အသက်ထက်ချစ်ရပါသော မိန်းကလေးတစ်ယောက် အခုလို ကြုံတွေ့ခံစားနေရတဲ့ ဒုက္ခတွေကို ဖယ်ရှားမပေးနိုင်ဘူးလား။

ဦးဆောင်ရှန်းထွက် မပေးနိုင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတစ်ယောက်အပေါ် ပေးဆပ်နိုင်တဲ့ ငါ့ရဲ့ အရည်အချင်းက ဒါလား။

ကျွန်တော် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း နှုတ်ခမ်းကို ကိုက်ထားမိသည်။

မျက်ရည်တစ်စက်က တာဝန်မကျေစွာ ကျလာ၏။

"သဲရယ် . . . မင်းနွေးဖို့ဆို ကိုယ့်ကိုယ်ကိုယ်လည်း လောင်ကျွမ်းပစ်ရဲပါတယ်"



## XXVIII

"ဒါဆို မင်းတို့ဇာတ်လမ်းက ဇာတ်သိမ်းရောက်ခါနီးမှ မင်းသားတစ်လက် ထပ်တိုးလာတာပေါ့"

ရယ်ကျဲကျဲဆိုသော ဇေသူ့စကားကြောင့် ရှိနေသူတွေအားလုံး ပြုံးယောင်ယောင်ဖြစ်သွားကြသည်။ ကျွန်တော်ကတော့ မချိပြုံးတစ်ခုကိုသာ ပြုမိပါ၏။ သူတို့တွေ စောနန္ဒာနဲ့ပတ်သက်၍ ပြောနေကြခြင်းပါ။

"အရန်ပဲ ဖြစ်မှာပါဟယ်။ ငါကတော့ မထင်ပါဘူး"

နေခြည်က နှုတ်ခမ်းကိုမဲ့ကာ ဝင်ပြောတော့ ဇေသူက . . .

"နင်တို့ပြောတော့ သဲဆုအစ်ကိုက သူ့ညီမကို အဲဒီလူနဲ့ တော်တော်သဘောတူထားတာဆို"

"အစ်ကို သဘောတူတာက တူတာပဲလေ။ အဓိကက သဲဆုပဲ။ သဲဆုလက်ခံမှဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးသွားတော့ ဇေသူက ကျွန်တော့်အား လှမ်းကြည့်ပါ၏။ ဇေသူ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်သော်လည်း ကျွန်တော် ငြိမ်၍နေလိုက်သည်။

"နင်တို့ကလည်း သဲဆုနဲ့ ဒီလောက်တွဲနေပြီး သဲဆုမှာ propose လုပ်ထားတဲ့သူ ရှိမရှိ မသိဘူးလား"

နေလင်း၏အပြစ်တင်သလို အပြောကြောင့် အေးမို့ကမခံချင်သလို ဝင်ပြောသည်။

"သိမလားဟဲ့။ ငါတို့ကို လုပ်တာမှမဟုတ်တာ။ ဘယ်လိုလုပ်သိမှာလဲ။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီးလည်း သဲဆုငါတို့ကို တစ်ခွန်းမှမပြောဖူးဘူး။ ဆေးကျောင်းမှာ သူ့အစ်ကိုရှိတယ်ဆိုတာလောက်ပဲ ငါတို့သိတာ"

"အဲဒီ စောနန္ဒာဆိုတဲ့ပုဂ္ဂိုလ်ကရော ဒီကျောင်းကိုလာဖူးလား"

"လာတော့ လာဖူးမှာပေါ့။ ငါတို့နဲ့တော့ တစ်ခါမှ မတိုးဖူးဘူး။ propose လုပ်ထားတဲ့သူပဲဟယ် . . . လာတော့လာမှာပါ"

ကျွန်တော့်စိတ်ထဲတွင် လေးလံသွားရပါ၏။ စိုးရိမ်စိတ်လိုလိုတွေလည်း ရင်ထဲမှာ တစ်မုဟုတ်ချင်း ဖြစ်ပေါ်သွားသည်။

"သဲဆုကို သူ propose လုပ်ထားတာ ဘယ်လောက်ကြာပြီလဲ"

စိုးရိမ်စိတ်တစ်ဝက်ဖြင့် မေးလိုက်သော ကျွန်တော့်စကားကို နေခြည်က . . .

"ကြာတော့ ကြာပြီ။ သဲဆုအစ်ကိုနဲ့ သူနဲ့က ဆေးကျောင်းမှာ သူငယ်ချင်းလေ။ အဲဒီတော့ ကျောင်းပိတ်တဲ့အချိန် အိမ်လိုက်လည်ရင်းနဲ့ သဲဆုကိုတွေ့ပြီး စိတ်ဝင်စားသွားတာလို့ ပြောတာပဲ။ propose လုပ်ထားတာကတော့ သဲဆုငါတို့ကျောင်းရောက်မလာခင် ကောလိပ်ဒုတိယနှစ်ကတည်းကလို့ ပြောတယ်"

"ကြာပြီပဲ"

သက်ပြင်းငွေ့ငွေ့ဖြင့် ပြောမိသော ကျွန်တော့်စကားကို အေးမို့က သဘောပေါက်သည်ထင်သည်။



"ဒါပေမဲ့ စိုးရိမ်စရာမရှိပါဘူး။ သဲဆုကို ငါတို့ သေချာမေးပြီးပြီ။ သဲဆုဘက်က လုံးဝစိတ်မဝင်စားဘူး။ သူ့အစ်ကိုကြောင့် အလိုက်အထိုက်ဆက်ဆံနေရတာလို့ ပြောတယ်"

စိတ်ထဲမှာ အနည်းငယ်အေးချမ်းသွားသလို ရှိသော်လည်း အလုံးစုံတော့ ဝမ်းမသာရဲသေးပါ။ ဘာပဲပြောပြော တစ်ဖက်လူက ကျွန်တော့်ထက် အချိန်အစောကြီး ဦးထားသည်မဟုတ်ပါလား။ ထိုစဉ်မှာပင် နေခြည်က သူ့ထင်မြင်ချက်တစ်ခုကို ပြောသည်။

"သက်တံ့ကိုမြင်တော့ စောနန္ဒာလည်း သဘောပေါက်သွားပုံရတယ်နော်။ သူကအမူအရာတွေက သိသာတယ်။ တစ်ဆု . . . ဆုနဲ့ .. ဆုချည်းပဲလုပ်နေတာ အမြင်ကပ်စရာကြီး"

"ဟုတ်တယ် . . . ပိုလိုက်တာလည်း တအားပဲ။ ငါလည်းကြည့်မရဘူး"

မဲ့ကာရွဲ့ကာနှင့်ပြောနေသော ပုံစံတွေကြောင့် နေလင်းနှင့်ဇေသူမှာ မထိတရိပြုံးမိ၏။ ကျွန်တော်ကတော့ လင်းတစ်ဝက်မှောင်တစ်ဝက်ဖြစ်နေသော နှလုံးသားအလိုတော်အတိုင်း မေးခွန်းတစ်ခုကို မေးလိုက်သည်။

"အခုရော . . . သဲဆု ဘယ်သွားလဲ"

"မနက်အစောကြီးကတည်းက အဆောင်ကထွက်သွားတာပဲ။ ငါတို့မေးတာလည်း လုံးဝမဖြေဘူး။ ဘယ်သွားမယ်လည်း လုံးဝပြောမသွားဘူး။ သဲဆုကိုကြည့်ပြီးတော့ဟာ ငါတို့ အရမ်းသနားတာပဲ"

စိတ်မကောင်းစွာဆိုသော နေခြည့်စကားမဆုံးခင်မှာပင် . . .

"အခုဆို အဆောင်ကလူတွေတောင် သဲဆုကို အခေါ်အပြောမလုပ်ကြတော့ဘူး။ သဲဆုရှိနေလို့ ဒီကျောင်းမှာ အခုလို ထိတ်လန့်ချောက်ချားစရာတွေ ကြုံနေရတာဆိုပြီး သဲဆုကို တရားခံလို သတ်မှတ်နေကြတာဟ။ တချို့ဆို ကွယ်ရာတစ်မျိုး၊ ရှေ့တင်တစ်မျိုး စောင်းမြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com

တဲ့သူတွေတောင်ရှိတယ်။ ကြာတော့ ဘယ်ခံနိုင်မလဲဟာ။ အများနဲ့တစ်ယောက်ဆိုတော့လည်း အခုလိုပဲ မနက်မိုးလင်းတာနဲ့ သဲဆုအဆောင်က ထွက်သွားနေတော့တာပေါ့"

ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် နင့်နဲ့သွားရပါသည်။ မိန်းကလေးတစ်ယောက်အတွက် ခံနိုင်ရည်မရှိလောက်သော ဒုက္ခတွေပင် မဟုတ်ပါလား။

"အခုနောက်ပိုင်း ငါတို့ကိုလည်း စကားမပြောတော့ဘူး။ သူ့ဟာသူပဲ တစ်ယောက်တည်းနေတာ။ ပိုဆိုးတာက . . ."

ပြောနေရင်းမှ အေးမို့အသံ တိမ်ဝင်သွားကာ မျက်ရည်တို့ ချက်ချင်း ဝဲတက်လာသည်။ ပြီးတော့ ရှိုက်သံတစ်ချက် ခပ်တိုးတိုး ပျံ့သွားကာ . . .

"ငါသေချင်တယ် . . . ငါသေသွားချင်လိုက်တာဟာလို့ ခဏခဏ ပြောနေတယ်ဟ"

ပြောရင်း ငိုချလိုက်ပါသည်။ လှိုက်ခနဲတက်လာသော ဝမ်းနည်းမှုတွေနဲ့အတူ ကျွန်တော်လည်း မထိန်းနိုင်တော့ . . .

နေခြည်နှင့်အေးမို့မှာ တရှုပ်ရှုပ်ငိုနေသည်မို့ ကျန်ရှိနေသူတွေမှာလည်း စိတ်မကောင်းကြ။ ကျွန်တော်ကတော့ မျက်ရည်ကျမလာစေရန် မျက်တောင်ကိုသာ ပုတ်ခတ်ပုတ်ခတ် လုပ်နေမိသည်။

"သဲဆုက ရည်ရွယ်ချက်အရမ်းကြီးတာ။ ကြိုးလည်းကြိုးစားတယ်။ ဒါပေမဲ့ အခုလို ဝိုင်းပယ်ခံရတဲ့ဘဝကြီးကို မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရတော့ သူ့ခမျာ ထွက်ပေါက်မရှိဘဲ ဖြစ်နေတာပေါ့ဟာ။ အခုဆို သဲဆုကိုယ့်ကိုယ်ကိုယ် တစ်ခုခုလုပ်လိုက်မှာကို ငါတို့ အရမ်းစိုးရိမ်နေကြတာ"

'သဲရယ်' ဟုသာ ရင်ထဲမှ တိုးဖွဖွရေရွတ်လိုက်မိပါတော့၏။ သူမ ဘယ်လောက်တောင် စိတ်ဓာတ်တွေ ပျက်ပြားနေပြီလဲ၊ ခံနိုင်ရည်စွမ်းအားတွေ မည်မျှလောက် ကျိုးပျက်နေပြီလဲ . . . ကျွန်တော် မခံမရပ်



နိုင်အောင် ရင်ထဲမှာ တစ်ဆို့နာကျင်မိသည်။

"သဲဆုကို အခုလိုဒုက္ခဆိုးတွေထဲက ကယ်ထုတ်ဖို့နည်းလမ်း မရှိတော့ဘူးလားဟာ"

အငိုတစ်ဝက်ဖြင့်ထွက်လာသော အေးမို့စကားကြောင့် ကျွန်တော် အံကိုကြိတ်မိရင်း . . .

"ငါ ကြိုးစားနေပါတယ်"

အံ့ကြိတ်၍ ပြောလိုက်သည်ကြောင့် အသံက တင်းရင်းနက်ရှိုင်းစွာ ထွက်သွားသည်။ ထို့နောက်မှာတော့ အတွေးကိုယ်စီဖြင့် စကားမဆိုမိကြတော့။

အချိန်အနည်းငယ်တော့ ကုန်လွယ်သွားမှာသေချာသည်။

ဒီလိုနှင့် ကျွန်တော်သတိမထားမိသည့် တစ်ခဏမှာပင် ပခုံးအား တစ်စုံတစ်ယောက်က ထိလှုပ်လိုက်လေသည်။

ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ကျော်စိုး။

"ထရိန်နင် ဘာလို့လာမဆင်းတာလဲ။ နှစ်ရက်တောင်ရှိသွားပြီ"

ပြုံးချိုသောမျက်နှာနှင့် ကျော်စိုးက ကျွန်တော့်၏ လှစ်ဟာမှုအကြောင်းရင်းကို စိတ်ဝင်တစားမေးနေသည်။ ညိုမှိုင်းမှိုင်းမျက်နှာနဲ့ပင် ကျွန်တော် ပြန်လည်အားယူပြုံးပြကာ . . .

"အေးကွာ . . . ငါ ကိစ္စလေးနည်းနည်းရှိနေလို့ မလာဖြစ်တာ။ ဒါပေမဲ့ မနက်ဖြန် ထရိန်နင်ပြန်ဆင်းမှာပါ"

စိတ်ပျက်ဆွေးမြည့်မှုတွေဖြင့် ထိုင်နေသော တစ်ဝိုင်းလုံးအား ကြည့်ကာ ကျော်စိုး ဘာကိုသဘောပေါက်သွားသည်မသိ။

အားနာဟန် အရိပ်အငွေ့တို့ မျက်နှာမှာပေါ်လာပြီး . . .

"အေး . . . ဒါဆိုလည်းပြီးရော ငါသွားတော့မယ်။ မင်း ထရိန်နင်ပျက်နေလို့ ဘာဖြစ်နေလဲဝင်မေးတာ"

ပြီးတော့ ကျော်စိုးက တစ်ဝိုင်းလုံးအား ပြုံးပြရင်း ထွက်သွားသည်။ တစ်ယောက်တည်းတော့မဟုတ်ပါ။ ဆိုင်ပြင်မှာ ကျော်စိုးအား



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ယောက်က ရပ်စောင့်နေ၏။

ကျွန်တော်နားလည်သွားကာ ပြုံးပြတော့ ထိုတစ်ယောက်က လည်း ကျွန်တော့်ကို အပြုံးဖြင့် တုံ့ပြန်သည်။ ကျော်စိုးတို့ မြင်ကွင်းမှ ပျောက်သွားစဉ်မှာပဲ . . .

"ပွဲက နောက်တစ်ပတ်ဆို စပြီနော်။ မင်းမပေါ့နဲ့တော့။ နောက် ပြီး စတွေ့မှာက မနှစ်ကချန်ပီယံ"

စိုးရိမ်သလို သတိပေးသော ဖေသူ့ကို ကျေးဇူးတင်မိပေမယ့် ပြိုင်ပွဲအတွက်တော့ ကျွန်တော် စိတ်မပူပါ။ ကျွန်တော့်တို့တစ်သင်းလုံး က ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးမှုတွေဖြင့် အဆင်သင့်ဖြစ်နေပါ ပြီ။

ထိုစဉ်မှာပဲ နေခြည်က နှာခေါင်းကို တစ်ချက်ပွတ်ရင်းမေးသည်။

"ဆေးကျောင်းနဲ့ ပထမဆုံးတွေ့မှာမလား"

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

"ဆေးကျောင်းအသင်းမှာ စောနန္ဒာပါကယ်နော်"

ကြားသိရသောသတင်းကြောင့် ထိတ်လန့်အံ့သြမှုတွေ ဖြစ်မသွား ခဲ့ပါ။ အေးဆေးပါပဲ။ ကိုယ်နဲ့ယှဉ်ရမယ့် ပြိုင်ဘက် Fighter တစ်ယောက် ကို ဘယ်သူဘယ်ဝါမှန်း မသိလောက်သည်အထိ ကျွန်တော်မညံ့သေး။ ထို့ကြောင့် . . .

"ငါသိတယ်"

စကားဆုံးပြီးပြီးချင်းပင် နောက်တစ်ခုကို ထပ်မေးလိုက်သည်။

"အဲဒီပွဲကို သဲဆုလာကြည့်မှာလား"

ချက်ချင်းမဖြေဘဲ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ စဉ်း စားနေသေးသည်။ ပြီးတော့မှ . . .

"လာကြည့်မယ့်ထင်တာပဲ"

မတင်မကျစကားဖြစ်သော်လည်း ဒီလောက်နဲ့ပင် ကျွန်တော် ကျေနပ်လိုက်ပါသည်။ မည်သူမဆို ကိုယ့်ချစ်သူအားပေးသော ပြိုင်ပွဲမှာ



လူစွမ်းကောင်းဖြစ်ချင်ကြသည်မလား။

ဒါပေမဲ့ တစ်ခုကိုတော့ ကျွန်တော် စိုးရိမ်မိသည်။ အဲဒါက . .

'သဲ' အားပေးမှာသည်

ကျွန်တော့်ကိုလား . . .

ဒါမှမဟုတ်

စောနန္ဒာကိုလား . . .

လက်ဖျံမှသွေးကြောတစ်ခုက တဖျတ်ဖျတ်ထခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## XXIX

အများစုကတော့ ထိုအဆောင်ကို ရှောင်ကြသည်။ ချောက်ချားထိတ်လန့်သည်ဆိုတာထက် စက်ဆုပ်ဖွယ်နေရာတစ်ခုလို သတ်မှတ်ထားကြကာ မည်သူမျှ အသွားအလာမလုပ်ကြ။ ညဘက်တွင်မှမဟုတ်၊ နေ့ဘက်မှာပါ ထိုအဆောင်က တစ်ထီးတည်း အထီးကျန်လျက်ရှိနေသည်။

အကြောင်းကိစ္စရှိ၍ အဆောင်နားမှ ဖြတ်သွားရမည်ဆိုလျှင်တောင် တခြားလမ်းမှ သွားကြသည်။ အဆောင်ထဲသို့လည်း ဆရာ၊ ဆရာမတွေမှအစ အဝင်အထွက်မလုပ်ကြတော့။ ယခင်ကစည်ကားခဲ့သော ရုပ်ဝန်းတစ်ခုမှာ ခုတော့ တိတ်ဆိတ်သွေ့ခြောက်လျက်။

ဒါပေမဲ့ တစ်ကျောင်းလုံး ဝိုင်းကြဉ်ထားကြသော C-2 ဆောင်ရှေ့မှာ မိန်းကလေးတစ်ယောက် မတ်တတ်ရပ်နေသည်။ သူမကတော့ 'သဲဆုနွေး'။



တော်တော်ကြာနေပါပြီ။ အနားမှာလည်း မည်သူမျှမရှိ။ သူမတစ်ယောက်တည်း။ အဆောင်ရှေ့တည့်တည့်ရပ်ကာ အဆောင်ကြီးအား မမှိတ်မသုန် လိုက်ကြည့်နေ၏။

သူမ၏မျက်လုံးတွေက ဝမ်းနည်းမှုလိုလို၊ မယုံကြည်မှုလိုလို တစ်စုံတစ်ခုအား တမ်းတမ်းတတ ဆွေးမြည့်နေသလို အရိပ်လက္ခဏာတွေပေါ်နေသည်။ သူမတွေးငေးနေပုံက ကျောက်ရုပ်တစ်ခုပမာ မလှုပ်မယှက်။

ဒါပေမဲ့ အနီးကပ်လေ့လာကြည့်မည်ဆိုလျှင်တော့ သူမနှုတ်ခမ်းဆီမှ စကားပြောသံအချို့ကို ကြားရမည်ဖြစ်သည်။

လူသူတစ်ဦးတစ်ယောက်မှမရှိသော အဆောင်ကြီးအားကြည့်၍ စကားပြောနေသည်က သာမန်ထက် ထူးခြားနေတာအမှန်ပါ။

ဘာတွေပြောနေတာလဲ။

နားစိုက်ထောင်ကြည့်မည်ဆိုလျှင်တော့ . . .

"ငါပဲ အမြင်မှားတာလား။ မဟုတ်ပါဘူး။ အဆောင်ကြီးက အရင်အတိုင်းပါပဲ။ အကောင်းကြီးပါ။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ဒီအဆောင်ကြီး အလိုလိုပျောက်သွားတယ်လို့ ဘာလို့ထင်နေတာပါလိမ့်"

***စိတ်ဝင်စားစရာတော့ ကောင်းနေပါပြီ။***



www.burmeseclassic.com

www.burmeseclassic.com

# XXX

မီးတောက်သေးသေးလေးတစ်ခုက ထင်းချောင်းအနည်းငယ်၏ ကိုယ်ခံအားကိုစုပ်ယူရင်း တလူလူတက်နေသည်။ မှောင်မိုက်မိုက်ပတ်ဝန်းကျင်မှာ မီးဖိုလေး၏ နီကျင်ကျင်အလင်းရောင်က မသဲမကွဲ ဆောင်းဦးပေါက်ညပေမို့ ချမ်းစီးစီးအအေးဓာတ်ကိုလည်း ပူငွေ့ငွေ့အနွေးဖြင့် မီးဖိုလေးက အံတုနေမှာ သေချာသည်။

ဆောင်းဦးပေါက်ည။

ထင်းချောင်းအနည်းငယ်ဖြင့် အပူဓာတ်ပေးနေသော မီးဖိုလေးနှင့် လိုက်ဖက်စွာ တယောသံလေးတစ်သံက လွင့်နေသည်။ နားထောင်ကြည့်ရုံနဲ့ပင် လွမ်းဆွေးဖွယ်တေးသွားတစ်ပုဒ်ဖြစ်ကြောင်း သိသာပါ၏။

မီးဖိုလေးအားမျက်နှာမူရင်း အဘိုးအိုတစ်ယောက် တယောထိုးနေသည်။ မီးဖိုလေးနှင့် မလှမ်းမကမ်းမှာက ခပ်သေးသေးတိုက်အိုလေးတစ်လုံး။ အတွင်းဘက်မှာ ဝါကျင်ကျင်မီးလုံးလေးတစ်လုံးကို ထွန်းထားသည်။ ထင်ထင်ရှားရှားမဟုတ်ပေမဲ့ ထိုအလင်းရောင်လေးကပင် တိုက်အိုလေး၏ဝင်ပေါက်အဝဆီမှ အပြင်ကို လျှံထွက်နေ၏။

အဘိုးအိုကတော့ တေးသွားတွင်စီးမျောကာ မျက်လုံးကိုစုံမှိတ်ရင်း ဂီတတစ်ခုကို စိတ်ရောကိုယ်ပါ ဖန်တီးနေသည်။ အဆင့်မြင့်တီးကွက်တွေပေမို့ နားထောင်နေသူတိုင်းမှာ လိုက်လှိုက်မောမောရှိလှသည်။ တစ်အောင့်ကြာပေ့ါ တယောသံရပ်သွားသည်။ ပြီးနောက် လက်ထဲမှ



တယောနှင့် ထိုးတံကို အောက်သို့ချရင်း . . .

"ရောက်နေတာ ကြာပြီလား"

"နည်းနည်းကြာသွားပြီ"

နောက်လှည့်မကြည့်ဘဲ ခေါင်းကိုညိတ်ကာ . . .

"ရှေ့ကိုလာပါ"

ကျွန်တော် အဘိုးအိုဝမ်ကိုပတ်ရင် မီးပုံဘေးတွင် ဝင်ထိုင်လိုက်သည်။ ဝမ်က ဘာမှုမပြောပါ။ လက်ထဲမှတယောအား ပခုံးပေါ်ပြန်တင်ရင်း နောက်တစ်ခါထပ်တီးသည်။ ဒီတစ်ခါ တီးလုံးအားကြားလိုက်ရသည့်အခါမှာတော့ ကျွန်တော် မျက်လုံးပြူးသွားရပါတော့၏။

"ဟင် . . ."

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး တအံ့တသြဖြင့် အဘိုးအိုဝမ်ကို ကြည့်မိတော့ . . .

လောကကြီးနှင့် အဆက်ပြတ်သွားသလို ဂီတမှာ သူ စီးမျောနေသည်။ တယောသံနားထောင်နေရင်းမှ ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည်။ ပြီး တစ်စုံတစ်ခုကို သတိရသွားကာ ကြက်သီးတို့ပင် ထွေးခနဲသီးသွား၏။ ချက်ချင်းပင် ကျောမလုံသလိုလည်း ဖြစ်လာသည်။

ဒါပေမဲ့ တော်သေးသည်။ ခဏသာကြာပြီး တယောသံရပ်သွားသည်။ ဒီတော့မှ အံ့သြသောမျက်လုံးတွေဖြင့် ဝမ်အား ကြည့်မိတော့ . .

"မင်း ဒီသံစဉ်ကို ကြားဖူးလား"

ခေါင်းကို ခပ်သွက်သွက်ညိတ်မိရင်း . . .

"ကြားဖူးတယ်"

"ဘယ်မှာလဲ"

"ဒါ . . . C-2ဆောင်ကကြားနေရတဲ့ သီချင်းရဲ့ သံစဉ်မဟုတ်လား"

တအံ့တသြဖြင့်မေးသော်လည်း ဝမ်ကတော့ အေးဆေးပါပဲ။ ခပ်ပေါ့ပေါ့ ခေါင်းညိတ်ပြကာ . . .



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ် . . .။ အဲဒီသီချင်းသံကို နားထောင်ပြီး တယောထိုးကျင့်ထားတာ”

စိတ်ထဲမှာ အံ့ဩမှုနှင့်စိုးရွံ့မှုတို့ ရောထွေးပြီး အဘိုးကြီးဝမ်ကိုလည်း လေးစားသလိုဖြစ်သွားသည်။ ပြီးတော့ ဒါသည် ဝမ်၏ အကြောင်းမဲ့သက်သက် ကြိုးစားမှုလားဆိုတာကိုလည်း သံသယဝင်သွား၏။ အကုန်လုံး ထိုသီချင်းသံကို ထိတ်လန့်နေကြချိန်မှာ ဝမ်ကတော့ တီးလုံးပင် အလွတ်ကျက်ပြီးသွားပြီဖြစ်သည်။ ထို့ကြောင့် . . .

“အဲဒီသီချင်းကိုရော ဝမ်အရင်က ကြားဖူးလား”

ခေါင်းကို ခပ်လေးလေးယမ်းပါသည်။ ပြီးတော့ . . .

“မကြားဖူးဘူး”

စကားက တုံးတိတိနဲ့ပင် ရပ်သွားပြန်ပါ၏။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အနည်းငယ်တိတ်သွားသည်။ ရှေ့မှာရှိနေသော မီးဖိုလေးက မီးစာကျိုးကာ မီးခဲရဲရဲလေးများပင် ကျန်တော့သည်။ မီးခိုးငွေ့ငွေ့လေးက မီးခဲရဲရဲလေးများကြားမှ အပေါ်သို့ တလူလူထိုးတက်နေသည်။

“လာကွာ . . . အထဲကိုသွားရအောင်”

ဝမ်ကဦးဆောင်ကာ ထိုနေရာမှ ထွက်သွားသည်မို့ ကျွန်တော်လည်းထကာ ဝမ်နောက်မှ လိုက်သွားသည်။ ဒါပေမဲ့ အထဲမှာက ကျွန်တော့်အား တအံ့တဩတုန်လှုပ်မှုတွေ ပေးစမ်းမည့် အကြောင်းအရာတစ်ရပ် ကြိုတင်စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း မသိခဲ့ပါ။ ဝမ်၏ တိုက်အိုလေးထဲသို့ဝင်၍ ဘေးဘီကို အနည်းငယ်ဝေ့ကြည့်မိသွားသည့်အခိုက်မှာပဲ . . .

ကျွန်တော်၏စိတ်အာရုံအားလုံးက နေရာတစ်ခုမှာ စုပြုံကျသွားပါတော့သည်။ မျက်လုံးလွှဲပစ်ဖို့ မဖြစ်နိုင်တော့စွာ အာမေဋိတ်သံပင် ထွက်ဖို့ မေ့လျော့သွားရလောက်အောင် ကျွန်တော့်အား အံ့ဩမှင်သက်စေသောအရာက . . .



“ဝမ် . . . ဒီ . . . ဒီဓာတ်ပုံတွေက . . .”

မထင်မှတ်စွာ အလျင်လိုမှုတွေဖြင့် အ,ထစ်သွားသော စကားတွေကြောင့် ဝမ်က ကျွန်တော်ညွှန်ပြရာကိုကြည့်ရင်း . . .

“အဲဒါ ငါ့ကျေးဇူးရှင်မိသားစုရဲ့ မိသားစုတွေလေ။ ဘာဖြစ်လို့လဲ”

“ဘုရားရေ . . .”

ဘုရားတမိသွားရလောက်အောင် ကျွန်တော် တုန်လှုပ်သွားပါသည်။ ဘယ်လိုမှထင်မှတ်မထား။ ပြီးတော့ တစ်ခါမှလည်း တွေးထင်မထားဘူးပါ။ ယခုဟာက . . . ကျွန်တော်လိုက်မမီတော့လောက်အောင် ဖြစ်ပျက်သမျှအရာအားလုံးက ထောင့်ပေါင်းစုံမှ လေးနက်ရှုပ်ထွေးသွားခဲ့ပါပြီ။

တိုက်အိုလေး၏ အတွင်းဘက် နံရံတစ်ခုမှာ ခုံရှည်တစ်လုံးဖြင့် ဓာတ်ပုံသုံးပုံကို စီတင်ထားသည်။ ထိုဓာတ်ပုံတွေရှေ့မှာက အမွှေးတိုင်ထည့်ထွန်းရန် ဖန်အိုးနှင့် အလှစိုက်ပန်းအိုးများကိုလည်း ချထားသည်။ ပြီးတော့ သစ်သီးပန်းကန်အချို့ကိုလည်း ဓာတ်ပုံတွေအားပူဇော်သလို (သေဆုံးပြီး မိဘ၏ဓာတ်ပုံတို့အား သား၊ သမီးတွေက ပူဇော်သလို) ပြုလုပ်ထား၏။

ထိုဓာတ်ပုံတွေကတော့ မေးစရာလိုမည်မထင်ပါ။ ကျွန်တော် တစ်ချိန်က ကြည့်ခဲ့ဖူးသော ဒေါက်တာမူဟိုင်း၏ မှတ်တမ်းစာအုပ်ကြီးထဲမှ ကာယကံရှင်မိသားစု သုံးဦး၏ပုံ။

ဒေါက်တာမူဟိုင်း၊ သူ့ဇနီးနှင့် သားလေးစီကို။

တုန်လှုပ်သွားရသည်က လုံးဝထင်မှတ်မထားသော တိုက်ဆိုင်မှုတွေပါပဲ။ ဒီလိုဆိုတော့ ထူးဆန်းလွန်းသော အဘိုးကြီးဝမ်၏ အပြုအမူတွေကြားမှာ ကျွန်တော်မသိသေးသော လျှို့ဝှက်ချက်တွေ ရှိနေပြီဆိုတာ သေချာနေပါပြီ။ ထိုစဉ်မှာပဲ . . .

“မင်းကို ငါမနေ့က ပြောခဲ့ပါတယ်။ မင်း C-2ဆောင်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com

လာတာ သီချင်းဆိုတဲ့လူ ဘယ်သူဆိုတာထက် နောက်တစ်ခုရှိနေသေးတယ်လို့ ငါထင်တယ်ဆိုတာလေ။ ဒါပေမဲ့ မင်းမပြောပါနဲ့ဦး။ ငါအရင်ပြောပြမယ်"

ဝမ်က ဆေးလိပ်တစ်လိပ်ကိုယူကာ မီးညှိသည်။ ပြီးတော့ . .

"ဒီဘက်ကရှိနေတဲ့သူက ဒေါက်တာမှုဟိုင်းလို့ခေါ်တယ်။ မင်းတို့တက်နေတဲ့ ဟောဒီကျောင်းကြီးကို ငါးယောက်မြောက်အုပ်ချုပ်ခဲ့တဲ့ ကျောင်းအုပ်ကြီးပေါ့။ ဒီဘက်ကတော့ သူ့ဇနီး။ အစွန်ဆုံးက သူတို့ရဲ့ သားလေး။ နာမည်က စီကိုတဲ့။

သူတို့မိသားစု ကျောင်းကိုတာဝန်အရ ပြောင်းမလာခင်ကတည်းက ဂျပန်မှာ ငါ့ကိုခေါ်ထားခဲ့တာ။ ဆွေမျိုးနီးစပ်လည်း တော်တယ်။ ဂျပန်ကနေ ဒီကို ကျောင်းပြောင်းလာတော့ ငါပါပါလာတာပေါ့။ ငါကတော့ တစ်အိမ်လုံးရဲ့ ဝေယျာဝစ္စလုပ်ရတဲ့သူပေါ့ကွာ။ အိမ်ရဲ့ဝေယျာဝစ္စ၊ ခြံရဲ့ဝေယျာဝစ္စပေါ့။

ထူးဆန်းတယ်ကွ။ စီကိုဆိုတဲ့ကလေးလေးက ငါ့အမြင်မှာ တော်တော်ထူးဆန်းတယ်။ ဘာမှန်းတော့မသိဘူး။ ငါက ပညာလည်းမသင်ရ၊ အလုပ်နဲ့လက်နဲ့လည်း မပြတ်တဲ့သူဆိုတော့ အဲဒီကလေးလေး အနေအထိုင် ထူးဆန်းတယ်ဆိုတာကလွဲပြီး ဘာမှမသိဘူးပေါ့ကွာ။

ဒါပေမဲ့ တစ်နေ့မှာ စီကိုလေး အိမ်ကနေပျောက်သွားတယ်။ ပျောက်သွားတာမှ တကယ့်ထူးထူးဆန်းဆန်းပဲ။ ညဘက် အိပ်ရာဝင်ပြီး မနက်လင်းတော့ မရှိတော့ဘူး။ ဘယ်လိုရှာရှာ မတွေ့ဘူး။ သေသလား၊ ရှင်သလားလည်း မသိဘူး။ ငါ့ဆရာဇနီးဆိုကွာ အိပ်ရာထဲလဲရောပဲ။ သားသမီးကလည်း သူတစ်ယောက်တည်းရှိတာကိုး။ နောက်ဆုံးအချိန်ထိကို သူ့သားနာမည် တဖွဖွရွတ်ရင်း သေသွားတာ။ အရမ်းသနားဖို့ကောင်းတယ်"

ကျွန်တော်သိပြီးသား ဇာတ်လမ်းတစ်ပုဒ်ဖြစ်သော်လည်း ငြိမ်ကာ နားထောင်နေလိုက်သည်။ ဝမ်က ကိုယ်တွေ့ကြုံခဲ့ရသူမို့ ပြောနေ



စဉ် သူ့အသံနှင့်မျက်နှာတို့မှာ ဆွတ်ပျံ့ဝမ်းနည်းစိတ်တွေ ပေါ်နေသည်။

"အဲဒီအထဲမှာ သနားဖို့အကောင်းဆုံးကတော့ ငါ့ဆရာပဲ။ သားစိတ်၊ ဇနီးစိတ်နဲ့ ဘုန်းဘုန်းလဲမသွားပေမဲ့ စိတ်ဓာတ်တွေ ဟိုးအောက်ဆုံးအထိ ထိုးကျသွားခဲ့တယ်။ အအိပ်အစားလည်း မမှန်တော့ဘူး။ တာဝန်တွေလည်း လစ်ဟင်းလာတယ်။ ကျန်းမာရေးကတော့ ချူချာတယ်ဆိုတာထက် ပိုဆိုးသွားတာပေါ့ကွာ။ အဲဒီအချိန်မှာ သူ့အတွက်အဖော်ကတော့ အရက်ပဲ။

သူ့ဘေးနားမှာ သူအရမ်းချစ်တဲ့ သားနဲ့ဇနီး မရှိတော့ချိန်မှာ အရက်ကိုပဲ သူ့အဖော်အဖြစ် သဘောထားလာတော့တယ်။ ဘယ်သူတွေဘယ်လိုတားတား လက်မခံတော့ဘူး။ တားတဲ့ထဲမှာတော့ ငါမပါဘူးပေါ့ကွာ။ ငါက အတူနေလာခဲ့သူဆိုတော့ သူခံစားနေရတာတွေကို ကိုယ်ချင်းစာတယ်။ ငါတောင်မထိန်းနိုင်အောင် မျက်ရည်တွေကျခဲ့ဘူးတာပဲ။ သူဆို ပိုဆိုးတာပေါ့"

ပြောနေရင်းနဲ့ ဝမ်းနည်းသံပါလာသည်မို့ ဝမ်က စကားကိုရပ်သည်။ နောက် လက်ထဲမှဆေးလိပ်ကို စိတ်ပြေလက်ပျောက်သဘော တစ်ဖွာနှစ်ဖွာ ရှူရှိုက်ပြီးတော့မှ . . .

"အဲဒီထဲမှာ အဆိုးဝါးဆုံးဘဝကို အဆုံးသတ်ခံလိုက်ရသူကတော့ ငါ့ဆရာ ဒေါက်တာမှုဟိုင်းပဲ"

ဝမ်၏စကားက အဆုံးပိုင်းမှာ အဖျားခတ်တုန်ခါသွားသည်။

"အဲဒီနေ့က အိမ်မှာ ငါမရှိဘူး။ အကြောင်းတစ်ခုနဲ့ အပြင်ရောက်နေတယ်။ မိုးလည်း တော်တော်ချုပ်နေပြီ။ အဲဒီအချိန်မှာ ငါ့နာမည်ကို အော်ခေါ်လိုက်တဲ့ အသံတစ်ခုလိုလို ကြားရတယ်။ ငါ့ဆရာအသံ။ တကယ့်ကို တောင့်တောင့်တတခေါ်လိုက်တဲ့ အသံမျိုး။ အခက်အခဲတစ်ခုနဲ့တွေ့နေလို့ အကူအညီတောင်းခံနေတဲ့အသံမျိုး။ ကြားရတာမှ နားထဲမှာ လေးငါးခါပဲ။ ငါလည်း လန့်ဖျပ်ပြီး ဘေးဘီကြည့်မိတော့ ငါ့ဆရာ မရှိဘူး။ ငါထွက်လာတုန်းက အိမ်မှာ အရက်သောက်ပြီးကျန်ခဲ့တာ။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com

ငါလည်း စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားပြီး အမြန်ဆုံးအိမ်ကို ပြန်ပြေးလာခဲ့တယ်။

ဒီရောက်တော့ ငါတို့အိမ်ပတ်ပတ်လည်မှာ လူတွေဝိုင်းနေပြီကွ။ ငါတို့ဆရာတပည့်နှစ်ယောက်နေထိုင်တဲ့ အိမ်ကို ကြီးမားတဲ့မီးတောက်ကြီးတွေက ဝါးမျိုးနေပြီ။ ငါ့ကိုမြင်တော့ ကြည့်နေတဲ့လူတွေက ဝိုင်းဆွဲထားကြတယ်။ အိမ်ထဲကို ပေးမသွားတော့ဘူး။ အိမ်ကြီးက မီးဒဏ်ကို မခံနိုင်ဘဲ အကြီးအကျယ် လောင်မြိုက်ပျက်စီးသွားတယ်။ ငါ့မှာကွာ . . ငါ့ကျေးဇူးရှင်ရဲ့ အသွေး၊ အသား၊ အငွေ့အသက်တွေကို တနဲ့နဲ့လောင်မြိုက်ပစ်နေတဲ့ မီးတောက်ကြီးတွေကို ရပ်ကြည့်ပြီးတော့ပဲ လက်သီးဆုပ်၊ မျက်ရည်ကျခဲ့ရတာ"

ကျွန်တော့်ရင်ထဲမှာ နင့်ခနဲဖြစ်သွားမိပါသည်။ ဝမ်ကတော့ ပြောဖို့မလိုတော့။ မျက်လုံးအိမ်မှာ မျက်ရည်တွေဝေသီနေပြီမို့ အင်္ကျီလက်ဖြင့် ပင် သုတ်နေသည်။ ပြီးတော့ နှာခေါင်းကို တစ်ချက်ပွတ်ကာ . . .

"အမှန်က ငါ့အမှား။ အိမ်ကြီးမီးလောင်မသွားခင် နိမိတ်လိုလို၊ ရှေ့ပြေးလိုလိုဖြစ်လာတဲ့ ထူးဆန်းမှုတွေကို ကြိုမြင်ခဲ့ရမှာ။ ဒါပေမဲ့ ငါပေါ့ပေါ့လေးပဲ သဘောထားမိလို့ ငါ့ဆရာ အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ခဲ့တာပဲ".

ဝမ်ကအသံတိမ်ဝင်မသွားအောင် ကြိုးစားပြီး ပြောနေပုံရသည်။ ဒါပေမဲ့ ကျွန်တော် စိတ်ဝင်စားသွားရပါပြီ။ အိမ်ကြီးပျက်စီးမသွားခင် နိမိတ်လိုလို ထူးဆန်းမှုတွေဖြစ်တယ်ဆိုတာ ဘာတွေလဲ။

ကျွန်တော် မစောင့်နိုင်တော့စွာ မေးလိုက်သည်။

"ဘယ်လို ထူးဆန်းမှုတွေဖြစ်လို့လဲ"

"အိမ်ကြီးမီးလောင်မသွားခင် တစ်ပတ်လောက်အလိုမှာ ငါတို့အိမ်ရဲ့နောက်ဖက်ပိုင်းကစပြီး ဘာမှန်းနာမည်တပ်လို့မရတဲ့ နွယ်ပင်တချို့က အိမ်ကြီးအပေါ်ကို နွယ်တက်လာခဲ့တယ်"

"ဟင် . . ."



နံရံတစ်ချက် ဒိုင်းခနဲခုန်သွားပြီး အာမေဋိတ်သဘောမျိုး ပါးစပ်က အသံတစ်သံထွက်သွားသည်။

"ဟုတ်တယ် . . . ။ ငါလည်း ပေါ့ပေါ့ပဲ သဘောထားမိခဲ့တာ။ ဒါပေမဲ့ မထင်ရအောင် ရက်ပိုင်းအတွင်းမှာ နွယ်ပင်တွေက အိမ်ကြီးနောက်ပိုင်းတစ်ခုလုံးကို ဖုံးလွှမ်းသွားတယ်။ ငါလည်း ဘာလုပ်ရမှန်းမသိဘူး။ တအံ့တသြနဲ့ကြည့်နေတုန်းမှာပဲ တချို့နွယ်တွေက အိမ်ခေါင်မိုးပေါ်မှာတောင် အသိုက်လုပ်နေကြပြီ။ တစ်ရက်နှစ်ရက်ပါပဲ အိမ်ကြီးတစ်ခုလုံး မီးလောင်ပျက်စီးသွားခဲ့တယ်"

ကျွန်တော် တုန်လှုပ်မှုကို တစ်မုဟုတ်ချင်း မြင့်တက်သွားကာ မျက်လုံးထဲတွင် အရာတစ်ခုကို ပြေးမြင်မိသည်။ အဲဒါက C-2 ဆောင်နောက်ကျောမှ ချက်ချင်း လက်ငင်းမထင်ရလောက်အောင် ပွားများလာသည့် နွယ်ပင်တွေနှင့် ထိုနွယ်ပင်တွေကို အထိတ်တလန့် ဓားတစ်လက်ဖြင့် ခုတ်တွင်ပစ်နေသော ဝမ်။

ကျွန်တော့်ဦးနှောက်တို့ အတွေးတစ်ချက်ဝင်သွားလေပြီ။ ထိုအတွေးသာ မမှားခဲ့ဖူးဆိုပါက . . .

"အခုလည်း C-2 ဆောင်မှာ ထူးခြားမှုတွေဖြစ်ရတယ်။ မပောင်စဖူး ခွေးတွေဟောင်တယ်။ တမလွန်လောကလိုလို၊ နာနာဘာဝလိုလို ဘယ်ကဆိုမှန်းမသိတဲ့ သီချင်းသံတွေကြားတယ်။ ဟော . . . အခုလည်း C-2 ဆောင်နောက်ကျောမှာ နွယ်ပင်တွေ ရက်ပိုင်းအတွင်း ဖုံးအုပ်ကုန်ကြပြီ။ အခုအတောအတွင်းငါ့စိတ်ထဲမှာ လေးနေတယ်ကွာ။ အဲဒါကြောင့် နွယ်ပင်တွေကို အသည်းအသန်ရှင်းနေတာ။ ဒါပေမဲ့ မရပါဘူး။ ရှင်းလေ ပွားလေပဲ"

ကျွန်တော့်ပြောစရာစကားတို့ မဲ့သွားရပါပြီ။ ဝမ်ပြောနေသည့် စကားတွေက ချောက်ချားဖွယ် ဖြစ်ရပ်တစ်ခု၏ နိမိတ်လိုလို၊ ကြိုတင် ဟောကိန်းလိုလို . . .

"ဒီ့ထက်သေချာအောင် ပြောရရင်တော့ အခု C-2 ဆောင်နောက်



www.burmeseclassic.com

www.burmeseclassic.com

ကျောကို တရစ်ရစ်တက်ပြီး ဖုံးလွှမ်းနေတဲ့ နွယ်ပင်တွေမှာ တစ်ချိန်က ငါတို့အိမ်ကို ဖုံးလွှမ်းဝါးမျိုပြီး မီးလောင်တိုက်သွင်းသွားတဲ့ နွယ်ပင်တွေ နဲ့ တစ်ထေရာတည်းပဲ"

ဝမ်၏ပြောစကား ဆုံးသွားသည့်နောက်မှာ ကျွန်တော်ကတော့ နှလုံးခုန်သံတွေ ဒလဟော မြန်သွားတော့၏။ ယခုလို ကျောင်းတွင်း၌ ထိတ်လန့်ချောက်ချားစရာဖြစ်ရပ်တွေ ဖြစ်ပျက်နေခြင်းသည် တစ်ချိန်က ဖြစ်ခဲ့ဖူးသော ကြောက်မက်ဖွယ်အဖြစ်ဆိုးတွေ၏ အကျိုးဆက်လား၊ ဒါမှ မဟုတ် နောက်တစ်ကြိမ် ဖြစ်ပျက်မည်ဟူသော အတိတ်နိမိတ်တွေလား။

"ဟူး . . ."

ဝမ်၏ သက်ပြင်းချသံအကျယ်ကြီးကို ကြားရသည်။ ကျွန်တော် ကတော့ သက်ပြင်းပင်မချနိုင်တော့ပါ။ ထိုစဉ်မှာပဲ . . .

"ဒီနေ့တစ်နေ့ကုန်ပြီး မနက်ဖြန်တစ်ရက် ကူးသွားမှာကို ငါ အရမ်းကြောက်နေတယ်ကွာ။ ပြီးတော့ အရင်ကလိုမျိုး နောက်တစ်ကြိမ် ထပ်ဖြစ်လာမှာကိုလည်း အရမ်းစိုးရိမ်နေတယ်"

"ဘာဖြစ်လို့လဲ"

ဝမ်က သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ထပ်ချပြန်၏။ ဆက်ပြောသည့်စကားတွေက ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားကို အပြင်းထန်ဆုံး ခြောက်လှန့်လိုက်ပါတော့သည်။

"မနက်ဖြန်ဆို ငါတို့အိမ်ကြီးမီးလောင်ပြီး ငါ့ဆရာသေသွားတာ နှစ်ငါးဆယ်တိတိပြည့်ပြီ"

ဆက်ပြောမည်ပြင်ပြီးမှ ဆက်မပြောတော့။

ဒါပေမဲ့ ပြောပြီးသားစကားထဲမှာပင် အဓိပ္ပာယ်တွေ များစွာပါဝင်ကြောင်း သဘောပေါက်လိုက်သည်။

"တိုက်ဆိုင်မှုပဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

ထိုစကားကြောင့် ကျွန်တော် မျက်မှောင်ကြုတ်မိရင်း . . .

"ဘာကို ဆိုလိုတာလဲ"



"C-2 ဆောင်နောက်က နွယ်ပင်တွေကိုပြောတာပါ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်က ပေါက်ရောက်ခဲ့ဖူးတဲ့ နွယ်ပင်တွေနဲ့ ပတ်သက်မှုမရှိဘဲ ရိုးရိုးသားသား တိုက်ဆိုင်မှုပဲဖြစ်ပါစေလို့"

စကားကိုခဏရပ်ကာ ကျွန်တော့်အား ကြည့်သည်။ ပြီးတော့..

"အဲဒါကိုလည်း သေချာအောင် စုံစမ်းနေပါတယ်။ မနေ့က ငါ C-2 ဆောင်ကိုသွားစောင့်ကြည့်တာ အဲဒီကိစ္စအတွက် သွားတာပေါ့။ ကြားနေရတဲ့ သီချင်းရှင်ရဲ့အသံကိုတော့ ငါကြားဖူးသလိုရှိတယ်။ ကလေးသံလေးပဲ။ ကလေးလေးတစ်ယောက် သီချင်းတစ်ပုဒ်ကို လွှမ်းလွှမ်းဆွေးဆွေးဆိုနေတာ အကြာကြီးကြားရတာလည်း မဟုတ်ဘူး။ ခဏလေး။ ကြာချိန်ကိုလည်း သတ်မှတ်လို့မရဘူး။

တစ်ခါတလေ မြန်တယ်။ တစ်ခါတလေကျတော့ ကြာတယ်။ ဒါပေမဲ့ သေချာသလိုရှိတာတစ်ခုကတော့ အဲဒီအသံရှင်ဟာ ဒေါက်တာ မှုပိုင်းရဲ့သား စီကိုလေးရဲ့အသံနဲ့ နီးနီးစပ်စပ် ဆင်တူနေတာပဲ။ အဲဒါကို ငါကွဲပြားချင်လို့ သွားစောင့်ကြည့်ကာ"

ထိုစကားကိုကြားရတော့ ကျွန်တော် ပြုံးသွားမိသည်။ ဝမ်လိုချင်သည့်အဖြေက ကျွန်တော့်မှာရှိပါသည်။

"သီချင်းဆိုသူ ဘယ်သူလဲဆိုတာ ကျွန်တော် သေချာသိပါတယ်"

ဆတ်ခနဲမော့လာသော ဝမ်၏မျက်လုံးနဲ့ဆုံသည်။ ကျွန်တော် မျက်လုံးချင်း သေချာကြည့်ကာ . . .

"ကြားနေရတဲ့သီချင်းသံရဲ့ ပိုင်ရှင်ကတော့ တခြားသူမဟုတ်ပါဘူး စီကိုပါပဲ"

ဝမ်၏မျက်လုံးတို့ ရုတ်ခြည်း တည်တံ့သွားကာ . . .

"မင်းက ဘာလို့ပြောနိုင်ရတာလဲ"

ထိုစကား၏နောက်မှာတော့ ကျွန်တော်သိထားသမျှကို အားလုံး ဖွင့်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သဲဆုနွေး၏ Automatic writing မှစ၍ ဒေါက်တာမူဟိုင်း၏ မှတ်တမ်းအား ဖတ်ရပုံ၊ မှတ်တမ်းပါ ဓာတ်ပုံတွေအား ကြည့်ရပုံအပြင် ဆိုးဆိုးဝါးဝါး ခံစားနေရသော သဲဆုနွေး၏ ခံစားမှုတွေကိုပါ အားလုံး ပြောပြလိုက်တော့ . . .

"ဟာ . . . ဒါဆို အခုကိစ္စက ငါထင်တာထက် အများကြီး နက်ရှိုင်းနေတာပေါ့"

အလျင်စလိုပြောသော ဝမ်၏စကားနောက်မှာ . . .

"အမှန်ပဲ"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားကြပါသည်။ ထို့နောက် ကျွန်တော်ကပင်ဆက်၍ . . .

"အမှန်အတိုင်းပြောရရင် သဲဆုနွေးဆိုတဲ့ မိန်းကလေးက ကျွန်တော် မြတ်မြတ်နိုးနိုးချစ်နေမိတဲ့ မိန်းကလေးတစ်ယောက်ပါ။ မမျှော်လင့်ဘဲ အခုလိုမထင်မှတ်တာတွေဖြစ်လာတယ်။ အဲဒီဖြစ်ရပ်တွေရဲ့ အကျိုးဆက်အဖြစ် သူ့မှာ မိန်းကလေးတန်မဲ့ သူများနာခေါင်းရှုံ့စရာ၊ မေးငေါ့စရာ၊ အရောမဝင်ချင်စရာ ဒုက္ခတွေကို ခံစားနေရတယ်။ ဒါတွေကို ကြည့်ပြီး ကျွန်တော် ဘယ်လိုမှ မခံစားနိုင်ဘူး။ အဲဒါကြောင့် ကျွန်တော် C-2 ဆောင်ကိုသွားပြီး ဒီအဖြစ်အပျက်တွေကို အဆုံးသတ်ဖို့ ကြိုးစားချင်တာ"

ထိုစကားတွေကြောင့် ဝမ်က ကျွန်တော့်ကို သေချာကြည့်သည်။ သူ့မျက်ဝန်းထဲမှာ ကျွန်တော်ပြောသောစကားတွေနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ရှုပ်ထွေးနေသလို။

ထင်ပါသည်။

"တစ်ခုမရှင်းဘူးကွာ။ အခုလို အဖြစ်အပျက်တွေကို အဆုံးသတ်ဖို့ ကြိုးစားချင်တယ်ဆိုတဲ့ အချက်ကို မရှင်းဘူး"

ဝမ် ဒီလိုပဲ မေးလာလိမ့်မယ်ဆိုတာ သဘောပေါက်ပြီးသားမို့ ကျွန်တော်ရှင်းပြဖို့ ပြင်လိုက်ပါသည်။ နောက် . . .



"ကျွန်တော် လေ့လာမိသလောက်ပေါ့ဗျာ . . . ပုဂ္ဂိုလ်သတ္တဝါတစ်ဦးရဲ့ အသိအမြင်အငွေ့အသက်တွေက ပတ်ဝန်းကျင်မှာ ထင်ဟပ်နေတတ်တယ်။ နေထိုင်ရာဌာန၊ ဒါမှမဟုတ် ပတ်ဝန်းကျင်ရုပ်ဝတ္ထုတွေနဲ့ တစ်နည်းနည်း ဆက်စပ်နေတတ်တယ်။ အဲဒီပုဂ္ဂိုလ် သေဆုံးပြီးတဲ့နောက်မှာ သူနေသွားတဲ့နေရာကိုပဲ အခြားတစ်ယောက်ရောက်လာတယ်ဆိုပါစို့။

နောက်ထပ်ရောက်လာတဲ့သူဟာ ပထမလူရဲ့ ပတ်ဝန်းကျင်ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ထိတွေ့တဲ့အခါမှာ ပထမလူရဲ့ အကြောင်းအရာတွေက ဒုတိယလူမှာ အလိုလို အာရုံထင်လာတတ်တယ်။ တစ်နည်းဆိုရရင်တော့ ရုပ်ဝတ္ထုပစ္စည်းတွေက လူတစ်ဦးနဲ့တစ်ဦးကို စိတ်ဓာတ်ချင်းဆက်သွယ်ပေးတာပေါ့"

ကျွန်တော့်စကားကို ဝမ်က ငြိမ်၍ နားထောင်နေသည်။ ကျွန်တော် ခေါင်းကိုတစ်ချက်ညိတ်ရင်း ဆက်ပြောသည်။

"ဥပမာ အိမ်တစ်အိမ်ကို တစ္ဆေခြောက်တယ်ဆိုပါစို့။ အဲဒီအိမ်မှာ ရှေးကနေထိုင်ပြီး သေဆုံးပြီးသွားသူတွေနဲ့ အခုလက်ရှိနေထိုင်တဲ့လူတွေကို အိမ်က စိတ်ဓာတ်ချင်းဆက်သွယ်ပေးတာ။ အိမ်က ပထမလူနဲ့ ဒုတိယလူကို စိတ်ဓာတ်ချင်းဆက်သွယ်ပေးလို့ အာရုံအရိပ်တွေ ထင်လာတာလို့ စိတ်ဝိညာဉ်သုတေသီတွေက ယူဆကြတယ်။

နောက်တစ်ခု . . .

တချို့လူတွေရော တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့နေထိုင်ကြပေမဲ့ တစ္ဆေလိုက်အခြောက်ခံရတယ်ဆိုတဲ့ ဖြစ်ရပ်တွေရှိတယ်။ အဲဒါဟာ အမှန်တော့ သူတို့ပြောင်းရွှေ့ရာအိမ်တွေရော တစ္ဆေရှိနေတာမဟုတ်ဘူး။ တစ္ဆေကိုဖန်တီးတဲ့အရာက အိမ်မှာမရှိပဲ တစ်နေရာကတစ်နေရာကို သယ်ဆောင်ယူသွားနေတဲ့ ပစ္စည်းတစ်ခုခုမှာ မှီကပ်နေတာ။ အခု ကျွန်တော်တို့ကျောင်းမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာအားလုံးကိုလည်း အဲလို ယူဆတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးသွားသည့်နောက်မှာ အဓိပ္ပာယ်မဖော်တတ်သော အကြည့်တွေဖြင့် ဝမ်က ကျွန်တော့်ကိုကြည့်သည်။ ပြီးတော့ မျက်လုံးကို မှေးကျဉ်း၍ . . .

"မင်းဆိုလိုတာကို ငါသိပ်မရှင်းသလိုပဲ"

"ဒီလိုဗျာ . . .။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်က သေဆုံးသွားတဲ့ စီကိုနဲ့ အခု ကျွန်တော်အရမ်းချစ်တဲ့ မိန်းကလေးက ဘယ်လိုမှ မပတ်သက်နိုင်ဘူး။ ဒေါက်တာမူဟိုင်းရဲ့မိသားစုကိုလည်း မသိဘူး။ ကြားလည်း မကြားဖူးဘူး။ စီကိုဆိုတဲ့ ကလေးလေးအကြောင်းကိုလည်း မသိဘူး။

ဒါပေမဲ့ မထင်မှတ်ဘဲ သဲဆုနွေးကို ပရစိတ်ဝိညာဉ်တစ်ခုက လာရောက်မှီကပ်တယ်။ သဲဆုနွေးက ဒီနှစ်မှ ကျွန်တော်တို့ကျောင်းကို ရောက်လာတာ။ အဲတော့ C-2 ဆောင်နဲ့လည်း အဆက်အစပ်မရှိဘူး။ ဒါပေမဲ့ C-2 ဆောင်က အခန်းထဲကို ပထမဆုံးစရောက်တဲ့နေ့မှာတင် Automatic writing ဖြစ်ပြီး တမလွန်ဝိညာဉ်တစ်ခုရဲ့ ဝင်ရောက်မှီကပ်ခြင်းကို ခံရတယ်။

အဲဒီညကစပြီးတော့လည်း အခုအချိန်အထိ ကျောင်းထဲမှာ မဖြစ်စဖူး ခွေးတွေ အူကြ၊ ဟောင်ကြတယ်။ ကလေးတစ်ယောက်ရဲ့ အင်္ဂလိပ်သီချင်းသံကို ကြားရတယ်။ ဒါတွေအားလုံးကို ခုန ကျွန်တော်ပြောခဲ့တဲ့ စကားတွေနဲ့ ချိန်ထိုးကြည့်ရင် တမလွန်ဝိညာဉ်က ဒီအတိုင်း မှီကပ်တာ မဟုတ်ဘူး။

သဲဆုနွေး Automatic writing စဖြစ်တဲ့ အခန်းထဲက ရုပ်ဝတ္ထုပစ္စည်း တစ်စုံတစ်ခုနဲ့ ဆက်သွယ်ပြီးဖြစ်လာတာ။ ကျွန်တော်သိချင်တာက ဘယ်အရာဝတ္ထုပစ္စည်းက သဲဆုနွေးနဲ့ စီကိုကို စိတ်ဓာတ်ချင်းဆက်သွယ်ပေးတာလဲ။ ဒါပဲ . . ."

ဝမ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ စကားတော့ ချက်ချင်းမပြောပါ။ ဒါပေမဲ့ . . .



"ဒါဆို မင်း C-2 ဆောင်ကို ညကြီးအချိန်မတော်ရောက်လာတာ အဲဒီအတွက်ပေါ့"

"ဟုတ်တယ်"

တိုက်အိုလေး၏ ဝါကျင်ကျင်မီးရောင်အောက်မှာပင် ကျွန်တော့်မျက်နှာက ဆုံးဖြတ်ချက်တစ်ခုနဲ့ တင်းမာနေမှာ သေချာပါ၏။

ဝမ်က မီးသေနေပြီဖြစ်တဲ့ ဆေးလိပ်ကို မီးထပ်ညှိနေသည်။ ပြင်ပလေတချို့ကလည်း တစ်ခါတစ်ခါ တိုက်အိုလေးထဲကို အလည်ရောက်လာတတ်သည်။ ဒါပေမဲ့ တိုက်အိုလေးထဲမှာတော့ အနွေးဓာတ်တစ်ခုနဲ့ တည်ငြိမ်နေ၏။

အပြင်မှာကတော့ လမိုက်ညတစ်ခုနဲ့ လျော်ညီစွာ ပိန်းပိတ်မှောင်လို့ပေါ့။ ထိုစဉ်မှာပဲ . . .

"မင်းရဲ့ရည်ရွယ်ချက်ကရော ဘာလဲ"

ဝမ်က တည်တည်ငြိမ်ငြိမ်မေးတော့ . . .

"ကျွန်တော်ကတော့ သဲဆုနွေးခံစားနေရတဲ့ ဒုက္ခအားလုံးကို အဆုံးသတ်ပေးချင်တယ်ဗျာ။ ကျွန်တော်ထင်တယ်။ စိတ်ဓာတ်ချင်းဆက်သွယ်ပေးရာရုပ်ဝတ္ထုကို ဖျက်စီးပစ်နိုင်ရင် လာရောက်မှီကပ်ရာ ပရဝိညာဉ်နဲ့ သဲဆုနွေး ကွဲကွာသွားလိမ့်မယ်လို့"

ဝမ့်ဆီမှ ဘာတုံ့ပြန်မှုကိုမှ မမြင်မကြားရပါ။ ဣန္ဒြေတစ်ခုဖြင့် တည်ငြိမ်နေသော ဓာတ်ပုံသုံးပုံကိုသာ တွေတွေကြီးငေးကြည့်ရင်း ငြိမ်သက်ဆွံ့အနေသည်။

"အဲဒီရုပ်ဝတ္ထုကို ဖျက်ဆီးပြီးတဲ့နောက်မှာ အရာအားလုံးက မူလအတိုင်း ပြန်ဖြစ်သွားလိမ့်မယ်"

ဝမ်၏ဦးခေါင်းမှာ အနည်းငယ်လှုပ်ရှားသွား၏။ ခေါင်းညိတ်လိုက်သည်လား၊ ခေါင်းခါလိုက်သည်လား ကျွန်တော်မသဲကွဲပါ။ ဒါပေမဲ့–

"မှန်တယ်၊ မှားတယ်တော့ ငါမပြောလိုပါဘူး။ ဒါပေမဲ့ မင်းပြောတဲ့အတိုင်း C-2 ဆောင်အခန်းထဲက ဆက်စပ်မှုအရာတစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com

ငါတို့ သွားရှာကြတာပေါ့"

ကျွန်တော်နှင့်ဝမ် မျက်လုံးချင်းအတော်ကြာကြာ ဆုံသွားသည်။ ကျွန်တော့်ကိုယ်ထဲမှ သွေးတွေ ခပ်ပြင်းပြင်းလည်ပတ်နေကြောင်း ခံစားမှုအရသိသည်။ နောက် . . .

"အခုလား . . ."

ခေါင်းညိတ်ရန်မလိုပါ။ ကျွန်တော်က အရင်မတ်တတ်ထရပ်လိုက်ပြီးသား ဖြစ်သွားသည်။

ထို့နောက်မှာတော့ . . .



# XXXI

ကြယ်အချို့သာ တလက်လက်ရှိပြီး လကတော့ အမှောင်တိုက်အတွင်း ပုန်းခိုနေသည်။ ကြယ်ရောင်ဝိုးတဝါးအောက်မှာရှိနေသော အဆောင်ကြီးကတော့ မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ်ထိုင်ပြီး မာန်ဖီနေသလို၊

ခပ်ဝေးဝေးကတည်းက လှမ်းမြင်နေရသည်မို့ ချောက်ချားမှုကို ဦးတည်သော ပတ်ဝန်းကျင်ဖြစ်မှန်း ရိပ်မိနေသည်။ ခါတ်မီး၏အလင်းရောင်အနည်းငယ်ကိုသာ အသုံးပြုပြီး ကျွန်တော်တို့နှစ်ယောက် ခပ်သွက်သွက်လှမ်းလာခဲ့သည်။

ဒါပေမဲ့ အဆောင်ကြီး၏ အဝင်ဝအရောက်မှာပင် ကျွန်တော်တို့အား အံ့သြမှုတစ်စုံတစ်ရာက ဆီးကြိုနေတော့၏။

အဆောင်ဝင်ပေါက်တံခါးကြီး ပွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆက်ခနဲပင် နှစ်ယောက်စလုံး ခြေစုံရပ်မိသွားကာ လက်ထဲမှ ဓါတ်မီးများကိုလည်း ပိတ်မိသွားသည်။ ဘယ်လိုလဲ . . .။

ဒီလိုညမျိုးမှာ အဆောင်ဝင်ပေါက်တံခါးကြီး ပွင့်နေသည်က ညနေကျောင်းဆင်းချိန်ကတည်းက ပိတ်သူမရှိဘဲ ပွင့်နေတာတော့ မဟုတ်နိုင်ပါ။ ပြီးတော့ ပိတ်ပြီးသားတံခါးကြီးက ညရောက်မှ သူ့အလိုလိုပွင့်သွားတာလည်းမဖြစ်နိုင်။ ဒါဆို ဖြစ်နိုင်ခြေ တစ်ခုသာရှိပါ၏။ အဲဒါက အဆောင်ထဲသို့ လူဝင်နေသည်။

နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး တိုးကပ်မိရင်း . . .

"ဝမ် . . . အထဲမှာ ကျွန်တော်တို့ထက် ဝီရိယကောင်းတဲ့သူ ရှိနေတယ်နဲ့တူတယ်"

မှောင်ကြီးမည်းထဲမှာပင် ဝမ် ခေါင်းညိတ်သည်ကို မြင်ရ၏။ နောက် နှစ်ဦးကြားရုံလောက်သော လေသံဖြင့် . . .

"ကြာတယ်ကွာ။ ဘယ်သူရှိရှိ ဝင်ကြမယ်"

ပြောပြီး ဝမ်က အရင်ရှေ့သို့ လှမ်းသွားသည်ကြောင့် ကျွန်တော်လည်း နောက်ကလိုက်သွားလိုက်သည်။ ဒါပေမဲ့ ကျွန်တော့်တို့ခြေသံတွေ မထင်ရလောက်အောင် တိုးတိတ်သွားလေပြီ။ ခြေလှမ်းတိုင်းမှာ အသံက တစိုးတစိမျှထွက်မလာတော့။

သားကောင်နောက်လိုက်သော မုဆိုးတစ်ယောက်၏ ခြေလှမ်းမျိုးမဟုတ်ပေမဲ့ ရေရှာထွက်သော သမင်တစ်ကောင်၏ နူးညံ့မှုမျိုးပါ။ မီးရောင်ကို အနည်းငယ်သာ အသုံးပြုတော့သည်မို့ ခြေလှမ်းတိုင်းကို သတိကြီးကြီးထားနေရသည်။

အောက်ထပ်ကတော့ ထုံးစံအတိုင်း မှောင်မည်းတိတ်ဆိတ်လျက်ရှိသည်။ အောက်ထပ်အားဖြတ်ကျော်၍ အပေါ်သို့တက်ရန် လှေကားကို ဦးတည်လိုက်သည်။ လှေကားပေါ် နင်းတက်စဉ်မှာလည်း ထိုအတိုင်း။ အသံထွက်မသွားအောင်သာ ကြိုးစားထိန်းနေရသည်မို့ အသက်ပင် ရဲရဲမရှူရဲ။



ဒါပေမဲ့ ခန္ဓာကိုယ်ကိုသာ ထိန်းချုပ်ထား၍ရပါသည်။ စိတ်ထဲက အတွေးတွေကတော့ အဖြေမရှိသော အမေးတွေဖြင့် အတွေးနယ်ချဲ့နေ၏။

သူတို့အရင် ဝင်ရောက်နေသူမှာ ဘယ်သူလဲ၊

ဘယ်လိုရည်ရွယ်ချက်ဖြင့် ဝင်ရောက်နေတာလဲ၊

မနေ့ကလို အောင်ရဲထွန်းပဲလား . . .

စသော အတွေးတွေဖြင့် ရှုပ်ထွေးနေစဉ်မှာပင် သူတို့အပေါ်ထပ်သို့ ရောက်သွားပေပြီ။ ထိုစဉ်မှာပဲ စကားပြောသံလိုလို အသံအချို့အား ကြားလိုက်ရတော့၏။

နှစ်ဦးသား ခြေစုံရပ်မိသွားသည်။

ဘာသံတွေလဲ၊

သဲသဲကွဲကွဲတော့မရှိ။ ဒါပေမဲ့ ကြားနေကျသီချင်းသံမဟုတ်တာတော့ သေချာသည်။ ပြီးတော့ အသံလာရာအရပ်ကို ခန့်မှန်းကြည့်မိသည်။ သေချာပါသည်။ သူတို့ဦးတည်နေရာ အခန်းကပဲ ထွက်ပေါ်လာတာပါ။

အနည်းငယ် ရှေ့ဆက်တိုးကြည့်လိုက်တော့ ထိုအသံမှာ ပျောက်သွား၏။ ကျွန်တော် ကြက်သီးတစ်ချက် ဖျင်းခနဲထသွားသည်။ နာနာဘာဝအသံတွေများလား၊

ဓာတ်မီးကိုလည်း မဖွင့်သည်မို့ ရှေ့တိုးရခက်ဖြစ်နေသည်။ ဝမ်ကိုကြည့်မိတော့ နီးစပ်ရာနံရံတစ်ခုအား ကပ်ထားလျက်မှပင် ကျွန်တော့်အားရှေ့ဆက်သွားရန် လက်ပြသည်။ ထို့ကြောင့် ကျွန်တော်လည်း နံရံကို ကျောကပ်လျက်မှာပင် တစ်လှမ်းချင်းတိုးသွားလိုက်ပါ၏။ ဆောင်းညတစ်ညဖြစ်သော်လည်း ချွေးပြန်နေသည်။ ပြီးတော့ ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြားနေရသည်။

ဒါပေမဲ့ . . .

ခြေလှမ်းအနည်းငယ် လှမ်းပြီးစဉ်မှာတော့ ခုနကြားခဲ့ရသော မပီမသအသံတစ်ခုကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရလေပြီ။ စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com

စရာမရှိတော့။ လူနှစ်ယောက် စကားပြောနေသံပါ။ အခန်းကိုလည်း လှမ်းမြင်နေရပါပြီ။ ကြယ်ရောင်၏ မှုန်ဝါးဝါးအလင်းနဲ့ပင် နောက်တစ်ခုကို မြင်လိုက်ရသေး၏။ အဲဒါက အခန်းတံခါးပွင့်နေသည်။ ကျွန်တော်တို့ ဖွင့်စရာပင်မလိုတော့ . . .

ဒါပေမဲ့ အထဲမှာကား . . .

မည်သူတွေလဲ၊

ဘယ်လိုပုံစံတွေနှင့် တွေ့ရမည်လဲ။

ကျွန်တော်တို့နှစ်ယောက် ခြေလှမ်းကို မရပ်မိပါ။ စိုးတထိတ်ထိတ်နဲ့ပင် အခန်းနှင့် နီးသထက်နီးအောင် ဆက်လျှောက်နေပါ၏။ အခန်းနဲ့နီးသွားချိန်၌ ခုနကြားနေရသော စကားသံမှာ ပျောက်သွားပြန်သည်။ ကျွန်တော်တို့ကတော့ နံရံကို ကပ်ထားဆဲ . . .

ရင်ထဲမှာက အမောဖောက်ရသလို တဒိန်းဒိန်းခုန်နေသည်။ နံရံကပ်ပြီး ရပ်နေလျက်မှာပင် မောနေပါ၏။ နောက် နှစ်လှမ်းသုံးလှမ်းဆို အခန်းဝ စရောက်ပေပြီ။ ဆက်သွားရန် ခြေလှမ်းတို့ တွန့်ဆုတ်နေပေမဲ့ မသွားလို့လည်းမဖြစ်၊ အထဲက ဘယ်သူတွေလဲ သိရန်အပြင်၊ ဘာလာလုပ်တာလဲဟူသည့်အချက်ပါ သိမှဖြစ်တော့မည်။

ထိုအခိုက်မှာပဲ ဝမ်က ဆက်သွားရန် ပခုံးကိုတို့ရင်း သတိပေးတော့ နောက်ဘက်သို့လှည့်ကာ လက်ဟန်ခြေဟန်ဖြင့် စကားပြောလိုက်သည်။ အဲဒါက အခန်းဝရောက်သည်နှင့် အခန်းထဲသို့ ပြိုင်တူဓာတ်မီးထိုးရန်ပါ။ ဝမ်က ခေါင်းညိတ်လိုက်စဉ်မှာပဲ ကျွန်တော်၏ခြေလှမ်းတို့သည်က ရဲရင့်သွားသော စိတ်ဓာတ်တွေနှင့်အတူ ဆတ်ခနဲ . . .

'ဒုန်း' ခနဲ မြည်သွားသည်။ မှောင်မည်းကြီးထဲမှာ မဆင်ခြင်သောခြေထောက်က ဘာကိုတိုက်မိသွားသည်မသိ။ ခြေဖျားတို့ဆီမှ ရှုးအောင့်အောင့်ခံစားမှုနဲ့အတူ ကျွန်တော် တစ်ချက်ငိုက်ကျသွားစဉ်မှာပဲ–

"ဘယ်သူလဲဟေ့"

ကျယ်လောင်သော အသံကြီးတစ်ခုကို ကြားလိုက်ရသည့်နောက်



မှာ အလင်းရောင်တန်းတွေက ကျွန်တော်တို့ဆီ ထိုးကျလာပါတော့၏။ မြန်ပါသည်။ ကျွန်တော်တို့လက်ထဲမှ ဓာတ်မီးတွေကလည်း ဖျတ်ခနဲ လင်းသွားသည်။

မီးရောင်လေးခု၊ လူလေးယောက်။

"ဘယ်သူလဲ"

မျက်နှာချင်းဆိုင်ဆီမှ ဒုတိယအကြိမ် အသံဝါးကြီးထွက်လာပြီး မကြာပါ ကျွန်တော့်မျက်နှာဆီသို့ မီးရောင်တစ်ခုက တည့်တည့်မတ်မတ်ကြီးကို ထိုးကျလာသည်။ ထို့နောက် . . .

"ဘယ်သူလဲ . . . သက်တံ့လား"

တအံ့တသြဖြင့် ကြားလိုက်ရသောအသံတစ်ခု ဦးနောက်မှာ အရောင်တစ်ချက်လက်သွားသည်။ ဒီအသံကို မှတ်မိနေသည်။

"ဆရာ . . . ဆရာဦးစိုးဝင်း"

"အေး . . . ဟုတ်တယ်"

ပြီးသွားပါပြီ။ နောက်ထပ် မိတ်ဆက်စရာမလိုတော့။ ဆရာဦးစိုးဝင်းဟု သိလိုက်သည်နှင့် နောက်တစ်ယောက်က အလိုလိုကျောင်းအုပ်ကြီး ဦးထွန်းလွင်ဖြစ်သွားပေပြီ။ ပြီးတော့ သူတို့နှစ်ယောက်သည်လည်း ကျွန်တော်နှင့်အတူ ကျောင်းစောင့်အဘိုးကြီးဝမ်ကို တွေ့ရ၍ အံ့သြသွားသည်။

"မင်းတို့ ဘာလာလုပ်တာလဲ"

'ဆရာတို့ကရော' ဟု မေးချင်သော်လည်း မမေးဖြစ်ပါ။ ထို့ကြောင့် ရောက်လာရသည့် အကြောင်းရင်းကို စေ့ငုသေချာစွာ ပြောပြလိုက်သည်။ ကျွန်တော်စကားဆုံးသွားချင်းမှာပဲ ဆရာဦးစိုးဝင်းက . . .

ဒါဆို မင်းက ဒီအခန်းထဲက ဘာပစ္စည်းလို့ထင်လဲ"

"တစ်ခုပဲရှိတယ်"

သုံးဦးစလုံး၏ ဓာတ်မီးရောင်က ကျွန်တော့်ကိုယ်ပေါ်သို့ ထိုးကျလာ၏။ ကျွန်တော် အလျင်စလိုပင် အခန်းထဲသို့ ဝင်သွားလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာတွင် ရပ်လိုက်သည်။ ပြီး လက်ထဲမှာဓာတ်မီးဖြင့် နေရာတစ်ခုကို ထိုးပြရင်း . . .

"ဒီခုံ"

"ဟင် . . ."

အံ့သြမှုဖြင့် သုံးယောက်လုံး ဝိုင်းစုထွက်သွားသော အသံပါ။ ဖွမ်၏အသံမှာ သာမန်အံ့သြမှုဖြစ်ပေမယ့် ဆရာနှစ်ဦး၏အသံကတော့ အဓိပ္ပာယ်တွေပါနေပါသည်။ ဓာတ်မီးရောင်နှင့်ပင် ဆရာကြီးဦးထွန်းလွင် ပြုံးသွားသည်ကို မြင်ရ၏။ ပြီးတော့ ကျွန်တော့်ခေါင်းကို လက်ဖြင့် လှမ်းပွတ်ကာ . . .

"မင်းတော်တယ်။ ဟုတ်တယ် . . . သဲဆုန္ဓေးနဲ့ စီကို့ကို စိတ်ဓာတ်ချင်းဆက်သွယ်ပေးတာ ဒီစာသင်ခုံပဲ"

ကျွန်တော့်ရင်တွင်းမှ လှပ်ခနဲအေးသွားသည်။

"ဘာကြောင့်လဲ"

မေးသူက ဝမ်။

ထိုစဉ်မှာပဲ ဆရာကြီးဦးထွန်းလွင်က ကျွန်တော်တို့မမြင်မိသော စာအုပ်ကြီးတစ်အုပ်ကို စားပွဲပေါ်တင်လိုက်သည်။ မြင်ရုံနှင့်သိပါသည်။

ဒေါက်တာမူဟိုင်း၏မှတ်တမ်း (သို့) စာအုပ်နီကြီး။

စာမျက်နှာတစ်ခုကို လှန်ကာ ဆရာကြီးက လက်ထောက်ပြသည်။

"ဒီပုံကိုကြည့် . . ."

ပြောသည့်အတိုင်း ဓာတ်မီးအရောင်နဲ့ပင် ကြည့်လိုက်ကြတော့ စီကိုလေး စာရေးနေသောပုံပါ။ ဒါပေမဲ့ ကျွန်တော်တို့ သေချာကြည့်မိသည်က လူကိုမဟုတ်၊ စာရေးစားပွဲခုံ။ သေချာပါသည်။ တစ်ပုံစံတည်း။

"ငါတို့ လာစုံစမ်းတာလည်း ဒါပဲ"

ဆရာဦးစိုးဝင်းကဆိုတော့ . . .

"တစ်ခုရှိတာက ဒီခုံကရော ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်



ကျော်က စီကိုလေး အသုံးပြုခဲ့တဲ့ခုံ ဟုတ်လို့လား"

ဝမ်က မေးသင့်သောမေးခွန်းတစ်ခုကို မေးသည်။

"တစ်ပုံစံတည်း တူနေတာပဲလေ။ ဒီအခန်းထဲက တခြားခုံတွေနဲ့ ကွဲလွဲနေတာလည်း တွေ့တာပဲ"

"ဒါဆို ဒီခုံက အရင်ကတည်းက အခန်းထဲမှာ ရှိနေတာပေါ့"

တော်တော်တာသွားသော မေးခွန်းပါ။ ဟုတ်လေသည်။ ကောက်ချက်တစ်ခုက အဆိုတစ်ခုတည်းနဲ့ အတည်ယူဖို့ ဘယ်လိုမှမဖြစ်နိုင်သည်ပဲ။

"မဟုတ်ဘူး . . .။ အခန်းထဲမှာ ခုံမလောက်လို့ ဒီနှစ်မှ စတိုထဲက ထုတ်ပေးထားတာ။ သဲဆုန္ဓေးထိုင်တာ ပထမဆုံးပဲ"

ဆရာကြီးဦးထွန်းလွင်ကလည်း တစ်ချက်မနားအောင် တိတိကျကျဖြေနေသည်။

"အရင်ကရော ဒီခုံကို မသုံးဖူးဘူးလား"

"ကျုပ် ဒီကျောင်းကိုအုပ်ချုပ်နေစဉ် တစ်လျှောက်တော့ ထုတ်မသုံးဖူးဘူး။ ကျုပ်ရောက်မလာခင် အရင်ကျောင်းအုပ်တွေလက်ထက်ကတော့ မသိဘူး"

ပြောစရာစကားတို့ ကုန်သွားပြီထင်သည်။ ခဏတာတိတ်ဆိတ်သွား၏။ ဆက်မေးစရာမေးခွန်းလည်း ဝမ်၌ရှိတော့မည်မထင်ပါ။ ဒီလောက်နဲ့ပင် အနီးစပ်ဆုံးတရားခံကို တွေ့နေပါပြီ။

ဘာပဲပြောပြော အဖြစ်နိုင်ဆုံး ယူဆရလျှင်တော့ တရားခံက ဒီစာသင်ခုံပါပဲ။

"ဒါဆို ကျွန်တော်တို့ အပြင်ထုတ်ပြီး ဖျက်ဆီးပစ်ရအောင်"

အရင်ကတည်းက ဖျက်ဆီးပစ်ချင်နေသည်မို့ ကျွန်တော့်စကားက အလျင်စလိုနိုင်သွားသည်။

"စီကိုလေး အသုံးပြုခဲ့တဲ့ခုံသာမှန်ရင် ဖျက်ဆီးစရာမလိုပါဘူး"

ဝမ့်စကားက အားလုံးကို စိတ်ဝင်စားသွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူ့အလိုလို ပျက်စီးသွားလိမ့်မယ်"

မယုံကြည်နိုင်မှုတွေ၊ အံ့သြစိတ်တွေ၊ လက်မခံမှုတွေ အုံကြွ စုပြုံသွားကြကာ ဝမ်အား ဝိုင်းကြည့်မိရင်း ဆရာဦးစိုးဝင်းက . . .

"ဘယ်လိုကြောင့်လဲ"

"ကျွန်တော်လည်း မပြောတတ်ဘူး။ ဒါပေမဲ့ စိတ်ထဲမှာ အဲလို ကိုထင်နေတယ်။ ယုတ္တိမရှိလွန်းသောစကားမို့ လက်မခံနိုင်ပါ။ မျက်စိ ထဲ၌ ပတ္တဝန်းကျင်၏ စွန့်ပယ်မှုကို ခံစားနေရသော မျက်နှာလေးတစ်ခု ကို ပြေးမြင်မိသည်။ ထို့ကြောင့် ဝမ့်ကို မကျေမနပ်လှမ်းကြည့်မိတော့ ..

"ဒီမှာကောင်လေး . . . လောကကြီးထဲမှာ ဖြစ်ပျက်နေသမျှ အရာအားလုံးက ကောင်းတာရော၊ ဆိုးတာရော ဖြစ်ချိန်တန်လို့ ဖြစ်နေ ကြတာချည်းပဲ။ ဖြစ်ဖို့ကံပါလာရင် မဖြစ်ပါနဲ့လို့တားလို့မရဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့ကွာ။ အများကြီးဖြစ်မှာကို နည်းနည်းလေးပဲဖြစ် အောင် ကြိုးစားရင်တော့ ရနိုင်တယ်"

ᅐ ᅐ ᅐ



# XXXII

ရှေ့မှာ ဆရာစာသင်နေသော်လည်း ကျွန်တော်ကတော့ တစ်စုံ တစ်ယောက်ကိုသာ သတိထား၍ ကြည့်နေသည်။ သင်နေသောစာတွေ က ခေါင်းထဲမရောက်။ စားပွဲခုံပေါ်၌ ခေါင်းကိုငုံ့ရင်း စာရေးနေသော သဲကိုကြည့်၍ ကျွန်တော့်ရင်က လင်းတစ်ဝက်မှောင်တစ်ဝက် ဖြစ်နေ သည်။

ပွယောင်းယောင်းဆံပင်နှင့် အခြယ်သကင်းသောမျက်နှာလေး က အရင်ကနဲ့မတူစွာ ရွှင်လန်းမှုမဲ့နေသည်။ ဘေးဘီသို့လည်း မကြည့်။ စိတ်ထဲမှာက ညက ကျောင်းစောင့်အဘိုးကြီးဝမ်ပြောခဲ့သော စကားတို့ ကိုသာ တဝဲဝဲပြန်ကြားနေသည်။ ဒီနေ့သည် တစ်ချိန်က ဒေါက်တာ မူဟိုင်းနဲ့အတူ အိမ်ကြီးမီးလောင်ပျက်စီးခဲ့သည်။ နှစ်ငါးဆယ်တိတိပြည့် သောနေ့။

ပြီးတော့ . . .

"အရင်ကလိုမျိုး နောက်တစ်ကြိမ်ပြန်ဖြစ်မှာကို ငါအရမ်းစိုးရိမ် နေတယ်။ အဲဒီတုန်းက အိမ်ကြီးမီးလောင်ပြီး ဒေါက်တာမူဟိုင်းသေဆုံး သွားခဲ့တယ်။ အခုလည်း . . ."



www.burmeseclassic.com

www.burmeseclassic.com

ဆက်မပြောပေမဲ့ စကားတို့ကို သဘောပေါက်ပါသည်။ နားထဲတွင် အကြိမ်ကြိမ်ပြန်ကြားနေသော ထိုစကားတို့ကြောင့်ပင် ကျွန်တော် အခုလို စိုးရိမ်လွန်နေရခြင်းဖြစ်ပါ၏။

ကျွန်တော် သဲကို မျက်စိထဲက အပျောက်မခံချင်တော့။

နေခြည်နှင့် အေးမို့ကိုလည်း ကြိုတင်သတိပေးထားသည်မို့ အနည်းငယ်တော့ စိတ်ချသလိုဖြစ်မိသည်။ ဒါပေမဲ့လည်း မဖြစ်နိုင်ပါ။

ကျွန်တော့်ကိုယ်၌ကလွဲပြီး သဲအတွက် မည်သူ့ကိုမျှ စိတ်မချ။ သဲကတော့ ခံနိုင်ရည်နဲ့ ဖိအားမမျှစွာ ရင်ဆိုင်နေရသူမို့ အားအင်ကုန်ခမ်းကာ ပတ်ဝန်းကျင်နှင့် ကွဲပြားသယောင်ဖြစ်နေသည်။

ကျွန်တော်ခံစားနေရတာ ထိုအကြောင်းတွေပါပဲ။ ဒီဒုက္ခတွင်းက ဦးဆောင်ရုန်းထွက်မပေးနိုင်သော ကိုယ့်ကိုယ်ကိုယ်ပင် နာကြည်းမိသည်။ တစ်အောင့်ကြာတော့ အခန်းထဲမှ ဆရာထွက်သွား၏။ အကုန်လုံးနည်းတူ ကျွန်တော် မတ်တတ်ထရပ်တော့ သဲကမထ။ ဒါပေမဲ့ ငုံ့ရေးနေသောစာတစ်ရွက်ကို ဗြိခနဲဖြဲကာ နီးစပ်ရာပြတင်းပေါက်မှ လုံးခြေလွှင့်ပစ်လိုက်သည်ကို တွေ့ရသည်။

ဒါပါပဲ . . .

ပြီးတော့ လွယ်အိတ်ကိုဆွဲကာ အခန်းပြင်ထွက်သွား၏။ ဘယ်သူမျှ ဂရုမစိုက်ကြပေမဲ့ ကျွန်တော်ကတော့ ဂရုတစိုက်ကြည့်မိသည်။

"သဲ . . . "

အနီးကပ်ခေါ်လိုက်သော ကျွန်တော့်အသံကြောင့် ခြေလှမ်းကို ရပ်ကာ ကျွန်တော့်အားမော့ကြည့်သည်။ ယခု အခြေအနေမှာတောင် ကျွန်တော် သဲ၏ပါးပြင်ကို စေ့စေ့မကြည့်ရဲသေးပါ။ ထို့ကြောင့် အကြည့်ကိုသာ အောက်သို့ငုံ့ချမိရင်း . . .

"ဘယ်သွားမလို့လဲ"

"ခြေဦးတည့်ရာပေါ့"

နွမ်းလျလျကြားနေသော စကားသံလေးကြောင့် ကျွန်တော့်ရင်



ထဲမှာ နင့်သွားမိပါသည်။ သဲ၏မျက်နှာမှာ အရင်လို ရွှင်လန်းတက်ကြွမှုမတွေ့ရတော့။ စိတ်ဖိစီးဝမ်းနည်းမှုတွေနဲ့သာ မှုန်ရီဝေမှိုင်းနေသည်။

"ကိုယ် မင်းနောက်လိုက်ခဲ့မယ်"

သဲက ကျွန်တော့်ကို ခပ်ကြာကြာစိုက်ကြည့်သည်။ နောက် ဖီးသင်မှုမရှိ၍ ကပိုကရိုဖြစ်နေသော ဆံနွယ်စလေးအား လက်ဖြင့်သပ်တင်ရင်း . . .

"မလိုက်ပါနဲ့။ ကျွန်မတစ်ယောက်တည်း နေချင်လို့ပါ"

အားမပါသံနဲ့ပင် သဲကဆိုတော့ ကျွန်တော် မည်သို့ဆက်လုပ်ရမည်နည်း။ သဲကိုလည်း စိတ်ချမ်းသာချင်သည်။ ပြီးတော့ တစ်ယောက်တည်းလွှတ်ထားရမှာကိုလည်း စိတ်မချ။

သဲကတော့ ကျွန်တော့်ရှေ့မှ ထွက်သွားပါပြီ။ ထိုစဉ်မှာပင် အခန်းထဲမှ နေခြည်နှင့်အေးမို့ထွက်လာသည်ကို တွေ့ရ၏။ နေခြည်က ကျွန်တော့်ကိုမြင်တော့ သဘောပေါက်သလို ခေါင်းညိတ်ပြသည်။ ကျွန်တော်ဖော်မပြရနိုင်လောက်အောင် ဝမ်းသာစိတ်ဖြစ်မိရင်း . . .

"နေခြည်နဲ့အေးမို့ . . . ငါစိတ်ချမယ်နော်"

"အေးပါ"

အားကိုးရကျိုးနပ်ပါသည်။ ညနေ ကျောင်းဆင်းချိန်တိုင်အောင် သဲတစ်ယောက် နေခြည်တို့နှင့်အတူရှိနေသည်မို့ ကျွန်တော် စိတ်ချလက်ချဖြစ်မိသည်။ သူမတို့ အဆောင်ထိတိုင်အောင်လည်း ကျွန်တော် လိုက်လံကြည့်ရှုမိပါသည်။

ပြီးတော့ ဆုတစ်ခုကိုလည်း သေသေချာချာတောင်းဖြစ်သည်။

အဲဒါက . . .

"လောကကြီးရယ် . . . ကျွန်တော့်ကိုယ်ထက်ပိုချစ်ရတဲ့ မိန်းကလေးကိုတော့ ဖြစ်ချိန်တန်လည်း ကင်းလွတ်ခွင့်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

## XXXIII

ညနေနေဝင်သွားသည်နှင့် ကျောင်းဝင်းထဲမှာ မထင်ရလောက်အောင် ဆူညံမှုတွေ စတင်လာပါတော့သည်။ အဲဒါက အရင်နေ့တွေထက် အဆပေါင်းများစွာ ပိုလွန်းပြင်းထန်လွန်းသော ခွေးဟောင်သံများ။

ခွေးတွေပဲ တကယ်ဟောင်နေကြတာလား၊ ဒါမှမဟုတ် ခွေးဟောင်သံနှင့်ပဲ ဘာသံတွေရောနေသည်မသိ. ချောက်ချားဖွယ်ကောင်းလောက်အောင် ဆူညံနေတာတော့ သေချာသည်။ ဒါပေမဲ့ နေရာတစ်ခုမှာတော့ တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေ၏။

တိုက်အိုလေးတစ်လုံး။ ထိုတိုက်အိုလေး၏ အတွင်းဘက်ဝါကျင်ကျင်မီးရောင်အောက်မှာ လူနှစ်ယောက်ရှိနေသည်။ ထိုအထဲမှာတော့ အပြင်လောကနှင့် မသက်ဆိုင်စွာ တိတ်ဆိတ်လျက်ရှိပါ၏။ ကုပ်ပေါ်ဝဲကျနေသော မီးခိုးရောင်ဖျော့ဖျော့ဆံနွယ်ရှည်တွေနှင့် အဘိုးကြီးတစ်ယောက်။ ထိုအဘိုးကြီးဘေးမှာက လူငယ်တစ်ဦး။



သူတို့နှစ်ဦး၏ ရှေ့မှာက လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က ရိုက်ထားသော ဓာတ်ပုံသုံးပုံရှိနေသည်။ ဓာတ်ပုံတွေ၏ရှေ့မှာတော့ မီးမထွန်းညှိရသေးသော ဖယောင်းတိုင်ကြီးသုံးတိုင်ကို မတ်မတ်ထောင်ထားပြီး ဖယောင်းတိုင်တွေနှင့် ယှဉ်လျက်အဖြစ် အမွှေးတိုင်ထည့်ထွန်းရန် ပုပြတ်ပြတ်အဝကျယ် ဖန်အိုးလှလှတစ်လုံးစီလည်း ချထားသည်။ သူတို့နှစ်ဦးရှိနေရာ အခန်းတွင်းမှာတော့ တကယ်ကို တိတ်ဆိတ်နေတာပါ။

"ဒီနေ့ ခွေးတွေဟောင်ပုံက အရင်နေ့တွေကထက် ထူးခြားနေသလိုပဲနော်"

"ဟုတ်တယ် . . . ငါထင်သလိုများတကယ်ဖြစ်နေပြီလားကွာ"

ကျွန်တော် ကြက်သီးတို့ ဖျင်းခနဲထသွားမိသည်။ ဝမ်၏စကားက လေးလံနေသောကျွန်တော့်စိတ်ကို ကြီးမားသော ဝန်ထုပ်ကြီးတစ်ခု ထပ်သည့်ပေးလိုက်သလို . . .

ဘာတွေဖြစ်လာမှာလဲ၊ တပ်အပ်သေချာပြောလို့ မရပေမဲ့ အရင်နေ့တွေထက်တော့ ခွေးတွေမူပျက်နေတာ အမှန်ပါ။ ထိုစဉ်မှာပဲ . . .

"သဲဆုနွေးဆိုတဲ့မိန်းကလေးက အခု ဘယ်မှာလဲ"

"သူ အဆောင်မှာပဲ။ ကျွန်တော် ဒီကိုမလာခင်တောင် ဝင်ကြည့်ခဲ့သေးတယ်။ အေးအေးဆေးဆေးပါပဲ။ ထူးထူးခြားခြား ဘာမှမဖြစ်ပါဘူး"

ဝမ်က ကျွန်တော်ပြောသောစကားကို သေချာနားထောင်ကာ လေးလေးပင်ပင် ခေါင်းညိတ်၏။ သွက်လက်မှုတော့ သိပ်မရှိလှပါ။ သူသည်လည်း ကျွန်တော့်နည်းတူ ဘာမှန်းမသိသော တစ်စုံတစ်ရာအတွက် စိုးရိမ်မှုလွှမ်းကဲနေမှာ သေချာသည်။

"သူ့သူငယ်ချင်းတွေကိုလည်း ဒီညတစ်ညလုံး သေချာစောင့်ကြည့်ပေးဖို့ မှာထားပါတယ်"

"စိတ်ချရပါ့မလား"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ရင်းပြောသော ကျွန်တော့်ကိုကြည့်ပြီး တစ်ဖက်လှည့်သွားသည်။ နာရီကိုကြည့်မိတော့ ည (၉)နာရီတောင် ထိုးလုလုဖြစ်နေပါပြီ။ အပြင်မှ ခွေးဟောင်သံတစ်ခုတလေ ကြားနေရသည်မှတစ်ပါး ကျွန်တော်တို့ထဲမှာတော့ အေးစက်စက်အငွေ့အသက်တစ်ခုဖြင့် ဆိတ်ငြိမ်နေသည်။

"မီးမထွန်းသေးဘူးလား"

ခတ်ပုံတွေရှေ့မှ ဖယောင်းတိုင်များကိုကြည့်ပြီး မေးလိုက်တော့ ဝမ်က နာရီတစ်ချက်ကြည့်ကာ . . .

"အချိန်မကျသေးဘူး။ နောက်ထပ် မိနစ်နှစ်ဆယ်ကျော်ကျော်လောက် စောင့်ရဦးမယ်"

ဘာအတွက်ကြောင့်လဲဟု ကျွန်တော် မမေးမိပါ။ ယခုကိစ္စမှာ ဝမ်က ဖိတ်ခေါ်သည့်အတွက် လာရောက်ရသူသက်သက်ပင် မဟုတ်ပါလား။ ဒေါက်တာမူဟိုင်းသေဆုံးပြီးသည့် နှစ်ငါးဆယ်တိတိပြည့်သောနေ့အဖြစ် အမှတ်တရဆုတောင်းမှုတစ်ခု ပြုလုပ်သည်မှလွဲ၍ ကျန်တာကျွန်တော်ဘာမှသိမထား။

"နားထဲမှာ ပြန်ကြားနေသေးတယ်ကွာ။ အိမ်ကြီးမီးလောင်ခံရချိန်မှာ ထွက်ပေါက်ပိတ်ပြီး ငါ့နာမည်ကို အားကိုးတကြီးခေါ်နေတဲ့ ဆရာ့အသံကို။ စိတ်ထင်တာလို့ပြောရင်ရပေမယ့် ငါကိုယ်ငါသိတယ်။ နားထဲမှာ ငါတကယ်ကြားလိုက်တာ။ ဒါပေမဲ့ အပြင်ရောက်နေတဲ့အတွက် ငါဘာမျှမလုပ်ပေးနိုင်ခဲ့ဘူး။ အဲဒီအချိန်လေးကို ငါမှတ်ထားတာ။ နားထဲမှာ နောက်ဆုံးအကြိမ်အဖြစ် ဆရာ့အသံ ကြားလိုက်ရချိန်လေးပေါ့။ ညကိုးနာရီ နှစ်ဆယ့်ငါးမိနစ်"

ကျွန်တော် ကျောချမ်းမိသွားသလိုပင်ဖြစ်သွား၏။ ဘာကြောင့်မှန်းတော့မသိပါ။ ဝမ်ကတော့ အတိတ်ကအရိပ်အချို့ကို ပြန်ပြောင်းအောက်မေ့သွားသည်ထင်၏။ မျက်နှာမှာ ဝမ်းနည်းသတိရစိတ်တို့ အုပ်စိုးညိုမှိုင်းသွားသည်။



ထို့နောက်တော့ ကျွန်တော်တို့ စကားမဆိုမိကြတော့ပါ။ နာရီသံတချက်ချက်ကို နားထောင်ရင်း ပြင်ပမှ အမှောင်အပိုင်းအစတို့အားကြည့်ငေးရင်း တစ်ချက်တစ်ချက်ကြားရသော ခွေးဟောင်သံတို့အားနားစွင့်ရင်း အချိန်တို့ကို ကုန်ဆုံးသွားစေသည်။

တစ်စထက်တစ်စ အချိန်တို့မှာ မသိမသာကုန်ဆုံးလာပါ၏။ ထိုစဉ်မှာပဲ ထူးခြားမှုတစ်ခုကို ကျွန်တော် စတင်သတိပြုမိလိုက်သည်။ အဲဒါက ခွေးဟောင်သံ။

နေရာပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ဟောင်အော်ဟစ်အူနေကြသော ခွေးသံတွေမှာ တဖြည်းဖြည်းနှင့် တိတ်လာသည်ကို ခံစားမိ၏။ ဒီလောက်ဆို သဘောပေါက်ပါပြီ။ ခွေးဟောင်သံတို့ လုံးဝငြိမ်ကျသွားချိန်မှာ ကြားဖူးနေကျဖြစ်သော သီချင်းသံကို ကြားရပေတော့မည်။

ဝမ့်ကိုလှမ်းကြည့်မိတော့ ကျွန်တော့်ကိုကြည့်နေသော မျက်လုံးတစ်စုနှင့်ဆုံသည်။ တစ်ဦးနှင့်တစ်ဦး အကြည့်တို့မလွဲမိကြ။ အချိန်အတော်ကြာ စိုက်ကြည့်နားလည်ပြီးသွားချိန်မှာပဲ . . .

သီချင်းသံလေးတစ်ခုသည်က . . .

ကြားရပါပြီ။ စီကိုဟုခေါ်သော ကလေးလေးတစ်ဦး၏ လွမ်းလွမ်းဆွေးဆွေးသီဆိုနေသော ချိုပျောင်းနွဲ့နွဲ့သီချင်းသံလေး။

ထိုသီချင်းသံလေးကို ကြားမိလိုက်သည့်အခိုက်မှာပဲ ကျွန်တော်တို့စောင့်ဆိုင်းနေသော အချိန်တစ်ခုသည်က . . .

"မီးထွန်းကြရအောင်"

ကျွန်တော် ဝေဝေဝါးဝါးဖြစ်နေသည်။ ဘာကြောင့်မှန်းမသိ။ ဝမ်ပြောသည့်စကားကို မကြားမိလိုက်သလို ဝမ်ကတော့ ထိုနေရာမှထကာ ခတ်ပုံတွေနား လျှောက်သွား၏။ ပြီးတော့ ဖယောင်းတိုင်ဘေးတွင်ချထားသော မီးခြစ်ကိုကောက်ကိုင်ကာ နီးစပ်ရာဖယောင်းတိုင်ကို မီးစတင်ထွန်းသည်။

မီးတောက်လေးတစ်ခုက လေထဲမှ လွင့်ခနဲတက်သွား၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

စဉ်မှာပဲ . . .

"ဟင် . . . "

အရှေ့လမ်းမပေါ်ဆီမှ ဝရုန်းသုန်းကား ပြေးလွှားသွားသံတော်တော်များများကို ကြားလိုက်ရသည်။ အလျင်စလို မောကြီးပန်းကြီး ပြေးလွှားသွားကြသံများ၊ တစ်ဦးတစ်ယောက်တည်း၏ ခြေသံမဟုတ်ပါ။ လူအများအပြား ရေးကြီးသုတ်ပျာ ပြေးလွှားနေကြခြင်းဖြစ်သည်။

ပြီးတော့ သံချောင်းခေါက်သံလိုလို၊ ခေါင်းလောင်းတီးသံလိုလိုတွေလည်း ပေါင်းစုံအောင် ကြားလိုက်ရသည့်အခါမှာတော့ ရင်တစ်ချက်ဒိန်းခနဲဆောင့်ခုန်သွားကာ အတွင်းမှ ပြေးထွက်လိုက်ပါတော့၏။ အပြင်ရောက်ရောက်ချင်းပင် တွေ့လိုက်ရသည့်မြင်ကွင်းတစ်ခုက . . .

ကျောင်းသားတစ်အုပ် ရေးကြီးသုတ်ပျာအမူအရာဖြင့် တစ်နေရာကို ပြေးလွှားသွားနေသည်။ ကျော်စိုးကိုလည်း တွေ့ရသည်ကြောင့်–

"ဟေ့ကောင် . . .ကျော်စိုး ဘာဖြစ်ကြတာလဲ"

သွားနေရာမှ ကျော်စိုးကလှည့်ကြည့်သည်။ ကျွန်တော့်ကိုတွေ့တော့ အနည်းငယ်အံ့သြသွားပုံရပါ၏။ ကျွန်တော်ရှိနေရာမှ ဘာမှမသက်ဆိုင်သည့် ကျောင်းစောင့်အဘိုးကြီး၏အိမ် ဖြစ်နေသည်ကိုး။

ဒါပေမဲ့ . . .

"မင်း မသိသေးဘူးလား။ C-2ဆောင်ကြီး မီးလောင်နေပြီ။ ဟိုမှာ မီးခိုးတွေ"

"ဘာ . . . "

အနီးအနားတွင် ဗုံးတစ်လုံးထပေါက်သွားသလို နားထဲတွင် ဒိန်းခနဲ တစ်ချက်ကြားရပြီး အသက်ရှူရပ်ဝန်းအပါအဝင် အသွေးအသားတွေအားလုံး တဆတ်ဆတ်တုန်ခါသွားသည်။ လွတ်တစ်ချက်၊ မလွတ်တစ်ချက်အသိတ်စိတ်နဲ့ပဲ ကျော်စိုးညွှန်ပြရာ ကောင်းကင်တစ်နေရာကို ကြည့်မိတော့ . . .

"ဘုရား . . . ဘုရား . . . "



ကြောက်ခမန်းလိလိ ထိုးထွက်နေကြသော မီးခိုးလုံးကြီးတွေက ကျွန်တော့်သိတတ်မှုအားလုံးကို သိမ်းကျုံးဖုံးလွှမ်းသွားပါပြီ။ ဦးနှောက်နှင့်နှလုံးသားတို့ ခဏတာ အသိမဲ့သွား၏။ ကျွန်တော် ကြက်သေသေကာ မလှုပ်မယှက် ရပ်တန့်သွားမိစဉ်မှာပင် . . .

"သက်တံ့ . . . သက်တံ့ . . . "

ကျယ်ကျယ်လောင်လောင် အော်ဟစ်သံများနဲ့အတူ ခြံတွင်းသို့ ပြေးဝင်လာသော လူတစ်အုပ်။

"ဟင် . . . အေးမို့"

ပထမဆုံးတွေ့ရသည်က အေးမို့။ နောက်က နေခြည်။ ပြီးတော့ ဇေယျာနှင့် နေလင်း။

"မင်း . . . မင်းတို့ . . . "

ကျွန်တော့်စကားတို့ ထွက်ကျခွင့်ကို မပေးတော့ပါ။

"သက်တံ့ . . . အားလုံးရှုပ်ကုန်ပြီ . . . အားလုံးရှုပ်ကုန်ပြီ"

"ဘာ . . . ဘာဖြစ်ကြတာလဲ"

အေးမို့က ရေးကြီးသုတ်ပျာပုံစံနှင့်ပင် အသက်ကိုမနည်းဝအောင်ရှူရင်း . . .

"သဲဆုပျောက်သွားပြီ"

"ဘာ . . . "

ကျွန်တော့်အသံက မိုးကြိုးပစ်သံလို ထစ်ချုန်းကျယ်လောင်သွားမှာသေချာသည်။ ရင်ထဲမှာလည်း စိုးရိမ်မှုနှင့် မယုံကြည်နိုင်မှုတွေ အဆမတန်အောင် ပွင့်ထွက်သွားကာ . . .

"ဘာကြောင့်ပျောက်သွားတာလဲ။ နင်တို့ သေချာကြည့်မထားဘူးလား"

ဒေါသဖြင့် ကျယ်လောင်သွားတော့ အကုန်လုံး မျက်နှာပျက်သွားကြသည်။ ပြီးတော့ ခေါင်းတွေလည်း ကိုယ်စီငုံ့သွားကြ၏။ ကျွန်တော့် ကိုယ်ထဲမှ သွေးလည်ပတ်မှုတွေကတော့ အေးတစ်လှည့်နွေးတစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အလျင်မြန်ဆုံး စီးဆင်းနေသည်။

"ငါတို့လည်း သေချာဂရုစိုက်ပြီး စောင့်နေကြတာပဲ။ သူအိပ်ပျော်သွားမှ ငါတို့ အိပ်ရာဝင်ကြတာ။ အခု C-2 ဆောင် မီးလောင်လို့ အုံးအုံးကျွက်ကျွက် အသံတွေကြားတော့ အိပ်ရာမှာ သူမရှိတော့ဘူး"

စကားက ထိုမျှနှင့် ပြီးသွားခဲ့သော်လည်း အတွေးတစ်ခုကတော့ အဝေးတစ်နေရာဆီ အလျင်မြန်ဆုံး ထွက်သွားသည်။

အဆောင်ကပျောက်သွားတာမှန်လျှင် စဉ်းစားစရာတစ်ခုပဲ ရှိတော့၏။ အဲဒါက သူမ ဘယ်သွားတာလဲ။

C-2 ဆောင်ကြီးက မီးလောင်နေသည်။ မည်းမှောင်မှိုင်းဝေသော မီးခိုးငွေ့တွေက ကောင်းကင်အမြင့်တလျှားမှာ တလွင့်လွင့်။

ရပ်ကြည့်နေဆဲမှာပင် ကျွန်တော့်ခန္ဓာကိုယ်ရှိရှိသမျှ စွမ်းအားတွေအားလုံး ချုတ်ခြုံကျသွားသလို ခံစားလိုက်ရတော့သည်။

မဖြစ်ပါစေနဲ့ဟု အကြိမ်ကြိမ်ဆုတောင်းခဲ့သမျှ အရာအားလုံးက တကယ်ပင်လက်တွေ့မှာ ဖြစ်လာခဲ့ပြီလား။

ထိုစဉ်မှာပင် ကျွန်တော့်နောက်ကျောဆီမှ တည်ငြိမ်သောအသံတစ်ခုကို ကြည်ကြည်ရှရှ ကြားလိုက်ရလေတော့၏။

"ကောင်လေး . . . ဖြစ်ချိန်တန်လို့ ဖြစ်နေပြီ။ အဆိုးဝါးဆုံးဖြစ်မဖြစ်ဆိုတာတော့ မင်းအပေါ်မှာပဲ မူတည်တယ်။ မင်း C-2 ဆောင်ကို အမြန်ဆုံးသွားလိုက်ပါ"



# XXXIV

အဆောင်ရှေ့ရောက်တော့ မီးတောက်မှာ မထင်ရလောက်အောင်ကြီးမားနေပါပြီ။ ဘယ်အချိန်ကတည်းက လောင်ကျွမ်းနေသည်မသိ။ တငွေ့ငွေ့ စိတ်ကြိုက်လောင်ပြီးသွားကာမှ ဝုန်းခနဲ ထတောက်ခြင်းဖြစ်နိုင်သည်။ ထို့အတွက်ကြောင့်သာ သိလျင်သိချင်း မီးတောက်ကို ငြိမ်းသတ်၍မရနိုင်ခြင်းပါ။

ရပ်ကြည့်နေကြသူများမှာလည်း တစ်ခဲနက်။ ခပ်ဝေးဝေးကတည်းကပင် အံ့သြမှု၊ မယုံကြည်နိုင်မှု၊ နှမြောတသမှုများနဲ့ ငေးကြည့်နေသော ဆရာဦးစိုးဝင်းကို လှမ်းမြင်နေရသည်။ အနီးနား ရောက်လျင်ရောက်ချင်းပင် . . .

"ဆရာ . . . သဲဆုနွေးကို တွေ့မိလား"

ကျွန်တော့်အမေးကြောင့် ဆရာ ကြောင်တောင်တောင်ကြည့်ကာ ခေါင်းယမ်းသည်။ ပြီးတော့ မောဟိုက်မှုကြောင့် အသက်ကို အသည်းအသန်ရှူနေသော ကျွန်တော့်ကိုကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"သဲဆုနွေး . . . ဘယ်သွားလို့လဲ"

"ပျောက်နေတယ်"

"ဘာ . . . "

ဆရာ မျက်လုံးပြူးကာ အသံကျယ်သွားသည်။ အံ့သြမှု မျက်လုံးအရောင်တွေလည်း ကျွန်တော့်ထံ ခပ်ပြင်းပြင်းရောက်လာသည်။ ကျွန်တော်တစ်ယောက်တည်း၊ ဘေးမှာ ဘယ်သူမှမရှိတော့ပါ။ ကြီးမားသော မီးတောက်လောင်မှုကြီးကို စိုးရွံ့ရွံ့ဝိုင်းကြည့်နေကြသော လူအုပ်ကြီးထဲ၌ သဲဆုနွေးအား ရှာနေကြပါပြီ။

ကျွန်တော် အဆောင်ကြီးကိုကြည့်မိတော့ နေရာအတော်များများမှာ မီးစွဲလောင်နေပြီ။ မီးခိုးငွေ့တွေမှာလည်း မည်းပြာမှိုင်းဝေပြီး တစ်ဆောင်လုံးအား ဖုံးလွှမ်းတော့မလို။

ထိုစဉ်မှာပင် ကျွန်တော်တို့နားသို့ အေးမို့တို့လေးယောက် ပြန်ရောက်လာသည်။ ကြည့်ရုံနှင့် သိလိုက်ပါပြီ။ အခြေအနေမကောင်းတော့။ နေခြည်နှင့်အေးမို့ကတော့ တရှုပ်ရှုပ်ရှိုက်ငိုနေပြီး ဇေသူတို့နှစ်ယောက်ကတော့ မျက်နှာပျက်ပျက်နှင့် ကျွန်တော့်ကိုကြည့်နေသည်။ ကျွန်တော် ဘာဆက်လုပ်ရမလဲ။

နားထဲမှာတော့ ဝမ်ပြောခဲ့ဖူးသော စကားတွေကိုသာ အကြိမ်ကြိမ် ပြန်ကြားနေမိသည်။

"အရင်ကလိုမျိုး နောက်တစ်ကြိမ်ပြန်ဖြစ်မှာကို ငါအရမ်းစိုးရိမ်နေတယ်။ အဲဒီတုန်းက အိမ်ကြီးမီးလောင်ပြီး ဒေါက်တာမူဟိုင်းသေဆုံးသွားခဲ့တယ်။ အခုလည်း . . . "

ဟုတ်ပါသည်။ အခုလည်း အဆောင်ကြီးမီးလောင်နေပြီ။ အရင်တုန်းကလိုမျိုး လူသေဦးမှာလား။ တစ်ချိန်ကတော့ အိမ်ကြီးထဲမှာရှိနေသည့် ဒေါက်တာမူဟိုင်း သေဆုံးသွားခဲ့သည်။ ယခုအဆောင်ကြီးထဲမှာ ဘယ်သူရှိနေတာလဲ။

သဲဆုနွေးပျောက်နေသည်။ တပ်အပ်သေချာမပြောနိုင်ပေမဲ့ စိတ်



ကအလိုလို သိနေပါပြီ။ ကျွန်တော်အရမ်းချစ်သော သဲဆိုသည့်မိန်းကလေး ဒီ C-2 ဆောင်ကြီးထဲမှာပါ။

"သက်တံ့"

ဆရာဦးစိုးဝင်းက တစ်စုံတစ်ရာ ဆက်စပ်မိလိုက်သလိုခေါ်တော့ ကျွန်တော် ခေါင်းညိတ်ပြမိသည်။ ဒီအချိန်မှာ အရေးကြီးဆုံးက ကျွန်တော့်ဆုံးဖြတ်ချက်။

သဲကို ကျွန်တော် ဘယ်လောက်အတိုင်းတာထိ ချစ်တာလဲ။

ပြောစရာစကားလုံးမရှိ။ ကျွန်တာတွေမဆိုထားနှင့် သူမ၏ ပါးပြင်အဦးအဖျားလေးမှ စိမ်းစိမ်းယိမ်းယိမ်း မွေးညင်းလေးများကို နူးနူးညံ့ညံ့ကြည့်မိရုံနဲ့တင် မျက်ရည်ကျရသည်ထိ ချစ်ပါသည်။

ကျွန်တော်ကိုယ်ကျွန်တော်ထက်ကို ချစ်မြတ်နိုးရပါသော ချစ်သူတစ်ယောက် မျက်စိရှေ့မှာ မလှမပသေဆုံးသွားမည့်အရေးကို ကျွန်တော်ဒီအတိုင်း ရပ်ကြည့်ရက်နိုင်လား။

ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားပြီး ချက်ချင်းပင် မျက်ရည်တို့ ဝဲတက်လာ၏။ ဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်ပါ။ ဒီတော့ . . .

ကျွန်တော် လုပ်စရာတစ်ခုပဲရှိတော့သည်။

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်တော့ ခန္ဓာကိုယ်သွေးကြောတွေ ပူနွေးသွား၏။ ဆုံးဖြတ်ချက်တစ်ခုက ခိုင်မာသွားခဲ့ပါပြီ။

အံကို တစ်ချက်ကြိတ်ကာ နေရာတစ်ခုဆီ မမိုတ်မသုန်ကြည့်မိသည်။

ဝင်ပေါက်။

C-2 ဆောင်သို့ဝင်ရမည့် တစ်ခုတည်းသော ဝင်ပေါက်။ မီးဆွဲလောင်မှုမရှိသေးပေမဲ့ မီးခိုးငွေ့တွေ ဖုံးလွှမ်းနေသည်။ အချိန်ဆွဲ၍မဖြစ်တော့ပေ။

အသက်တစ်ချက်ကို ဝဝလင်လင်ရှူသွင်းပြီးချိန်မှာပဲ . . .

"ဟာ . . . သက်တံ့ . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . မသွားနဲ့ . . . ရပ် . . ."

"သက်တံ့ မသွားနဲ့"

"ဟာ . . ."

"ဟင် . . ."

"အို . . ."

နေရာပေါင်းစုံ လူပေါင်းစုံမှ အာမေဍိတ်သံတွေ ဆူညံသွားကြသော်လည်း ကျွန်တော် ဂရုမစိုက်မိတော့ပါ။ ကျွန်တော် ဂရုစိုက်ရမည်မှာ ထိုအသံတို့မဟုတ်တော့။

ရှေ့တည့်တည့်မှ ကြောက်ခမန်းလိလိ မီးစွဲလောင်နေသော အဆောင်ကြီး။



# XXXV

အဆောင်တွင်းသို့ ခြေတစ်လှမ်းဝင်လိုက်စဉ်မှာပင် ဆိုးဆိုးဝါးဝါး မီးခိုးငွေ့တွေကို ရှူရှိုက်လိုက်ရသည်။ မီးခိုးငွေ့တွေသာ မျက်လုံးတွင်းပြေးဝင်လာသည်မို့ မျက်လုံးကို ခဏပိတ်ထားလိုက်ရ၏။ ခဏလေးပါ။

မျက်လုံးဖွင့်ဖွင့်ချင်းမှာပင် စိတ်လှုပ်ရှားဖွယ် ပြေးလမ်းတစ်ခု ကဆီးကြိုနေသည်။ လှေကားလက်ရမ်းအချို့မှာ မီးစွဲလောင်နေသည်။ ပြီးတော့ လှေကားရောက်ရန် လမ်းတစ်လျှောက်မှာလည်း ဟိုတစ်စု၊ သည်တစ်စု မီးတောက်တွေမှာမနည်း။

နောက်ဆုတ်ဖို့ စိတ်ဓာတ်တော့ ကျွန်တော့်မှာမရှိပါ။ ရင်ဆိုင်ရန်မမှုတော့ပြီ။ ရပ်လျက်မှပင် ကျွန်တော်လမ်းကြောင်းတစ်ခုကို ဆွဲလိုက်၏။ မျက်လုံးအမြင်မှာ ထိုလမ်းကြောင်းအား တင်းတင်းဆွဲပြီးသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လှုပ်ရှားမှု စတင်လိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အလျင်မြန်ဆုံး ပြေးလွှားသွားသည်မို့ မီးတောက်တွေဘေးမှ ဖြတ်သွားရသော်လည်း အပူရှိန်မဟပ်။ ဒါပေမဲ့ မီးခိုးတွေကတော့ အသက်ရှူကြပ်မတတ် များပြားနေသည်။

လှေကားရင်းရောက်သည်နှင့် အပေါ်တစ်ချက်မော့ကြည့်လိုက်တော့ လှေကားလက်ရန်းအချို့ မီးလောင်နေသည်မှတစ်ပါး လမ်းကြောင်းရှင်းသည်။ စဉ်းစားရန်အချိန်မပေးနိုင်တော့ပါ။ ချက်ချင်းပင် လှေကားခြေနင်းတွေ တဒုန်းဒုန်းမြည်သွား၏။ ပြီးတော့ လှေကားနောက်တစ်ဆစ်ချိုး။

ဒုတိယထပ်ကို ခြေချမိလိုက်စဉ်မှာတော့ ကျွန်တော့်စိတ်ဓာတ်ကို စိုးရိမ်မှုအနည်းငယ် ဝင်ရောက်လာသည်။ ခေါင်းမိုးထုပ်တန်းတွေ မီးစွဲလောင်နေသည်။ ခြေစုံခဏရပ်၍ ကြည့်လိုက်သည်။ စိုးရိမ်လျှင် စိုးရိမ်ဖွယ်ဖြစ်သော်လည်း မတတ်နိုင်ပါ။ ဒီအောက်ကမဖြတ်လျှင် အခန်းသို့ ရောက်မည်မဟုတ်။

ဒီတော့ . . . မီးခိုးငွေ့တွေ၏ အခိုးရိုက်မှုကြောင့် မျက်လုံးတွင်းမှ မျက်ရည်တို့ စီးကျလာသည်။ ဒါပေမဲ့ မနားမိ။ တဖျောက်ဖျောက် စွဲငြိလောင်မြိုက်နေသော မီးအပူရှိန်က မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ကို လာရောက်ရိုက်ခတ်သော်လည်း မမှုနိုင်ပါ။ အံ့ကြိတ်၊ နှုတ်ပိတ်၍သာ ကျွန်တော် ပြေးနေသည်။

အခန်းတံခါးတစ်ဖက် ပွင့်နေ၏။ ရောက်လျှင်ရောက်ချင်းပင် ပိတ်နေသော တံခါးတစ်ဖက်ကို အမောတကော ပြေးယူဖွင့်ကြည့်လိုက်တော့ . . .

"ဝုန်း"

တံခါးတစ်ဖက်က နံရံနှင့်ရိုက်ကာ ပြင်းပြင်းထန်ထန် ပွင့်သွားသည်။ တွေ့လိုက်ရပါပြီ ကျွန်တော်ချစ်သော သဲ။

ဖြစ်ရပ်အားလုံး၏ စတင်ရာ စားပွဲခုံမှာထိုင်ရင်း တစ်စုံတစ်ရာကို ရေးခြစ်နေသည်။ သူမကိုယ်သူမ ဘာလုပ်နေမှန်း သိပုံမပေါ်သလို၊



အဆောင်ကြီးတစ်ခုလုံး မီးလောင်နေသည်ကိုလည်း သိရှိမည်မဟုတ်ပါ။

အခြားအချိန်တွင် မှောင်မည်း၍ မြင်နိုင်မည်မဟုတ်သော်လည်း ယခုတော့ ပြတင်းပေါက်ပေါင်များနှင့် ထုပ်တန်းများ မီးတောက်လောင်နေမှုကြောင့် မီးခိုးများကြားမှပင် မြင်နေရသည်။

ဖီးသင်ခြင်းမရှိသော ဆံပင်က ဖိုးရိုးဖားရား။ အဝတ်အစားတွေက ဖရိုဖရဲ။ မကြာခင် လောင်ကျွမ်းပြာကျတော့မည့် အခန်းတွင်းထိုင်ကာ သူမတစ်ယောက်တည်း မျက်မှောက်လောကနှင့် အဆက်ပြတ်နေသည်။

ကိုယ်သေလို့သေမှန်းတောင် သိမှာမဟုတ်တဲ့ ဘဝမျိုးပါလား။ သဲရယ် . . . ။ စိတ်ထဲမှရေရွတ်ရင်း မခံရပ်နိုင်တော့စွာ ကျွန်တော် အကျယ်ကြီးအော်မိသည်။

"သဲ . . ."

မခံချင်ဒေါသတွေ၊ နာကြည်းမှုတွေ၊ ပေါက်ကွဲပွင့်ထွက်သွားသည်လားမသိ။ သူမကတော့ ဘာမျှမသိပါ။

ဝုန်းဆို အခန်းထဲခုန်ဝင်၍ သူမရှိရာဆီ ပြေးသွားလိုက်ပြီး . .

"ဗြီ"

ရောက်လျှင်ရောက်ချင်း ရေးခြစ်နေသော စားပွဲပေါ်မှာစာရွက်အား ဆောင့်ဆွဲလိုက်သည်ကြောင့် စာရွက်မှာ ပြဲသွား၏။ ဂရုမစိုက်မိပါ။ လုံးခြေ၍ ဘောင်းဘီအိတ်ထဲထိုးထည့်ရင်း သဲကိုပွေ့ချီလိုက်သည်။ သဲ၏ခန္ဓာကိုယ်က လက်ထဲတွင် ဖွေ့ခနဲပါလာသော်လည်း တောင့်တောင့်မတ်မတ်။

ပြီးတော့ ချက်ချင်းပင် အခန်းထဲမှ ပြေးထွက်ခဲ့လိုက်ပါသည်။ အခန်းပြင်ရောက်ရောက်ချင်းမှာပဲ ပွေ့ထားသော သဲ၏ခန္ဓာကိုယ်က ဆတ်ခနဲ တစ်ချက်လှုပ်ရှားသွား၏။ ငုံ့ကြည့်တော့ ကျွန်တော့်ကို ကြောင်တောင်တောင်နှင့်မော့ကြည့်နေသည့် သူမပုံစံက ဝေခွဲရခက်နေသလို။

သို့သော် ခဏလေးပါ။



www.burmeseclassic.com

www.burmeseclassic.com

"လွှတ် . . . လွှတ် . . . ငါ့ကိုလွှတ် . . . အခုအောက်ချပေး"

ကြောက်လန့်တကြားဟစ်အော်ရင်း ကျွန်တော့်လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းသည်။ ကိစ္စမရှိပါ။ အမြန်ဆုံး အပြင်ထွက်နိုင်ဖို့က အရေးကြီးသည်။

"အခုအောက်ချပေး . . . သက်တံ့။ ငါသေချင်တယ် . . . သေချင်တယ် . . . သေချင်လို့ အခန်းထဲလာထိုင်နေတာ။ လွှတ် . . . ငါ့ကိုချပေး . . . အောက်ချပေး။ ငါသေသွားမှကောင်းမှာ"

ပြောလည်းပြော၊ လက်ကလည်း နီးစပ်ရာ ကျွန်တော့်ရင်ဘတ်၊ လည်ပင်း၊ လက်မောင်းတို့ကို တဘုန်းဘုန်း ထုရိုက်ကုတ်ခြစ်သည်။

"သက်တံ့ . . . ပြောနေတယ်နော်။ ငါသေသွားမှ အားလုံးစိတ်ချမ်းသာမှာ။ လွှတ် . . ."

" ××××× . . . ××× . . . "

"သက်တံ့ . . . "

ကျွန်တော်ကတော့ အဆောင်ပြင် အမြန်ဆုံးရောက်ရေးသာ ဦးတည်နေပါသည်။ ကျန်တာတွေအားလုံးကို ဂရုမစိုက်တော့။

ဒါပေမဲ့ . . .

"အား . . . "

ညာဘက်လက်မောင်းမှာ စူးအောင့်စပ်ဖျဉ်း နာကျင်သွားသည်။ သူမ ကျွန်တော့်လက်မောင်းကို ကိုက်ခဲလိုက်တာပါ။ လက်မောင်းအသားစတို့ ပဲ့ထွက်သွားသလို ခံစားလိုက်ရသော်လည်း အံကိုသာ တင်းတင်းကြိတ်မိသည်။ သူမကတော့ ကိုက်ထားသည်ကို လုံးဝမလွှတ်။

လှေကားအောက်ဆုံးထစ်ရောက်ချိန်မှာ ကျွန်တော် အားပြတ်စပြုလာပါပြီ။ ခြေထောက်တို့က ရှေ့ဆက်မလှမ်းချင်တော့။ ရင်ဘတ်မှာလည်း အနိမ့်အမြင့် လှိုင်းတော်တော်ကြီးလာသည်။ သို့သော် ကျွန်တော် အားတင်းထားပါသည်။ ကျွန်တော် အသက်ရှူနေသေးသည်။ အသက်ရှူနေသေးသ၍တော့ ကျွန်တော့်နှလုံးသား ကိုယ်ပွားလေးအား အထိ



[illegible]။

ခေါင်မိုးကို တစ်ချက်မော့ကြည့်ပြီး ပြေးလွှားချိန်ကို တွက်ချက်လိုက်သည်။ ထုပ်ဘန်းမှာ အခြေအနေမကောင်းတော့။

ဒါပေမဲ့ လွှတ်နိုင်ပါသည်။

ထို့နောက်တော့ ကျွန်တော့်တစ်ကိုယ်လုံးမှာ ရှိသမျှအင်အားတို့အား ခြေထောက်နှစ်ချောင်းဆီသို့ အားပြုရုပ်တည်ပြီးသွားချိန်မှာတော့ ကျွန်တော့်အာရုံ၌ အပြင်လောကကြီးသာရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## XXXV

"ဟေး . . . "

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "

စိုးတထိတ်ထိတ် ရပ်ကြည့်စောင့်မျှော်နေကြသူများဆီမှ လက်ခုပ်လက်ဝါးတီး အားပေးသံတွေ တစ်ခဲနက်ထွက်ပေါ်လာသည်။ ကျွန်တော် မရပ်မိသေး။

နေခြည်၊ အေးမို့နှင့် ဧသူတို့နှစ်ယောက်ပါ ပြေးထွက်ဆီးကြိုသည်။ အကုန်လုံးမျက်နှာတွေက ဝမ်းမြောက်ဝမ်းသာမှုတွေအပြည့်။

ဒူးထောက်ထိုင်ချပြီးတော့ လက်ထဲမှ သဲ၏ခန္ဓာကိုယ်ကို ပွေ့လျက်မှပင် မြက်ခင်းပေါ်တင်ပေးလိုက်သည်။ ကျွန်တော် ဖော်မပြတတ်အောင် မောပန်းလွန်းနေပြီ။ တစ်ကိုယ်လုံးမှာက ချွေးတွေရွှဲနေကာ ဒူးထောက်လျက်မှပင် အသက်ကို အသည်းအသန်ရှူနေရ၏။ အာခေါင်တို့ ခြောက်ကပ်ပြီး နှလုံးခုန်သံက သိသိသာသာ မြန်ဆန်ကျယ်လောင်နေသည်။ ရှိရှိသမျှ အင်အားတွေအကုန်လုံးက ခန္ဓာကိုယ်မှ ပစ်ပစ်ခါခါ ထွက်ခွာသွားပါပြီ။



အသက်ရှူနေရန် ကြိုးစားဖို့ပင် အင်အားမရှိချင်တော့။

မီးလောင်မှုအား ရပ်ကြည့်နေကြသူအားလုံးလိုလိုလည်း ကျွန်တော်တို့နား ဝိုင်းအုံလာသည်။ ထိုစဉ်မှာပဲ . . .

"ဖြန်း"

ပါးတစ်ဖက်က သဲပူဖြင့် အကပ်ခံလိုက်ရသလို ပူနွေးစပ်ဖျဉ်းသွားသည်။ အားပါသောရိုက်ချက်ကြောင့် ခေါင်းက တစ်ဖက်လည်သွားသည်။

နားမလည်နိုင်မှု၊ မယုံကြည်နိုင်မှု၊ ဆွတ်ဆွတ်ပျံ့ပျံ့ အံ့ဩမှုတွေနဲ့ မော့ကြည့်မိတော့ ကျွန်တော့်အား ခက်ခက်ထန်ထန်ကြည့်နေသော သဲ၏မျက်ဝန်းတစ်စုံ။ ဝိုင်းအုံလာကြသူအားလုံးပင် ရုံခနဲရှင်းသွားသည်ဟု ထင်မိ၏။ ပြီးတော့ ကျွန်တော်တို့နှစ်ဦးအား နားမလည်နိုင်မှု၊ ဂရုဏာသက်မှု၊ ခံပြင်းဒေါသထွက်မှုတွေဖြင့် ဝိုင်းကြည့်သည်။

ဘာကြောင့်မှန်းတော့မသိပါ။ ကျွန်တော့်နှလုံးအိမ်မှာ မခံချင်မာနတစ်ခုတစ်လေမျှ ထကြွမလာခဲ့။

သဲရယ် . . . မင်းရှေ့မှာဆိုရင် ကိုယ့်ဆံစက ခြေဖျားအထိ အရာအားလုံးက သူ့အလိုလို ဝပ်တွားကြပြီးသားပါ။

မခံချင်ပေမဲ့လည်း မတတ်နိုင်ဘူး။

အသက်ရှူနေတာကိုက မင်းရဲ့စိတ်နဲ့ပဲလေ။

လည်ချောင်းဝထိ တိုးဝေ့လာသော အစီအစဉ်မကျစကားတွေဖြစ်ပေမယ့် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားပါသည်။

ပြီးတော့ ဒူးထောက်လျက်မှပင် ခေါင်းငိုက်စိုက်ချမိလိုက်သည်။

နာကြည်းမှုမရှိပေမဲ့ ဝမ်းနည်းစိတ်ကတော့ ဖော်မပြတတ်အောင် စို့နင့်ကြေကွဲလာပါပြီ။

အတန်တန်ထိန်းထားလျက်မှပင် မျက်ရည်တို့က တစ်ပေါက်ပြီးတစ်ပေါက် ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။ အသက်နှင့်ရင်း၍ ကယ်တင်ခဲ့ရပေမဲ့ ကျွန်တော်သူမဆီမှ ဘာကိုမျှ မမျှော်လင့်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ယခု ရင်တွင်းရောက်လာတဲ့ ဝမ်းနည်းမှုတွေဟာလည်း ကျွန်တော် ချိုးနှိမ်မရနိုင်တဲ့ သူမအပေါ် ချစ်တတ်မှုတွေပါပဲ။

ခေါင်းငုံ့ထားလျက်မှပင် မတ်တတ်ထရပ်လိုက်သည်။ ညာဘက်လက်မောင်းက ကိုက်ခဲထားသောဒဏ်ရာကြောင့် သိပ်လှုပ်ရှားမရချင်။ အသားထဲကို ဓားတစ်ချောင်းနှစ်ဝင်ထားသလို ဆတ်ဆတ်ခါခါနာကျင်နေသည်။

ထို့နောက်တော့ ကျွန်တော် ကျောခိုင်းလိုက်ပါသည်။

ပထမက လောင်ကျွမ်းမှု အားအကောင်းဆုံးအချိန်ရောက်နေသော C-2ဆောင်ကြီး၊

ဒုတိယက ကျွန်တော့်ကို သနားဂရုဏာသက်မှု မျက်ဝန်းတွေဖြင့် ဝိုင်းကြည့်နေကြသော လူအုပ်ကြီး၊

တတိယက . . .



# XXXVI

"ဒီတစ်ခါတော့ သမီးမှားသွားပြီ"

ဆရာဦးစိုးဝင်း၏ ပြောစကားနောက်မှာ သူမတစ်ယောက် ယူကျုံးမရမှုတွေ တစ်ပွေ့တစ်ပိုက်နဲ့ ခေါင်းငိုက်စိုက်ကျသွားမိသည်။ ထိုစဉ်မှာပဲ ဇေသူနှင့်နေလင်းတို့၏ ဒေါသရောင်အကြည့်တွေက သူမဆီရောက်လာ၏။ လှိုက်လှိုက်မောမောပင် သူမ ဝမ်းနည်းမိတာပါ။

ဒါပေမဲ့ အရာအားလုံးက လွန်သွားခဲ့ပါပြီ။

"မင်းက တော်တော်ကျေးဇူးနားမလည်တဲ့ မိန်းမပဲကွ။ မင်းလို မိန်းမမျိုး ငါတစ်ခါမှ မတွေ့ဖူးဘူး"

ဇေသူ၏ မြိုသိပ်ဖိနှိပ်ထားဟန်တူသော အမျက်စကားတွေက ချိန်ကိုက်ဗုံးတစ်လုံးလို ပေါက်ကွဲထွက်လာသည်။

"မင်း သက်တံ့ကို မုန်းပစ်လို့ရတယ်နော်။ ဒါပေမဲ့ လူလား ခေါင်မှာ မင်းအဲလိုမလုပ်သင့်ဘူး။ သူ့မှာတော့ကွာ အသက်စောင်မှု



www.burmeseclassic.com

www.burmeseclassic.com

ဘဲ ဝင်ကယ်လိုက်ရတာ။ ပြန်ရတဲ့ရလဒ်က ပါးတစ်ဖက် နင်းခြေခံလိုက်ရတာပဲ။ ဒီမှာ သက်တံ့က မင်းအသက်ကိုကယ်ခဲ့တယ်ဆိုတာ နည်းနည်းလေးမှ မတွေးမိဘူးလား"

နေလင်းကလည်း ရဲရဲလှုပ်နေသော မျက်လုံးတွေဖြင့်ကြည့်ရင်း မခံမရပ်နိုင်ပြောသည်။

"ကျေးဇူးရှင်ကို ကျေးဇူးဆပ်ဖို့ မင်းအမေက အဲလိုပဲသင်ပေးထားလား"

"သက်တံ့သာကယ်မထုတ်ခဲ့ရင် အခုအချိန်မှာ မင်း ပြာပုံဘဝရောက်နေပြီ၊ အံ့ဩတယ်ကွာ။ မင်းလိုမိန်းမမျိုးကတော့ ရှာမှရှားပဲ"

သူမနှုတ်ဆိတ်၍သာ နေမိပါသည်။ နေခြည်နှင့်အေးမိုးတို့ကတော့ ဝင်မပြောသာပဲ ဘေးမှာသာထိုင်နေပါ၏။ တုံ့ပြန်ပြောဆိုဖို့လည်း ဆန္ဒမရှိပါ။ မှားမိခဲ့သော အပြစ်တွေအတွက် ထိုက်သင့်သောအပြစ်ဒဏ်ကိုခံယူဖို့ သူမ ဆုံးဖြတ်ထားခဲ့ပြီးပါပြီ။

လူတကာ၏ဝိုင်းပယ်မှု၊ အဖက်မတန်မှု၊ အထီးကျန်ဆန်မှုတွေနှင့်အတူ ကြီးမားလွန်းသောကံကြမ္မာ၏ ရက်စက်မှုတွေကြောင့် သူမလောကကြီးထဲမှ ထွက်သွားချင်ခဲ့သည်။ သူမဘဝကို အဆုံးသတ်ချင်ခဲ့သည်။ ထို့အတွက်ကြောင့် အမှန်ပင် ညကြီးအချိန်မတော် C-2 ဆောင်ဆီကို တစ်ယောက်တည်း ထွက်လာခဲ့တာပါ။

ဒါပေမဲ့ C-2 အဆောင်ထဲသို့ ဝင်ရောက်မိချိန်မှစ၍ သူမ ဘာမှမသိတော့။ စိတ်နဲ့ခန္ဓာ ပြန်လည်ပူးပေါင်းမိသွားချိန်မှာ သူမက သက်တံ့၏လက်တွင်းသို့ ရောက်နေပါပြီ။ ပြီးတော့ အလျံညီးညီးလောင်မြိုက်နေသော မီးတောက်မီးလျှံတွေကြားမှာ။

ထိုအချိန်မှာ သူမအသိစိတ်အတွင်း ဝင်ရောက်စိုးမိုးလာသည်က ဘဝကြီးကို အဆုံးသတ်သွားလိုမှု။ ထို့အတွက်ကြောင့် သက်တံ့၏ကယ်တင်မှုကို သူမ ဆန့်ကျင်ခဲ့ခြင်းဖြစ်ပါသည်။

အပြင်ရောက်သွားခဲ့ချိန်မှာတော့ ရည်ရွယ်ချက်တစ်ခု ပျောက်



ပျောက်သွားသလို သူမစိတ်တို့ ထိန်းကွပ်မှုမဲ့သွားခဲ့ပြီး ယခုကဲ့သို့ ဖြည့်ဆည်းမရနိုင်သော အမှားတွေ ပြုလုပ်ခဲ့ခြင်းပါ။

"အခု သက်တံ့ အဆောင်ကပျောက်သွားတာ သုံးရက်ရှိသွားပြီ။ ကျောင်းလည်း လာမတက်ဘူး။ အဲဒါ မင်းကြောင့်"

"မင်း လူပုံအလယ်မှာ အရှက်ခွဲပစ်ခဲ့လို့"

ပြင်းထန်သော စကားလုံးပေါက်ကွဲမှုတွေက သူမနှလုံးသားကို တနဲ့နဲ့လှုပ်နှဲ့နေသည်။ ခေါင်းငုံ့ထားလျက်မှပင် ဝမ်းနည်းမှုအပိုင်းအစအချို့က ရင်တွင်းမှာ နေရာယူလာ၏။ ထိုစဉ်မှာပဲ ဆရာဦးစိုးဝင်း၏နှမြောတသသလိုပြောသော စကားအချို့ကို ကြားရသည်။

"ဟုတ်တယ် . . . ဆရာလည်း သူ့ကိုရှာနေတာ။ ဒါပေမဲ့ ဘယ်လိုမှ စုံစမ်းလို့မရအောင်ဖြစ်နေတယ်"

စကားဆုံးတော့ သူမနှုတ်မှ ရှိုက်သံတစ်ချက် ထွက်ကျသွားသည်။ တကယ်ပါပဲ။ သူမ နောင်တရနေမိပြီ။

ဒါပေမဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ သူမခံစားရင်ဆိုင်နေရတဲ့ ဒုက္ခတွေကိုရော မည်သူမျှ စာနာမပေးကြတော့ဘူးလား။ နားလည်မပေးကြတော့ဘူးလား။

တုံ့ပြန်ရန် အင်အားမဲ့စွာနဲ့ပင် သူမငိုနေမိသည်။

"မင်းကြောင့် သက်တံ့ကျခဲ့တဲ့မျက်ရည်တွေက လုံးဝမတန်ဘူး"

အမှတ်မထင်ကြားရသော စကားက သူမကို ခေါင်းမော့သွားစေသည်။

"ဟော့ကောင် . . . ဓေသူ . . ."

နေလင်းက ပခုံးကို တံတောင်ဖြင့်တို့ရင်း တားဆီးသလိုပြောတော့ . . .

"သက်တံ့စိတ်ဆိုးလည်း ဆိုးပါစေတော့ . . . ငါပြောတော့မယ်။ ဒီကောင့်အတွက် ငါခံပြင်းလွန်းလို့ပါ"

မျက်လုံးဝိုင်းဝိုင်းဖြင့် ကြည့်နေရင်းမှ သူမကြောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမကြောင့် သက်တံ့ မျက်ရည်ကျခဲ့တယ်တဲ့။ ဘယ်လိုလဲ . . . နားမလည်ပါ။ ထိုစဉ်မှာပင် ဇေသူက သူမမျက်နှာကို သေချာစိုက်ကြည့်သည်။ ဇေသူ့မျက်လုံးအကြည့်တွေက တစ်မျိုး။

ခဏကြာသွားပြီးကာမှ ဇေသူက သူမမျက်နှာဆီမှ အကြည့်ကို လွှဲရင်း . . .

"ငါတို့အတွက်တော့ ဘာမှမထူးခြားပါဘူး။ ဒါပေမဲ့ သက်တံ့အတွက်တော့ မင်းရဲ့ပါးပြင်တစ်စိတ်တစ်ပိုင်းက ပန်းတစ်ပွင့်ပွင့်ပေးသလို ထူးခြားနေတယ်"

"ရှင် . . ."

ကြောင်အအထွက်သွားသော သူမနှုတ်ခမ်းဆီမှ အသံတိုးတိုးပါ။

"မင်း သတိထားမိလား။ သက်တံ့ မင်းမျက်နှာကို စေ့စေ့မကြည့်ရဲဘူး"

ဒါကိုတော့ သူမရိပ်မိပါသည်။ ဟုတ်ပါ၏။ သူမ အံ့ဩနေသည်မှာလည်း ဒါပါပဲ။ သက်တံ့လို ထက်မြက်သောယောကျ်ားလေးမျိုးက တစ်ခါတစ်ခါ သူမအားကြည့်နေရင်းမှ မျက်လုံးလွှဲပြီး ခေါင်းငုံ့သွားတတ်ပါသည်။

ဘာကြောင့်လဲ။ သူမသိချင်နေတာ ကြာပါပြီ။

"အဓိကကတော့ မင်းနားသယ်စပ်က မွှေးညင်းစိမ်းလေးတွေပဲ။ မင်း ယုံချင်မှယုံနော်။ အဲဒီမွှေးညင်းစိမ်းလေးတွေကို တစ်ခါကြည့်မိတိုင်း သက်တံ့ မျက်ရည်တစ်ခါကျတယ်"

လုပ်ခနဲအေးသွားသော ရင်အစုံက နှလုံးသားမှာ တုန်ခါသွားသည်။ ရင်ထဲမှာ ကြည်နူးမှုလား၊ ကျေနပ်မှုလား၊ ဆွတ်ပျံ့မှုလားမသိသော နွေးငွေ့ငွေ့စီးကြောင်းတစ်ခု ဖြတ်စီးသွားသည်။

အေးတစ်လှည့် နွေးတစ်လှည့်ဖြစ်သွားသော နှလုံးသားနှင့်ပင် ဇေသူ့ကို မော့ကြည့်မိတော့ သူမကို ခပ်တည်တည်တစ်ချက်ကြည့်ရင်း



ခေါင်းညိတ်သည်။

"ငါတို့ဆို မစဉ်းစားရဲပါဘူး။ မိန်းကလေးတစ်ယောက်ကို အဲလောက်ထိလည်း မချစ်ရဲဘူး။ သက်တံ့က မင်းကို အဲလောက်ထိချစ်ခဲ့တာပါ။ အဲဒါကြောင့်လည်း သူ့ကိုယ်သူမငဲ့ဘဲ မီးတွင်းထဲကမင်းကို ကယ်ထုတ်ခဲ့တာပေါ့"

ထိုစကားနောက်မှာတော့ သူမရင်ခွင်တစ်ခုလုံးက နှိုင်းယှဉ်မှုမဲ့စွာ အေးအေးငြိမ်ငြိမ် ပျောင်းနွဲ့လိုက်ခါသွားပါတော့သည်။ အသွေးအသားတွေ၏ ဆက်သွယ်မှုတစ်စိတ်တစ်ပိုင်းမှာလည်း တဒိုင်းဒိုင်းခုန်နေသော နှလုံးသားဖြင့် ရှင်သန်နေသည်။

ပြီးတော့ သူမရင်ခွင်တစ်နေရာမှာ ပန်းတစ်ပွင့်ပွင့်ဖူးလာသလို ခံစားမိသည်။

ဟုတ်ပါ၏။

နှလုံးသား၏ အပေါ်ယံပွင့်ဖတ်တွေအားလုံး ချီချီကြွကြွ လန်းစွင့်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

# XXXVII

"ဆရာ . . . ဆရာ"

ကန်တင်းထဲမှ ထွက်လျှင်ထွက်ချင်းပင် နောက်မှအော်ခေါ်သံတစ်ခုကြောင့် ဆရာဦးစိုးဝင်း လှည့်ကြည့်လိုက်တော့ သူတို့ရုံးခန်းမှ ဝန်ထမ်းကောင်လေး ဖေဆန်း။

"ဖေဆန်း . . . ဘာအရေးကြီးလို့လဲ"

"အရေးကြီးတယ်ဆရာ။ ရုံးခန်းထဲမှာ ကိုသက်တံ့ရောက်နေတယ်။ အရေးတကြီး ဆရာနဲ့ အမြန်ဆုံးတွေ့ချင်တယ်ဆိုပြီး ဆရာ့ကိုရှာခိုင်းလို့"

ဒီလောက်နဲ့ပင် သဘောပေါက်လိုက်ပါပြီ။ သက်တံ့အကြောင်းကို သူသေချာသိသည်။ သက်တံ့သည် အကြောင်းထူးကိစ္စမရှိပဲနှင့် သူ့ရုံးခန်းသို့ လာမတွေ့တတ်။ ကျောင်းမှ သုံးရက်လောက်ပျောက်သွားရာမှ အခုပေါ်လာခြင်းသည် ဘယ်လိုအကြောင်းထူးကိစ္စ ပေါ်လာ၍လဲ။



ဘာမှမစဉ်းစားတော့ပါ။ ချက်ချင်းပင် ရုံးခန်းသို့ ဦးတည်လိုက်သည်။ ခဏပါပဲ။ အခန်းတွင်းသို့ ဝင်ဝင်ချင်း ထူးခြားမှုတွေက သူ့အားတစ်ခုချင်း ဆီးကြိုနေပါတော့သည်။

ပထမက စာရွက်တစ်ရွက်ကိုင်ရင်း သူ့အားဆီးကြိုနေသောသက်တံ့။ ဒါက ထူးခြားမှုသိပ်မဖြစ်ပေမဲ့ ထူးခြားနေသည်ကတော့သက်တံ့နောက်ကျောရှိ whiteboard ပေါ်မှ စက်ဝိုင်းပုံသဏ္ဍာန် အင်္ဂလိပ်အက္ခရာများ။ ဘာမှန်းမသိပေမဲ့ သက်တံ့လက်ရာဖြစ်သည်ကတော့ သေချာသည်။

"ဘယ်ပျောက်နေတာလဲ သက်တံ့"

စိုးရိမ်စိတ်ဖြင့် မေးလိုက်တော့ . . .

"မပျောက်ပါဘူးဆရာ။ ကျွန်တော် ပဟေဠိတစ်ခုရဲ့ အဖြေကိုရှာနေတာပါ"

ကျွန်တော့်စကားကြောင့် ဆရာဦးစိုးဝင်းက ကြောင်တောင်တောင်ကြည့်ရင်း . . .

"ဘာ . . . ပဟေဠိ . . . "

"ဟုတ်တယ် . . . တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ ပဟေဠိတစ်ပုဒ်ရဲ့အဖြေကို ရှာနေတာ"

ခပ်တည်တည်ပြောသော ကျွန်တော့်စကားကြောင့် ဆရာဦးစိုးဝင်းက မသင်္ကာသလိုကြည့်ကာ . . .

"မင်း နောက်နေတာလား"

ကျွန်တော် တည်တံ့လိုက်ပါသည်။

"မဟုတ်ဘူးဆရာ။ တကယ်ပြောတာ။ ဒီမှာကြည့် . . . "

ပြောပြောဆိုဆိုပင် လက်ထဲမှစာရွက်အား ဆရာ့ထံပေးလိုက်သည်။

ထိုစာရွက်က အောက်ပါအတိုင်းသာ . . .



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ပေးသောစာရွက်အား ဆရာက သေချာကြည့်ရင်း ..

"မင်းဟာက ဘာကြီးလဲ"

"အဲဒါ C-2 ဆောင်ထဲက သဲဆုန္နွေးကို ကယ်ထုတ်ခဲ့တုန်းက ရခဲ့တဲ့စာရွက်ပဲ"

"ဟင် . . . "

"ကျွန်တော် အခန်းထဲကိုရောက်တဲ့အချိန်မှာ သဲဆုန္နွေးက ခုံမှာထိုင်ပြီး ဒီစာရွက်ကို ရေးနေတယ်။ ဒါကို ကျွန်တော်ဆွဲယူလိုက်ပြီး သဲဆုန္နွေးကို ပွေ့ထုတ်ခဲ့တာ"

ကျွန်တော့်စကားကြောင့် ဆရာက နောက်တစ်ကြိမ် စာရွက်ကို သေချာကြည့်သည်။ ဒါပေမဲ့ ဘာမျှသိဦးမည်မဟုတ်ပါ။ ကျွန်တော်တောင် သုံးရက်အချိန်ပေးခဲ့ရသည်ပဲ။ ကျွန်တော်နောက်ကိုလှည့်၍ နံရံကပ် whiteboard မှ အက္ခရာတွေကို လက်ညှိုးထိုးပြရင်း . . .

"ပထမတော့ ကျွန်တော်လည်း ဘာမှန်းမသိဘူး။ ဒါပေမဲ့ အစတစ်စကို အမှတ်မထင်ဆွဲထုတ်မိပြီး ကျွန်တော်အားလုံး သဘောပေါက်သွားခဲ့တာ"

ကျွန်တော် ဘာတွေပြောနေမှန်း သိဦးမည်မဟုတ်ပေမဲ့ အရေးကြီးအကြောင်းအရာတွေ၏ နိဒါန်းပျိုးမှုတစ်ခုမှန်း သဘောပေါက်ကာ သေချာနားထောင်နေသည်။

"ဆရာ . . . ဒီပုံကို ခန့်မှန်းကြည့်စမ်းပါ။ ဘာပုံနဲ့တူသလဲလို့"

ဆရာဦးစိုးဝင်းက whiteboard မှပုံကို သေချာကြည့်သည်။ အချိန်ခဏသာကြာပါ၏။ ထင်မြင်ချက်တစ်ခု ထွက်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံ(၁)

o g h n t i n d e w y
6 6 7 l i s b o s t o r m l l
t p o q n t o m o a n e o y b e a t
t a s a n l a z i l o 2 a l e l k r u p h t
h o u d i e t m 2 0 0 4 i n d i a f l o o d y
d n l a e d d u a s 2 e p i d e u m i e c d i s e
o i o h t o e r e s y r t u g q d r o u l g h t c r
o o d 2 t i o w k o i n a f g h a n i s t a i n i n a e
a 2 l i m r n l s e r a a b e t l a r u s d e k h v o l c
u k f l r a a f m y a n m a r 2 0 0 7 s t o r m i c e z h i
u g a a s o e k a u q h t r a e c h i n a 2 0 1 0 b r o u n e
h a z i d t n n i g u a t e m a k a 2 0 1 3 l a n d s l i d i
d r a d n s i a d w a z u g y i n d o n i a f l o o d 2 0 0 4 h
f a t n a a a r n o k r v d e a r c a n a d a d r o u g h t 2 o
n p h i l i p p i n e s 2 0 0 6 v o l c a n i c e r u p t i o n
e 5 s 2 a d s d 2 p i n d O n e s i a f l o d 2 0 0 4 r t s u a
d l t o w n l t o 8 0 0 2 l a n d s l i d i n g c h i n a d e g
w o a o r 1 9 7 0 c a l i f o r n i a a f f i r e 1 9 9 0 n u
s 2 n 9 o c 9 f 4 o o 2 j a p a n f l o o d 2 o l o i n d i a
I r a n 1 9 7 2 e a r t h q u a k e 2 0 1 0 c h i n a h i k
h a w a i i i s v o l c a n i c e r u p t i O n 1 9 8 3 l
b e M y a n m a r 2 0 1 l
p o l a n d f l o o d 2 0
l i t h u a n i a l a n d s i n g 2 0 1
p a k i s t a n 2 0 1 0 l a n d s l i d i n g
i t a l y 1 9 7 6 e a r t h q u a k e a r q
2 0 1 0 c z e c h l a n d s l i d i n g
h b a h a m a s f l o o d m o s h q
W d e n 2 0 2 0 e a r u
t h q u a k e

www.burmeseclassic.com

www.burmeseclassic.com

"[illegible]နဲ့ ပတ်သက်တဲ့ပုံတစ်ခုပဲ။ ဒါပေမဲ့ မင်းက တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ ပဟေဠိလို့ပြောလို့ . . . ဒါ ကမ္ဘာကြီးပုံလား"

"ဟုတ်တယ်"

ခေါင်းညိတ်ရင်း ပြောလိုက်တော့ ဆရာဦးစိုးဝင်းက ကျွန်တော့်အား အံ့သြသလိုကြည့်သည်။

"ဒါပေမဲ့ သာမန်ကမ္ဘာလုံးပုံတစ်ခုတော့ မဟုတ်ဘူး။ သဘာဝဘေးအန္တရာယ်ဆိုးတွေ ကြုံတွေ့ရင်ဆိုင်ရတာနဲ့ပတ်သက်ပြီး ပဟေဠိတစ်ခု စီမံဖန်တီးထားတဲ့ပုံ"

နားလည်မည်မဟုတ်မှန်း သိပါသည်။ ထို့ကြောင့် ကျွန်တော် ဆော့ပင်တစ်ချောင်းအား ကောက်ကိုင်ရင်း . . .

"ဆရာ ရှင်းလင်းသွားအောင် ကျွန်တော်ပြမယ်။ ဒီမှာ . . . "

ဟုဆိုကာ whiteboard မှပုံကြီး၏ နေရာတစ်ခုကို ဆော့ပင်ဖြင့် ထောက်ကာ မျဉ်းကြောင်းရှည်နှစ်ကြောင်းဆွဲ၍ ဘောင်ခတ်ပြလိုက်သည်။


အောက်ပါအတိုင်း . . .



www.burmeseclassic.com

www.burmeseclassic.com

ပုံ(၂)




ပြီးနောက် ထိုပုံ၏ အောက်မှာပင် မျဉ်းသားထားသော စာကြောင်းအား ချရေးပြလိုက်တော့ . . .

## 1970 - Peru - earthquake

ကျွန်တော်ရေးပြသော စာကြောင်းအား ဆရာဦးစိုးဝင်းက ကြောင်ကာ ကြည့်နေ၏။ ဆက်ရှင်းလိုက်သည်။

"ဆိုလိုတာက ပီရူးနိုင်ငံမှာ 1970 ခုနှစ်တုန်းက ငလျင်လှုပ်သွားခဲ့တယ်ဆိုတာပဲ"

လုံးဝကို ကြက်သေသေသွားလေပြီ။ အသက်ပင်ရှူတော့ရဲ့ လားမသိအောင် ဆရာဦးစိုးဝင်း အံ့သြသွားသည်။ ဒီထက်သေချာအောင် ကျွန်တော် နောက်ထပ်တစ်ခု ကြိုးစားပြလိုက်သည်။ အဲဒါက စားပွဲပေါ်တွင် အဆင်သင့်ဖွင့်ထားသော ကွန်ပျူတာမှ ခလုတ်အချို့ကို နှိပ်လိုက်ခြင်း။

website တစ်ခု ထိုးကျလာသည်။ ထို website အား ဖွင့်လိုက်စဉ်မှာပဲ ဆရာဦးစိုးဝင်းအနားရောက်လာကာ ကျွန်တော်လုပ်နေသမျှကို ကြည့်သည်။ မကြာပါ။ ခလုတ်လေး တစ်ချက်နှစ်ချက် ခုန်အပြီးမှာတော့ . . .

ရုပ်ပုံတစ်ခုကို တအံ့တသြတွေ့ရသည်။

အဲဒါက အင်အားကြီးငလျင်တစ်ခု၏ ဖျက်ဆီးသွားမှုကြောင့် ကြောက်ခမန်းလိလိ ပြိုကျပျက်စီးသေဆုံးမှုတွေကို ရိုက်ပြထားသော ဓာတ်ပုံတစ်ခု။

ထိပ်ဦးပိုင်းတွင် ခေါင်းကြီးစာလုံးအဖြစ် စာတစ်ကြောင်း ရေးထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"31-5-1970 ရက်နေ့၌ ပီရူးနိုင်ငံမြောက်ပိုင်းတွင် (၇.၇)အင်အား ပမာဏရှိ အင်အားကြီးငလျင်တစ်ခု လှုပ်ခတ်သွားမှုကြောင့် လူပေါင်း ၆၆,၇၉၄ ယောက် သေဆုံးခဲ့သည်"


"ဟာ . . . "

ဆရာဦးစိုးဝင်းတစ်ယောက် ဖင်ထိုင်လဲကျမတတ်ပင် ဖြစ်သွား ရပါတော့၏။ လုံးဝကို တုန်လှုပ်သွားပေပြီ။ စကားပင် မဆိုနိုင်တော့။

ကျွန်တော် whiteboard ပေါ်မှာပင် နောက်ထပ်မျဉ်းတစ်ခုကို ထပ်ဆွဲလိုက်သည်။ အဲဒါက . . .



ပုံ(၃)




www.burmeseclassic.com

www.burmeseclassic.com

"ဖိလစ်ပိုင်နိုင်ငံမှာ ၂၀၀၆ ခုနှစ်တုန်းက မီးတောင်ပေါက်ကွဲမှု ဖြစ်ခဲ့တယ်"

ပြောပြီးနောက် ကျွန်တော် ကွန်ပျူတာဖန်သားပြင်မှပင် နောက်ထပ်ဓာတ်ပုံနှင့် သတင်းတစ်ပုဒ်ကို ဖွင့်ပြလိုက်ပါသည်။

အဲဒါကတော့ ၂၀၀၆ ခုနှစ်တွင် ပေါက်ကွဲသွားခဲ့သော ဖိလစ်ပိုင်နိုင်ငံမှ မီးတောင်ရှင်တစ်လုံး၏ပုံပါ။ မီးတောင်၏နာမည်မှာ 'မေယို' ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ မီးတောင်ရှင်ပေါင်း ၂၀ ကျော်ထဲမှတစ်ခု ဖြစ်ကြောင်းကိုလည်း ဓာတ်ပုံအောက် သတင်းပိုဒ်ထဲတွင် ရှင်းပြထားသည်။

ဆရာဦးစိုးဝင်းမှာတော့ လုံးဝကို တုပ်တုပ်မျှ မလှုပ်တော့ပါ။

ကျွန်တော်ကတော့ ရှာတွေ့ထားသမျှ ကမ္ဘာလုံးကြီးထဲမှ သဘာဝဘေးအန္တရာယ်ဆိုးများကို တစ်ခုပြီးတစ်ခု မျဉ်းသားဘောင်ခတ်ပြရင်း ပုံအောက်တွင်လည်း ထိုစာကြောင်းများကို ရေးရေးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ghntindewy
667lisbostormll
tpoqntomoaneoybeat
tasanlazllo2alelkrupht
houdietm2004indiafloody
dnlaeddduas2epideumiecdise
oiohtoeresyrtugqdroughtcr
ood2tiowkoinafghanistaininae
a2limrnlseraabetlarusdekhvolc
ukflraafmyanmar2007stormicezhi
ugaasoekauqhtraechina2010broune
hazidtnniguatemaka2013landslidi
dradnsiadwazugyindoniaflood2004h
fatnaaarnokrvdearcanadadrought2o
nphilippines2006volcaniceruption
e5s2adsd2pind0nesiaflod2004rtsua
dltownlto8002landslidingchinadeg
woaorl970californiaaffire1990nu
s2n9oc9f4002japanflood2010india
Iranl972earthquake2010chinahik
hawaiisvolcaniceruption1983ls
beMyanmar2011
polandflood201
lithuanialands ing201c
pakistan2010landsliding
italy1976earthquakearq
2010czechlandsliding
hbahamasfloodmoshg
Wden2020earu
thquake

www.burmeseclassic.com

www.burmeseclassic.com

1970 - Peru - Earthquake

1970 - ပီရူးနိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

Phillippines - 2006 - Volcanic eruption

2006 - ဖိလစ်ပိုင်နိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

2004 - India - Flood

2004 - အိန္ဒိယနိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

2010 - Chile - Flood

2010 - ချီလီနိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

Myanmar - 2007 - Storm

2007 - မြန်မာနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။

2010 - China - Earthquake

2010 - တရုတ်နိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

1970 - Turkey - Earthquake

1970 - တူရကီနိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

2010 - Germany - Flood

2010 - ဂျာမနီနိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

India - Storm - 2010

2010 - အိန္ဒိယနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။



www.burmeseclassic.com

2009 - India - Flood

2009 - အိန္ဒိယနိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

Indonesia - Flood - 2004

2004 - အင်ဒိုနီးရှား၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

China - Landsliding - 2008

2008 - တရုတ်နိုင်ငံ၌ မြေပြိုမှု ဖြစ်ပွားခဲ့သည်။

California - Fire - 1990

1990 - ကယ်လီဖိုးနီးယား၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

2004 - Japan - Flood

2004 - ဂျပန်နိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

India - 2010 - Flood

2010 - အိန္ဒိယနိုင်ငံ၌ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။

Iran - 1972 - Earthquake

1972 - အီရန်နိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

China - 2010 - Earthquake

2010 - တရုတ်နိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

Poland - Flood - 201

(201) ဟုရှိသာပါသည်။ သက္ကရာဇ်ကို သေချာမသိရသေး။



www.burmeseclassic.com

Lithuania - Landsliding - 2010

2010 - လစ်သူနီးယားနိုင်ငံ၌ မြေပြိုမှု ဖြစ်ပွားခဲ့သည်။

Pakistan - 2010 - Landsliding

2010 - ပါကစ္စတန်နိုင်ငံ၌ မြေပြိုမှု ဖြစ်ပွားခဲ့သည်။

Italy - 1976 - Earthquake

1976 - အီတလီနိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

2010 - Czech - Landsliding

2010 - ချက်နိုင်ငံ၌ မြေပြိုမှု ဖြစ်ပွားခဲ့သည်။

Hawaii is - Volcanic Eruption - 1983

1983 - ဟာဝိုင်အီကျွန်း၌ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အားလုံးပြီးသွားတော့ . . .

"ဒါ ကျွန်တော်ရှာတွေ့သလောက်ပဲ ရှိသေးတာပါ။ ဒီကမ္ဘာလုံးကြီးထဲမှာ ကျွန်တော်ရှာမတွေ့သေးတဲ့ နိုင်ငံတွေ၊ ခုနစ်တွေ၊ သဘာဝဘေးအန္တရာယ်ဆိုးတွေ အများကြီးကျန်ရှိနေဦးမယ်ဆိုတာ သေချာတယ်။ ဒါပေမဲ့ တစ်ခုပဲ ကျွန်တော့်တို့ ကံမကောင်းခဲ့ဘူး"

မလှုပ်မယှက်ရပ်နေလျက်မှပင် ဆရာဦးစိုးဝင်းက ကျွန်တော့်အား ကြည့်သည်။ ပြင်ဆင်မရသော အမှားတစ်ခုအား ကျူးလွန်မိခဲ့သလို ကျွန်တော် သက်ပြင်းကိုချရင်း . . .

"ကျွန်တော် စိတ်လောသွားမှုကြောင့်လို့ ပြောရင်လည်း ရပါတယ်"


ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ထို့နောက်မှ whiteboard ဆီပြန်သွားရင်း နေရာတစ်ခုကို ဆော့ပင်ဖြင့်ထောက်ကာ အတည်ငြိမ်ဆုံးဆွဲခြစ်ပြလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ပုံ(၅)




ကျွန်တော်မျဉ်းသားလိုက်သော စာကြောင်းအားကြည့်ရင်း အားမလိုအားမရ နှမြောတသသော ဝမ်းခေါင်းသံတစ်ချက် ဆရာဦးစိုးဝင်းဆီမှ ထွက်လာသည်။ ဟုတ်ပါသည်။ ထိုသို့ဖြစ်သွားလောက်သော အက္ခရာစဉ်တန်းမှာက . . .

## Myanmar - 2011 ?

လုံးဝရှုံးသွပ်သွားလောက်သော နောင်တရမှုတစ်ခုပါ။ ပြစ်မှုတစ်ခုအား ကျူးလွန်မိသကဲ့သို့ ခံစားမိလျက်မှပင် . . .

"သဲဆုနွေး . . . တစ်ခုခုကိုတော့ ရေးထားခဲ့လိမ့်မယ်။ ဒါမှမဟုတ် ရေးအုံ့ဆဲဆဲ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့နှစ်ယောက် အသက်အတွက်စိတ်စောပြီး ရေးနေတဲ့စာရွက်ကို ဆွဲယူလိုက်ချိန်မှာ ပြဲသွားတာပဲ"

အပြစ်တင်လို့မရပေမဲ့ မည်သူမဆို တမ်းတမ်းတတ နှမြောမိသွားမှာ သေချာသည်။

ဘယ်လိုမျှ ခန့်မှန်းလို့မရတော့။

2007၌ မုန်တိုင်းဝင်ရောက်ခဲ့သည်ဆိုတာကိုတော့ တိကျသေချာစွာ ဟောပြထားသည်။ ဒါဆို . . .

ဆရာဦးစိုးဝင်းဆီ ကြည့်မိတော့ အမိပ္ပာယ်မဖော်တတ်သည့် အရောင်တစ်မျိုးက မျက်ဝန်းမှာ လျှံတက်နေသည်။

မယုံကြည်မှုအရောင်လား၊ မဟုတ်။

လုံးဝလက်ခံယုံကြည်ရမည့် အကြောင်းချင်းရာတွေက တိကျခိုင်မာစွာ ရှိနေသည်။ အဲဒါက 'စီကို'။

စီကိုဆိုသော ကလေးလေးသည် သာမန်ကလေးလေးတစ်ယောက်မဟုတ်မှန်း ဒေါက်တာမူဟိုင်း၏ မှတ်တမ်းအရ သိရှိထားပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အသက်ခုနစ်နှစ်အရွယ်လောက်နဲ့ပင် သဘာဝဘေးအန္တရာယ်ဆိုး ဖြစ်ပွားမည့် နိမိတ်သုံးခုကို ကြိုတင်ဟောကိန်းထုတ်ထားသည်ဟု ဆိုထား၏။

ယခု ကမ္ဘာလုံးသည်လည်း စီကိုရေးထားတာပါပဲ။ ပြီးတော့ တကယ်ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ဆိုတာကိုလည်း တိကျသော website သတင်းတွေအရ လက်ခံရမည်။

ဒါပေမဲ့ တစ်ခုဆိုးသွားတာက . . .

"ကျွန်တော်တို့ကတော့ ဘယ်လိုမှ အစားပြန်ထိုးလို့မရတဲ့ အခွင့်အရေးကြီးတစ်ခု လက်လွတ်ဆုံးရှုံးသွားတာပဲ"

နာနာကျင်ကျင် ကျွန်တော်ဆိုမိတော့ ဆရာကပြုံးသည်။ အနည်းငယ်တော့ အံ့သြသွား၏။ ပြီးတော့ . . .

"မထင်ပါနဲ့"

ခပ်အေးအေးပင် ပြောလိုက်တာပါ။ အပူအပင်မရှိဘဲ အေးချမ်းနေသော လေသံမျိုး။

"သူ့ရည်ရွယ်ချက် မပြည့်သေးဘူး"

ကျွန်တော် မျက်မှောင်ကြုတ်မိသွားကာ . . .

"ဆရာဆိုလိုတာက . . . "

"သူရေးလို့မပြီးခင်မှာ မင်းဆွဲယူလိုက်တာလေ။ အဲဒါ ရည်ရွယ်ချက်မပြည့်သေးတဲ့အတွက် သူထွက်ခွာသွားဦးမှာ မဟုတ်သေးဘူး"

နောက်ကျောဆီမှ ဖျင်းခနဲ တစ်ချက်ဖြစ်သွားပြီး . . .

"ဆရာပြောချင်တာက စီကိုလေးက သူ့ရည်ရွယ်ချက်ပြည့်အောင် သဲဆုန္နေးဆီကို နောက်တစ်ကြိမ်ထပ်ရောက်လာဦးမယ်လို့ ပြောချင်တာလား"

"တိတိကျကျတော့ ပြောလို့မရဘူး။ ဒါပေမဲ့ အဲလိုပဲဖြစ်လာလိမ့်မယ်"



ကျွန်တော် နှုတ်ဆိတ်သွားမိသည်။ ပြီးတော့ သဲဆုန္နေးအတွက်လည်း စိုးရိမ်သွားသည်။

"တိတိကျကျပြောလို့ မရဘူးဆိုတာက ကြားခံပစ္စည်းပျောက်သွားလို့ပဲ"

ငြိမ်၍သာ ဆရာဆက်ပြောမည့်စကားကို သူ နားထောင်နေမိပါသည်။

"အရင်တုန်းက C-2 ဆောင်က စီကိုအသုံးပြုခဲ့တဲ့ စာရေးခုံက ကြားခံပစ္စည်းအဖြစ် စီကိုနဲ့ သဲဆုန္နေးကို ဆက်သွယ်ပေးထားတယ်။ အခု အဲဒီခုံက C-2 ဆောင်ကြီးနဲ့အတူ မီးလောင်တဲ့အထဲ ပါသွားပြီ။ အဲတော့ စီကိုနောက်တစ်ကြိမ် ထပ်လာနိုင်မယ်၊ မလာနိုင်ဘူးဆိုတာ တိတိကျကျ ပြောလို့မရဘူး။ ရောက်မလာနိုင်ဘူးဆိုရင်တော့ ငါတို့နိုင်ငံအတွက် ကံကြမ္မာက သွားပြီပေါ့"

စကားအဆုံး၌ ဆရာ့အသံမှာ ဆို့နင့်နမြောဟန်ပါသွားသည်။ ပြီးတော့ ထိုအသံနေထားနဲ့ပင် . . .

"ကြားခံပစ္စည်းတစ်ခုလောက် ရှိထားခဲ့ရင် ကောင်းမှာပဲ"

ထိုအခါမှာပင် ကျွန်တော့်ခေါင်းထဲ၌ အကြံတစ်ချက် လက်သွားပေပြီ။ ဆိုင်လား၊ မဆိုင်လားတော့ မသိပါ။ ဒါပေမဲ့ ကြိုးစားကြည့်ရမည်။

ချက်ချင်းပင် လွယ်အိတ်ဆီပြေးသွားခဲ့ပြီး လွယ်အိတ်ထဲမှ အတန်ငယ်တွန့်ကြေနေသော စာရွက်တစ်ရွက်ကိုထုတ်လိုက်ကာ . . .

"ဒီပုံကိုကြည့်ပါဦးဆရာ"

ဆရာဦးစိုးဝင်း မျက်မှောင်ကြုတ်သွားလေပြီ။ စိတ်ထဲမှာလည်း ဇဝေဇဝါဖြစ်သွားသည်ထင်၏။

"ဒီပုံက . . ."

"မီးမလောင်ခင်မနက်က အတန်းထဲမှာ ဆရာစာသင်နေတုန်း သဲဆုန္နေးဆွဲထားတဲ့ပုံ။ သူဖြစ်ပြီး လွှင့်ပစ်လိုက်တာကိုမြင်လို့ ကျွန်တော်



www.burmeseclassic.com

သွားကောက်ထားတာ။ ဒါပေမဲ့ ဒီအိမ်ပုံစံကြီးကို [illegible] တယ်"

စကားဆုံးသွားသည့်နောက်မှာ ဆရာက လက်ဖျောက်တစ်ချက် ထတီးသည်။

"မြင်ဖူးမှာပေါ့ကွ။ ဒါ ဒေါက်တာမူဟိုင်းမိသားစုနေခဲ့တဲ့ အိမ်ပဲ။ ဒေါက်တာမူဟိုင်းမှတ်တမ်းကြီးထဲမှာ ငါတို့ ဓာတ်ပုံတွေ့ဖူးတယ်လေ"

ကျွန်တော်စဉ်းစားမရသော လွတ်ကွက်တစ်ချက်ကို ဆရာက အစဖော်လိုက်သည်။ ပြီးတော့ အားရဝမ်းသာဖြင့် . . .

"ငါတို့နိုင်ငံကြီးအတွက် မျှော်လင့်ချက်ရှိသေးတယ်။ ဒါ ကြားခံပစ္စည်းပဲ"

ဆရာ့အပြောကြောင့် ကျွန်တော့်ဦးနှောက်၌ နားမလည်နိုင်မှုတွေ ပိတ်စို့သွားသည်။ ထို့ကြောင့် . . .

"ဘယ်လိုကြားခံပစ္စည်းလဲ။ ဒီအိမ်ကြီးက ရှိမှမရှိတော့တာပဲ။ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်ကတည်းက မီးလောင်ပျက်စီးသွားပြီဥစ္စာ"

ဖြစ်နိုင်သော အမှန်တရားတစ်ခုကို ကျွန်တော် ပြောခြင်းဖြစ်ပေမဲ့ ဆရာကတော့ အပြုံးမပျက်ပါ။

"အိမ်ကြီးပျက်စီးသွားပေမဲ့ နေရာပျက်စီးမသွားဘူးလေကွာ"

"ဘယ်လို . . ."

"လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်က စီကိုနေခဲ့တဲ့အိမ်ကြီး မီးလောင်ပျက်စီးသွားတဲ့နေရာမှာ အခု ဘာအဆောက်အဦးဆောက်ထားလဲ။ အဲဒီအဆောက်အဦးက ကြားခံပစ္စည်းပဲပေါ့"

ဟုတ်လေသည်။ ဒါ အဖြစ်နိုင်ဆုံး ယူဆရမည့် တွေးခေါ်မှုတစ်ရပ်ပါ။ ခက်တာက ထိုအိမ်ကြီးနေရာမှာ ယခု ဘာအဆောက်အဦဆောက်ထားလဲ ကျွန်တော်တို့မသိ။ တည်ဆောက်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ဘယ်လိုမှ ကျွန်တော်တို့မမီခဲ့ပါ။ မည်သူမျှလည်း သိမည်မဟုတ်။ ဒါပေမဲ့ ..

"အဲဒီကိစ္စကိုတော့ မင်းကိုပဲ အားကိုးရမှာပဲ"



"ဗျာ . . . ကျွန်တော် ဘယ်လိုလုပ် . . ."

စကားဆုံးမသွားတော့။ ဆရာဦးစိုးဝင်း၏စကားက ကျွန်တော့်နှုတ်ဖျားကို ပိတ်လိုက်လေပြီ။

"ဝမ်နဲ့မင်း ရင်းနှီးတယ်မလား"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးတယ်ဆိုသော်လည်း ကျောင်းဝင်းထဲမှာ မည်သူမျှ သတိမထားမိလိုက်သော အကြောင်းကိစ္စတစ်ခု ဖြစ်ပွားခဲ့လေသည်။

အဲဒါ "ဝမ်" ဆိုသော ကျောင်းဆောင့်အဘိုးကြီးမှာ C-2 ဆောင်ကြီး မီးကျွမ်းလောင်သည့်ညကပင် တိတ်တဆိတ်ပျောက် သွားခဲ့ပါ၏။

သူ့ကို မည်သူမျှ သတိမထားမိခဲ့။

ပိုဆိုးတာက နောက်ရက်အနည်းငယ်အကြာမှာ "သက်တံ့" ဆိုသောကျောင်းသားတစ်ယောက်သည်လည်း ကျောင်းဝန်းထဲမှ ပျောက်သွားလေသည်။ ဘာကြောင့်ပျောက်သွားခဲ့သည်ကိုတော့ လူအနည်းငယ်မှလွဲ၍ မည်သူမျှမသိခဲ့။

အဲဒါတွေအားလုံးထက် ပိုဆိုးတာက ဆရာဦးစိုးဝင်း တစ်ယောက် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။ သက်တံ့ကို တမ်းတမ်းတတ မျှော်နေ၏။

အကြောင်းကား . . .

မနက်ဖြန် ဘတ်စကက်ဘောပြိုင်ပွဲ စလေပြီ။



# XXXVIII

ကွင်းထဲမှာ အဖြူနှင့်အနီတွေ အပြန်အလှန် ပြေးလွှားကစား နေကြသည်။ မိုးလုံလေလုံကွင်းကြီးမို့ ကွင်းထဲမှာ အော်ဟစ်အားပေးသံ တွေ၊ မချိတင်ကဲရေရွတ်သံတွေ၊ လှောင်ပြောင်သံတွေ၊ ဆဲဆိုသံတွေ ပလူ ပျံနေသည်။

ကစားချိန်က တစ်ဝက်ကျိုးပြီးနေပါပြီ။ အမှတ်ပေးဘုတ်အရ သော အဖြူရောင်ဝတ်အကျီအသင်းက မဆိုစလောက်လေး ဂိုးအရည် အတွက် နိမ့်နေသည်။ ဆရာဦးစိုးဝင်းတစ်ယောက် ကွင်းပြင်မှနေ၍ အသင်းကို အော်ဟစ်မိန့်ကြားနေသည်။ ဟုတ်၏၊ အရေးနိမ့်နေသော အသင်းသည် အဖြူရောင်ဝတ် သူ၏အသင်းမဟုတ်ပါလား။

ကွင်းထဲမှာ ကျော်စိုးတစ်ယောက်မှလွဲ၍ အားကိုးရမည့်လူတွေ က လက်စွမ်းသိပ်မပြနိုင်ကြ။

"ဇော်မြင့် . . . ကျော်စိုးနဲ့ တွဲကစား။ လက်ထဲမှာ ဘောလုံး ကို သိပ်မကိုင်ထားနဲ့"

ဆရာဦးစိုးဝင်းကအော်ပြောတော့ ဇော်မြင့်က ဘောလုံးကို အစ် ချက်နှစ်ချက်ပုတ်ကာ နောက်မှပြေးတက်လာသူ ထွန်းဦးဆီကို အလိုက်



www.burmeseclassic.com

www.burmeseclassic.com

သင့် ပစ်ပေးသည်။ ထွန်းဦးက ဘောလုံးကိုပိုက်[illegible] ရောက်တော့ ဘယ်အစွန်မှ လွတ်နေသောကျော်စိုးကို ပစ်ပေး၏။

ဘောလုံးက လေထဲမှာဝဲသွားစဉ်မှာပဲ ကျော်စိုးရှေ့အရောက် ..

"ဟာကွာ . . . ဆေးကျောင်းနောက်တန်း တော်တော်မြန်တာပဲ။ အမြင့်ဘောပေးတိုင်း သူတို့ပဲဦးနေတာ"

ဝိဇ္ဇာ၊ သိပ္ပံ ပရိသတ်တွေ မချိတင်ကဲ ရေရွတ်ကြသည်။ အမှန်လည်း ကျော်စိုး လှုပ်မရခဲ့ပါ။ ဆေးကျောင်းနောက်တန်းက ကျော်စိုးကို သုံးယောက်လောက် ဝိုင်းကပ်ထားလေသည်။ တစ်ဖက်အသင်းက ကစားပုံက အဆင့်မြင့်ကာ တော်တော်မြန်သည်။ အသင်းလိုက်ကစားပုံကောင်းပြီး နေရာစုံမှဂိုးသွင်းတတ်သည့်အတွက် ကစားအားသာနေခြင်းဖြစ်ပါ၏။

ဆရာဦးစိုးဝင်းကတော့ အရေးနိမ့်နေသော သူ့အသင်းအားရှိရန် ကွင်းပြင်မှ အော်ဟစ်အားပေးနေသည်။ နောက်ပြီး စိတ်ထဲမှလည်း တစ်စုံတစ်ယောက်ကို သတိရနေ၏။

သက်တံ့။

ယခုထိရောက်မလာသေး။ ပျောက်သွားတာ နှစ်ရက်ကျော်သွားပြီ။ ကျောင်းစောင့်အဘိုးကြီးဝမ်အား ရှာဖွေရန် ထွက်သွားသည့်အချိန်မှစလို့ ယခုထိ ပေါ်မလာတော့။

သက်တံ့မပါသော သူတို့အသင်းက နေရာစုံမှ အားနည်းနေသည်။ ကျော်စိုးတစ်ယောက်ကိုသာ အားကိုးနေရသည့်အတွက် ကစားချိန်တစ်ဝက်ကျော်လာချိန်မှာ အသင်းက လေးလာပြီ။ ထိုအခွင့်အရေးကိုယူ၍ တစ်ဖက်အသင်းက မတရား တိုက်စစ်ဆင်ကစားနေသည်။

တစ်ချီမှာ ဆေးကျောင်းမှ အနီရောင်နံပါတ် (၇) ဘောလုံးကို ပုတ်ရင်း ကွင်းလယ်မှ သယ်လာသည်။ ထိုနံပါတ် (၇) လက်ထဲ ဘောလုံးရောက်သွားချိန်မှာ ဆေးကျောင်းပရိသတ်တွေက ဝေါခနဲနေအောင် အော်ဟစ်အားပေးကြသည်။ ပြီးတော့ . . .



"စောကြီး . . . စောကြီး . . . စောကြီး . . ."

ဟုလည်း သံပြိုင်အော်ကြ၏။ အခြားသူမဟုတ်။ ဆေးတက္ကသိုလ်၏ အသင်းခေါင်းဆောင် 'စောနန္ဒာ'။ ပရိသတ်အားပေးမှုအောက်မှာ စောနန္ဒာကတော့ အကောင်းဆုံးလက်စွမ်းပြနေသည်။

"ဆေးကျောင်းကွ . . . ဆေးကျောင်း . . . အိမ်ရှင်တွေ ထိုင်ငိုသွားစေရမယ်"

ဆေးကျောင်းဘက်မှ အားပေးသံတွေ။

"ငိုမှာပေါ့ကွ . . . မင်းတို့က ဆေးထိုးအပ်အတုံးကြီးနဲ့ ထိုးတာကိုး"

ဝါးခနဲ ဝိုင်းရယ်ကြ၏။ ရှုံးတာကရှုံးနေပေမယ့် ကျောင်းသားချင်းကတော့ ပြောင်လိုက်နောက်လိုက်နှင့် ပျော်ဖို့ကောင်းနေတာသေချာသည်။ ဆေးကျောင်းတွေ နောက်တစ်ဂိုးရရန် ကြိုးစားနေမှုကြောင့် ဘောလုံးက ဝိဇ္ဇာ၊ သိပ္ပံ ဂိုးစည်းတစ်ဝိုက်မှာ တဝဲဝဲ။ ကွင်းတစ်ဝက်သာသာ ထိဖိထားသည်မို့ အဖြူတွေမှာ မလှုပ်သာမလွန့်သာ။

"ဟ . . . ဘာလုပ်နေကြတာလဲကွ။ ငါ့လခွေး . . . မီးပုံးပျံဦးကျော်ရင်မှတ်လို့ ဝိုင်းကြည့်နေကြတာလား။ သူများထက်ဦးအောင်ခုန်ယူကြပါလား"

"ဟော့ကောင် . . . ကပ္ပလီ၊ သုံးစားလို့ကိုမရဘူး . . . ထွက်တော့။ စောနန္ဒာကို မင်းယောက်ဖမှတ်လို့ လွှတ်ပေးထားတာလား"

ဝိဇ္ဇာ၊ သိပ္ပံကျောင်းသားတွေ ပွဲကြည့်စင်ပေါ်မှနေ၍ အားမလိုအားမရ အော်ဟစ်နေကြသည်။ ဆေးကျောင်းဘက်မှလည်း . . .

"စောကြီးကွ . . . နောက်တစ်ဂိုးထပ်သွင်းဦးမှာ ကြည့်နေ"

တကယ်ပါပဲ။ ဘောလုံးက စောနန္ဒာလက်ထဲမှာသာ အနေများနေပါသည်။ တစ်သင်းလုံးကလည်း လှုပ်ကစားကာ သူ့ကိုပံ့ပိုးပေးနေသည့်အတွက် နေရာလွတ်တွေပေါ်ကာ စောနန္ဒာ စိတ်ကြိုက်ကစားခွင့်ရနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ စောကြီးက နောက်တန်းလူတစ်ယောက်ကိုလှည့်ကာ ဂိုးပေါက်ဆီမြှောက်သွင်းလိုက်သည်။

"ဂိုး . . . "

တစ်ကွင်းလုံး ဆူဆူညံသွား၏ အမှတ်ပေးဇယားမှာ ဆေးကျောင်း တစ်မှတ်ထပ်တက်သွားသည်။ အဖြူဝတ်တွေဘက်မှာတော့ 'ဟာ' ဟူသော နှမြောသံတွေသာ မတိုးမကျယ်ကြားရတော့၏။

"ဟေ့ကောင်တွေ . . . အားမလျှော့နဲ့။ ငါတို့နိုင်ရမှာ။ ငါတို့နိုင်အောင် ကစားမှာ"

ဆရာဦးစိုးဝင်းက ဘေးမှ တစာစာအော်ပေးနေသော်လည်း အားပျက်စပြုလာပြီ။ ကျန်သောအချိန်အတွင်းမှာ အထိရောက်ဆုံး တိုက်စစ်ဆင်နိုင်ပါမှ။

ကျော်စိုးက သူ့ဆီရောက်လာသောဘောလုံးကို ဆတ်ခနဲပုတ်ချရင်း နောက်ကျောမှထုတ်ကာ ကပ်နေသောတစ်ယောက်ကို ကျော်လိုက်သည်။ ပြီးတော့ ဘောလုံးကို တစ်ချက်ချင်းပုတ်ရင်း ကွင်းလယ်မှ ဆွဲလာပါ၏။ ဘောလုံးနှင့်ကျော်စိုး တွဲပါလာပြီဆိုလျှင် တစ်ဖက်အသင်းမှာ ပျာယာခတ်အောင် ဂရုစိုက်ရသည်။

ကျော်စိုးက နောက်တစ်ယောက်ကိုထပ်ကျော်ကာ ညာအစွန်မှ နံပါတ် (၉)ကို လှမ်းပေးပြီး သူက အလယ်ကျောအတိုင်း ထောင်ပြေးတော့ . . .

"ဟေး . . . "

အဖြူရောင်တွေဘက်မှ အားပေးသံတွေ ညံကုန်သည်။

ခဏချင်းပင် ဘောလုံးက ကျော်စိုးဆီပျံဝဲလာသည့်အခါမှာတော့ ထိန်းပင်မထိန်းတော့ပါ။ အရှိန်နှင့်ဝဲပျံလာသည့် ဘောလုံးကို ဂိုးပေါက်ဆီ အလိုက်သင့် ပင့်တင်လိုက်သည်။

"ဒုန်း . . . "

"ဟာ . . . "



အာမေဋိတ်သံတွေ ကြီးစိုးသွားသည်။ ဘောလုံးက ဂိုးကိုကျော်ကာ နောက်ခံကိုထိပြီးပြန်ကျလာသည်။

"ဟေး . . . "

ဒီတစ်ခါ ဆူညံသွားသည်ကတော့ ဆေးကျောင်းအားပေးသူပရိသတ်တွေ။

"ဟေ့ကောင်တွေ . . . ဂိုးမသွင်းတတ်ဘူးလား။ ဂိုးမသွင်းတတ်ရင် ငါတို့ဆရာဝန်လောင်းတွေစီလာခဲ့။ သင်ပြမယ်"

အဖြူရောင်တွေ ပြန်မအော်နိုင်ပါ။ အကြောင်းကား တစ်ဖက်ဂိုးရှေ့မှာ ကျော်စိုးလဲနေသည်။

"နှစ်ခါရှိပြီကွ . . . ဒီကောင်ချတာ"

"ဟုတ်တယ်ကွ။ ဒီကောင်က သူနဲ့လက်ရည်တူ ကစားနိုင်တဲ့သူတွေကို တမင်လိုက်ဖြုတ်နေတာ။ ညစ်ပတ်တယ်"

ဝိဇ္ဇာ၊ သိပ္ပံ၏ အရန်ကစားသမားများ စောနန္ဒာလူချကစားမှုကို ပြောနေကြခြင်းပါ။ ဆရာဦးစိုးဝင်းကတော့ မျက်စိမျက်နှာပျက်ကာ ရင်တမမဖြစ်နေသည်။ ကျော်စိုးသာ မကစားနိုင်လျှင်တော့ သွားပေပြီ။ သူတို့အသင်းနိုင်ရန် လမ်းမမြင်တော့။

ထိုစဉ်မှာပဲ ကျော်စိုးက ကြိတ်မှိတ်ကာ ပြန်ထလာသည်။ နောက်ဆက်ကစားမည်ဖြစ်ကြောင်း ဒိုင်လူကြီးအား ခေါင်းညိတ်ပြသည်ကို တွေ့ရ၏။ ဒါပေမဲ့ ကျော်စိုးပုံစံက အခြေအနေမကောင်းတော့ပါ။ သူမကစားလျှင် မဖြစ်တော့ကြောင်း နားလည်သည်မို့ အောင့်အည်းသည်းခံကာ ကစားရမည့်ပုံမျိုး။

ကျော်စိုးဂိုးသွင်းဖို့ ကြိုးစားစဉ် စောနန္ဒာ ညစ်ပတ်သွားခြင်းပါ။ ပညာသားပါသည်မို့ ကစားနေကျသူတွေမှလွဲ၍ ပရိသတ်က ဘာဖြစ်သွားမှန်းပင်မသိ။ ဒိုင်လူကြီးကလည်း မမြင်လိုက်။

ဆရာဦးစိုးဝင်းကတော့ စိတ်ပျက်လက်ပျက်နှင့် အရန်ခုံမှာ ဝင်ထိုင်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"စောကြီး . . . စောကြီး . . . စောကြီး . . .

ဆေးကျောင်းဘက်မှ အားပေးသံတွေ တစ်ကွင်းလုံးအနှံ့လွှမ်းမိုးနေသည်။ အဖြူရောင်တွေ စိတ်ဓာတ်ကျနေပါပြီ။ ကစားကွက်တွေပျက်ကာ လက်ရည်က သိသိသာသာထိုးကျသွားသည်။

ကြောက်ခမန်းလိလိ တိုက်စစ်တွေအောက်မှာ သူတို့အသင်းက . . .

"ဆရာ . . . ကျွန်တော်ဝင်မယ်"

"ဟင် . . . "

စိတ်ပျက်လက်ပျက် ခေါင်းကိုလက်ဖြင့်ကုပ်ရင်း ငုံ့ကာထိုင်နေသော ဦးစိုးဝင်း ဆတ်ခနဲ ခေါင်းထောင်သွားသည်။

"ဟာ . . . သက်တံ့"

ဝင်းခနဲလက်သွားသော မျက်နှာမှာ ဝမ်းသာရိပ်တွေ ဖြတ်စီးသွား၏။ ဝတ်စုံပြည့်ဖြင့် ဦးစိုးဝင်းရှေ့မှာ ရပ်နေသည်က ကျွန်တော်။ ထိုင်နေသူတွေအားလုံးလည်း ချက်ချင်း မတ်တတ်တွေ ထရပ်ကုန်ကြသည်။ အချိန်မရှိတော့ . . .

ကျွန်တော် လိုရင်းကိုပဲ ပြောလိုက်သည်။

"ဝမ်နဲ့ တွေ့ခဲ့ပြီ။ အရင်အိမ်ကြီးနေရာက ဒီနေရာပဲ"

"ဘာ . . . "

ကျယ်လောင်သွားသော စကားတို့နောက်မှာ ဆရာဦးစိုးဝင်းမျက်နှာပျက်သွားပေပြီ။ မယုံကြည်နိုင်လွန်းသော တိုက်ဆိုင်မှုကိုလည်း ထိတ်လန့်သွားသည်။ အံ့သြကြောင်ငေးပြီး ကျွန်တော့်ကိုကြည့်နေခိုက်..

"ဟုတ်တယ် . . . မီးလောင်ပျက်စီးသွားတဲ့ ဒေါက်တာမှုဟိုင်းတို့ရဲ့အိမ်ကြီးနေရာမှာ ဒီဘတ်စကက်ဘောကွင်းကို ဆောက်ထားတာ။ ကျွန်တော် သိသိချင်း ဒီကိုပြေးလာခဲ့တာပဲ"

တစ်ကွင်းလုံး ဆူညံနေကြသော်လည်း ထိုနေရာလေးပင် ကွက်ပြီး တိတ်ဆိတ်သွားသည်ထင်၏။ ဦးစိုးဝင်းမှာ အံ့သြလွန်း၍ စကားပင်



ထွက်မသွားတော့ပါ။

ထိုစဉ်မှာပင် သက်တံ့ကို ဟစ်စုံတစ်ယောက်က ပခုံးဆွဲလှည့်လိုက်သည်။ ဧသူ . . .

"မင်းအမြန်ဆုံးဝင်တော့။ အရေးကြီးနေပြီ"

ဧသူ့စကားနှင့်ပုံစံက ကျောင်းအတွက်ဆိုသည်ထက် အနည်းငယ်ကျော်လွန်နေသည်ကြောင့် . . .

"ဘာထူးခြားလို့လဲ"

"ဟိုဘက်ထောင့်စွန်းမှာ သဲဆုနွေးထိုင်နေတာကို တွေ့လား"

ကျွန်တော် ဧသူညွှန်ပြရာဆီ လှမ်းကြည့်လိုက်တော့ . . .

ရင်ထဲမှာ လှိုက်ခနဲ နွေးသွားပါသည်။ ကိုယ့်ကိုယ်ကိုယ်ထက်ပင် ချစ်ရပါသော သဲဆိုသည့်မိန်းကလေးက ပွဲစဉ်ထောင့်ဆုံးမှာထိုင်ရင်း ကစားပွဲကိုကြည့်နေသည်။ ကျွန်တော့်ကိုမမြင်။

"ဘာကြောင့်လာကြည့်တာလဲ သိလား။ ဒီနေ့ စောနန္ဒာ သဲဆုနွေးဆီက အဖြေတောင်းထားတယ်။ ဒီကစားပွဲမှာ ဆေးကျောင်းနိုင်ရင် စောနန္ဒာလိုချင်တဲ့အဖြေကို သဲဆုနွေးက ပေးရမှာ"

ကျွန်တော် ရင်တစ်ချက် ဆောင့်ခုန်သွားကာ သွေးရူးသွေးတန်းဖြစ်သွားပြီ။

"ဘာ . . . ဘာကြောင့်လဲ"

"အဲဒါတော့ ငါလည်းမသိဘူး။ မင်း အခုဝင်တော့"

ပြီးသွားလေပြီ။ အချိန်မီသတင်းလာပေးသော ဧသူ့ကိုလည်း ပြောမပြတတ်အောင် ကျေးဇူးတင်သွားသည်။

"လာ . . . သက်တံ့။ ဆယ့်ငါးမိနစ်သာသာပဲ ကျန်တော့တယ်။ မင်း ကျော်စိုးနဲ့ တွဲကစား။ ငါထွန်းဦးနဲ့ လူစားလဲပေးမယ်"

ထိုစဉ်မှာပဲ . . .

"ဂိုး . . . "

တစ်ခဲနက်ထအော်လိုက်ကြသည့် အသံတွေပါ။ ဒိုင်းခနဲ ကစား



www.burmeseclassic.com

www.burmeseclassic.com

ပွဲဆီကြည့်လိုက်ကြတော့ ကျွန်တော်တို့အသင်းသားတွေ [illegible] ကာ ပျော်ရွှင်နေသည်ကို တွေ့ရသည်။ အကုန်လုံး ဝမ်းသာသွားမိကြသော်လည်း ကျော်စိုးလဲနေပေပြီ။

ကွင်းထဲကို ကြက်ခြေနီနှင့်ဆေးအဖွဲ့တို့ ပြေးသွားသည်။ ကျော်စိုးက ပြန်ထရန်ကြိုးစားသော်လည်း မရတော့။ ချက်ချင်းပင် ပြန်လဲကျသွားပါသည်။

ကျွန်တော် ကျော်စိုးနှင့်တွဲကစားရန် မဖြစ်နိုင်တော့ပါ။ ကျောင်းအတွက် အကောင်းဆုံးချေပဂိုးတစ်ဂိုးကို ကျော်စိုးသွင်းပေးသွားခဲ့ပါသည်။ ထမ်းစင်နှင့် ထမ်းထုတ်လာသောကျော်စိုးက ကွင်းဘေးမှာရပ်နေသော ကျွန်တော့်ကိုမြင်သွားစဉ် . . .

မျက်နှာမှာ ဖော်မပြနိုင်အောင် ဝမ်းသာမှုတွေ၊ အားကိုးမှုတွေ ချက်ချင်း ပေါ်လွင်သွားသည်။

အနားရောက်လာတော့ ကျော်စိုးက အထမ်းသမားတို့အား ရပ်တန့်စေကာ . . .

"သက်တံ့ . . . ဒီပွဲကို နိုင်အောင်ကစားပေးပါကွာ"

ကျွန်တော် ခေါင်းညိတ်မိပါ၏။

"ဒီပွဲရဲ့အနိုင်အရှုံးက ငါ့ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေတယ်လို့ မင်းကိုပြောဖူးတယ်နော်။ ငါကစားတာကို အေမီလာကြည့်နေတယ်။ ဟိုမှာ ဆေးကျောင်းဘက်က နံပါတ် (၂၁)ဝတ်ထားတဲ့ ဆံပင်ရှည်နဲ့ပုဂ္ဂိုလ်ကိုတွေ့လား"

ကျွန်တော် ကွင်းထဲကိုလှမ်းကြည့်လိုက်တော့ တစ်ခဏချင်းပင် ကျော်စိုးညွှန်ပြသူကို တွေ့သွားသည်။

"အဲဒါ အေမီ့အစ်ကို။ ငါ့ဘက်ကိုဆိုလိုတယ်ဆိုတာ မင်းသဘောပေါက်ပါတယ်"

ကျွန်တော် သဘောပေါက်လိုက်သည်။ လုံးဝကိုထင်မှတ်မထားသော တိုက်ဆိုင်မှုတွေပါပဲ။ ကျွန်တော့်အတွက်၊ ကျောင်းအတွက်အပြင်



အခု ကျော်စိုးအတွက်ပါ တာဝန်တစ်ခု ထပ်တိုးလာပါပြီ။ သွားခါနီး ကျော်စိုးက ပြောသွားသေး၏။

"ငါ အေမီ့ကို အရမ်းချစ်တယ်ကွာ။ အေမီနဲ့ဝေးရင် ငါရူးသွားလိမ့်မယ်"

လူတိုင်းပြောနေကျစကားဖြစ်ပေမယ့် ကျော်စိုးစကားကိုတော့ ကျွန်တော် ယုံလိုက်ပါသည်။ ကျော်စိုး၏ အနိုင်ရလိုမှုအပေါ် ကြိုးစားသွားမှုတွေက သက်သေခံနေသည်မဟုတ်ပါလား။

ထိုစဉ်မှာပင် ပရိတ်သတ်ပွဲကြည့်စင်ဆီမှ ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို သတိပြုမိလိုက်သည်။

"ဟာ . . . သဲ"

နှုတ်မှ လွှတ်ခနဲထွက်သွားသည်။ သဲထိုင်နေရာ နေရာနားမှာ လူတွေချက်ချင်း ဝိုင်းအုံသွားသည်။

သိလိုက်ပါပြီ။

စီကိုဆိုသော ကလေးလေး၏ မကုန်သေးသောရည်ရွယ်ချက်။

စသည့် ရည်ရွယ်ချက်တို့ကိုပေးစွမ်းရန် ဆက်သွယ်မှု ကြားခံပစ္စည်းဖြစ်သော ဘတ်စကက်ဘောကွင်းကြီးထဲသို့ သဲဆုမ္မေးတစ်ယောက်ရောက်လာခဲ့စဉ်မှာပဲ . . .

Possession မှု၏ အကျိုးဆက်အဖြစ် Automatic writing စဖြစ်နေပါပြီ။

စိုးရိမ်တကြီးဖြစ်သွားသော ကျွန်တော့်ကိုကြည့်၍ ဆရာဦးစိုးဝင်းက . . .

"သက်တံ့ . . . ဘာမှမပူနဲ့။ ငါသွားလိုက်မယ်။ မင်းကွင်းထဲကိုဝင်တော့"

မတတ်နိုင်တော့ပေ။ ကျွန်တော့်အလုပ်က ကွင်းပြင်မှာမဟုတ်တော့ဘဲ ကွင်းထဲမှာဖြစ်သွားလေပြီ။

ကွင်းထဲကိုရောက်တော့ ကျွန်တော်တို့အဖြူရောင်ဝတ်စုံဘက်



www.burmeseclassic.com

www.burmeseclassic.com

မှ ဘောလုံးကို တစ်ယောက်ဆီတစ်ယောက်ပစ်ပေးရင်း သယ်လာချိန်..

ကျွန်တော်ကလည်း တခြားလူတွေလို ကိုယ်ကစားရမယ့်နေရာဆီ၊ ဒါမှမဟုတ် ဘောလုံးရောက်လာမယ့်လမ်းကြောင်းကိုမှန်းရင်း ပြေးဝင်သွားတာ မဟုတ်ပါဘူး။

"ဟေ့ကောင် . . . ငါ့ကိုပေး"

လို့ တစ်ခွန်းတည်းအော်ရင်း ဝင်သွားတာပါ။ ကျွန်တော့်အော်သံက ကွင်းထဲမှာ ဟိန်းသွားသည်။ ကွင်းကြီးတစ်ခုလုံးက ကျွန်တော့်အော်သံကြောင့် အနည်းငယ် တိတ်ဆိတ်သွားသယောင်။

ဘောလုံးက ချက်ချင်းပင် ကျွန်တော့်ဆီရောက်လာပါသည်။ ကျွန်တော်ရောက်နေရာက ကွင်းလယ်တစ်ဝက်ကျော်ကျော်မှာ။ ရှေ့မှာ အနီရောင်ဝတ်တစ်ယောက် ကိုးရို့ကားရားဖြင့် ကျွန်တော့်ဆီမှ ဘောလုံးဝင်လုရန် ဟန်ပြင်နေသည်။ အာရုံမှာမရှိ။

ရှိနေသည်က တစ်ဖက်အသင်း၏ ဂိုးပေါက်ပါပဲ။

ကျွန်တော် ဘောလုံးကို တစ်ချက်နှစ်ချက်ပုတ်ရင် အကွာအဝေးကို တွက်ချက်လိုက်သည်။ ပြီးတော့ အသက်ကိုတစ်ချက်အောင့်ကာ ကျွန်တော့်လက်နှစ်ဖက် မြောက်တက်သွားစဉ်မှာတော့ . . .

ကျွန်တော့်ရှေ့မှတစ်ယောက် ခေါင်းလည်သွားသည်။ ကြားမှာရှိနေသမျှ လူအားလုံးမှာလည်း ဘောလုံးမြောက်တက်သွားရာ လမ်းကြောင်းအတိုင်း တမေ့တမော . . .

"ဂိုး . . . "

လုံးဝကို မြောက်တက်သွားလေပြီ။ ဝိဇ္ဇာ၊ သိပ္ပံကျောင်းသားတွေအားလုံး လက်ခမောင်းထခတ်ကြသည်။ အော်ဟစ်သံတွေမှာလည်း ကွင်းကြီးပေါက်ထွက်မတတ်။ အနီရောင်ဝတ်အားလုံး၏ အကြည့်တွေက ကျွန်တော့်ထံ ဒိုင်းခနဲစုပြုံရောက်လာသည်။

"အဟင်း . . . အခုမှ ပွဲစတာပါ"

ပွဲက အခုမှ မြိုင်ဆိုင်လာလေတော့သည်။ ကျွန်တော်တို့အသင်း



မှာ အားတက်လာပြီး ကြိုးစားကစားကုန်ကြသည်။ အသင်းလိုက်စုစည်းအားကောင်းလာသည်။ ကစားကွက်တွေ တက်လာသည်။

အချိတ်ဆက်မိမိဖြင့် တစ်ဖက်အသင်းကို ထိုးဖောက်ကစားနိုင်လာသည်။

"ဟေ့ကောင် . . . စောနန္ဒာ၊ မင်းကိုဖြုတ်မယ့် မင်းဘိုးအေကွင်းထဲရောက်နေပြီ။ သေဖို့သာပြင်တော့"

"စောကြီးတော့ ဗျောတီးခံရတော့မယ်ဟေ့"

ဝိဇ္ဇာ၊ သိပ္ပံပရိသတ်တွေ ပြန်လည်တက်ကြွလာပြီး အရင်လိုဆူဆူညံညံ ပြန်ဖြစ်ကုန်ကြသည်။

စောနန္ဒာတော်ပါသည်။ သူ့အသင်းအား ခေါင်းဆောင်ပီသစွာ အော်ဟစ်ညွှန်ပြနေပုံက ဝါရင့်ကစားသမားတစ်ယောက်လို။

တစ်ချီမှာ အနီရောင်နံပါတ် (၂၁)က ဘောလုံးကို လှလှပပကစားပြရင်း ကျွန်တော်တို့ဂိုးစည်းဘက် သယ်လာသည်။ နောက်မှ စောနန္ဒာ ပြေးလိုက်သွားသည်ကို တွေ့ရသည်။ သူတို့နှစ်ယောက် တွဲကစားပြီဆို ကြောက်ဖို့ကောင်းပါသည်။ ကျွန်တော် ဆင်းမလိုက်သွားဘဲ ကွင်းလယ်နားမှာပင် ကျန်နေခဲ့လိုက်၏။

ဇော်မြင့်တော်ပါသည်။ ကွင်းထဲဝင်စကပင် ကျွန်တော်ပြောပြထားသည်မို့ စောနန္ဒာတို့အတွဲကို အကောင်းဆုံး ဖြတ်တောက်ထိန်းချုပ်ထားနိုင်သည်။ ပြီးတော့ ကျွန်တော့်ဆီ ခါးပြတ်ဘောပစ်ပေးသည်။ ကျွန်တော်ဖမ်းကာ လှည့်မကြည့်ဘဲ နောက်ပြန်ပစ်ပေးလိုက်တော့ . . .

ကွက်တိပါပင် ထွန်းဦးလက်ထဲကို ဘောလုံးရောက်သွား၏။ ထွန်းဦး တောက်လျှောက်ဆွဲပြေးသွားပါသည်။ Counter ဖြစ်သွားသည်မို့ တစ်ဖက်ဂိုးမှာ မည်သူမျှမရှိတော့။

ထွန်းဦးနောက်ကတော့ နှစ်ယောက် ပြေးလိုက်လာသည်။ ဒါပေမဲ့ . . .

"ဂိုး . . . "



www.burmeseclassic.com

www.burmeseclassic.com

လူက အရှိန်လွန်သွားပေမဲ့ ဘောလုံးကို အလိုက်သင့်မြှောက်ခဲ့မှုကြောင့် ဘောလုံးက အံကျပင် ဂိုးထဲဝင်သွားသည်။

"ဆေးကျောင်းကို ဗိုင်းဟောင်းနဲ့ လိုက်ပို့ပေးမယ်ကွ။ ဒုံဗေပတ်ဗေဂျီ . . . ဒုံဗေပတ်ဗေဂျီ . . . "

ဝိဇ္ဇာ၊ သိပ္ပံတွေ အောင်ပွဲခံကုန်ကြပြီ။ ဂိုးအရေအတွက် တူသွားခဲ့ပြီမဟုတ်ပါလား။ ပွဲကစားချိန်မှာ သိပ်မကျန်တော့။

ဆေးကျောင်းသားတွေ ပျာယာခတ်ကုန်ပြီ။ ထိုစဉ်မှာပင် ကျွန်တော် မျက်မှောင်တစ်ချက် ကြုတ်သွားမိပါ၏။ စောနန္ဒာ . . .

ဘောလုံးကို ဘယ်သူ့မှမပေးဘဲ တစ်ယောက်တည်း ဆွဲယူလာခဲ့သည်။ ဝင်လုသူတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် ကျော်လာလိုက်တာ သုံးယောက်တိတိ။

ကျွန်တော်ကတော့ ကွင်းထဲမှာ ပတ်ပြေးနေတယ်၊ ဒါမှမဟုတ် အခြားလူတွေလိုပဲ ဘောလုံးရှိရာနောက် ဝိုင်းအုံလိုက်နေတယ်လို့ မထင်လိုက်ပါနဲ့။

ကွင်းလယ်တည့်တည့်မှာ ခါးပေါ်လက်ထောက်ရင်း စောနန္ဒာ ဘောလုံးဆွဲယူ ထိုးဖောက်လာပုံကို ခပ်တည်တည် ရပ်ကြည့်နေတာပါ။

ကျွန်တော့်ပုံစံကိုကြည့်၍ ဆေးကျောင်းသားတွေက ဝိုင်းအော်ကြသည်။

"ကွင်းလယ်မှာ ဘာရပ်လုပ်နေတာလဲကွ။ ကိုယ့်ဂိုးကိုယ်သွင်းမလို့ ချောင်းနေတာလား"

ထိုစဉ်မှာပင် စောနန္ဒာက ဘောလုံးကို အောက်ချပုတ်ရင်း ကျွန်တော့်ရှေ့ရောက်လာသည်။ ကျွန်တော်ကတော့ ခါးထောက်ရပ်မြဲ။ စောနန္ဒာက လမ်းကြောင်းရှေ့မှ မလှုပ်မယှက်ပိတ်ရပ်နေသော ကျွန်တော့်ကို မျက်လုံးလှန်ကြည့်သည်။ ပြီး မျက်နှာမှာ မဲ့ပြုံးတစ်ခုပြုံးသွား၏။

ဆတ်ခနဲနေအောင်ပင် စောနန္ဒာက ဘောလုံးကို ကျွန်တော့်ပေါင်ကြားထဲ ပစ်ထည့်သည်။ ဘောလုံးက ကျွန်တော့်အောက်တည့်တည့်မှာ



တစ်ချက်ထောက်ပြီး နောက်ဘက်စင်သွားခိုက် . . .

စောနန္ဒာက ကျွန်တော့်ကိုပန်းတက်ကာ ကျော်ပြေးသည်။ သို့သော် ဘောလုံးက စောနန္ဒာဆီ ပါမသွားခဲ့ပါ။ ဆတ်ခနဲခါးချိုးပြီး နောက်ကိုလှည့်ယူလိုက်သည်ကြောင့် ဘောလုံးက ကျွန်တော့်လက်တွင်းမှာ ပြန်ပါလာသည်။

"ရှီး . . . သောက်ရမ်းလှတယ်ဟေ့"

"သက်တံ့ကွ . . . မင်းလုပ်ချင်တိုင်းလုပ်လို့ရတဲ့ ငချွတ်မဟုတ်ဘူး။ ဟား . . . ဟား . . . "

"သက်တံ့ . . . သက်တံ့ . . . သက်တံ့ . . . "

ကျွန်တော့်နာမည်အား သံပြိုင်အော်ဟစ်ကုန်ကြပြီး နားတွေလျှံနေပါပြီ။ ဘာမှမကြားရချင်တော့။

အချိန်ကိုလှမ်းကြည့်မိတော့ ပွဲပြီးရန် မိနစ်ပိုင်းသာလိုတော့သည်။ နှစ်သင်းလုံးအတွက် အရေးကြီးဆုံးအချိန်ကို ရောက်နေပါပြီ။ ဒီအချိန်သည် အသက်။ ဒီအချိန်မှာ ဂိုးသွင်းနိုင်သူက ဘုရင်။

ထိုစဉ်မှာပဲ ထွန်းဦးဆီမှ လွတ်သွားသည့်ဘောလုံးက နောက်တန်းနံပါတ် (၄)မှတစ်ဆင့် စောနန္ဒာဆီရောက်လာသည်။ စောနန္ဒာက နေမှ နံပါတ် (၂၁)။

သူတို့တစ်သင်းလုံး ရှေ့တက်ကုန်ကြပါပြီ။ ဇော်မြင့်ဝင်လုမည်လုပ်တော့ . . .

"နေ . . . ငါသွားမယ်"

ဇော်မြင့်ကို လက်ကာရင်းပြောတော့ တုံ့ခနဲ ရပ်ကျန်ခဲ့သည်။ ကျွန်တော်နှင့် ရင်ဆိုင်တွေ့တော့ (၂၁) ပျာယာခတ်သွားသည်။ နုနုလေးပါ။ ကျွန်တော် အသာအယာပင် ဘောလုံးအား ဆွဲယူလိုက်နိုင်ပါ၏။ ယခုက ကျွန်တော်တို့အလှည့်။

ချက်ချင်းပင် ရှေ့မှာရှိနေသော နံပါတ် (၉) ကိုပစ်ပေးရင်း ကျွန်တော်တောက်လျှောက် ဂိုးရှေ့ပြေးလိုက်ပါသည်။ ဒီတစ်လုံးက အဆုံး



www.burmeseclassic.com

www.burmeseclassic.com

အဖြတ်။ ဒီတစ်လုံးမဝင်လျှင် ကျွန်တော်တို့ အနိုင်နှင့်ဝေးပေပြီ။

မျက်စိထဲမှာ ကျော်စိုး၏မျက်နှာကို မြင်ယောင်လာ၏။ ပြီးတော့ စောနန္ဒာ၏မျက်နှာ၊ နောက် ကျွန်တော်အရမ်းချစ်သော မိန်းကလေးတစ်ယောက်၏မျက်နှာအား မျက်လုံးတွင် မြင်ယောင်သွားမိချိန်မှာပဲ . . .

နံပါတ် (၉)ပစ်တင်ပေးလိုက်သည့် ဘောလုံးက ဘယ်သူမှဖြတ်ခုန်မယူနိုင်သော အမြင့်ကို မြောက်တက်သွားသည်။ ဒါသည် နောက်ဆုံးတိုက်ကွက်ပါ။ နောက်ဆုံးကျည်ဆန်။

အခုလို ကျဉ်းထဲကြပ်ထဲရောက်လျှင် အသုံးပြုရန် ကျွန်တော်တို့လေ့ကျင့်သည့် နောက်ဆုံးဗုက်ဖဲ။

ဘောလုံးက အကွာအဝေးအမြင့်ကြီးမှာ တရိပ်ရိပ်ပြေးနေသည်။ ထိုစဉ်မှာပင် ခန္ဓာကိုယ်၏ ရှိသမျှစွမ်းအားအားလုံးကို ခြေထောက်သို့စုပုံရင်း ကျွန်တော် မြောက်ခုန်လိုက်ပါ၏။ ခန္ဓာကိုယ်က ကြောင်တစ်ကောင်အလား အထက်သို့ မြောက်တက်သွားသည်။

ကျွန်တော့်ကို ပိုင်းကပ်ထားကြသည့် အနီရောင်နှစ်ယောက် လိုက်ခုန်ကြသော်လည်း အချည်းနှီးပင်။ ကျွန်တော့်အား တားဆီးမှုကို မပေးနိုင်ခဲ့။

ကျွန်တော်၏ အမြင့်ခုန်အားက ထိုနှစ်ယောက်ကို အများကြီးကျော်လွန်ကာ လေဟာနယ်မှဘောလုံးကို ဖမ်းမိသွားသည်။ ပြီးတော့ လေထဲမှာပင် ညာလက်တစ်ဖက်တည်းဖြင့် ဆုပ်ကိုင်ရင်း ဘောလုံးအားလမ်းကြောင်းပြောင်းပစ်သွင်းလိုက်သည့် အခါမှာတော့ . . .

ရှိသမျှအား အကုန်သုံးပစ်သွင်းလိုက်သည်ဆိုတာ သေချာသည်။ ဘောလုံးက တာဝေးပစ်ဒုံးကျည်တစ်စင်းလို လက်ထဲမှ ဝှီးခနဲနေအောင် ထွက်သွားသည်။

အဲဒီနောက်မှာတော့ . . .

"ဂိုး . . . "





# XXXVIX

ပွဲပြီးသွားတော့ အနိုင်ရသူတွေက ခုန်ပေါက်မြူးတူး အောင်ပွဲခံကြ၍ ရှုံးနိမ့်သူတွေကတော့ မချိတင်ကဲ ရေရွတ်သံတွေ၊ ကြိတ်မနိုင်ခဲမရပြောဆိုသံတွေဖြင့်သာ ညံစီသွားသည်။ ကွင်းထဲ၌ လူတွေ ရှုပ်ထွေးနောက်ကျိနေသော်လည်း ကျွန်တော် တစ်စုံတစ်ယောက်ကို အသည်းအသန် ရှာနေမိသည်။

သူက ဆရာဦးစိုးဝင်း။

ဒါပေမဲ့ ဤမျှများပြား ရှုပ်ထွေးလွန်းနေသော လူများကြားမှာပင် ဆရာဦးစိုးဝင်းက ရှိမနေပါ။ ဤခန်းမကြီးမှာ ရှိမနေဘူးဆိုလျှင်တော့ သွားရောက်ရှာဖွေရန် တစ်နေရာသာရှိတော့သည်။ ဟုတ်ပါသည်။ ဆရာဦးစိုးဝင်းမှာ သူ့ရုံးခန်းမှလွဲ၍ ကျန်သည့်နေရာတွင် ရှိနေမည်မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ချက်ချင်းပင် ပြည့်သိပ်များပြားလွန်းနေသော လူတွေကြားမှ ကျွန်တော် အပြင်ထွက်ရန် ကြိုးစားလိုက်သည်။

"သြော် . . . "

မြင်ရသောမြင်ကွင်းတစ်ခုကြောင့် ကျွန်တော့်နှုတ်မှ အသံတိုးတိုးတစ်ခု ထွက်သွားပါသည်။ အဲဒါက အပေါက်ဝတွင် ယှဉ်လျက်ရပ်နေကြသော လူနှစ်ယောက်။

ကျွန်တော့်ကိုမြင်တော့ စောနန္ဒာက ခံပြင်းဒေါသထွက်သလို နာနာကြည်းကြည်းကြည့်သည်။ ဘေးမှာရပ်နေသူ မိန်းကလေးကတော့ ဘယ်လိုအဓိပ္ပာယ် ရောစွက်မှုတွေဖြင့် ကြည့်နေမည်မသိ။

ဒါပေမဲ့ မသိကျိုးကျွံပြုရင်း ကျွန်တော် အလျင်အမြန် ဖြတ်ကျော်ခဲ့လိုက်ပါသည်။ ကျွန်တော့်စိတ်ထဲမှာ မေးခွန်းတစ်ခုကသာ ထိရောက်စိုးမိုးနေသည်မဟုတ်ပါလား။

အခန်းထဲဝင်ဝင်ချင်းမှာပင် ကျောခိုင်းမှုတစ်ခုက ကျွန်တော့်အား ဆီးကြိုနေသည်။ ဆရာဦးစိုးဝင်းတစ်ယောက် whiteboard မှ စကားလုံးများဖြင့် စီခြယ်ထားသော ကမ္ဘာကြီးပုံအားကြည့်ရင်း တောင့်တောင့်မတ်မတ်ရပ်နေ၏။

ရင်ထိတ်သွားရပါပြီ။ ဘာတွေ ထပ်ထူးခြားလာပြီလဲ။

"ဆရာ . . . "

စိုးရိမ်စိတ်ဖြင့် ခေါ်လိုက်တော့ ကျောပေးထားလျက်မှ ဖြည်းဖြည်းအေးအေး လှည့်ကာကြည့်သည်။ ပြီးတော့ ကျွန်တော့်ဆီသို့ တန်းတန်းမတ်မတ်လျှောက်လာသည်ကို တွေ့ရသည်။ ဘာစကားမှ မပြော။

အနီးနားရောက်တော့ လက်ထဲမှ တွန့်ကြေနေသော စာရွက်တစ်ရွက်ကို ကျွန်တော့်အား ထိုးပေး၏။ သိပါသည်။ ဒါဟာ သဲဆုနွေး မကြာခင်က ဖြစ်ပျက်သွားခဲ့သော possession မှုမှ ကျွန်တော်တို့ တောင့်တနေသော အဖြေတစ်ခုပါ။



ဟုတ်ပါသည်။ လာမယ့်သက္ကရာဇ်တစ်ခုအတွက် ကျွန်တော်တို့နိုင်ငံကြီးရဲ့ ကံကြမ္မာ။

ကျွန်တော် လှမ်းယူလိုက်တော့ ဆရာက ခေါင်းကိုညိတ်ရင်း ဖြည်းအေးတည်ငြိမ်စွာပင် အခန်းထဲမှ ထွက်သွားသည်။

ထူးခြားသွားသည်မို့ တွန့်ကြေနေသောစာရွက်အား ကမန်းကတန်း ဖြန့်ယူဖွင့်ဖတ်ကြည့်လိုက်သည့် အခါမှာတော့ . . .

မြင်ရသည့် စာသားတစ်ကြောင်းသည်က . . .



www.burmeseclassic.com

www.burmeseclassic.com

How can you save the world?



ကျွန်တော် တအံ့တသြ ဖြစ်သွားရပါပြီ။

ထိုစဉ်မှာပဲ . . .

"သက်တံ့ . . ."

အနီးကပ်ထွက်လာသော မိန်းကလေးသံတစ်သံက နှလုံးသားကို လှုပ်ခါသွားလေသည်။ အသံကြားရုံနှင့်ပင် မည်သူဆိုတာ နှလုံးသားက ခွဲခြားသိနေ၏။

"သဲ . . ."

ကျွန်တော် အသက်လောက်မြတ်နိုး ရှုးသွပ်ရပါသော မိန်းကလေးပါ။ ရင်ထဲမှာ ဘာသာဒေဒတစ်ခုက ဆရာမပါပဲ အလိုလို သင်ကြားတတ်မြောက်သွားသည်။ မော့ကြည့်မိတော့ အနှစ်နှစ်အလလ ကျွန်တော်တမ်းတ မြတ်နိုးခဲ့သည့် ပါးပြင်လေးတစ်ခုကို အနီးကပ်တွေ့ရသည်။

မျက်လုံးလွှဲပစ်ချင်ပေမဲ့ လွန်ဆန်မရသည့် နှလုံးသားခိုင်းစေမှုအတိုင်း သူမပါးပြင်ဆီမှ မွေးညင်းစိမ်းလေးများအား တရှိုက်မက်မက် ကြည့်လိုက်မိတော့ . . .

စက္ကန့်အနည်းငယ်အတွင်းပင် မျက်ရည်တစ်စက်က ဖွာခနဲ လွင့်စင်ကျလာသည်။

ဘာနှင့်မျှ အစားထိုးမရသည့် ချစ်တတ်မှုတွေဖြင့် ကျွန်တော် အစဉ်ကြည်ညိုမိသော ပါးပြင်လေးပါ။ စိမ်းစိမ်းယိမ်းယိမ်းလေး။

ပြီးတော့ ပါးပါးလျလျလေး။

"ချစ်တယ် . . . သဲရယ်"

ရင်ထဲမှ စကားဆိုပေမဲ့ သူမ ကြားနိုင်လောက်ပါသည်။ မျက်ရည်တစ်စက်၏ ဦးခိုက်မှုကို သူမ အမှန်ပင်မြင်တွေ့လိုက်ရပြီမို့ သူမသည်လည်း ရင်တွင်းမှ ခံစားမှုတစ်စုံတစ်ရာကို ထိန်းကွပ်ထားဆီးမရနိုင်တော့ပါ။

ရင်ခုန်လှိုက်မောမှုတွေဖြင့် နှလုံးသားတောင့်တမှုတစ်ရပ်ကိုတ



www.burmeseclassic.com

www.burmeseclassic.com

တိကျကျ ဖွင့်ဟလိုက်စဉ်မှာပဲ . . .

နှုတ်ခမ်းမှစကားတွေက ငိုသံတစ်ဝက်ဖြင့် ထွက်သွားသည်။

"အဲဒီလောက်တောင် ချစ်ရတယ်တဲ့လား သက်တံ့ရယ်"

ပြီးတော့ သက်တံ့ကိုသိုင်းဖက်ကာ အားရပါးရ ငိုချလိုက်ပါတော့သည်။ ခါးကိုသိုင်းဖက်ရင်း ကျုံ့ကျုံ့ပါအောင်ငိုရှိုက်နေသော သူမကိုလည်း ကျွန်တော် အလိုက်သင့် ပြန်ဖက်ထားလိုက်မိသည်။

မျက်ဝန်းမှမျက်ရည်တွေကလည်း တားဆီးမရနိုင်စွာ သူမပခုံးပေါ်သို့ တစ်စက်ပြီးတစ်စက် ကျဆင်းသွားသည်။

ဟုတ်ပါ၏။ ကျွန်တော်တို့နှစ်ယောက်လုံး တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားရင်း ချစ်တတ်မှုမျက်ရည်တွေဖြင့် နွေးထွေးနေမိကြတာပါ။

ထိုမျက်ရည်တွေကို ခေါင်းစဉ်တပ်ရမည်ဆိုလျှင်တော့ . . .

"ချစ်လို့ကျသော မျက်ရည်တွေပါပဲ"

မျက်ရည်ကျ၍ချစ်ရသော ကျွန်တော့်လိုပင် သူမသည်လည်း ချစ်၍ မျက်ရည်ကျတတ်ခဲ့ပါပြီ။



## Myanmar - 2011?

အဖြေကိုသိချင်၍ ကျွန်တော်တို့ ကြိုးစားခဲ့သော်လည်း စီကိုဆိုသော ကလေးလေးကတော့ အဖြေအစား မေးခွန်းတစ်ခုကိုသာ နောက်ဆုံးအကြိမ်အဖြစ် မေးသွားခဲ့ပါသည်။

အဲဒါက . . .

**How can you save the world?**

သင် . . . ကမ္ဘာကြီးကို ဘယ်လိုကယ်တင်နိုင်မလဲ?



www.burmeseclassic.com

www.burmeseclassic.com

# XXXX

ဟိုးလွန်ခဲ့တဲ့ တစ်ချိန်တုန်းကတော့ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးက မေတ္တာတရားတွေ၊ ကိုယ်ကျင့်တရားတွေ၊ ကိုယ်ချင်းစာနာမှုတွေ၊ သည်းခံခွင့်လွှတ်နားလည်မှုတွေ၊ လက်တွဲကူညီ ရိုင်းပင်းမှုတွေ၊ ချစ်ခင်ကြင်နာမှုတွေဖြင့် စိမ်းလန်းစိုပြေခဲ့ပါသည်။ ပွင့်သစ်ဝေဆာခဲ့ပါသည်။

ဒါပေမဲ့ ယခုအခါမှာတော့ . . .

ရပ်တည်ရာ သက္ကရာဇ်ကြာလာသည်နှင့်အမျှ ဝင်ရိုးပေါ်တွင် လည်ပတ်သော အပတ်ရည်များလာသည်နှင့်အမျှ၊ အစစအရာရာ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ၊ ကမ္ဘာကို ရပ်တည်၍ ရှင်သန်နေသော ကျွန်တော်တို့လူသားတွေ၏ အသက်ရှင်မှုမှာ ယန္တရားဆန်လာပါသည်။



စွမ်းရည်သုံး၍ လည်ပတ်ရသော စက်ပစ္စည်းတစ်ခုလို လူသားတွေ၏ (၂၄) နာရီလည်ပတ်မှုမှာလည်း စက်ပစ္စည်းဆန်လာသည်။ ရုပ်ဝတ္ထုဆန်လာသည်။ ဒါတွေသည် မသိမသာဖြင့် သိသိသာသာ ပြောင်းလဲလာသော တိုးတက်မှု၏ ဘေးထွက်ပစ္စည်းတွေပါပဲ။

ထိုအထဲမှာ ယန္တရားဆန်လာသော လူ့ဘဝထဲ၌ မရှိမဖြစ်ရှိနေမည်ဖြစ်သော အရာတစ်ခုက တဖြည်းဖြည်း နည်းပါးလာသည်။ ခေါင်းပါးပျောက်ကွယ်လာသည်။ အဲဒါက မေတ္တာတရားပါပဲ။

ယခု ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးမှာ မေတ္တာတရားတွေ ပျောက်ကွယ်လုလုပင် ဖြစ်နေပါပြီ။ တစ်ဦးနဲ့တစ်ဦး သတ်ဖြတ်ကြသည်။ အနိုင်ကျင့်နှိပ်စက်ကြသည်။ ကြီးနိုင်ငယ်ညှင်းပြုကြသည်။ လူသားချင်းစာနာမှုမဲ့စွာ ရက်စက်ယုတ်မာမှုတွေ၊ လိမ်ညာကောက်ကျစ်မှုတွေ၊ တစ်ကိုယ်ကောင်းဆန်မှုတွေဖြင့် ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးက ယခုဆို တော်တော်ညစ်နွမ်းနေပါပြီ။ ဖြူစင်မှုတွေပျောက်ကွယ်၍ မည်းညစ်မှု ကြီးစိုးနေပါပြီ။

ထိုသို့သော မကောင်းသည့်စိတ်တွေ၊ အတ္တဖုံးသော လုပ်ရပ်တွေကြောင့် ပတ်ဝန်းကျင်တွေ ထိခိုက်လာသည်။ ရာသီဥတုတွေ ဖောက်ပြန်လာသည်။ လူသားတွေကို တင်ဆောင်ထားသော ကမ္ဘာကြီး၏မြေသားကျောကုန်းတွေ ပူလောင်လာသည်။ အမှောင်ဖုံးသောလုပ်ရပ်တွေကြောင့် နေမင်းကြီးက ညိုညှင်လာသည်။

ဒီအခါမှာ ဒဏ်ခတ်မှုအဖြစ်နဲ့ မေတ္တာမဲ့သော လူသားတို့ကို သဘာဝကြီးက ဘေးအန္တရာယ်ဆိုးတွေ ကြုံစေတော့သည်။

## 2011 မှာ ဘာတွေဖြစ်မှာလဲ ?

**နောက်လာမည့် သက္ကရာဇ်တွေမှာရော သဘာဝကြီးက ကမ္ဘာ့လူသားတွေကို ဘယ်လိုဒဏ်ခတ်ဦးမှာလဲ ?**



www.burmeseclassic.com

www.burmeseclassic.com

မြေပြိုမှုတွေဖြစ်စေမှာလား၊ ရေလွှမ်းမိုးမှု ဖြစ်စေမှာလား၊ ငလျင်လှုပ်မှုတွေ ဖြစ်စေမှာလား၊ မုန်တိုင်းတိုက်မှာလား၊ မီးတောင်တွေ ပေါက်ကွဲကုန်ကြမှာလား။

ဒါမှမဟုတ် ရေရှားပါးသော ဒုက္ခတွေကို ပေးမှာလား။ ကျွန်တော်တို့ပိုင်ဆိုင်ထားသမျှကို မီးတောက်မီးလျှံတွေအဖြစ် လောင်ကျွမ်းပစ်မှာလား။ နောက်ဆုံး ကုသမရနိုင်တဲ့ ရောဂါဆိုးတွေကို လူသားတွေအတွက် ဖန်တီးပေးသွားမှာလား။

ဒါဆို ကျွန်တော်တို့ ဒီဒုက္ခကြီးတွေထဲက ဘယ်လိုရုန်းထွက်ကြမလဲ။ သဘာဝကို တားလို့မရပါဘူး။ ဖြစ်ချိန်တန်လို့ဖြစ်လာရင် ဘာအကာအရံနဲ့မှ ကာဆီးလို့မရဘူး။

အဲတော့ ကျွန်တော်တို့လုပ်စရာ တစ်ခုပဲရှိသည်။

2011 မှာ ဘာပဲဖြစ်လာဖြစ်လာ၊ 2012 မှာ ဘာပဲဖြစ်လာဖြစ်လာ၊ နောက်လာမယ့် သက္ကရာဇ်တွေမှာလည်း ဘာပဲဖြစ်လာဖြစ်လာ။

တစ်ဦးနဲ့တစ်ဦး၊ လူသားတစ်ယောက်နဲ့တစ်ယောက် လူသားချင်းစာနာမှု၊ သနားငဲ့ညှာမှု၊ လက်တွဲခေါ်ဆောင်မှု၊ စည်းလုံးညီညွတ်မှုတွေနဲ့ လက်တွဲသွားဖို့ပါပဲ။

ကျရောက်လာတဲ့ ဒုက္ခဆိုးတွေထဲက လက်တွဲကျော်ဖြတ်ကြဖို့ပါပဲ။ အဲလိုဖြစ်လာဖို့အတွက်ကတော့ ကမ္ဘာကြီးမှာ ခေါင်းပါးလာတဲ့ အရောင်တစ်ခုကို သစ်လွင်ပွားများလာစေဖို့ လိုပါသည်။

အဲဒါကတော့ **'မေတ္တာ'** ဆိုတဲ့ အရောင်လေးပဲပေါ့။

ကမ္ဘာကြီးမှာ မေတ္တာရောင်လေး အရင်လို ထွန်းလင်းလာခဲ့မယ်ဆိုရင် ကျရောက်လာမယ့် ဒုက္ခဆိုးတွေထဲက ကျွန်တော်တို့ လက်တွဲကျော်ဖြတ်နိုင်ပါပြီ။

အမျိုးတော်သည်ဖြစ်စေ, မတော်သည်ဖြစ်စေ၊ ရင်းနှီးသည်ဖြစ်စေ, မရင်းနှီးသည်ဖြစ်စေ၊ အသက်ကြီးကြီးငယ်ငယ်၊ ဘဝတူတူမတူတူ၊ ဘယ်ဘာသာရေးကို လိုက်စားလိုက်စား၊ ဘယ်ဘာသာကိုပဲ ကိုးကွယ်



ကိုးကွယ်၊ လူမျိုးချင်းတူသည်ဖြစ်စေ, မတူသည်ဖြစ်စေ၊ အသားအရောင်ကွဲလွဲသည်ဖြစ်စေ, မကွဲလွဲသည်ဖြစ်စေ . . .

အဓိက,က မေတ္တာထားနေဖို့ပါပဲ။ မေတ္တာထားတတ်ဖို့ပါပဲ။

မေတ္တာဆိုတဲ့အရောင်လေး အားလုံးရင်ထဲမှာ မွှေးဖွားလင်းလက်လာဖို့ပါပဲ။

မေတ္တာရောင်လေးသာ ကျွန်တော်တို့ရဲ့ ကောင်းကင်တစ်နေရာမှာ ထာဝရရှိနေခဲ့မယ်ဆိုရင် . . .

ဒါဟာ လူသားအားလုံးအတွက် ကျွန်တော်မျှော်လင့်တဲ့ . . . **'ထင်တံထင်'** လေးပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# XXXXI

မိုးရွာပြီးကာစမို့ ရေမှုန်ရေမွှားတွေ လွင့်ကျန်နေသည်။ သစ်ပင်အကိုင်းအခက်နှင့် မြေပြင်တို့မှာ စိုစိုစွတ်စွတ် ရှိနေကြ၏။

ထိုအချိန်မှာပဲ နေမင်းက မိုးသားတိမ်လိပ်တို့ကို အနိုင်ယူကာ ကောင်းကင်ပြင်ဆီ တိုးထွက်လာပါသည်။

မကြာလိုက်ပါ။ ရေမှုန်အကြွင်းအကျန်နှင့် နေမင်း၏ အရောင်ဝါတချို့ ထိတွေ့မှုကြောင့် ကောင်းကင်မှာ သက်တံတစ်စင်း သာသွားသည်။

ထိုသက်တံအား အောက်မှာရှိနေသူတွေက တအံ့တသြဝိုင်းကြည့်နေကြ၏။ ဟုတ်ပါ၏။ ယခုသက်တံ့က အရင်လို ရောင်စဉ်ခုနစ်မျိုးမဟုတ်ဘဲ ရောင်စဉ်ရှစ်မျိုးဖြစ်နေသည်။ ကြည့်နေသူတွေအားလုံးက ထိုအသစ်ထွက်လာသော ရောင်စဉ်သစ်ကို ဝိုင်းကြည့်နေကြတာပါ။ ထိုအရောင်ကြောင့်လည်း သူတို့စိတ်ထဲမှာ အေးချမ်းနေသလို ခံစားနေကြရသည်။



ဟုတ်၏။

ထိုအသစ်ထွက်လာသော သက်တံ့ရောင်စဉ်ကတော့ . . .

**'မေတ္တာရောင်'**

(သို့)

**ရှစ်စင်းမြောက်သက်တံ**

(သို့)

**သက်တံသစ်လေးပါပဲ။**

**သိုးဆောင်း**

မြန်မာစံတော်ချိန် နံနက်ဆယ်နာရီ
သုံးဆယ့်သုံးမိနစ် ရှိပါပြီခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# (၁)နှစ်သားလေး

ကျွန်တော့်နောင်တော် တစ်ယောက်ကပြောဖူးတယ်။'မွေးနေ့အစစ်ဆိုတာ အမေကမွေးတဲ့နေ့မဟုတ်ဘူး ....ကိုယ်ကိုကိုယ်လောကကြီးထဲမှာမွေးဖွားရဲ တဲ့နေ့တဲ့ ...'

ကျွန်တော်အရမ်းသဘောကျတဲ့စကားလေးပေါ့၊ထိုစကားလေးအတိုင်းပဲကျွန်တော်ဟာ၂၀၁၀နှစ်ဖေဖော်ဝါရီ၁၄ရက်( VALENTINE'S DAY)မှာကျွန်တော်ရဲ့ပထမဆုံးလုံးချင်း'အချစ်တောင်းခံလွှာ' နဲ့အတူလောကကြီးထဲမှာ 'သိုးဆောင်း'ဟူသောကလောင်အဖြစ်မွေးဖွားခဲ့ပါတယ်၊

အခုဆိုရင် နောက်လထွက်ရှိမယ့် ကျွန်တော့ရဲ့ ဆယ်အုပ်မြောက် 'နေကမ္ဘာရဲ့မီးအိမ်ရှင်'နဲ့အတူကျွန်တော်က (၁)နှစ်ပြည့်မြောက်ခဲ့ပါပြီ။

(၁)နှစ်ပြည့်အထိန်းအမှတ်နဲ့ ဆယ်အုပ်မြောက်အမှတ်တရအဖြစ် ကျွန်တော်ပွဲတစ်ခုစီစဉ်ထားပါတယ်။

အမှတ်တရလက်မှတ်ရေးထိုးပွဲလေးပေါ့။စာအုပ်မိတ်ဆက်ပွဲမဟုတ်ပါဘူး၊PROMOTION ပွဲလည်းမဟုတ်ဘူး။ ကျွန်တော်ချစ်သောပရိတ်သတ်တွေနဲ့ ကျွန်တော်ရင်းရင်းနှီးနှီး တွေ့ဆုံကြမယ့်ပွဲလေးတစ်ပွဲပါ၊ထိုပွဲလေးမှာ'သိုးဆောင်း' ရဲ့ BIOGRAPHY PHOTO BOOK စာအုပ်ကိုမေတ္တာလက်ဆောင်အဖြစ် ပရိသတ်လက်ထဲသို့ ကျွန်တော်ကိုယ်တိုင်ပေးအပ်မယ်၊ ပြီးတော့ထူးခြားတဲ့ အစီအစဉ် တစ်ခုလည်းရှိတယ်။

ကဲ ....အဲ့ဒီနေ့လေးမှာ စာဖတ်ပရိတ်သတ်များအားလုံးနဲ့ကျွန်တော်အကြည်စင်ဆုံးအပြုံးတွေနဲ့ တွေ့ဆုံကြရအောင်။

ပွဲပြုလုပ်မယ့်နေ့ရက်၊အချိန်၊နေရာ၊အတိအကျကိုသတင်းစာမှာကြော်ငြာပေးပါမယ်။

စာရေးသူ

www.burmeseclassic.com